PUBLISHED BY VIEW

www.burmeseclassic.com

# မိန်းကလေး

## လေညှင်းလေးဆီ



BURMESE CLASSIC .com

Digital Art : Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိန်းကလေး

လေညင်းလေးဆီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၁၀၄၆၉၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၆၁၄၀၅၀၉
ထုတ်ဝေသူ
ဦးကျော်သန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချွန်း(၁)လမ်း ၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၀) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း (အထက်)
ပန်းဘဲတန်း ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw Oo
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဖွန်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

| | |
|---|---|
| | ၈၉၅ ● ၈၃ |
| မိန်းကလေး၊ | |
| လေညင်းလေးဆီ / မိန်းကလေး ။ - ရန်ကုန်။ | |
| ရဲအောင်စာပေ ၊ ၂၀၀၉။ | |
| ၂၈၈ - စာ ၊ ၁၂× ၁၈ စင်တီ။ | |
| (၁) လေညင်းလေးဆီ | |



# အခန်း (၁)

အပျိုစင်ဖြစ်စေ ပိတောက်တွေဖူးတဲ့ ရာသီဦးမှာ ရင်ခုန်သံ သွဲ့သွဲ့လေးနှောတဲ့ လေညင်းနုတွေကို ရှူရှိုက်လိုက်မိသည်နှင့် ရိပ် ရင်ခွင် ရှိုင်းလေး ပရမ်းပတာ လှုပ်ရှားခုန်ပေါက်သွား၏။

"အို"

ဖက်ရှင်ရှိုး ကျင်းပနေတဲ့ခန်းမရှေ့မှာ ရှိုးပွဲ လာရောက် ကြည့် ရှုသူတွေနဲ့ ရှုပ်ထွေးနေချိန်မို့ လှမ်းအဝင်မှာ ပက်ပင်းချည်းအတိုက် ခံလိုက်ရသဖြင့်

ဖန်သားရိပ် ကိုယ်ဟန်လေး ယိုင်နဲ့နဲ့ဖြစ်သွား၏။

ယိုင်ကျမသွားအောင် ကိုယ်ကို ထိန်းမတ်လိုက်သည်မို့ ဖန် သားရိပ် ဣန္ဒြေသိသိသာသာ ပျက်မသွားခြင်းဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး"

တာဝန်ကျေတောင်းပန်ရင်း ရှုပ်ထွေးနေတဲ့ လူအတွေကြားထဲက တိုးထွက်သွားသူကိုကြည့်မိမှ လူရွယ်တစ်ယောက်ဖြစ်နေမှန်း နိုင် သိလိုက်သည်။

သွယ်၍ကျစ်လျစ်သောကိုယ်ဟန်သည် အရပ်နှင့်လိုက်ဖက်ကာ အပေါက်သေးသေးလေးများပါတဲ့ ကိုယ်ကျပ်စပို့ရှပ်လယ်ပိုက်လက်ပြတ် ပိတောက်ဖူးရောင်ကို ဘောင်းဘီရှည်အနက်ထဲ ထည့်ဝတ်ထားသော ကိုယ်ဟန်ဖြောင့်တဲ့ သူ။ ခါးမတ်မတ်လျှောက်ထွက်သွားပုံက ပရိသတ်ထဲ ထင်းထင်းချည်းဖြစ်နေသည်က သူ့ကို ရိပ် မှတ်မိစေခဲ့သည်။

အနီရောင်ဖျော့ဖျော့ ဆေးဆိုးထားတဲ့ ဂုတ်ထောက်ဆံပင်ခပ်ဖွာဖွာ။ ပွသယောင်ရှိပေမယ့် ရုပ်ဆိုးမနေတဲ့ နှာတံဖြောင့်ဖြောင့်။ ပါး၍ စေ့ထားတဲ့ နှုတ်ခမ်းနှစ်လွှာနှင့်သွယ်သော မျက်နှာပေါ်မှ ဝါရောင်ပြေး သော လေးထောင့်မျက်မှန်တပ်သည်ကအစ တင်းချက်ကလေးကြည့်မိရုံနှင့် ရိပ် အာရုံမှာစွဲထင်စေ၏။

သူက ဆောရီး တစ်ခွန်းကိုပြောပြီး ထွက်သွားသည်က သူနှင့် တိုက်မိသူက မိန်းကလေးတစ်ယောက် ဖြစ်နေတယ်ဆိုတာတောင် သတိ ထားပြီး လှည့်ကြည့်မသွား။

အင်းလေ

လူရှုပ်နေလို့ မတော်တဆတိုက်မိတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပဲ။ ဒီအဖြစ်လောက်ကို ရေးကြီးခွင်ကျယ်ဖြစ်အောင် သတိထား





နေစရာမှမလိုဘဲ။

နိုင် ကသာ သတိထားမိတာ။

မေ့ဖို့စိတ်ကူးပေမယ့် သူ့ပုံရိပ်က ပျောက်မသွား။ ရိပ် အာရုံထဲ တငြိလည်လည်နိုးမိုးနေတဲ့ ခံစားမှုက ဝါသနာပါသော စုတ်တံကိုင် သည့်လက်ဖြင့် ပုံတူပန်းချီရေးဆွဲမိသည်အထိ စေစားခံလိုက်ရ၏။

ဘောင်ကွပ်ထားတဲ့ သူ့ပုံတူပန်းချီကားကြီးကို အဝါနုရောင် ပဝါလေး အုပ်လျက် ရိပ်ခေါင်းရင်းရှိ မတ်တပ်ကျွန်း ဗီရိုထဲထည့်ကာ သော့ခတ်သိမ်းဆည်းမိသည်အထိ တန်ဖိုးထားမြတ်နိုးနေမိသည်။

ညဝင် ညထိုင်း သော့ဖွင့်ကာ သူ့ပုံတူကို တစိမ့်စိမ့်ကြည့်ရင်း ရင်ခုန်သလို ခံစားခဲ့တဲ့အဖြစ်ကို ဘယ်သူတစ်ဦးတစ်ယောက်မှ မရိပ်မိ ပေမယ့် ရိပ်ကိုယ်ရိပ် ခံစားမိသည်က အချိန်တွေကြာခဲ့ပေမယ့် မပြောင်း လဲခဲ့။

ခုဆိုရင် သူနဲ့ကြုံခဲ့တဲ့အဖြစ်က သုံးနှစ်တင်းတင်းပြည့်ခဲ့ပေမယ့် ရိပ် ရင်မှာ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလို ခံစားနေမိတာက ဆန်းလှ သည်။

တိုက်မိစဉ်က ရှူရှိုက်ခဲ့မိသည့် သူ့ကိုယ်သင်းရနံ့နဲ့ ရောနေသည့် ရေမွှေးပုန့်မွှေးရှိန်းရှိန်းလေးကို ရိပ် ခုချိန်ထိ မှတ်မိနေဆဲ။

အကြိမ်ကြိမ် အဖန်ဖန် ရှူရှိုက်ခွင့်ကိုလည်း မဆီမဆိုင် အကြိမ် ကြိမ် တောင့်တမိတာက ကိုယ်တိုင်ပဲဖြစ်သည်။

"သမီး ရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ရိပ်လေး"

မြန်းစားကြီး နှစ်ဆင့်ခေါ်လိုက်တဲ့အသံကြောင့် ရိပ် စိတ်ကူးတွေကြားမှ အသိဝင်လာသည်။

"ရှင် မေမေ"

ထူးလည်းထူးရင်း လက်တို့ကလည်း စိုးရိမ်စိတ်ဖြင့် ဗီရိုတံခါးကို ခပ်မြန်မြန် သော့ခတ်ပိတ်ပစ်လျက်သား ဖြစ်သွား၏။

ရိပ်ရဲ့ စိတ်ကူးယဉ် ရင်ခုန်မှုကို မေမေ မသိဖို့အရေးကြီးသည်။ အို ဘယ်သူမှ မသိဖို့ လိုအပ်တယ်လေ။

"ဘာလုပ်နေလဲ သမီး"

"ဟို ဘာ ဘာမှမလုပ်ပါဘူး မေမေ"

"တစ်ခုခု လုပ်နေတယ်ဆိုလဲ လုပ်လက်စထားပြီး ခဏလာခဲ့ဦး၊ သမီး ဖေဖေက ပြောစရာရှိလို့တဲ့"

"ဟုတ်ကဲ့ မေမေ"

ပြောရင်း ရိပ် ခေါင်းအုံးအောက်ထဲ သော့တွဲထည့်လိုက်သည်။ ကံကောင်းသည်က မေမေ အခန်းထဲထိ ဝင်မလာလို့။ ပိတ်ထားတဲ့ တံခါးဝကပြောပြီး လှည့်ထွက်သွားတာ ကံကောင်းသွားသည်။

မဟုတ်ရင် ရိပ် ရင်ထဲက မလုံမလဲဖြစ်စိတ်ကို ရိပ်မိသွားနိုင်တယ်။ ရိပ် သက်မလေး မသိမသာချ၍ မွေ့ရာထက်က ဆင်းလိုက်၏။

မလုံမလဲစိတ်တွေ

သူ့အပေါ်ယစ်မူးနေတဲ့ ခံစားမှုတွေ လုံးဝ အရိပ်ထင်မနေ





အောင် စိတ်ကို ပုံမှန်အတိုင်းဖြစ်စေဖို့ သူ့ပုံရိပ်ကို ဖုံးဖိမျိုချရင်း ပုံမှန်ခြေလှမ်းတို့ဖြင့် အခန်းထဲက ထွက်ခဲ့သည်က ညအိပ်ဂါဝန်ပွပွလေးနှင့် ဖြစ်၏။

■ ■ ■

"သမီးရိပ် လာ ထိုင်"

ရိပ် ညှော်ခန်းဝရောက်သည်နှင့် နှစ်ယောက်ထိုင်ဆိုဖာမှာ ဖေဖေ ထိုင်ချရင်း ပြောသည်။

"ထိုင်လေ သမီး"

ဖေဖေ့အတွက် နွားနို့ပူပူတစ်ခွက်ကို စားပွဲပေါ်တင်ရင်း မေမေ ထပ်ဆင့်ပြောပြန်သည်။

မေမေနဲ့ဖေဖေအသွင်က ဒီညာ ထူးခြားနေသလိုပဲ။

အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိတတ်တဲ့ မေမေတို့ မျက်နှာ သန့်သန့်လေးက အကြောင်းတစ်ခုခုကြောင့် မရွှင်မပျဖြစ်ကာ စိုးရိမ်နေသလိုရှိသည်။

ဘာကြောင့်လဲဆိုတာ ရိပ် အကဲမခတ်နိုင်တော့ဘဲ ဖေဖေနဲ့ မျက်နှာချင်းဆိုင် တစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ဖြေးညင်းစွာ ထိုင်ချသည်။ မေမေက ဘေးမှာကပ်လျက်ထိုင်ချပြီး ရိပ်ကို တစ်ချက်ကြည့်သည်။ ပြီးမှ ဖေဖေ့ကို ငဲ့ကြည့်သည်။

"ပြောလေ ကိုမြင့်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်စိုး မျက်မှန်ကို တစ်ချက်ပင့်သည်။ မိဘပြောမည့်စကား ကို အလေးအနက်နားဆင်ဖို့ အသင့်စောင့်နေတဲ့ သမီး မျက်ဝန်းဝိုင်းလေး ကို မတ်မတ်ပြင်ထိုင်ကြည့်ကာ

"ဒီလို သမီးရဲ့"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"ဟိုတစ်ပတ်က ဖေဖေတို့ ထမင်းစားဖိတ်ကျွေးခဲ့တဲ့ ဦးမင်း ခိုက်နဲ့ ဒေါ်သီရိခေတ်ကို သမီး မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဖေဖေ"

ရိပ် ခေါင်းလည်းညိတ်ရင်း မှတ်မိကြောင်းလည်း ပြောမိ၏။ မမှတ်မိစရာမှ မဟုတ်တာ။

ထိုစုံတွဲက နိုင်ငံခြားမှာ နှစ်နှစ်ဆယ်နီးပါးနေလာသူများပီပီ ခေတ်ဆန်လှသည်။

အန်တီ သီရိခေတ်က ဆံပင်တိုတို ကောက်ကောက်လေး ကြောင့် ပခုံးသားလေးများကဖွေးဖွေးဖြူနေပြီး ဖွေးစင်ဥဇွေးဘာ သွယ် သောမျက်နှာနှင့်လိုက်ဖက်မှုရှိ၏။

ပန်းနုရောင် ဖျော့ဖျော့လေးလိမ်းထားတဲ့ မိတ်ကပ်မျက်နှာပေါ် မှာ နှုတ်ခမ်းနှင့်မျက်ခွံကို ပုစွန်ဆီရောင် ရင့်ရင့်ဆေးခြယ်ထားသည်။ နောက်ကွဲစကတ်ရှည်ကို လည်ဟိုက်လက်ပွကိုယ်ကျပ်အင်္ကျီအဲ့ဝတ်ထားတဲ့ ဖက်ရှင်အရောင်နှင့် တစ်ထပ်တည်းကျ၏။

မဟူရာချည်းဆင်ထားတဲ့ ကိုယ်ပေါ်မှ ရတနာတို့က ဖက်ရှင်





အရောင်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပေမယ့် အမြင်မရိုင်းဘဲ နက်ပြောင်တောက် ပနေသည်။

အန်တီရဲ့ အပြင်အဆင်နဲ့လိုက်ဖက်အောင် အန်ကယ်ကလည်း ပုစွန်ဆီရောင်ပေါ် အနက်ကန့်လန့်စင်းနှစ်စင်းပါတဲ့ တီရှပ်နဲ့ ဘောင်းဘီ ရှည်အနက်တွဲဝတ်ကာ အလှမျက်မှာစိုး၍ ပါဝါမျက်မှန်ပင် မျက်နှာပေါ် တင်မထား။

ဖေဖေလို ပုဆိုးရှပ်အင်္ကျီပွပွနှင့် လူကြီးဆန်တဲ့ အပြင်အဆင် မျိုးမဟုတ်တဲ့ အန်ကယ်က လူငယ်လို လွတ်လပ်ပေါ့ပါးနေသလို အန်တီ ကလည်း မေမေလို ပါတိတ်ဝမ်းဆက်မျိုးနဲ့ ခပ်ရင့်ရင့်ပုံစံမျိုး ဖြစ်မနေ။

ခေတ်မီသည့် အပြင်အဆင် အမူအယာတို့နှင့်လိုက်ဖက်ညီညီ အလှတွေဖြိုးနေတဲ့ ထိုစုံတွဲကို ရိပ် ကောင်းကောင်းမှတ်မိတာပေါ့။

ဖေဖေက အတန်ကြာ ငြိမ်သက်နေပြီးမှ

"အင်း မှတ်မိတယ်ဆိုရင် ဖေဖေ ဆက်ပြောမယ်၊ သမီး အလေးအနက် နားထောင်ပေးပါ"

"ဟုတ်ကဲ့ ဖေဖေ"

ရိပ် ခေါင်းအညိတ်မှာ မေမေက လက်ပိုက်ထိုင်လျက်သားနှင့် ကိုယ်ကို ဆိုဖာနောက် မှီချလိုက်သည်။

ဖေဖေက နို့ခွက်ကိုလှမ်းယူ၍သောက်ပြီး စားပွဲပေါ် ပြန်တင် ကာ အံ့ပြန်အုပ်ပြီးမှ မျက်နှာလေးကို ကြည့်၍ပြောသည်။

"ဒီလို သမီးရဲ့ ကိုမင်းက ဖေဖေရဲ့အရင်းနှီးဆုံး သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ အသီးသီးအိမ်ထောင်ကျပြီးမှ အလုပ်အကိုင်မတူလို့ အနေဝေးခဲ့ကြတယ်၊ ကိုမင်းက အမေရိကားမှာ အခြေကျတော့ ဖေဖေတို့နဲ့ အဆက်ပြတ်သလို ဖြစ်ခဲ့တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်က မိသားစုနဲ့အတူ မြန်မာပြည်ကို တစ်ခေါက်ပြန်လာတော့ ဖေဖေနဲ့ ပြန်တွေ့တယ်၊ တွေ့တာမှ နာရီပိုင်းလောက်ပဲ၊ စကားတောင် သေသေချာချာ မပြောရဘူး၊ အလုပ်ကိစ္စအကြောင်း ပြောရင်းနဲ့ ဖေဖေ့လုပ်ငန်းအဆင်မပြေဖြစ်နေတာ သိသွားတော့ ဘာမှစိတ်မပူနဲ့ဆိုပြီး ဖေဖေ့လုပ်ငန်းအတွက် အရင်းအနှီးငွေ ချက်ချင်းထုတ်ပေးခဲ့တယ်''

''ဪ ဖေဖေ တစ်ခါပြောဖူးတယ်လေ၊ ဖေဖေ့မိတ်ဆွေ တစ်ယောက် ကူညီခဲ့တယ်ဆိုတာ''

''ဟုတ်တယ် သမီး၊ ကူညီခဲ့တာ ကိုမင်းပဲ''

''ရိပ်မှ မသိခဲ့တာ ဖေဖေ အခု အန်ကယ် မင်းက ငွေပြန်တောင်းလို့လား၊ တောင်းရင်လည်း ပေးလိုက်ပေါ့ ဖေဖေရယ်၊ ဖေဖေ့မှာ ငွေပိုတွေရှိနေတာပဲ''

ကလေးအတွေးနဲ့ထင်သလို ပြောနေတဲ့ သမီးကို ဦးမြင့်မိုး သက်မချသည်။ ခေါ်နှင်းနှင်းဖြူက ခင်ပွန်းသည်ကို အသာငဲ့ကြည့်တာက သမီး နားရှင်းအောင်ပြောပါဆိုတဲ့ သဘော။ ဦးမြင့်မိုး ခေါင်းဆတ်ပြီး

''ငွေ ပြန်တောင်းစရာမလိုပါဘူး သမီးရယ်၊ ဘဏ်ထဲမှာ ကိုမင်းနာမည်နဲ့ ဖေဖေ ငွေထည့်ထားပြီးသား၊ ကိုမင်း ပြန်ရောက်တာ သိသိချင်း ဖေဖေ သွားတွေ့ပြီးပေးပါတယ်၊ ကိုမင်းက မယူဘူး သမီးရယ်''





''ဟင်''

ရိပ် အံ့သြကာ ကိုယ်လုံးလေးပင် မတ်ကြွမတတ်ဖြစ်သွား၏။ ဒီလောက်များတဲ့ ငွေပမာဏကို မယူတာ ဘာဖြစ်လို့ပါလိမ့်။

''ဟုတ်တယ် သမီး၊ မေမေလည်း အရမ်းအံ့သြရတယ်၊ အဆင်မပြေလို့ ကူညီပေးခဲ့တဲ့ သဘောပါတဲ့၊ ပြန်ရဖို့ မျှော်လင့်ပြီး ကူညီခဲ့တာမဟုတ်ဘူး၊ လုပ်ငန်းထူထောင်နိုင်အောင် စေတနာ သန့်သန့်နဲ့ ထောက်ပံ့ပေးခဲ့တာတဲ့''

ရိပ် ရင်ထဲမှာ ကြည်နူးတာလား၊ အံ့သြတာလား၊ မယုံနိုင်တာလား ခွဲခွဲခြားခြား မခံစားတတ်တော့။

သူငယ်ချင်းအပေါ် အန်ကယ်မင်းက အဲသလောက်တောင် စေတနာတရား ရက်ရောသတဲ့လား။ မယုံနိုင်စရာကောင်းတာတော့ အမှန်ပဲ။

ဖေဖေက နွားနို့ခွက်ကို ပြန်ကိုင်၍ တစ်ကျိုက်သောက်ပြန်သည်။ သောက်ပြီး နှုတ်ခမ်းကိုလျှာနဲ့တစ်ချက်သပ်ကာ ခွက်ကိုပြန်မချသေးဘဲ ပြောပြန်သည်။

''ဖေဖေလည်း အရမ်းအံ့သြတယ်၊ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတယ် သမီးရယ်၊ ဖေဖေ့အပေါ် ကိုမင်း အဲသလောက်သဘောထားကြီးလိမ့်မယ်လို့ ဖေဖေ လုံးဝ ထင်မှတ်မထားဘူး''

''ဟုတ်တယ်နော် ဖေဖေ၊ ဘယ်လောက်ပဲ သူငယ်ချင်းဖြစ်ဖြစ်ပေါ့၊ ဒီလောက်ငွေအများကြီးကို ရက်ရက်ရောရော ပေးဖို့ဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပေါ့ သမီး ဖေဖေလည်း ကိုမင်းအပေါ် ကျေးဇူးတင်တယ်လို့တောင် မပြောရက်တော့ဘူး၊ ကိုမင်း ဖနီးသီရိကလည်း ပြန်ပေးရင် စိတ်ဆိုးမယ် ဘာညာပြောတာနဲ့ ဖေဖေလည်း ဖွင့်မပြောခဲ့တော့ဘူး"

ဖေဖေ့စကားအဆုံးမှာ ရိပ် မသိမသာ သက်မလေးချသိုက်သည်။ ဒါနဲ့ ဒီအကြောင်းတွေကို ရိပ် သိအောင် ပြောပြတာက အကြောင်းမဲ့သက်သက်တော့ မဟုတ်နိုင်ဘူး ထင်ရဲ့။

အနီရောင် အလှခေါင်းအုံးဝိုင်းဝိုင်းလေးကို ရိပ် ပိုက်ကိုင်၍ ဖေဖေ့မျက်နှာပေါ်က အရိပ်တစ်ချို့ကို ငေးကြည့်ပြီး

"ဒါနဲ့ ဖေဖေ ဒီအကြောင်းတွေ သမီးသိအောင် ပြောပြတာက"

"ဒီလိုပါ သမီး သမီး နားလည်အောင် ပြောရရင် ကိုမင်းကို ဖေဖေ အရမ်းကျေးဇူးတင်ရတယ်၊ ပိုပြီးလည်း ချစ်ခင်သွားတယ်၊ အဲဒါကြောင့် ကိုမင်းတို့လင်မယားကို ညစာဖိတ်ကျွေးခဲ့တာပေါ့"

"သမီး ဧည့်ခံတာ လိုအပ်တာတွေရှိနေလို့လား ဟင်"

"မလိုဘူး သမီး၊ လုံးဝ မလိုဘူး"

"သိဘူးလေ သမီး ဧည့်ခံတာ အန်ကယ်မင်းတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေများ ရှိနေသလားလို့"

ဦးမိုးမြင့် ကိုင်ထားဆဲ နွားနို့ခွက်ကို စားပွဲပေါ်ပြန်တင်သည်။ ဒေါ်နှင်းနှင်းဖြူက ခင်ပွန်းသည်ကို အားမရဟန်နှင့် တစ်ချက်ကြည့်၏။

ဦးမိုးမြင့်က စိတ်မလောနဲ့လို့ ဇနီးသည်ကို လက်ကာပြပြီး ကိုယ်ကို မတ်မတ်ပြင်ထိုင်သည်က သမီး နားလည်လက်ခံစေဖို့ ဒွေး





အေးအေးနဲ့ စည်းရုံးနေခြင်းပဲဖြစ်သည်။

"သမီးအတွက် ကိုမင်းတို့ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး၊ သမီး အလိမ္မာလေးကို မြင်ရလို့ စိတ်ကြည်နူးခဲ့ရတယ်တဲ့လေ"

"အို ဖေဖေတာလည်း"

ဖေဖေက ချီးကျူးသံနဲ့ပြောတော့ ရိပ် ရှက်ချင်သလို ဖြစ်သွားတာ အမှန်။

"တကယ်ပြောတာ သမီး၊ သမီးကို မြင်မြင်ချင်း ကိုမင်းနဲ့ သီရိက သမီးအရင်းလို ချစ်မိတယ်တဲ့"

"တဲပါ အဖေကြီးရယ်၊ ပြောစရာရှိတာ မြန်မြန်ပြောလိုက်ပါတော့၊ ကိုမြင့် မပြောရင် နှင်းနှင်းပဲ ပြောလိုက်မယ်လေ"

ဖေဖေ့ကို အားမလိုအားမရဟန်နှင့် မေမေ ဝင်ပြောသည်။ ဖေဖေ ခုလို ရှည်ရှည်ဝေးဝေး ပြောနေတာက အန်ကယ်မင်းတို့ စုံတွဲနဲ့ ရိပ် ကဘာယ်လိုဆက်စပ်နေလို့လဲ။

သိချင်စိတ်ကလေးနဲ့ ဖေဖေ့ကို တည့်တည့်ကြည့်မိပြီး

"ဟုတ်တယ် ဖေဖေ ပြောစရာရှိတာ ပြောလေ၊ သမီးသိဖို့ လိုအပ်လို့ ဖေဖေပြောနေတာကို သမီး အလေးအနက် နားထောင်နေပါတယ် ဖေဖေ"

ဒီတော့မှ ဖေဖေ ပြောချတော့မယ့်ဟန်နှင့် သက်ပြင်းချပြီး

"အင်း ပြောရမယ်ဆိုရင် သမီးကို ကိုမင်းတို့လင်မယားက မွေးစားချင်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရိပ် နှုတ်ခမ်းနှစ်လွှာက တအံ့တဩပွင့်ဟသွားသလို မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်နှင့် မျက်ဝန်းအစုံက ပုံမှန်ထက်ပို၍ ဝိုင်းစက်သွား၏။

"ဟုတ်တယ် သမီး၊ မေမေ့ကို သိရိကလည်း ခဏခဏ ဖုန်းဆက်ပြီး သမီးကို လိုချင်တဲ့အကြောင်းချည်းပဲ ပြောနေတယ်၊ သမီး ဖေဖေ့ကိုလည်း ကိုမင်းက တွေ့တိုင်း ဒါပဲပြောနေတာ၊ ဖေဖေနဲ့မေမေ တိုင်ပင်ပြီးမှ သမီးကို အသိပေးတာ"

"ဟင့်အင်း မ မဖြစ်နိုင်တာ"

ရိပ် ကတုန်ကယင်လေး ပြောလိုက်မိသည်။

"ဘာ ဘာဖြစ်လို့လဲ. သမီး"

ဖေဖေ စိုးရိမ်စိတ်နှင့် လှုပ်လှုပ်ရှားရှားဖြစ်ကာ မေး၏။ ရိပ် ရင်ထဲက မလုံမလဲစိတ်က သူ့ပုံရိပ်လေးကို ဖျတ်ခနဲ မြင်ယောင်လာစဉ် ခေါင်းရမ်းလိုက်သည်က တရစပ်ပဲဖြစ်သည်။

"ဘာဖြစ်လို့လဲ သမီး၊ မေမေတို့ကို ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်"

"သမီး စိတ်ထဲမှာ ကိုမင်းကျညီတဲ့ ငွေကြီးစွန့်ပတ်သက်ပြီး တစ်ခုခုဖြစ်နေလို့လား"

ဖေဖေနဲ့မေမေ တစ်ခွန်းဆီမေးသော်လည်း ရိပ် ဘာပြန်ပြောရမှန်းမသိတော့။ သူ့ပုံရိပ် ကြီးစိုးနေတဲ့ ရိပ် ရင်ခွင်က ဝမ်းနည်းသလို





ဖြစ်လာသည်ကတော့ အမှန်။

"မဟုတ်ဘူး ဖေဖေ"

"ဒါဆို ဘာဖြစ်လို့လဲ၊ သမီးမှာ ချစ်သူတွေ ဘာတွေရှိလို့လား သမီးရယ်"

ဖေဖေက ရိပ် မျက်ဝန်းများကို နူးညံ့တဲ့ပုံစံလေးနဲ့ အလောတကြီး မေးလာသည်။

ချစ်သူ တဲ့။

ဖေဖေ မေးလိုက်မှပဲ ရိပ် နှလုံးသားမှာ သူ့ကိုချစ်သူလို ချစ်နေမိတာ ရိပ် ခံစားသိရှိသွား၏။

"ပြောလေ သမီး၊ သမီးမှာ ချစ်သူရှိတယ်ဆိုရင်"

ဟင့်အင်း၊ မရှိဘူးလို့ ဖြေရဲ့။

ရှိတယ်လို့ပြောဖို့ကလည်း သူနဲ့ရိပ်က ဘာမှလည်း မဟုတ်ဘဲနဲ့။

"သမီးမှာ ချစ်သူမရှိသေးတာ မေမေ သိတယ်၊ သမီး သူငယ်ချင်းတွေကို မေမေ မေးကြည့်ပြီးပါပြီ"

ရိပ် ရင်မှာဗို့ကြပ်သလို ဖြစ်သွားသည်။

တခဏလေးမြင်ခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ကို စွဲစွဲနစ်နစ် ချစ်မိသွားတာကို ဘယ်သူမှ မသိကြဘဲ။

သိရင်လည်း ရိပ်ကို ရူးနေတယ်လို့ ပြောမှာပေါ့။ ဟုတ်တယ်လေ ... တောင် ဘာမှသိတာမဟုတ်ဘဲနဲ့။

ရိပ် မှာသာ။



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေနဲ့ မေမေကတော့ သဘောထား တင်းထပ်တည်းပါပဲ သမီးရယ်၊ ဖေဖေတို့အပေါ် အတိုင်းမသိ သဘောထားကြီးတဲ့ ကိုမင်းတို့ တောင်းဆိုမှုကို မငြင်းရက်ဘူး၊ ငြင်းစရာလည်း အကြောင်းမရှိဘူး''

''ဖေဖေ ရယ်''

နှလုံးသားမှ တွန်းထိုးပုတ်ခတ်ခံရတဲ့ လှိုင်းတို့က ဗာရုန်းရုန်း ကြွနေပေမယ့် မိဘဆန္ဒကို ပေါ်တင်ချည်းငြင်းပစ်ဖို့ စိတ်က မလုံမလဲ ဖြစ်လာသည်။

ငုံ့ကျသွားတဲ့ခေါင်းကို ရိပ် ပြန်မမော့ဘဲ ပိုက်ထားမိတဲ့ အလှ ခေါင်းအုံးကို ငြိမ်သက်စွာ ကြည့်မိသည်က ဝမ်းနည်းမျက်ရည်တို့ကို ဝေ့သီလာစေသည်။

''ဒါပေမဲ့''

တစ်ခုခု ငြင်းမိဖို့ ရိပ် စကားစရုံရှိသေး ဖေဖေနဲ့မေမေ မျက်ခုံး တွေ အဆမတန် မြင့်တက်သွားသည်က ပြိုင်တူပဲဖြစ်သည်။

''ဒါပေမဲ့ ဘာဖြစ်လဲ သမီး၊ ဖေဖေတို့နားလည်အောင် သမီး သဘောထားကို ပြောလေ''

ကိုင်ထားဆဲ နို့ခွက်က ဖေဖေရဲ့စိတ်လှုပ်ရှားမှုကြောင့် တုန်တုန် ယင်ယင်ဖြစ်သွားသည်မို့ နို့ခွက်ကို စားပွဲပေါ်ပြန်တင်ပြီး ပြောဏ်။

''ဟို ဟိုလေ''

ရိပ် တစ်ခုခုအကြောင်းပြဖို့ ဘာအကြောင်းအရာကို ရွေးပြရ မှန်းမသိအောင် အစ်စို့စို့ဖြစ်သွား၏။





တစ်ကြိမ်တစ်ခါမှ မိဘဆန္ဒကို မငြင်းဆန်ဘူးတဲ့ သမီးက ဒီကိစ္စမှာ ငြင်းဆန်ခဲ့ရင်ဆိုတဲ့ အတွေးက မိဘနှစ်ပါးရင်ကို ထိခိုက်စေ တာ အမှန်ပါပဲ။ ဒါပေမဲ့ တစ်ဦးတည်းသော သမီးလေးကိုလည်း စိတ် မဆင်းရဲစေချင်ဘူး။

လှုပ်ရှားနေတဲ့စိတ်နှင့် ဦးမြင့်မိုး ထိုင်နေရာမှ ထကာ ညေ့ခန်း ရှင့်ကပ်လျက် အိပ်ခန်းထဲဝင်သွားသည်က အကြောင်းမဲ့မဟုတ်မှန်း ဒေါ်နှင်းနှင်းဖြူ သိလိုက်၏။

''သမီး ရယ်''

မေမေက ရိပ်ဘေးက ဆိုဖာမှာပြောင်းထိုင်ပြီး ငုံ့လျက်သား ငြိမ်နေတဲ့ သမီးမျက်နှာလေးကို မေးဖျားမှ အသာမ၍ မော့စေသည်။

မျက်နှာဝိုင်းလေးပေါ်မှာ မေးဖျား၌ ရှားရှားပါးပါး ရှိနေတဲ့ မိုးမျှင့်လို မေးချိုင့်ကလေးကြောင့် ထူးထူးခြားခြား ပိုလှနေတဲ့ သမီး မျက်နှာနုနုလေးကို မြင်တော့လည်း ဖိအားပေးပြောချင်တဲ့ စကားလုံးတွေ က ရှိန်လျော့သွားသလို ဖြစ်၏၊

သို့ပေမယ့်လည်း ဒေါ်နှင်းနှင်းဖြူ အရှိန်တင်ပြီး

''ကိုမင်းရဲ့သဘောထားကို သမီးလည်း သိနေတာပဲကွယ်၊ သူတို့ မင်းမယား လိုလိုလားလား တောင်းနေတာကို မေမေတို့ဘယ်လို အကြောင်းမျိုးနဲ့ ငြင်းထွက်မလဲ၊ သမီးအပေါ် သို့ရိတို့ ဘယ်လောက် ချစ်နေသလဲဆိုတာ သမီး အကဲခတ်လို့ရပါတယ်ကွယ်''

ရိပ် သက်ပြင်းချမိသည်က ထိုနေ့က ရိပ်ကို အနိကယ်နဲ့အန်တီ



www.burmeseclassic.com

www.burmeseclassic.com



မျက်ခြေမပြတ် စောင့်ကြည့်ပြီး ပြုံးနေတဲ့ အပြုံးမျက်နှာလေးတွေ မြင်မြင် တာကြောင့်ပဲ ဖြစ်သည်။

ရိပ် စကားပြောပုံ လှုပ်ရှားပြုမူပုံကအစ မျက်ခြေမပြတ်တမ်း ကြည့်ကာ ကြည်နူးနေတဲ့ အန်ကယ်တို့စုံတွဲစိတ်ထဲမှာ ရိပ်ကို ချွေးမ တော်ချင်တဲ့စိတ်ဆန္ဒနဲ့လား။

ရိပ်က ရိုးရိုးသားသား ကြည့်ပြီးကျေနပ်နေတယ် ထင်တာ၊ ခုတော့

“နှင်းနှင်း”

ဖေဖေ ဧည့်ခန်းထဲ ပြန်ဝင်လာရင်း၊ မေမေ့ကိုခေါ်ပြီး စိတ် မသက်မသာနှင့်ပြော၏။

“သမီးကို ဖိအားမပေးပါနဲ့ကွာ”

“ကိုမြင့်ကလည်း”

မေမေက ဘဝင်ကျဟန်မတူ။ ဖေဖေ့ကို မော့ကြည့်ရင်း ပြောတော့ ဖေဖေ ခေါင်းခါလိုက်သည်က ဖိအားမပေးပါနဲ့လို့ ထပ်ဆင့် ပြောသလို။

ဖေဖေ့ဆန္ဒကို စောဒက မတက်ပေမယ့် မေမေက ရိပ်ကို ဖိအားပေးနေတဲ့ မျက်ဝန်းနှင့်ပြန်ကြည့်၏။ ရိပ် ဖေဖေ့ကို အားကိုးတကြီး မော့ကြည့်တော့ ဖေဖေ့ နှုတ်ခမ်းတို့က အတန်ကြာ ဆန့်တန်းနေပြီးမှ ပွင့်ဟကာ

“ဖေဖေတို့သဘောထက် သမီး သဘော၊ သမီးဆန္ဒကိုပဲ ဖေဖေ





တို့ လိုချင်တယ်၊ သမီးစိတ်နဲ့ သမီး စဉ်းစား”

စဉ်းစားခွင့်ပေးလိုက်တဲ့ ဖေဖေ့ကို ရိပ် ကျေးဇူးတင်တဲ့ မျက်ဝန်း နှင့် လိုက်လိုက်လှဲလှဲ ကြည့်လိုက်သည်။

မေမေကတော့ ရိပ်ကို နာခံစေချင်တာ သိသာလွန်းသည်။ ဖေဖေ အခွင့်အရေးပေးလိုက်တာကို ဘဝင်မကျသောကြောင့် ဘာမှ ပြန်မပြောပေမယ့် ရိပ် အပါးမှထကာ ဧည့်ခန်းထဲက ထွက်သွားသည်က မျက်ချင်းပဲဖြစ်သည်။

ဇနီးသည်ရဲ့စိတ်ကို နားလည်ပေမယ့် သမီး စိတ်ဆန္ဒကို ပိုလေးအနက်ထားချင်တဲ့ ဦးမြင့်မိုး သက်မချပြီး

“ရော့ သမီး”

အခန်းထဲက စားပွဲပေါ်တင်လျက် ဓာတ်ပုံကို ယူဆောင်လာတဲ့ ဖေဖေက ရိပ်ကို ဓာတ်ပုံထိုးပေးသည်။

ဟင့်အင်းလို့ ခေါင်းတစ်ချက်ရမ်းသည်မှလွဲ၍ ဓာတ်ပုံကို ရိပ် လှမ်းမယူမိ။

ဖေဖေက အပြစ်မမြင်ဘဲ ရိပ် ပိုက်ကိုင်ထားတဲ့ အလှခေါင်းအုံး ပေါ် တင်ပေးတဲ့အခါ ဘယ်အချိန်ကတည်းက ခိုတွဲနေမှန်းမသိတဲ့ မျက်ရည်တို့က ဓာတ်ပုံပေါ် ပေါက်ခနဲ ခုန်ကျသွား၏။

ဖေဖေ ထွက်သွားမှ ဓာတ်ပုံပေါ်ကျနှင့်သည့် မျက်ရည်စကို လက်ချောင်းလေးနှင့် ပွတ်ကာ ကြည့်မိလျက်သားဖြစ်သွား၏။

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ပြည့်အိုင်နေတဲ့ မျက်ရည်ကြားမှ ဝေဝါးဝါး မြင်လိုက်ရတဲ့ ပုံရိပ်က ရိပ် ရင်ထဲက ပုံရိပ်လား။

ဝေခွဲမရစိတ်နဲ့ မျက်ရည်တွေ သုတ်ပစ်ရင်း အသေအချာကြည့် လိုက်တော့ တောတောင်ရှုခင်းကို နောက်ခံထား

မျက်နှာခပ်မော့မော့လေးဖြစ်ကာ မျက်ဝန်းတို့က တစ်စုံတစ် ယောက်ကို မျှော်ရင်း စူးစူးစိုက်စိုက်ကြည့်နေတဲ့ ကိုယ်တစ်ပိုင်းနှင့် ဘောင်းဘီရှည်အိတ်ထဲ လက်နှစ်ဖက်လျှို ရပ်ရင်းသေနေပုံက ရိပ် ရင်ခုန် လက်တို့ဖြင့် ပန်းချီရေးဆွဲခဲ့ဖူးသော သူ့ပုံပဲဖြစ်နေ၏။

"အို"

သူ ဆိုတဲ့ အသိကြောင့် ရိပ် နလုံးသားမှာ ရင်ခုန်လှိုင်းတို့ ယှက်တိုက်ပြေးလွှားနေသည်က တသိမ့်သိမ့်ပဲ ဖြစ်တော့သည်။

ရင်ခွင်ထဲ ခိုအောင်းနေတဲ့ ချစ်သူက ဖေဖေတို့လက်ခံတဲ့သူ အဖြစ် တိုက်ဆိုင်နေသတဲ့လား။

အသိတို့က သူ့ဓာတ်ပုံလေးကို တသိမ့်သိမ့်ခုန်နေသော ရိ ရင်ခွင်မှာ အပ်ကာ . . ။

◼ ◼ ◼



## အခန်း (၂)

"ကြွေလောက်တဲ့ ရုပ်ပဲ၊ ဟဲ့ ကြည့်ဦး ရဲရဲ"

စာရေးစားပွဲပေါ် ထောင်ထားတဲ့ သူ့ဓာတ်ပုံကို သော်သော် ကမန်းကတန်း ယူကြည့်သည်။

ပြောလည်းပြော ဆိုဖာပေါ်ထိုင်ချပြီးတဲ့ ရဲရဲ လက်ထဲ ဓာတ်ပုံ ထိုးထည့်ပေးရင်း ရဲရဲ ဘေးက ဆိုဖာမှာထိုင်ချသည်။

ရဲရဲ ဓာတ်ပုံကြည့်နေတဲ့ အချိန်မှာ ရိပ် က ဒေါ်တိုးယူလာ ပေးတဲ့ အအေးလင်ပန်းကို ကမ်းယူပြီး စားပွဲဝိုင်းပေါ်ချသည်။

"ရုပ်ကတော့ ရှယ်ပဲ၊ ရဲရဲတောင် ရင်ခုန်ချင်လာပြီ"

"အစပ်ပေါ့ သော်လည်း ရင်ခုန်သလို ဖြစ်သွားတယ် ဟီဟိ"

သော်သော်က သွားတက်ကလေးတွေပေါ်အောင် ဟီးခနဲ ရယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်က ရင်ခုန်တတ်စအပျိုစင်လေးအတိုင်းဖြစ်သည်။

"ဒါနဲ့ ရိပ်ကော ရင်ခုန်လား"

ရဲရဲ ဘွင်းဘွင်းချည်းမေးချတော့ ရိပ် မျက်နှာနုနုလေး ရှက်သွေး နှင့် အရောင်ရဲသွား၏။

"မေးတာ ဖြေလေ အဲဒါ ပွိုင့်ပဲ"

သော်သော်က ဖိ၍မေးပြန်သည်။ ရိပ် ရင်ခုန်သံကို တည်ငြိမ် အောင်ထိန်း၍ သူငယ်ချင်းတွေနဲ့ မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်ပြီး

"ဖေဖေတို့က မငြင်းစေချင်ဘဲ"

"အဲဒါနဲ့ လက်ခံတယ်ပေါ့"

ပြုံးတူမေးတော့ ရိပ် ခပ်ရှက်ရှက်ပဲ ခေါင်းညိတ်လိုက်သည်။ သော်သော်နဲ့ ရဲရဲစံ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်က ဘဝင်မကျမှုတွေနဲ့ပါ။

ရိပ် ကပုံမှန်မျက်နှာလေးဖြစ်အောင် ပြုံးပြင်လိုက်သည်မှာ လျှင်မြန်စွာပဲ ဖြစ်သည်။

"အန်ကယ်မင်းရဲ့ ကျေးဇူးတွေက ရှိသေးတယ်လေ၊ အန်တီ ကလည်း အရမ်းပဲ စိတ်အားထက်သန်တယ်၊ ဖေဖေနဲ့မေမေကလည်း သဘောတူနေတယ်ဆိုတော့"

"မဟုတ်ဘူး ရိပ်"

"ဘာကိုလဲ ရဲရဲ"

"အန်ကယ်က ရိပ်ကို အန်ကယ်မင်းတို့ ကျေးဇူးတရားကြောင့်





လက်ခံစေချင်တာ မဟုတ်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောထားတယ်၊ ပြီးတော့ ရိပ် လက်မခံလို့လည်း ရတယ်လို့ အခွင့်အရေးပေးထားတယ် လေ"

"ဘယ်လို"

"ဟုတ်တယ် အန်တီ အားလုံးပြောပြပြီးပြီ"

"ဟင်"

ရိပ် အတော်ချည်း လှုပ်လှုပ်ရှားရှားဖြစ်ကာ ပေါင်ပေါ်တင်ထား တဲ့ အလှခေါင်းအုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း မျက်လွှာချမိသည်က ကြမ္မာကတာဝန်းပင်။

"ဟုတ်တယ်လေ၊ ရိပ် အခုလက်ခံလိုက်တာ မိဘဆန္ဒထက် ရိပ် ဆန္ဒက အဓိကကျတယ်.မဟုတ်လား၊ ဒါကြောင့် သူငယ်ချင်းအချင်း ချင်း၊ ပွင့်ပွင့်လင်းလင်းမေးရတာ၊ မေးတာကလည်း အကြောင်းရှိလို့"

အလေးအနက်ကြည့်ရင်း ပြောနေတဲ့ သော် ကို ရိပ် ပြန်မကြည့် ပါ။

"ဟိုလေ ရိပ်က"

ရိပ်ကိုယ် ဆိုဖာနောက်ကျောကပ်မှီချလိုက်ပြီး တစ်ခုခုကို အနိုင် ယူဟ ပြောဟန်ပြင်တော့ သော် လက်ကာဟန့်ပြီး ဆက်ပြောသည်။

"သော် တို့ဆိုလိုတာက ရိပ် အတွေး၊ ရိပ် ဆန္ဒအရ သူ့ဓာတ်ပုံ ကို မြင်ရုံနဲ့ ခေါင်းညိတ်တာ စိတ်ကူးယဉ်ဆန်နေမလားလို့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်ခံတဲ့အဖြစ်က ရိပ် စိတ်ကူးယဉ်နေတာလား။ ဟင့်အင်း ရိပ် ခေါင်းရမ်းတော့

"ဟုတ်တယ်လေ၊ သူ့ရုပ်က ကြွေလောက်တယ်၊ ကြွေလောက်တဲ့ ရုပ်မျိုးဖြစ်လို့ စိတ်ကူးယဉ်ပြီး လက်ခံတာမျိုးဖြစ်မယ်လို့ ရဲ့ ယူဆတယ်"

သူငယ်ချင်းနှစ်ယောက်ရဲ့ ရိုးစမ်းတဲ့အယူအဆက ရိပ် ရင်မှာ လေတိုးလို့ လှုပ်ခါသွားတဲ့ ဆင်စွယ်ရောင် ပြတင်းပေါက်လိုက်ကာစသို လွင့်နှလူးလှုပ်ရှားသွား၏။

ရဲရဲက သူ့ခွက်ပုံကို စားပွဲပေါ်အသာပြန်တင်ပြီး ရိပ်ကို စူးစူးစိုက်စိုက်ကြည့်သည်က ရိပ် စိတ်ကိုမလုံမလဲ ဖြစ်စေသည်။

"ရိပ် လက်ခံတာ မှားလို့လား"

"မှားတယ် မှန်တယ်တော့ မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"သူ့ရုပ်က မိန်းမကြိုက်ရုပ်လေ၊ ဘယ်မိန်းကလေးမဆို မြင်တာနဲ့ ကြိုက်မှာပဲ"

သော်သော် ရိပ်ကို စောင်းချိတ်ပြောနေတာလား။ လွန်ခဲ့တဲ့ သုံးနှစ်က လျှပ်တစ်ပြက် မြင်ရုံနဲ့ ဖွဲဖွဲလန်းလန်း ဖြစ်ခဲ့တဲ့ ရိပ် စိတ်ကို ဖောက်ထွင်းမြင်တတ်လို့ ပြောနေတာလား။

တော်သေးတယ်။ သူ့ပုံတူ ပန်းချီကားရေးဆွဲခဲ့တာကို သော်တို့ကို အသိမပေးခဲ့လို့။ သိသွားရင် စိတ်ကူးယဉ်ဆန်တယ်ဆိုတဲ့ စကား





လုံးထက် စိတ္တဇဆန်တယ်လို့ ပြောမှာ သေချာတယ်။

အခုတောင် မေးပုံက ခွက်ပုံမြင်ရုံနဲ့ ကြိုက်မိလို့ လက်ခံတာလား တဲ့။ ရဲရဲ့ကလည်း အားမနာတမ်းမေးချတော့ ရိပ် မျက်နှာမှာ မွန်းကြပ်မှုကြောင့် ချွေးစတွေ ပျံ့ထွက်လာသည်။

"အနီးကပ်အနေနဲ့ ရိပ်ကို ငြင်းခွင့်ပေးထားလျက် သူ့ပုံရိပ်ကို မြင်ရုံနဲ့ကြိုက်ပြီး လက်ခံတာ သေချာရင် သော် ပြောရဲတယ်၊ ရိပ် စိတ်ကူးယဉ်နေလို့ဖြစ်မယ်"

စိတ်ကူးယဉ်တယ်ဆိုတဲ့ စကားလုံးက ရိပ်ရင်မှာ အလုံးကြီး ဆို့သလို ခံစားရစေသည်။

"ဟုတ်တယ် ရိပ်။ ဘဝလက်တွဲဖော်က စိတ်ကူးယဉ်ပြီး ရွေးရုံနဲ့ မလုံလောက်ဘူး"

ရိပ် မျက်ဝန်းကပို၍ မလုံမလဲဖြစ်ကာတွန့်လျက်။ အဓိအေးဖန်ခွက်တွေမှာ ခိုတွဲနေတဲ့ ရေစက်တွေကို ငေးကြည့်သလို မျက်လွှာလေး စင်းသွား၏။

သော်သော်က ခွက်ပုံကို စားပွဲပေါ်က ပြန်ကောက်ကြည့်သည်။

"စိတ်ကူးယဉ်မင်းသားက ရိပ် စိတ်ကူးထဲကအတိုင်း ဖြစ်မလာရင် ဘယ်လိုလုပ်မလဲ၊ စဉ်းစားကြည့် ရိပ်"

ရိပ် သက်ပြင်းချလိုက်တော့ သော် ဆက်ပြောသည်က

"နှစ်ဖက်မိဘသဘောမှုရုံ အဘက်ဘက်ကပြည့်စုံရုံနဲ့ သာယာတဲ့ အိမ်ထောင်သည်ဘဝ ဖြစ်ရမယ်လို့ ပုံသေတွက်လို့မရဘူး၊ ကာယကံ



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှစ်ယောက်ရဲ့ သဘောဆန္ဒ ထပ်တူကျဖို့ အသိုအဝိုင်းဆိုးလို့ သေဘ်ယူဆတယ်၊ သော် ပြောနေတာက လက်တွေ့ကျကျပြောနေတာ၊ သော့် အိမ်ထောင်ရေးကို ရိပ်လည်း သိသားနဲ့"

ရဲရဲ ဟန်မဆောင်ဘဲ ပြောချလိုက်တော့ သော်သော် လေးလေး ပင်ပင် သက်မချသလို ရိပ်ရဲ့မလုံမလဲ စိတ်ကာ အခက်မပြတ် လေတိုး ခံရတဲ့ လိုက်ကာစဆီပို့ပစ်မိသည်အထိ စိတ်က ပရမ်းပတာ လှုပ်ရှားသွား၏။ သော့် အိမ်ထောင်ရေးက မိဘသဘောတူပေးစားလို့ ယူခဲ့ရပေမယ့် သော်ခမျာ သောကတွေနဲ့ဖြစ်မှန်း ရိပ် သိနိုင့်၏။

သော်က သူ့ခါတ်ပုံကို စားပွဲပေါ်ပြန်မတင်ဘဲ ထရပ်ကာ လွင့်ခါနေတဲ့ ပြတင်းပေါက်လိုက်ကာကို ကြိုးစလေးနဲ့ချည်၍ ဆိုဖာနား ပြန်လျှောက်လာသည်။

တစ်ယောက်မှ စကားမဆိုဘဲ တိတ်ဆိတ်သွားပြီးမှ သော်က ညှော့ခန်းထောင့်ရှိ စာရေးစားပွဲပေါ် သူ့ဓာတ်ပုံကို ပြန်တင်သည်ကို ရိပ် ငေးကြည့်မိသည်က အသက်အောင့်လျက်သားဖြစ်၏။ သော်က ရဲရဲ ထိုင်နေတဲ့ ဆိုဖာနောက်ရပ်ကာ ရိပ်ကို ကြည့်ပြီးပြောသည်။

"နှစ်ဖက်မိဘ လိုလိုလားလား စိစဉ်လို့ ကိုသက်နဲ့သော် တစ်ယောက်ကိုတစ်ယောက် တစ်ခါမြင်ဖူးတယ်ဆိုရုံလောက်နဲ့ လက်ခံခဲ့တယ်လေ၊ သော်တို့မိန်းကလေးအမြင်က ကိုသက်က ရုပ်ချော၊ ပညာတတ်၊ သဘောကောင်းတယ်၊ ငွေရှာတော်တယ်၊ မိဘစကားနားထောင်တဲ့ သား လိမ္မာလည်း ဖြစ်တယ်၊ ကိုသက် မိဘက သော်ကိုလည်း သည်းသည်း





လှုပ်ဖြစ်တယ်ဆိုတော့ ကိုသက်က သော်အတွက် အကောင်းဆုံး အိမ်ထောင်ဘက်ဖြစ်မှာပဲလို့ စိတ်ကူးယဉ်ပြီး ရွေးခဲ့တာပဲ"

အတန်ကြာ အသက်အောင့်ထားပြီးမှ မွန်းကြပ်လာသဖြင့် ရိပ် အသက်ရှူမိသည်က ပြတင်းပေါက်မှ ဝေလဟော်ပြေးဝင်လာတဲ့ လေနု အေးတို့ကြောင့်ဖြစ်သည်။

သော်က ခံစားချက်တချို့ကို ပြောနေဆဲ။

"တကယ့်လက်တွေ့မှာတော့ ထင်သလိုဖြစ်မလာဘူး၊ အဆိုးဆုံးက အကြောင်းတစ်ခုခု တိုက်ဆိုင်လာတိုင်း မိဘဆန္ဒကို မလွန်ဆန်ရက်လို့ မင်းကို လက်ထပ်ခဲ့တာ၊ ချစ်လို့တော့ မထင်နဲ့ဆိုတဲ့ စကားမျိုး အပြောခံရတိုင်း သော်မှာ ဝမ်းလည်းနည်းတယ်၊ စိတ်လည်း အတော်မကောင်းဖြစ်တယ်၊ ရင်ထဲမှာ တနုံ့နုံ့နာပြီး အပြောခံရတိုင်း မျက်ရည် ပေါက်ပေါက်ကျတယ်၊ ဘာကြောင့်များ မိဘသဘောတူရုံနဲ့ စိတ်ကူးယဉ်ပြီး လက်ထပ်မိသလဲဆိုတဲ့ နောင်တလည်း ရတယ်၊ ဒါပေမဲ့ အဲဒီနောင်တက ပြန်ပြင်လို့မှ မရတော့တာ"

မျက်ရည်လေး ဝဲခနဲဖြစ်နေရှာတဲ့ သော် မျက်ဝန်းလှလှလေးကို ရိပ် မကြည့်ရက်သလို ဖြစ်သွားသည်။

"ဒီကိစ္စမှာ ယောကျ်ားလေးနဲ့မိန်းကလေးခံစားရပုံချင်း မတူဘူး ရိပ်ရဲ့၊ မချစ်ရင် ဘာလို့ယူထားလဲ၊ ကွာလိုက်ပေါ့လို့ ဒေါသအလျောက် ပြောမိတော့လည်း သူ့မိဘဆန္ဒအတိုင်း တစ်သက်လုံးပေါင်းဖို့ ယူထားတာတဲ့၊ ပြောလိုက်တဲ့ စကားက ဘယ်လောက်ခံရခက်သလဲ၊ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပေါင်းဖို့ရည်ရွယ်ထားတဲ့ မိန်းကလေးကို မချစ်ရင်တောင် နားလည်မှုရှိရှိ မဆက်ဆံသင့်ဘူးလား။ သော်ကလည်း မိဘပေးစားလို့ ယူတာပဲ၊ ချစ်လို့မှမဟုတ်ဘဲ၊ ဒါပေမဲ့ ရှင့်ကို မချစ်ပါဘူးလို့ ပြောမထွက်သလို ပြောဖို့လည်း စိတ်မကူးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဟင်း။ သော် တင်းနဲ့ဆို ပြဿနာ ဖြစ်ကုန်မှာစိုးလို့လေ၊ မိန်းကလေးဆိုတာ သူတို့ ယောကျ်ားတွေလို ပြောချင်တာ ပြောနေလို့ မသင့်တော့ သည်းခံရ၊ ဝမ်းနည်းရပေါ့။ စိတ်ကူးယဉ်မင်းသားက လက်တွေ့မင်းသားနဲ့ မတူတော့ အိမ်ထောင်ရေးက သာယာသင့်သလောက် မသာယာဘူးလေ”

သော် ရင်ဖွင့်သံနောက်မှာ ရိုပ် သက်မရှည်ချမိ၏။ ရိုပ်ကိုရော ထိုသို့ မသာမယာ ဖြစ်မှာပဲလို့ တစ်ထစ်ချပြောနေတာလား။ မျက်ခုံးနဲ့ ရိုပ် ကြည့်မိတော့ သော် ခေါင်းဆတ်ပြီး

“သော်ဆိုလိုတာက အိမ်ထောင်ရေးမှာ အချစ်က အရေးပါသလို နှစ်ဦးနှစ်ဖက် စိတ်သဘောညီညွတ်နေဖို့ပဲ လိုအပ်တယ်”

“ဟုတ်တယ် ရိုပ် ရဲရဲနဲ့မောင်က ချစ်လို့ယူခဲ့ပေမယ့် ဘယ်ကိစ္စမှ သဘောထား မတိုက်ဆိုင်ဘူး၊ ရဲ ကဒီလိုမြင်ရင် မောင်က ဟိုလိုမြင်သင့်တယ်လို့ ယူဆတယ်၊ ချစ်နေပေမယ့်လည်း သဘောချင်း မတိုက်ဆိုင်တော့ တကျက်ကျက်ရန်ဖြစ်နေရလို့ အိမ်ထောင်ရေးဟာ ထင်သလို မသာယာပြန်ဘူး”

တစ်နှစ်အတွင်း မင်္ဂလာဆောင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့ အိမ်ထောင်ရေးသောကက မကြာခင် အိမ်ထောင်ပြုတော့မယ့် ရိုပ် အပေါ်





…ဖော်လေး ဖိစီးလာပေမယ့် သူ့ကိုချစ်မိတဲ့စိတ်က နောက်မဆုတ်ချင်။

“ရဲတို့ အခုပြောနေတာက မြန်မြန်ဆန်ဆန်ချည်း လက်ထပ်…တာထက် ရိုပ်နဲ့သူ ပွင့်ပွင့်လင်းလင်းဆွေးနွေး သဘောမျှတယ်၊ တစ်…ယောက်ကိုတစ်ယောက် ချစ်နိုင်တယ်ဆိုရင် လက်ထပ်ကြပေါ့”

ရိုပ် ရင်မှာမောနွမ်းသလို ခံစားလိုက်ရသည်။

သော်တို့က သော်တို့လို အိမ်ထောင်ရေး မသာမယာမဖြစ်…ချင်လို့ အကြံပေးတာ။ ပြီးတော့ သူနဲ့ရိုပ်က အပြင်မှာတစ်ခါမှ မမြင်ဘူး…သေးဘူး။ အပြင်မှာ မြင်ဖူးတာ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းကလို့ ရိုပ်…ထဲမှာတော့ ပြောမိသေးသည်။

“ဓာတ်ပုံလေးမြင်ရုံနဲ့ လက်ခံတာမျိုး ရဲ တို့သိပ်အားမပေးချင်…ဘူး”

ရဲက ထုတ်ပြောသလို သော်က ခေါင်းညိတ်ထောက်ခံသည်က …ရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြင်စေချင်တဲ့ သဘောနဲ့ဖြစ်သည်။ သူငယ်ချင်း…ရဲ့ သဘောကို ရိုပ် လက်မခံချင်ဖြစ်သည်က စားပွဲပေါ်တင်ထားတဲ့ …ဓာတ်ပုံလေးကြောင့်ဖြစ်သလို ရိုပ်ကိုယ်တိုင် ရေးဆွဲခဲ့ဖူးသော သူ့ပုံရိပ်…ကြောင့်ပဲ ဖြစ်သည်။

သူငယ်ချင်းတွေပြောသမျှကို ရိုပ် ဘာတစ်ခွန်းမှဝင်မပြောတော့ …သော်က ရဲနောက်ရပ်နေရာမှ ရိုပ် နဲ့မျက်နှာချင်းဆိုင် ပြန်ထိုင်သည်။ …တုံးတွေ ပျော်လုလုဖြစ်နေတဲ့ ရှည်မျောမျော အအေးခွက်ကို ပင့်ယူ…ရွတ်ရုံ တစ်ကျိုက်သောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် စိတ်ထဲမှာ ဘယ်လိုခံစားမိလဲ၊ ရဲ့ဘို့ကို ပွင့်ပွင့်လင်းလင်း ပြောလေ၊ ခုလို ငြိမ်နေတာ ရိပ် စိတ်က နောက်မဆုတ်တော့ဘူးဆိုတဲ့ သဘောလား"

ရဲရဲက အအေးခွက်ဆီရောက်သွားတဲ့ မျက်ဝန်းကို ရိပ်ခဲစိုက်၍ မေးချလိုက်သည်။ ရိပ် ဣန္ဒြေဆယ်၍ အလှခေါင်းအုံးကို ဖိအုပ်ကိုင်လျက်

"အဲလိုလည်း မဟုတ်ပါဘူး ဟာ"

"ဒါဆို သော်တို့ပြောသလို သူနဲ့သဘောတားညှိကြည့်လေ"

"အင်းပါ သော် တို့သဘောပါ"

ရိပ် ဖော့ပြောမိပေမယ့် သူနဲ့သဘောထား ညှိစရာမလိုလောက်အောင် ရိပ် ရင်ခုန်သံက တိမ်းညွှတ်နေတာ ရိပ် အသိဆုံးပါ။

"ရော့ အအေးသောက်လိုက်ဦး ရဲ"

စကားလမ်းကြောင်းလွှဲစေချင်လို့ အအေးခွက်ကို ရဲ လက်ထဲ ထည့်ပေးမိသည်။

"ဒါနဲ့ ရိပ်နဲ့နှစ်ယောက်တည်းတွေ့ခွင့်တွေ ဘာတွေ သူ တောင်း သေးလား"

သော်က လက်ကျန်အအေးရှိသေးတဲ့ခွက်ကို ကိုင်ထားရင်း ရိပ် မျက်ဝန်းကိုမလွတ်တမ်းကြည့်၍ မေးသည်။ ရိပ် မျက်တောင် တစ် ချက်ခတ်မိပြီး

"နှစ်ဖက်မိဘကလည်း မင်္ဂလာမဆောင်ခင် နှစ်ယောက်လုံး မျက်နှာချင်းဆိုင်တွေ့သင့်တယ်လို့ အကြံပေးပါတယ်"





"အဲဒီတော့ ရိပ်က"

"သူ တွေ့ခွင့်တောင်းရင် အတွေ့ခံရင်ကောင်းမလားလို့ တိုင်ပင် ရအောင် သော် တို့ကိုခေါ်လိုက်တာပေါ့"

"အလိုလေး"

သော်က အအေးခွက်ကို ပြန်ချရင်း တအံ့တသြပြောသည်။ ရဲက သောက်လက်စအအေး သီးမတတ်ဖြစ်သွားလို့ အအေးခွက် ပြန်ချပြီး ပေသွားတဲ့ အအေးကို တစ်ရှူးနဲ့တို့သုတ်သည်။ ပြီးမှ

"ဘယ်လို ရိပ်"

"ဟိုလေ မိဘတွေက တွေ့သင့်တယ်လို့ အကြံပေးထားတော့ သူ တွေ့ခွင့်တောင်းလာရင်"

"ဒါဆို ခုချိန်ထိ ရိပ်ကို သူတွေ့ခွင့်မတောင်းသေးဘူးပေါ့"

"ဟင့်အင်း"

ရိပ် ခေါင်းခါမိသည်က ဝမ်းနည်းမှုတွေနဲ့ပါ။

ခုချိန်ထိ သူ့ဘက်က ရိပ်ကို လာမတွေ့သလို ဖုန်းနဲ့လည်း ဆက်သွယ်ခဲ့၊

သူငယ်ချင်းတွေ ပြောချင်လည်း ပြောစရာအခြေအနေဖြစ်နေ တာ အမှန်ပဲ၊ သော်သော် နဲ့ ရဲရဲ စူးစူးရဲရဲ မျက်ဝန်းထဲက မေးခွန်းတွေကို ငြိမ် နားမလည်ချင်ဟန်ဆောင်ကာ

"ဟိုလေ မေမေပြောတော့ လူယုံတွေလက်ထဲ လွှဲထားတဲ့ ပန်းကယ်မင်းရဲ့ လုပ်ငန်း တော်တော်များများ ဒီမှာရှိတာတဲ့၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေကို သူ ဦးစီးရမှာမို့ လိုက်စစ်ဆေးနေတော့ အလုပ်တွေ ရှုပ်နေလို့တဲ့''

ရိပ် ဖြေရှင်းချက်ပေးလိုက်တော့ သော်တို့နှစ်ယောက် ရိပ်ကို မွန်းကြပ်သလို တွေတွေချည်းစိုက်ကြည့်တာက မိနစ်ပေါင်းများစွာ။

''ခုချိန်ထိ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် မတွေ့သေးဘူးဆိုတော့ ရှင်တို့နှစ်ယောက်အဖြစ်က ပျားရည်ဆမ်းဖြစ်ဖို့ ဝေးသွန်းပါတယ် ရိပ်ရယ်''

သော်သော် အားမနာတမ်းပြောလာတော့လည်း ရိပ် ရင်မှာ တအုံ့နွေးနွေးချည်း ဖြစ်သွားသည်သာ။

''တကယ်ဆို ရိပ် လက်မခံခင်ကတည်းက ရဲရဲတို့နဲ့ တိုင်ပင်သင့်တယ်''

''ဟုတ်တယ် ရိပ်ဘာသာ စိတ်ကူးယဉ်အတွေးနဲ့ လက်ခံပြီးမှ သူငယ်ချင်းတွေကို အသိပေးတယ်၊ သော်တို့က သဘောထားချင်း ညှိပါ လို့ပြောတော့လည်း ညှိမယ်လို့ပြောတယ်၊ ဘယ်မှာလည်း သဘောထား ညှိမယ့် အချိန်၊ သဘောထားညှိခွင့်ရဖို့ နေနေသာသာ နှစ်ယောက်တည်း တွေ့ခွင့်ကို ရိပ် မျှော်လင့်နေတာ သော် တော့ ရိပ်တို့အဖြစ်ကို လုံးဝ အားမရဘူး ဟယ်''

ရိပ်လည်း ဘာမှ မပြောတတ်တော့ဘူး။ သော် ပြောသလို ရိပ်လည်း သူ့ကို အားမရလိုက်တာ။

ဘာပဲဖြစ်ဖြစ် မိဘ သဘောတူထားတဲ့ မိန်းကလေးကို သူ့အနေ





မို့ အကဲခတ်ဖို့ ကြည့်သင့်တာပေါ့။ သူ့သာ ရိပ် ရင်ထဲကို လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ရောက်မနေခဲ့ရင် ခုချိန်မှာ မိဘဘယ်လောက်ပဲ သဘောကျကျ ခေါင်းရိုးလို့ ငြင်းမိမှာ အသေအချာ။ ရင်ထဲရောက်နေတော့ လည်း။

''ဒါနဲ့ ရိပ် လက်ခံတဲ့ အကြောင်း အသိပေးလိုက်တော့ ရိပ် မိဘက ဘာပြောလဲ''

''အန်ကယ် မင်းက မင်္ဂလာပွဲ အမြန်စီစဉ်မယ်လို့ ပြောသတဲ့''

''ဟွန်း''

သော်သော်နဲ့ ရဲရဲ နှုတ်ခမ်းတွေ တွန့်မဲ့ကုန်သည်။

''မင်္ဂလာဦးညမှပဲ မျက်နှာချင်းဆိုင်ဖြစ်တော့မယ် ထင်တယ် ဟီး ဟီး''

သော်သော်က ရွှဲမဲ့မဲ့ပြောရင်း ရယ်ချ၏။ ရဲရဲက ပါးပါးလှလှ နှုတ်ခမ်းလေးပေါ် ခပ်ယဲ့ယဲ့ အပြုံးတစ်ပွင့်တင်သည်။

''အဟင့် ရိပ် အဖြစ်ကလည်း''

ရိပ် သက်မချ၍ ထိုင်နေရာမှထဟန်ပြင်တော့ ဘဲလ်သံပေါ် လာသည်နှင့် အသင့်ဖြစ်သွားသည်။

ဒေဒေနဲ့မေမေ ပြန်လာတာ ဖြစ်မယ်ဆိုတဲ့အတွေးနဲ့ ကျွန်းတံခါး ဖွင့်လိုက်တော့ အခန်းရှေ့မှာ ရှပ်အင်္ကျီအဖြူလက်တိုနဲ့ ဘောင်းဘီရှည် မျက်ဝတ်ထားတဲ့ ယောက်ျားတစ်ယောက်။ ထိုလူ့လက်ထဲမှာ အနီရောင် ကြိုးနဲ့ စည်းနှောင်ထားတဲ့ နှင်းဆီပန်းစည်းကိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

ရိပ် စူးစမ်းစွာမေးတော့

"ဖန်သားရိပ် နဲ့တွေ့ချင်လို့ပါ"

"ကျွန်မ ဖန်သားရိပ်ပဲ ဘာဖြစ်လို့"

"ကျွန်တော်က Dream ပန်းအရောင်းဆိုင်က ဝန်ထမ်းပါခင်ဗျာ၊ ကိုတိုင်းဝဠာက ပန်းစည်းပို့ခိုင်းလို့ လာပို့တာပါ"

"တိုင်းဝဠာ"

ရိပ် ရင်မှာ တွေဝေသလို ရင်ခုန်သလိုလည်း ဖြစ်သွား၏။

သူက ရိပ်ကို

"ရော့ မမ၊ ပန်းစည်းလက်ခံပါ၊ ပြီးတော့ လက်ခံရရှိကြောင်း လက်မှတ်လေး ထိုးပေးပါ"

ယဥ်ကျေးသိမ်မွေ့စွာ လူငယ်လေးက ပြောလည်းပြော ပန်းစည်းလည်း ကမ်းပေးရင်း လက်ခံရရှိကြောင်း ဘောက်ချာမှာ လက်မှတ်ထိုးဖို့ ဘောပင်အပြာရောင်လေးပါ အိတ်ထဲက အသင့်ထုတ်ပေး၏။

အံ့ဩရင်ခုန်မှုတွေနဲ့အတူ လူငယ်လေး ပြောတဲ့အတိုင်း ပန်းစည်းကို ပွေ့ကိုင်ရင်း လက်မှတ်လည်း ထိုးပေးလိုက်မိသည်။ ကောင်လေး ကျေးဇူးတင်ကြောင်းပြောပြီး လှည့်ထွက်သွားမှ ရိပ် နှုတ်ခမ်းပါးက ကြည်နူးရမလို ပွင့်သွား၏။

"ဘယ်သူလဲ ရိပ်"

သော် အအေးကုန်အောင် သောက်ပြီး စိတ်ဝင်တစား လှမ်း





မေးလိုက်သည်။ ကျွန်းတံခါး ပြန်ပိတ်ပြီး ရွေ့လာတဲ့ ရိပ်မျက်နှာပေါ်မှာ ခုနကလို ညှို့မှိုင်းအရောင်တွေ ရှိမနေတာက လက်ထဲရောက်နေတဲ့ ပန်းစည်းကြောင့်လား။

အရိပ်ခက် အဝါရောင် ဖျော့ဖျော့လေးပါတဲ့ အနက်ခံစကတ်ရှည် ပျော့ပျော့လေးကို အဝါရောင်တီရှပ်လက်တိုနှင့် ရိုးရိုးလေးတွဲဝတ်ထားတဲ့ ရိပ် မျက်နှာဝိုင်းလေးက ကြည်နူးမှုနှင့်အရောင်လင်းကာ ဒီအတိုင်း ဖားလျားချထားတဲ့ တင်ပါးဖုံးလုလု ဆံပင်ဖြောင့်ဖြောင့်လေးကို နောက်ဘက်သို့ တစ်ချက်သ ဖယ်ပြီး သော် လှမ်းမေးသည်ကို ခပ်တိုးတိုးပြောမိ၏။

"သူက ပန်းစည်းပို့ခဲ့တာတဲ့၊ ပန်းဆိုင်က ဝန်ထမ်းကောင်လေး လာပို့တာ"

"ဘယ်လို တိုင်းဝဠာက"

"ဟုတ်တယ်လေ၊ ဒီမှာ တိုင်းဝဠာ လို့ သူ့နာမည်ရေးထားတဲ့ ကဒ်တောင်ပါသေးတယ်"

ပန်းစည်းအရင်းနားမှ ဖဲကြိုးနဲ့အတူ တန်းလန်းကျနေတဲ့ ကဒ်ဖြူဖြူလေးကို ထိုးပြရင်းပြောမိသည်က သူ့အပေါ် ရင်ခုန်သံရောသော အံ့ဩစိတ်တွေနဲ့ဖြစ်၏။

"ပြပါဦး"

ရဲရဲ ရိပ် ပွေ့ကိုင်ထားတဲ့ ပန်းစည်းကိုဆွဲယူ၍ ကဒ်ကလေးကို စိတ်ဝင်တစား ကြည့်သည်။ ကဒ်ကလေးက စာအုပ်ပုံဖြစ်နေတာမို့ ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ သူ့လက်ရေးနဲ့ စာသားတစ်ကြောင်း။ သုံးယောက်သား စိတ်ဝင်တစားဖတ်ကြည့်လိုက်သည်က ပြိုင်တူဖြစ်နေတော့သည်။

"ဖန်သားရိပ် နဲ့တွေ့ဆုံချင်ပါသည်" တဲ့။

"ဟင်"

သူ တွေ့ခွင့်တောင်းတာလား။

သော်သော်တို့နှစ်ယောက် ပြိုင်တူ မျက်ခုံးပင့်သည်က အဓိပ္ပါယ်များစွာ သက်ရောက်နေတယ်လို့ ရိပ် ထင်မိ၏။

"ဒါဆို ရိပ်နဲ့သူ"

"ရိပ်က တွေ့ချင်နေတယ် မဟုတ်လား"

ရိပ် မလုံမလဲဖြစ်ကာ မျက်လွှာချ၍ ရဲရဲ လက်ထဲက ပန်းစည်းကို ပြန်ယူကာ စားပွဲပေါ်ရှိ သူ့ဓာတ်ပုံနှင်းဘေးချင်းကပ် တင်လိုက်မိသည်။

"ပြောလေ ရိပ်၊ သူနဲ့တွေ့ချင်နေတယ် မဟုတ်လား"

ရှောင်လွှဲမရအောင် မေးလာတော့ ရိပ် မျက်နှာလေး အရောင်ပြောင်းမသွားအောင် ကြွေခြေဆယ်ပြီး

"သော်တို့ သဘောကရော"

"ရိပ်ရယ် ရှင် တို့နှစ်ဖက်မိဘကလည်း တွေ့ဖို့အကြံပေးသလို သူကလည်း တွေ့ခွင့်တောင်းတယ်၊ ရိပ်ကလည်း တွေ့ခွင့်တောင်းလာမှာကို မျှော်နေတဲ့သူ ဒီတော့ အတွေ့ခံရမှာပေါ့"

"ဟုတ်တယ် တွေ့ကြတာ ကောင်းတယ် ရိပ်"

သော်သော်နဲ့ ရဲရဲလည်း တစ်ခွန်းထောက်ခံတော့ ရိပ် အသက်





ရှူချောင်လာသည်။

ရိပ် ဆန္ဒအမှန်က သူနဲ့မျက်နှာချင်းဆိုင်ခွင့်ရချင်ခဲ့တာ။ သူ့ဖြစ်မှန်း ဓာတ်ပုံထဲမြင်လိုက်ရကတည်းက

သူငယ်ချင်းတွေမရိပ်မိအောင် ဟန်ဆောင်ဖုံးဖိနေရတာက ရိပ်ကိုယ်ရိပ် နှိပ်စက်လွန်းရာရောက်၏။

"အေးလေ တွေ့ကြတဲ့အခါ သော်တို့ပြောသလို သဘောထားချင်း၊ ရင်ခုန်သံချင်း ညှိကြပေါ့"

"စိတ်ချပါ"

သူ့ဘက်က ပန်းစည်းပေးပြီး တွေ့ခွင့်တောင်းလာမှ အနည်းငယ် အသက်ဝင်လာတဲ့ သူငယ်ချင်းကို သော်တို့ နားလည်ပေးမိသည်က လျှော့လျှော့ပေါ့ပေါ့လေး ဖြစ်သည်။

တကယ်ဆို ရိပ်ကို လက်မခံစေချင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်မှုမရှိဘဲ ချစ်ခင်စုံမက်သော်လည်း သဘောထားချင်း တိုက်ဆိုင်မနေတတ်တဲ့ အိမ်ထောင်ရေး မသာမယာဖြစ်မှုမျိုး ရိပ်ကို မခံစားစေချင်တာ သူငယ်ချင်းပီသတဲ့ စေတနာအရင်းခံကြောင့်ပဲ ဖြစ်သည်။

ရိပ်က ရိပ်သဘောနဲ့ရိပ် လက်ခံပြီဆိုတော့လည်း မပြောသာတော့။

"သူ့ဘက်က သိပ်တင်းနေရင် လက်ထပ်ဖို့ကိစ္စ တတ်နိုင်သမျှ နောက်ဆုတ် နော် သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီးအထိ သူငယ်ချင်းတွေ အတန်တန် ပြောသွားတဲ့စကားက ရိပ် နားထဲက မထွက်သေး။

သူငယ်ချင်းတွေ ထင်သလို သူကရော ရိပ်အပေါ် တင်တင်စီးစီး ဖြစ်နေမှာလား။

ထိုအတွေးက နှလုံးသားကို ဆူပွက်စေတာ သိသိသာသာပဲ ဖြစ်သည်။

သူရယ်

ကျေးဇူးပြုပြီး ခပ်တင်းတင်း မဆက်ဆံပါနဲ့ကွယ်။

▣ ▣ ▣



## အခန်း (၃)

လေပြည်နုနုလေး တယုတယ ပွေ့ချီလာတဲ့ ရှိန်းမြမြမွှေးရနံ့ ယုံထုံအီအီလေးကို ဖွဖွလေး ရှူရှိုက်မိသည်နှင့် သူ့လာနေပြီဖြစ်ကြောင်း ရိပ် ခံစားသိရှိသွားသည်။

ထိုမွှေးရနံ့က လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ရိပ် စွဲလန်းမိသော သူ့ ကိုယ်သင်းရနံ့အဖြစ် ရိပ် နှလုံးသားမှာ စွဲနေသည်က ခုချိန်ထိဖြစ်၏။

''ဖန်သားရိပ်''

မွှေးရနံ့နှင့်အတူ တည်ငြိမ်စွာ မတိုးမကျယ်ခေါ်လိုက်တဲ့ သူ့အသံကြောင့် ရိပ် လှည့်မကြည့်ဘဲ မနေနိုင်တော့။

ငြိမ်သက်နေသော အင်းလျားရေပြင်ကို မျက်နှာမူထားမိတဲ့ ရိပ် ကိုယ်ဟန်က လေးဆယ့်ငါးဒီဂရီ စောင်းငဲ့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်နှင့် ဆယ်ပေခန့်အကွာမှာ

နီညိုရောင်ရင့်ရင့် ဘောင်းဘီရှည်အိတ်ထဲ လက်နှစ်ဖက်လျှိုး၍ မတ်မတ်ရပ်နေဟန်က စမတ်ကျကျရှိလှသည်။ နီညိုရောင် တီရှပ်အထဲ ထည့်ဝတ်ထားတဲ့ သူက၊ မြင့်မားသော အရပ်အမောင်းနှင့်လိုက်ဖက် ကျစ်လျစ်သော ခန္ဓာကိုယ်အချိုးအဆစ်၊ ယောကျ်ားတန်မဲ့ ဖြူကြာ ပန်းရောင်ပြေးနေသော အသားက လွန်ခဲ့တဲ့ သုံးနှစ်က မြင်ခဲ့တဲ့အတိုင်း လှပစိုဝင်းပြီး နုဖတ်ကြော့ရှင်းနေသည်က အကြည့်မလွှဲချင်စရာ ဖြစ်နေသည်။

မျက်မှန်ကြိုက်ပုံရသော သူက ခုလည်း နီရောင်ဖျော့ဖျော့ အလှ မျက်မှန်ဝိုင်းတပ်ထားသည်က သူ့မျက်ဝန်းထဲက ခံစားမှုကို ရိပ် အလွယ်တကူ အကဲခတ်မရအောင် ကာကွယ်ထားတဲ့ သဘောလား။

"ကိုယ်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရအောင်လား"

ပန်းသွေးရောင် စို့လဲ့နေသော နှုတ်ခမ်းတို့ကိုဖွင့်၍ တစ်လုံးချင်း ပြောကာ သူ ခြေတစ်လှမ်းချင်းတိုးလာတော့ ရိပ် အသိဝင်လာသည်။

"ရ ရပါတယ် ကိုတိုင်းဝဋ္ဍာ"

"မာမီတို့ခေါ်သလို တိုင်း လို့ပဲခေါ်ပါ"

ရိပ် ခေါင်းညိတ်တော့ မျက်မှန်မချွတ်သေးဘဲ ရိပ်ကို ခြေဆုံး ခေါင်းဆုံး တစ်ချက်ကြည့်သည်။

ရိပ် အသားဖြူတယ်ဆိုပေမယ့် သူ့လောက် အသားအရည် မလှ။ ခရင်မ် တစ်မျိုးလိမ်းပြီး တို့ပတ်ရိုက်ထားတဲ့ မျက်နှာပေါ်မှာ





ဘာတစ်ခုမှ ခြယ်မှုန်းမထားသလို ဖြောင့်စင်းထားတဲ့ ဆံပင်ရှည်ကို ဒီအတိုင်းချထားသည်က ရိုးရိုးရှင်းရှင်း။

စကားဝါရောင် ဖျော့ဖျော့မှာ စိမ်းကွင့်လေးများ လိုက်ဖက်ညီညီ ထိုးထားတဲ့ လည်ပတ်လက်ပွ ခါးသီးအင်္ကျီအနက်ရောင်မှာ စကားဝါရောင် စင်းကြောင်းလေးများပါတဲ့ ခြေသလုံးဖုံးလှ စကတ်တိုနှင့် ရိပ်က သူ့လောက်တော့ စမတ်ကျမည်မထင်။

ရွှေဝါရောင် ငွင်းဖွပ်သုံးလက်မတောင့်ချွန်ဖိနပ် စီးထားတဲ့ ရိပ် ဟရပ်ကလည်း သူ့ဖိနပ်လောက်သာ။

အနက်ရောင် ရွှေမျှင်ရောင်လေးများ လက်ဖြာနေတဲ့ အိတ် ပိုင်းပိုင်းလေးကိုဆွဲ၍ ဟန်ပန်မရှိရပ်နေတဲ့ ရိပ် အသွင်က သူ့အာရုံကို ဖိတ်ခေါ်သားဖြစ်စေဖို့ လုံလောက်ပါ့မလား။

သူ့ကြောင့် ရိပ် ရင်မှာ မသိမသာလေး ထူပူကာ ရှက်စနိုး ဖြစ်မိတာက သူ့ရဲ့အကြည့်ကြောင့်ပဲဖြစ်သည်။

ရှက်ဖိတ်လေးကြောင့် ကန်စင်ရှိ ရေသဖန်းပင်အောက်က သစ် သားထိုင်ခုံနှာ၊ ရွှေ့ရပ်လိုက်သည်။

ဒီတော့မှ သူ့အကြည့်က ရိပ်ထံမှ လှိုင်းလှဲ့လဲ့လေးပြေးဆော့ နေတဲ့ ကန်ရေပြင်ဆီပို့သည်။

သူ့ရှုန့်ပျော်ဝင်နေတဲ့ လေပြည်တချို့ ရိပ် မသိမသာရှူပြီး

"ရိပ်ကိုလည်း မေမေတို့ခေါ်သလို ရိပ်လို့ပဲ ခေါ်ပေါ့"

"ကောင်းသားပေါ့၊ ဒါနဲ့ ကိုယ်နဲ့ပတ်သက်ပြီး ရိပ် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိလဲ''

''ရှင်''

''ဒီလိုပါ နှစ်ဖက်မိဘ သဘောတူတဲ့ကိစ္စမှာ ရိပ် ကိုယ်ပိုင် ခံစားချက်၊ ဒါမှမဟုတ် ကိုယ်နဲ့ပတ်သက်ပြီး တစ်ခုခုကို ပွင့်ပွင့်လင်းလင်း ပြောစရာရှိလား၊ ဥပမာ မိဘဆန္ဒကြောင့် ကိုယ့်ကို လက်မခံချင်ဘဲ လက်ခံရလို့ ရင်ထဲမှာ တင်းကျပ်နေတာတွေ ဘာတွေပေါ့၊ ရှိရင် ပြောလို့ ရတယ်''

''ဟင်''

သူ့ ဆိုလိုချက်က ဘာလဲ။

သိချင်စိတ်ကလေးနဲ့ ရိပ် လှမ်းကြည့်တော့ ဘောင်းဘီအိတ် ထဲက လက်တစ်ဖက်ဆွဲထုတ်ပြီး မျက်မှန်ကို ဟန်ပါပါချွတ်လျက်

''ရိပ် နားလည်အောင် ပြောရရင် ကိုယ့်မှာ အဲလို တင်းကျ နေတာ ရင်ဘတ်နဲ့အပြည့်ပဲ''

''ရှင်''

''ဟုတ်တယ်''

''အလို''

နှစ်ယောက်တွေ့ဆုံမှုက ရိပ် မျှော်လင့်သလို ခံစားချက်ချ ညှိနှိုင်းကြဖို့ မဟုတ်ဘူးပေါ့။ ရိပ် ရင်ထဲက မယုံမရဲစိတ်ကလေး တိုး လာသည်က ထစ်ထစ်ငေါ့ငေါ့ချည်း။

''ဒါ ဒါ ဆို''





''ဟုတ်တယ် ရိပ်ကို ငြင်းလို့မရတဲ့ အကြောင်းတွေရှိလို့ ကိုယ် လက်ခံရတာ၊ ရိပ်မှာလည်း အဲလို အကြောင်းတွေရှိတယ်ဆိုရင် ကိုယ်တို့ လက်မထပ်ခင် နားလည်မှုရှိအောင် ညှိချင်လို့''

သူ့စကားအဆုံးမှာ ရိပ် နှလုံးသားက တောင့်တခဲ့တဲ့ ခံစားချက် တွေ စိတ်ကူးယဉ်မိတဲ့ မျှော်လင့်မှုတွေက လုံးဝ အလားအလာမရှိတော့ ဘုန်း ရိပ် အသွေးအသားထဲက သိသွား၏။

သူ့ကို ဖျတ်ခနဲ မော့ကြည့်မိသည်။ သူက မျက်နှာချင်းမဆိုင်ဘဲ ကမ်းစပ်ရှိ သစ်ပင်တန်းတွေဘက် မျက်နှာလွှဲနေတာ ဘာဖြစ်လို့လဲ။

''ဟိုလေ ညှိချင်တယ်ဆိုတာက''

ရိပ် ကို သူလှည့်မကြည့်ဘဲ တရစပ်ပြောချသည်က ရိပ် နှလုံး သားမှာ မှောင်မိုက်ပြာတူးသလို ခံစားလိုက်ရ၏။

''ငြင်းလို့မရတဲ့အကြောင်းကြောင့် ရိပ်ကို ဒယ်ဒီတို့ဆန္ဒအရ ကိုယ် လက်ခံလိုက်တာ၊ အားမနာဘဲပြောရရင် ကိုယ့်မှာ ချစ်သူရှိတယ်၊ ကိုယ့်ချစ်သူကို မာမီတို့ သဘောမတူဘူးလေ၊ သာမန်သဘောမတူရုံနဲ့ဆို ကိုယ် ဂရုမစိုက်ဘူး၊ မာမီတို့သဘောမတူရင်လည်း ကိုယ် ဖွတ်တိုးမှာပဲ၊ ဒါပေမဲ့ ကိုယ် ဖွတ်တိုးမိရင် ဒယ်ဒီကို လက်လွှတ်ဆုံးရှုံးရမယ်၊ ဒယ်ဒီမှာက ဂုတ်ကင်ဆာဖြစ်နေသလို နှလုံးရောဂါအခံလည်းရှိနေတယ်၊ အဲဒီ ရောဂါကြောင့် ဒယ်ဒီ လူ့လောကမှာ နေခွင့်ရမယ့်အချိန်က ခြောက်လနဲ့ ကိုလေ တဲ့''

ဘုရား ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ရိပ် အသက်အောင့်ထားမိသည်။ အန်ကယ် မင်းကိုကြည့်တော့ ရောဂါသည်နှင့်လည်း မတူဘူး။ ရောဂါကြီးကြီးမားမား ရှိတာတောင် ပေါ့ပါးပျော်ရွှင်နေတာလေ။

သူ ပြောတာ ဟုတ်ပါ့မလားလို့တောင် ရိပ် သံသယဖြစ်ချင်သည်။

"ကိုယ် ဖွတ်တိုးလို့ ဒယ်ဒီ တစ်ခုခုဖြစ်သွားရင် ကိုယ် တစ်သက်လုံး ဖြေနိုင်မှာ မဟုတ်ဘူး။ ဒယ်ဒီ စိတ်ချမ်းသာဖို့ ကိုယ့်ချစ်သူနဲ့ကိုယ် အဆက်ဖြတ်ခဲ့တယ်၊ ဒယ်ဒီက သူ့ရောဂါအခြေအနေကိုသိနေတယ်လေ၊ မွေးရပ်မြေမှာပဲ ခေါင်းချမယ်ဆိုလို့ ကိုယ်တို့မိသားစု မြန်မာပြည်ပြန်လာခဲ့တာ၊ ရိပ်ကို မြင်ပြီး ဒယ်ဒီစိစဉ်တာ၊ ရိပ်တို့ဆီက ညစာစားပြီး ပြန်လာကတည်းက ဒယ်ဒီ ကျန်းမာရေးကြောင့် ကိုယ် မငြင်းခဲ့ဘူး၊ ငြင်းလည်း မငြင်းရက်ဘူး၊ ဒယ်ဒီရဲ့ နောက်ဆုံးထွက်သက်အထိ ဒယ်ဒီ စိတ်ချမ်းသာအောင် ကိုယ် ပေးဆပ်ချင့်တယ်၊ ကိုယ် မှားတယ်ဆိုရင်လည်း ရိပ် ကိုတောင်းပန်ပါတယ်"

"ရိပ် ရိပ် ဘာလုပ်ပေးရမလဲ"

ချစ်မိတဲ့စိတ်က ရိပ် ခံစားချက်ထက် သူ့ခံစားချက်ကို အလေးထားနေမိတာ ဘာကြောင့်ဆိုတာ အဖြေမထုတ်ချင်တော့။

သူ့ခံစားချက်က ရိပ်ဆီမှာ မရှိဘာသိလျက် ရိပ် နောက်မဆုတ်ချင်ဘူး။ သူ့ဒယ်ဒီ စိတ်ချမ်းသာဖို့ သူ ပေးဆပ်ချင်သလို ရိပ်လည်း သူ စိတ်ချမ်းသာဖို့ ပေးဆပ်ချင်မိတာ နှလုံးသားနဲ့ပဲဖြစ်သည်။





"ဒယ်ဒီ အသက်ရှင်နေသရွေ့ ရိပ်နဲ့ကိုယ် ဒယ်ဒီ ဆန္ဒအတိုင်း နေသွားကြစို့၊ ဒယ်ဒီ မရှိတော့ရင် ရိပ် ကိုယ့်ကို ကွာရှင်းပေးရမယ်၊ ရိပ် သဘောတူပေးပါ၊ ပြီးတော့ ရိပ်နဲ့ကိုယ်ကလွဲပြီး ဒီကိစ္စကို ဘယ်သူမှ အသိမပေးပါနဲ့၊ ရိပ် ကျေကျေနပ်နပ် လက်ခံပေးပါ"

သူ တရစပ်ပြောချတော့ ရိပ် ဘာပြန်ပြောရမှန်းမသိတော့။

"ရိပ် နေရာမှာ ဘယ်မိန်းကလေးဖြစ်ဖြစ် ကိုယ် ဒီစကား ပြောမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မချစ်တဲ့သူနဲ့ တစ်သက်လုံး မပေါင်းချင်ဘူး၊ ဒါကြောင့် ဒယ်ဒီ တိမ်းပါးသွားရင် ကွာရှင်းပေးပါ ရိပ်"

ပြောရက်လိုက်တာ တိုင်းရယ်။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝနဲ့နှလုံးသားကို မငဲ့ညှာရင်တောင် တန်ဖိုးတော့ ထားသင့်ပါတယ်။

ခုတော့

သူ့ဒယ်ဒီ ဆုံးသွားရင် ကွာရှင်းပေးရမယ်တဲ့။

တောင်းဆိုလိုက်တာက မငဲ့မညှာ မထောက်မထား။

တစ်ဖက်သတ် တောင်းဆိုခံရတဲ့ ရိပ် နှလုံးသား ကတုန်ကယင်ဖြစ်ကာ ကိုင်ထားမိတဲ့ လက်ကိုင်အိတ်ပိုင်းလေး လျောခနဲ လွတ်ကျသွားသည်အထိ သတိလက်လွတ်ဖြစ်သွား၏။

ရိပ် နားထဲမှာ လေတိုးသံတွေ တဝီဝီဆူညံနေသလို ကျေးငှက်တွေရဲ့ တေးသီသံကလည်း မသာယာစေတော့။

လေပြည်နုလေးတွေကလည်း မညင်သာတော့။



www.burmeseclassic.com

www.burmeseclassic.com



နွေဦးကြိုတဲ့ သစ်ရွက်ကြွေသံကလည်း ဆည်းလည်းသံလို မချို မြိန်တော့။ သစ်ပင်တန်းတွေအောက် ခင်းကျင်းထားတဲ့ ရွက်ဝေါ်ရွက် ခြောက်တွေက ရှုမောဖွယ် မကောင်းတော့။

အချစ်ဟာ အရာရာကို လှပအောင် ဖေဖော်နိုင်စွမ်းပေမယ့် အချစ်ကို မြင်ရပြီးမှ တို့လှယ်ပေါင်းဖက်ခံစားနိုင်ခွင့်မရှိမှန်း သိရတော့ လည်း အရာရာဟာ လှနေလျက် အကျည်းတန်သလို ဖြစ်မှန်း နောက်ကျ ပြီးမှ ရိပ် သိခွင့်ရတော့၏။

အိတ်ပိုင်းလေးက ရိပ် ခြေချောင်းလေးတွေရှေ့မှာ လိမ့်ကာ လျောဆင်းလျက် ခြေစုံရပ်နေသော သူ့ရှူးဖိနပ်နှင့်တိုက်မိ၍ ကျပြီး ငြိမ်သက်သွားသည်။

သူ့ကို နက်ရှိုင်းစွာ ချစ်တယ်ဆိုတဲ့အသိက သူ့ခြေရင်းမှာ အိတ်ပိုင်းလေးလို ငြိမ်သက်ဝပ်ဆင်းသွားဖို့ ရိပ် ရင်ခုန်သံစီးမျောသွားတဲ့ သဘောကို ဆောင်သွားတာလား။

လက်ကိုင်အိတ်ကို သူ တစ်ချက်ငုံ့ကြည့်ပြီး ဒူးတစ်ဖက် ညွတ်ကာ ထိုင်ချ၍ အသာအယာ ကောက်လိုက်သည်။ ပြီးမှ ဖြေးညှင်းစွာ ထ၍ ရိပ် ရှေ့တစ်လှမ်းချင်း လျှောက်လာသည်။

ရိပ်နှင့် လက်တစ်ကမ်းအကွာမှာ ရပ်ပြီးခေါ်သည်။

"ရိပ်"

ငုံ့ထားမိတဲ့ မျက်နှာကို ရိပ် မမော့မိ။ အလိုအလျောက် ရစ်ဝိုင်း လာသော ယူကြုံးမရစိမ့်ထွက်လာတဲ့ မျက်ရည်တွေကို မျက်တောင်လေး





များနှင့် ပုတ်ခတ်သိမ်းသွင်းနေမိသည်။

ရိပ် မျက်နှာဝိုင်းဝိုင်းလေးကို သူ အမိအရ ငုံ့ကြည့်၍

"ရိပ် နစ်နာမယ်ဆိုတာ ကိုယ်သိတယ်၊ အဲဒီအတွက် ရိပ် ဖြစ်စေချင်တာ အားလုံး ကိုယ် ဖြစ်ခွင့်ပေးမယ်၊ ဘာမဆို ရိပ် တောင်းဆို လို့ရတယ်"

"ဟင့်အင်း ရိပ် ရိပ် ဘာမှ တောင်းဆိုစရာမရှိဘူး"

ရိပ် စိတ်ကို တင်းပစ်မိတာက သူ့ ကိုယ်သင်းရနံ့ကို ရှူရှိုက်ချင် တဲ့ စိတ်ဘူးယည်ခံနိုင်မှုတွေကြောင့်လား။

"အဲဒါဆို ကိုယ့်ကို ပြန်ကွာပေးဖို့ သဘောတူတယ်ပေါ့"

စိုက်ကြည့်ပြီး ရိပ် ကိုမေးသည်။ ရိပ် ဖျတ်ခနဲ မော့ကြည့် လိုက်တော့ သူ့မျက်ဝန်းနှင့်ဆုံသွား၏။

မျက်သားပြူးပြူးမှာ မျက်ဆန်ပြာလဲ့လဲ့နှင့် ဘဲဥပုံရှည်မျောမျော မျက်အိမ်လေးက ရွှန်းရွှန်းဖိတ်ဖိတ်တောက်ပကာ။ ပိုးသားမျှင်လို ပါးပါး လေးကြောင်လက်နေပြီး မျက်တောင်တိုတိုကော့ကော့ခြံရံထားတဲ့ သူ့မျက် ဝန်းက ညို့အားတွေ မထားပေမယ့် ရိပ် နှလုံးသားကို ဖမ်းစားညို့ငင် မှုသည်မှာ သူပြောသမျှကို ကျေနပ်စွာခံယူဖို့ဖြစ်မှန်း သေချာသွား၏။

ရိပ် ခေါင်းညိတ်လိုက်တော့ စိုလဲ့သော သူ့နှုတ်ခမ်းမှာ အပြုံး တွေ ခိုတွဲသွား၏။

"ခုလို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်တယ်"

"ရပါတယ်"



www.burmeseclassic.com

"အဲဒါဆို ကိုယ် ပြန်မယ်"

တိုင်း ရယ်

တိုင်း ဖြစ်ချင်ရာဖြစ်ခွင့်ပေးမိတဲ့ ရိပ်ကို အားနာပြီးဖြစ်ဖြစ် မျက်နှာချင်းဆိုင်နေသေးဖို့ ကောင်းပါတယ်။

ခုတော့ တစ်စက္ကန့်လေးတောင် အချိန်ပိုမျက်နှာချင်းဆိုင်ဖို့ ဘာကြောင့် စိတ်ဝင်တစားမရှိရတာလဲ။

တိုင်း စိတ်မဝင်စားမှန်း သိနေတော့လည်း ရိပ် သွားခွင့်ပေး လိုက်ရုံပေါ့။

ရိပ် ခေါင်းညိတ်လိုက်တော့

"ဒီမှာ ရိပ် လက်ကိုင်အိတ်"

လွတ်ကျသွားတဲ့ လက်ကိုင်အိတ်ကို ရိပ် အခုမှ သတိရသည်။ ပြောရင်း ကမ်းပေးလာတော့ တိုင်း လက်ချောင်းလေးတွေကို သတိထား ကြည့်မိပြန်သည်။

ထိပ်ဖျားလေးမှာ သွေးရောင်ရဲကာ အိအိစက်စက် ဖြစ်နေတဲ့ ဖြူသွယ်သော တိုင်း လက်ချောင်းကလေးများက ရှုကြည့်ချင်စရာအထိ လှပနေသည်။

တိုင်း အလှတွေက လက်ဖျားတွေကအစ ပြောစရာမလိုအောင် လှနေသည်က ရိပ် ရင်ခုန်သံကို ကြိုးတစ်ချောင်းနဲ့ဆွဲချည်ခံရသလို နှောင်ဖွဲ့မိ ေသပြီ။

"ကျေးဇူးပဲ"





ပြောရင်း လှမ်းအပ်တဲ့ လက်ချောင်းချင်း ထိအတွေ့မှာ ဖြစ်ပေါ် လာသော နူးညံ့ပူနွေးတဲ့ ခံစားမှုက ရိပ် နှလုံးသားထဲ နှစ်ဝင်သွားလေပြီ။

လက်ကိုက်အိတ်ပေးပြီး မျက်မှန်ပြန်တပ်ကာ ဖြောင့်ဖြောင့်မတ် မတ် ကျောခိုင်းသွားတဲ့ သူ့ကို မနာကျင်စွာကြည့်ရင်း

အလိုအလျောက် စီးကျလာတဲ့ မျက်ရည်တို့ကို တိုင်း မြင်မသွား ပေမယ့် အင်းလျားရေပြင်ကတော့ အစအဆုံးမြင်တာပဲလေလို့ ဖော့တွေး ပြီး ရိပ် နှလုံးသားကို ရိပ် နှစ်သိမ့်နေမိသည်။

မျက်ရည်တွေကြားက ကြွေကျလာတဲ့ ရင်ခုန်သံက တိုင်း ခြေလှမ်းအကြွတိုင်းမှာ မြည်ဟည်းသွားတဲ့ သစ်ရွက်ခြောက်တို့ရဲ့ အသံ လေးအတိုင်းပဲ ဖြစ်သည်။

တိုင်းရယ် ရိပ် နှလုံးသား စာမျက်နှာကို ဖွင့်ဖတ်တတ်ရင် ပိုကောင်းမှာပဲကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရိပ်"

ကေရာဇ် စိန်အရောင်းခန်းမထဲက အန်တီနဲ့လက်တွဲပြီး ထွက်လာတော့ ကြားလိုက်ရတဲ့ ခေါ်သံက ရဲရဲ အသံမှန်းသိလိုက်သည်။

ရိပ် ငဲ့ကြည့်လိုက်တော့ ဆိုင်ရှေ့ထိုးရပ်လာသော ကားဖြူလေး ပေါ်မှဖြစ်သည်။

"ရဲ"

ရိပ် နှုတ်ခမ်းလွှာကြားက အသံတိုးတိုးလေး ထွက်သွား၏။

"ဘယ်သူလဲ ရိပ်လေး"

"ဟိုလေ ရိပ် သူငယ်ချင်း ရဲရဲစံပါ"

ဒေါ်သီရိခေတ် စိတ်သက်သာရာရသွားသည်။ ရဲဆိုတော့ ရိပ်





နဲ့တစ်ခုခု ပတ်သက်တဲ့ ကောင်လေးများလားလို့။ လက်စသတ်တော့ ကောင်မလေး ဖြစ်နေတာကိုး။

ကားရှေ့ခန်းတံခါး ဖွင့်ပြီး ကားမောင်းသူနေရာက ရဲ သွက်သွက်လေး ဆင်းခဲ့တော့ ရိပ် ပြုံးပြနှုတ်ဆက်ပြီး

"သော် ကောမပါဘူးလား"

"ပါတယ်လေ"

ရိပ် ချောင်းကြည့်လိုက်မှ ကားမောင်းသူဘေး ထိုင်နေဆဲ သော်က ပြုံးပြရင်း လာပါလို့လက်ကလေး လုပ်ပြသည်။

"ရိပ် ဆီသွားတာ အန်တီက စိန်ကေရာဇ်ကို သွားတယ် ပြောလို့ လိုက်လာတာ"

"ဟုတ်တယ်ကွယ့် မင်္ဂလာပွဲမှာဝတ်ဖို့ ရိပ်လေးနဲ့လိုက်ဖက်ပယ့် ဒီဇိုင်းတွေ ရိပ် စိတ်ကြိုက်ရွေးလို့ရအောင် အန်တီ ခေါ်လာတာ"

အန်တီက ရဲကို ရင်းရင်းနှီးနှီးပဲ ပြုံး၍ပြောသည်။ ရိပ် အန်တီကို အားနာတာကြောင့်

"ကိစ္စရှိလို့လား ဟင်"

"အင်း မေးစရာရှိလို့"

ရဲရဲ ပခုံးလေးတွန့်ကာ ပြုံး၍ပြော၏။ ရဲ ဘာတွေမေးမလဲဆိုတာ ရိပ်မိနေတဲ့ ရိပ် မျက်နှာ ထူပြန်းသွား၏။ ရဲကို မလုံမလဲကြည့်ပြီး

"ဘာမေးဖို့လဲ"

"မေးတော့ သိရမှာပေါ့။ ဒါနဲ့ အန်တီ စိန်ထည်တွေ ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီလား''

ရဲလည်း ရင်းနှီးဟန်လေးနဲ့ ပြုံးကာ မေးတော့ အန့်တီ ကျေနပ်စွာခေါင်းညိတ်သည်။

''ကြည့်ပြီးလို့ အော်ဒါမှာခဲ့ပြီလေ''

''အဲဒါဆို ရိပ်ကို ရဲတို့နဲ့ ထည့်လိုက်လေ''

''အို ရဲကလည်း အန့်တီကို အားနာစရာ''

အားနာသံလေးနဲ့ သူငယ်ချင်းကို တွန်းဆိုးပြောတဲ့ ချွေးမလောင်းက အပြစ်ကင်းစွာလှနေသည်မို့ ဒေါ်သီရိခေတ် နှုတ်ခမ်းလျှာပေါ် ကြည်နူးပြုံးလေး ပွင့်စေသည်။

ရိုးစင်းတဲ့အမူအယာလေးနဲ့ ချစ်စရာကောင်းတဲ့ ချွေးမချောက လူကြီးတွေအပေါ် အားနာမှုရှိသလို လိုက်လိုက်လျောလျော ရှိလှသည်၊ အဲဒါလေးတွေကြောင့် ရိပ်လေးကို ချစ်စိတ်ပိုဝင်ရသလို ရိပ်လေးကိုလည်း ပြန်လိုက်လျောကာ နားလည်ပေးချင်သည့်စိတ်ကလေး ပေါ်လာသည်။

ဒါကြောင့် ချွေးမလောင်းကို ချိတ်ထားမိတဲ့ လက်ကို ဒေါ်သီရိခေတ် ကျေကျေနပ်နပ် ဖြုတ်လိုက်ပြီး

''ရပါတယ် ရိပ်လေးရယ်၊ သူငယ်ချင်းတွေနဲ့ပဲ လိုက်သွားလေ၊ အန့်တီ နားလည်ပါတယ်၊ လိုက်သွား အားမနာနဲ့ ဟင့် ဟင့်''

ဒီအတိုင်း ချထားတဲ့ ရိပ် ဆံနွယ်ရှည်လေးကို တယုတယ သကိုင်ရင်း ပြုံးရယ်ကာ အန့်တီ ခွင့်ပေးတော့ ရိပ် မျက်နှာပေါ်က အားနာစိတ်က မပြယ်သေး။





''ဟုတ်ကဲ့လေ''

''အန့်တီ နားလည်ပါတယ်ကွယ်၊ အန့်တီလည်း အိမ်ပြန်တော့မှာလေ၊ သမီး သူငယ်ချင်းတွေနဲ့ ပြောစရာရှိတာပြောကြပေါ့၊ အန့်တီ တစ်ယောက်တည်း ပြန်လိုက်မယ်၊ ဟော ပြောရင်းဆိုရင်း သားလာကြိုနေပြီ''

အန့်တီ စကားအဆုံးမှာ ရိပ် မျက်ဝန်းတို့က အလိုလို ကြည့်လျက်သားဖြစ်သွားသည်။

စိမ်းပြာရောင် ဖိတ်ဖိတ်တောက်နေတဲ့ ပါရာဒို ကားအသစ်စက်စက်ကို ကိုယ်တိုင်မောင်းလာတဲ့ တိုင်းက ရိပ်တို့ရှေ့မှာပဲ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

''ရိပ် သူငယ်ချင်းတွေက ရိပ်ကို ခေါ်သွားမလို့တဲ့၊ အဲဒါ မာမီ ထည့်ပေးလိုက်မယ် သားရယ်''

''ရပါတယ် မာမီ၊ အဆင်ပြေမလား၊ ကိုယ်လိုက်ပို့ပေးရမလား ရိပ်''

သူ ကားပေါ်က မဆင်းဘဲ ရိပ်ကို လှိုက်လှိုက်လှဲလှဲပဲ မေး၏။

''ရပါတယ် မပို့ပါနဲ့''

''ရိပ် အဆင်ပြေတယ်ဆို ပြီးရောလေ''

သော်က ကားပေါ်က ကမန်းကတမ်းဆင်း၍ သူ့ကိုအကဲခတ်ကြည့်သည်က ရဲနှင့်အတူ။

''အဲဒါဆို အန့်တီ သွားတော့မယ်နော် သမီး''



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ကို ဂရုတစိုက် နှုတ်ဆက်ပြန်သည်။ ရိပ် ခေါင်းညိတ်ရုံပေါ့။

"ဟုတ်ကဲ့ အန်တီ"

"ကဲ ရဲရဲ အန်တီ စိတ်ချလက်ချ ထားခဲ့မယ်။ အန်တီ့ ချွေးမလောင်းကို ဂရုတစိုက် ခေါ်သွား"

"စိတ်ချပါ"

ရဲ ပြောသံနောက် အန်တီ ဖွဖွပြုံးကာ ရိပ်ကို ပြန်ငဲ့ကြည့်ပြီးမှ ကားခေါင်းရှေ့က ကွေ့ကာ ကားရှေ့ခန်းမှာ တက်ထိုင်လိုက်သည်။

တီရှပ်အနီရဲရဲလေးကြောင့် ရဲရဲစိုစို လှနေတဲ့သူက ကားစက်နှိုးပြီးမှ ရိပ်ကို အလေးထားဟန် တစ်ချက်ငဲ့ကြည့်သည်။

ရိပ် မျက်ဝန်းက သူ ပြောသမျှကို နားလည်ခွင့်လက်ခံသော သဘောထားပြည့်ဝတဲ့ မိန်းကလေးဖြစ်ကြောင်း သူ အမှတ်ပေးမိတာ သူ ဆွေးနွေးသမျှကို စောဒကမတက်ဘဲ နာခံခဲ့ကတည်းက ဖြစ်သည်။

"ရိပ် လိုတာရှိရင် ကိုယ့်ကို ဖုန်းဆက်လေ၊ အားမနာနဲ့"

လိုက်လိုက်လှဲလှဲ ပြောပြန်တဲ့ သူ့စကားကို ရိပ် ခေါင်းညိတ် နာခံမိပြန်သည်။ အပြန်အလှန် သဘောထားညီမျှတဲ့ သားနဲ့ချွေးမချောကို ကြည့်ပြီး ဒေါ်သီရိခေတ်ရဲ့ ကြည်နူးပြုံးလေးက မိနစ်ပေါင်းများစွာ အထိ ဖြစ်တည်စေ၏။

"ကိုယ်သွားမယ် ရိပ်"

လို့ နှုတ်ဆက်ပြီးမှ လျှောခနဲ ကားမောင်းထွက်သွားတဲ့ သူ့ကို ရိပ် မျက်တောင် မခတ်တမ်း ငေးကြည့်မိတာ သတိလွတ်မတတ်။





"ဘယ်ဆိုးလို့လဲ ရိပ်လူက ရိပ်ကို ဂရုစိုက်သားပဲ"

သော်သော် သဘောကျစွာ ပြောမှ ရိပ် အသိဝင်လာသည်။ သူ့ကားနောက်မြီး ပျောက်ကွယ်သွားမှ

"ဘာမေးမလို့လဲ ဟင်"

ရိပ် စကားစလိုက်တော့

"မေးစရာတွေ အများကြီး။ သူများဆိုင်ရှေ့မှာ ပြောလို့မကောင်းဘူး"

"အေးအေးဆေးဆေး ဒိုမယ့် နေရာကို ရွေးကြမယ်လေ၊ လာ ရိပ်"

သော် ပြောရင်း ကားပေါ်ဦးဆောင် တက်သွားသည်။ ရဲ က ကားမောင်းသွားနေရာမှာ ရိပ်နဲ့သော်က ကားနောက်ခန်းမှာ။

သူငယ်ချင်းနှစ်ယောက်ရဲ့ မျက်ဝန်းကလေးများ ကြည်လင်တောက်ပနေသည်မှာ ရိပ်နဲ့သူ့အကြောင်း နှိုက်နှိုက်ချွတ်ချွတ် မေးတော့မယ်ဆိုတဲ့ မေးခွန်းတွေနဲ့။

ရိပ် မသိမသာ မျက်လွှာချ၍

ဖြေရခက်မယ့် မေးခွန်းမျိုး မမေးပါနဲ့လို့ ဆုတောင်းမိတာက တိတ်တိတ်လေးပဲ ဖြစ်သည်။

■ ■ ■

လေအေးပေးစက် တပ်ထားတဲ့ အဆင့်မြင့်သီးသန့် စားသောက်ခန်းက အေးစိမ့်စိမ့်လေး ဖြစ်ပေမယ့် ရိပ် ရင်မှာတော့ အေးစိမ့်မနေခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ရိပ်"

"ဘာကို ပြောရမှာလဲ"

စားပိုင်းအပြည့်မှာထားတဲ့ စားသောက်ဖွယ်ရာတွေကို စိတ်မဝင်စားစွာ ငေးကြည့်ရင်း ရှောင်ဖယ်ချင်စိတ်ကလေးနဲ့ မသိသလို ခပ်တိုးတိုး ပြန်မေးမိသည်။

"တိုင်းနဲ့ရိပ် ချိန်းတွေ့ပြီ"

"အဲ ဘာချိန်းတာလဲ"

ရိပ် မျက်နှာလေး ရှက်သလို ရဲခနဲဖြစ်သွားတော့ ရဲရဲနဲ့ သော် သဘောတကျလေး ရယ်ဖြစ်သွား၏။

ကျောင်းကတည်းက ချစ်သူကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေပေမဲ့ ရိပ်က ဘယ်သူကိုမှ စိတ်လည်းမဝင်စား။ ရင်ခုန်တာ ဘာလဲဆိုပြီးတောင် မစူးစမ်းခဲ့။

ချစ်သူ တစ်ယောက်လောက်ထားပါလို့ သူငယ်ချင်းတွေ တိုက်တွန်းတိုင်း ရှက်ရိပ်လေးနဲ့

"ရှင်တို့နော် ရည်းစားထားဖို့ တိုက်တွန်းနေရင် မခင်ဘဲ နေလိုက်မှာလို့"

တင်းတင်းပြတ်ပြတ်လေး ပြောခဲ့တဲ့ အပျိုစင်သန့်သန့်လေးရဲ့ ရိပ်က ချိန်းတွေ့တယ်ဆိုတဲ့ စကားလုံးလေးအပေါ် ရှက်စိတ်က မပြယ်ဘဲ ရှိနေသေးသည်။

သော် အရယ်ရပ်ပြီး





"သောရီး သောရီး စကားပြောလာသွားလို့ ဟဲ ဟဲ၊ ဟိုလေ ရိပ်နဲ့တိုင်း တွေ့ကြတော့ ဘာတွေဆွေးနွေးဖြစ်လဲ"

"တူတတ်တယ် အဲဒါကို ငါတို့ သိချင်တာ၊ မေးဖို့ခဲပြီးလာတာ မင်္ဂလာပွဲအတွက် ယောကျ်ားမနဲ့ လက်ချိတ်ပြီး စိန်တောင် ဝယ်ပြီးပြီဆို တော့ အိုကေလို့ပဲ ဖြစ်မယ်"

ရိပ် မသိမသာ သက်မချလိုက်မိသည်။

"ရိပ်ကို ရဲတို့လို အိမ်ထောင်ရေး မသာမယာ မဖြစ်စေချင်ဘူး။ မခံစားရစေချင်ဘူး။ ဒါကြောင့် အကြံကောင်းလည်း ပေးချင်လို့ပါ ဟယ်၊ ပြောစမ်းပါ ဆွေးနွေးကြတဲ့ ခေါင်းစဉ်အကြောင်း"

သူငယ်ချင်းတွေရဲ့ မေတ္တာကို ရိပ် နားလည်ပါတယ်။ ဒါပေမဲ့ ရိပ်နဲ့သူ ဆွေးနွေးတဲ့အကြောင်းကို သိရရင် သူငယ်ချင်းတွေ ဆွေ့ဆွေ့ခုန် ဖြစ်သွားမှာ သေချာသလို မင်္ဂလာပွဲကိုဖျက်ပစ်ဖို့ ဖိအားပေးမှာလည်း သေသေအချာပဲဖြစ်သည်။

"ပြောလေ ရိပ် တိုင်း ဘာပြောလဲ၊ ရိပ်ကို ချစ်တယ်လို့ ပြောလား၊ ရိပ်ကရော သူ့ကိုပြန်ချစ်နိုင်လား၊ ဘာညာမေးသေးလား"

မှာထားတဲ့ စားသောက်ဖွယ်ရာတွေကို တစ်ချက်ကလေးတောင် မျက်စပစ်မကြည့်ဘဲ ရိပ် မျက်နှာကိုပဲ တစိမ့်စိမ့်ကြည့်ရင်း သော် မေး ပြန်သည်။

မေးပဲ မေးတတ်တဲ့ သော်ရယ်။

ချစ်တယ် ချစ်လား ဆိုတဲ့ စကားလုံးတွေနဲ့ မိုင်ပေါင်းကုဋေ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ ဆန့်ကျင်နေတဲ့ စကားလုံးတွေဆိုတာ ရိပ် ကလွဲပြီး ဘယ်သူ့ကို မှ မသိစေချင်။

ရိပ် မျက်ဝန်းက အပြည့်အဝတိုင်းရှိနေတဲ့ လိမ္မော်ရည်ဖန်ခွက်ဆီ ပို့ကာ လက်နှစ်ဖက်ကို စားပွဲပေါ်ယှက်တင်ပြီး သော်တို့ လက်ခံနိုင်မယ့် စကားလုံးတွေပဲ ပြောဖို့ ရိပ် ရှာဖွေနေမိ၏။

"ပြောလေ ရိပ်၊ ရှက်မနေနဲ့"

"ဟိုလေ သော် မေးသလိုပဲ ရိပ်က သူ့ကိုချစ်နိုင်လားတဲ့"

"ဟေ တိုင်းက အဲလို မေးတယ်"

သူငယ်ချင်းနှစ်ယောက်ရဲ့ စိတ်ဝင်စားမေးခွန်းက ပြိုင်တူ။

"ဟုတ်တယ်"

ပကတိဖြူစင်နေတဲ့ ရိပ်မျက်နှာလေးက သော်တို့ မရိပ်မိအောင် ဘဲ ဟန်ဆောင်ခေါင်းညိတ်မိ၏။

"ဒါဆို ရိပ် ဘယ်လို ဖြေလိုက်လဲ"

တစ်ဆင့်ပြီးတစ်ဆင့် သိချင်နေရှာတဲ့ ရဲတို့ကို ရိပ် အပြစ် မမြင်ရက်။ သူတို့က ရိပ် နှလုံးသားကို သစ္စာစောင့်တာလေ။

"ရိပ်လည်း ဘယ်လိုဖြေရမှန်းမသိလို့ ချစ်နိုင်မယ်ထင်တယ် လို့ ပြောလိုက်တယ်"

"ကောင်းတယ်"

"အဲဒီ အဖြေ အကောင်းဆုံးပဲ"

"ဘယ်လို ကောင်းတာလဲ"





ရိပ် မျက်နှာတန်းနက်နက်လေး တွန့်ခေါက်လျက် သူငယ်ချင်း နှစ်ယောက်ကို နားမလည်သလို အပြန်အလှန်ကြည့်ရင်း မေးလိုက်သည်။

သော်က ဝါရင့်ဆရာမလို ပခုံးလေးဟန်ပါပါတွန့်၍

"ချက်ချင်းကြီး အဖြေပေးလိုက်ရင် ဒီမိန်းကလေး သိပ်အညာ ခံမယ်တယ်လို့ မြင်သွားမယ်လေ၊ အဲဒီ အမြင်မျိုးရှိနေရင် ကိုယ့်ကို တန်ဖိုးအလေးအနက် မရှိတော့ဘူး ရိပ်ရဲ့၊ ယောကျ်ားတွေဆိုတာက လွယ် ရင် ငမ်းငမ်းတက်မဖြစ်ဘူး၊ မလွယ်တာကိုဘဲ အငမ်းမရလိုချင်တာ လေ၊ ရိပ်က ချစ်နိုင်မယ်ထင်တယ်လို့ မတင်မကျဖြေလိုက်တော့ တိုင်း လင်တက်သွားမှာပေါ့"

"သေချာတာပေါ့ သော်ရဲ့၊ ရဲတို့အမြင်ပဲ မဟုတ်လား၊ တိုင်းက ရိပ်တကြည့်ကြည့်နဲ့ လိုတာရှိရင် ပြောပါ၊ အားမနာနဲ့ဘာညာ ပြော သွားတဲ့ မျက်နှာနဲ့ ရိပ်ကို မက်မက်မောမော ရှိုပုံက ထင်းနေတာပဲဟ"

သော်နဲ့ရဲရဲ ထင်မြင်ချက်တွေကို ရိပ် ရှင်းပြနေဖို့ စိတ်မဝင် စားတော့။

သူငယ်ချင်းတွေနဲ့ သူ့မာမီအမြင်မှာ ထိုသို့ ဖြစ်သွားစေဖို့ သူ ဖိဖိပြင်ပြင် သရုပ်ဆောင်သွားတာ ရိပ် သိသလို သူလည်းသိနှင့်တာ ပဲ။

"နောက်ကော သူ ဘာတွေပြောသေးလဲ"

"တစ်ပတ်စောပြီး မင်္ဂလာဆောင်ပါရစေတဲ့"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



မြောက်တက်သွားတဲ့ သော်တို့ရဲ့ မျက်ခုံးတန်းတွေနဲ့အပြိုင် နှုတ်ခမ်းပါးတို့ကလည်း ကြည်နူးပြုံးတို့နှင့်စိုဖိတ်ကာ ပေါ့ခနဲ ပြိုင်တူ အသံထွက်လာသည်။

"တိုင်းက အဲသလောက်တောင် ရိုပ်ကို ရှုံးရှုံးမူးမူး ဖြစ်သွားတာလား"

"သိဘူးလေ"

မလုံမလဲ ဖြေရင်း လိမ္မော်ရည်ခွက်ထဲကို ပိုက်တံကိုင်၍ နှုတ်ခမ်းနား တေ့ကပ်မိတာ သောက်ချင်စိတ်နှင့် မဟုတ်ပါ။

တကယ်တော့

"မင်္ဂလာပွဲရက် နောက်ကျလေ၊ ဒယ်ဒီက ကိုယ့်ကို စိတ်မချလေ ဖြစ်နေတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်ချစ်သူက မနေ့ကပဲ မြန်မာပြည်ပြန်ရောက်နေတာသိလို့ ဒယ်ဒီ စိတ်မချဖြစ်နေတာက ဒယ်ဒီ စိတ်ကို နှိပ်စက်သလို ဖြစ်ပြီး ဒယ်ဒီ ရောဂါတိုးလာမှာစိုးတယ် ဒါကြောင့် ဒယ်ဒီ စိတ်ကျေနပ်အောင် တစ်ပတ်စောလိုက်တာ၊ ရိုပ် ကျေနပ်ရဲ့လား"

ဒုတိယအကြိမ် သူ တွေ့ခွင့်တောင်းပြီးပြောတဲ့စကား၊

ရိုပ် ခေါင်းခါငြင်းဖို့ လုံးဝ စိတ်မကူးခဲ့၊ သူ စီစဉ်သမျှ ရိုပ် ကျေနပ်သော နှုတ်ခမ်းတို့ဖြင့်

တိုင်း သဘောပါလို့ လိုက်လျောခဲ့သည်သာ။

သော် တို့က ရိုပ်ပြောသမျှကို တကယ်လို့ ထင်နေတာ။ ထင်ပါစေလေ။





"အဲဒါဆို မင်္ဂလာဦးကျရင် ရိုပ် အဖြေပေးနော်"

"ဘာအဖြေလဲ"

အပျိုစင်လေးဖြစ်နေတဲ့ ရိုပ်က နားမလည်ပေမဲ့လည်း သော်နဲ့ ဆိုလိုချက်ကို နားမလည်ရှာ။

နားမလည်တဲ့ အပျိုစင်လေးကို နားလည်အောင် ပြောပြမယ် ...တဲ့ မျက်ဝန်းလက်လက်လေးတွေနဲ့ ရိုပ် နားတစ်ဖက်တစ်ချက်ဆီ ...ယာက်လို့ နှုတ်ခမ်းတွေ တိုးကပ်ကာ ကိုယ်လုံးလေး ကိုင်းလာသည်။

နှုတ်ခမ်းလှလှလေးကြားက နားလည်လွယ်အောင် ပြင်တူ ပြော ...ပ်တဲ့ စကားလုံးချိုချိုလေးကြောင့်

"အို"

ရိုပ် နှုတ်ခမ်းလေးတွေ ပါးပြင်လေးတွေ ရဲခနဲ အရောင်ပြောင်း ...သည်က ရဲရဲတိုနေသော နှင်းဆီနီရဲ့ ပွင့်ဖတ်လေးများအတိုင်း။

"သွား ရှင်တို့ မညစ်ပတ်နဲ့"

ပြောရင်း ရှက်သောကိုယ်က ထရပ်လျှက်သားဖြစ်ပြီး အဝိုင်းဖွဲ့ ...ယ်နေကြတဲ့ သူငယ်ချင်းတွေနဲ့ မျက်နှာချင်း မဆိုင်ရဲတဲ့ စိတ် ...လေးဝင်သွားတော့။

"ဟုတ်တယ် ရိုပ် တိုင်းက တစ်ပတ်စောပြီး ဆောင်ချင်မှတော့ ...၊ စိတ်ကို အချိန်ခွဲပြီး ဆွဲပေးရမှာ၊ ဒါမှ တိုင်းက ရိုပ်ဆိုတဲ့ ...သီးလေးကို ဟင့် ဟင့်"

ရယ်ရင်းပြောနေသေးတဲ့ သော်တို့ စကားလုံးတွေကို နားဆင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းမရှိတော့။

ပြေးထွက်ခဲ့မိသည်က ရှက်သောကြောင့်ပဲဖြစ်သည်၊

တိုင်း ရယ်

နှလုံးသားမှာ ချစ်တဲ့သူနဲ့ မင်္ဂလာဆောင်သလို တကယ် ရင်ခုန်ရပြီဆိုတာ ယုံသလား ရှင်။

■ ■ ■



## အခန်း (၅)

"ပြီးပြီလား မာမိဖြူရဲ့"

ဆီတင်ဝင်တစားမေးရင်း အလှပြင်ခန်းထဲ ရောက်လာတဲ့ အန်တီ က အီအီကလေး ပြောင်လက်နေသော ပိုးသားတိမ်ပြာနုရောင် နောက်ကွဲ ကောက်ရှည်နှင့်။

နီလာနှင့်စိန်ရောပြီး ရတနာတို့က ကိုယ်ပေါ်မှာ ပြိုးပြိုးပြက်ပြက် လက်ကာ

သူ့နဲ့ဆင်တူသည့် အန်တီ မျက်ဝန်းလှလှပေါ်ရှိ မျက်ခွံမို့မို့နှင့် ...ဘ်ခမ်းမှအစ ခြေသည်းလက်သည်းအဆုံး ခြယ်ထားသော အပြာရောင် ...ဆးသားတို့ကြောင့် နုပျိုလင်းလက်နေတဲ့ အလှတို့က တစ်ကိုယ်လုံးမှာ ...သသာလျှက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တိုတို ကောက်ကောက်လေးကြားမှ ဖြူငြင်းနုပွတ်နေတဲ့ မျက်နှာမှာ အပြုံးနွေးနွေးယှစ်သိုင်းနေသော အန်တီက အပြာရောင် နတ်သမီးလေးအလား။

ပြာလဲ့လဲ့ လက်ဖြာနေတဲ့ ငွေကိုင်းတပ် လက်ဆွဲအိတ်လေး ဟန်ပါပါကိုင်၍မေးရင်း ရိပ်ဆီ လှမ်းလာတဲ့ အန်တီက ကိုရီးယား မင်းသမီးကြီးလို လှပကြွရွနေ၏။

''ပြီးနေပြီ မမ သီရိ''

အလှဖန်တီးရှင် မာမီဖြူက အဆင်သင့်ပြင်ဆင်ပြီးသည့်နှင့် ရိပ်ကို ကိုယ်လုံးပေါ်မှန်ရှေ့က ထိုင်ခုံဝိုင်းမှာ ကြွကြွလေး ထိုင်စေပြီး လှည့်မကြည့်ဘဲ ပြောသည်။

''ပြစမ်းပါဦး ချွေးမချောလေးကို''

မာမီဖြူ ကိုယ်လုံးဝဖိုင့်ဖိုင့်နှင့်ကွယ်နေတဲ့ ရိပ်ကိုမြင်ချင်တဲ့ အန်တီက ပြောလည်းပြောရင်း မာမီဖြူကိုယ်ကိုလည်း လက်နဲ့ဖယ်၍ ရိပ်ကို အပြုံးတို့နှင့်ကြည့်သည်။

လက်ကြိုး သေးသေးလေးပင် မပါဘဲ ပန်းရောင် ရင်စီးဖုံ ကိုယ်ကပ်လေးက ခါးအောက်ပိုင်းမှာ ဇာတွေအထပ်လိုက် အလွှာလိုက် နှင့် ကြွကြွကားကားဖြစ်နေတဲ့ ဂါဝန်ရှည်အဖြူရောင်နှင့်၊

တစ်ကိုယ်လုံးနှင့် ဂါဝန်မှာ စိန်တွေချည်း ညှပ်နေအောင် စိတ်တိုင်းကျဆင်ထားသည့် ရိပ်က ဖိတ်ဖိတ်တောက်ကာ စွတ်စွတ်ဖွေး ဖွေး လှနေသည်က နှင်းပွင့်နှင်းဖတ်တွေအပေါ် နန်းစံနေတဲ့ တစ်ပင်တိုင်





နှင်းပွင့်နတ်သမီးလေးနဲ့ ထင်မှတ်မှားလှမတတ်။

နောက်တက်မှာ သွဲ့သွဲ့လေးထုံးထားတဲ့ ဆံထုံးမှာလည်း စိန်ကြိုး တွေ တွဲကျနေသလို ခေါင်းလေးငဲ့လိုက်တိုင်း ငုံ့လိုက်တိုင်း အလှတွေ ပြာခနဲ ဖြစ်ကုန်၏။

''လှလိုက်တာကွယ်၊ အဖြူရောင် နတ်မိမယ်လေး ကျလာ သလိုပဲ တကယ်''

မေးဖျားလေး ဖွဖွပင့်ကိုင်၍ ရိပ် မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ရင်းပြောလာတော့ ဧိပ် မျက်နှာလေးက ပန်းသွေးရောင်လဲ့လဲ့ ပြောင်းသွားသည်က ရှက်ခနိုးစိတ်ကြောင့် ဖြစ်မယ်ထင်သည်။

''သီရိ ချွေးမမို့ သီရိ မြှောက်ပြောတာ မဟုတ်ဘူး မာမီဖြူ ရယ်၊ ရိပ်လေးက စက်စက်ယိုလှနေတာ၊ ရှေ့ကကြည့်ကြည့် နောက်က ကြည့်ကြည့် ဟင့်ဟင့်''

''မမ သီရိက အလှနတ်သမီးလေးကို ရွေးထားမှတော့ ကြည့် ပျော် ရှုမဝ လှနေတာပေါ့၊ ချွေးမလေး လှနေလို့ သားတော်မောင်က တစ်ပတ်နောက်ကျမခံဘဲ ရှေ့တိုးလိုက်တာ မာမီဖြူ အခုမှ သဘောပေါက် တယ် ဟင့် ဟင့်''

''ဟုတ်မယ် မာမီဖြူ သားက ဒါကြောင့် တစ်ပတ်စောပြီး ပေါ်လာဆောင်မယ်လို့ပြောတာပေါ့၊ သီရိက ရိပ်ကို မရိပ်မိဘူး၊ အခု ပင်းလေးအလှတွေမြင်မှ သဘောပေါက်တော့မယ် တကယ်''

မာမီဖြူနဲ့အန်တီ သီရိ သဘောတကျပြောရင်း ရယ်ကြသည်က



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှိုက်လှဲလှဲ ကြည်ကြည်နူးနူး။

တကယ်တော့ ရိပ် လှလို့ ရိပ် အလှတွေမှာ ယစ်မူးချင်လို့ တစ်ပတ်စောပြီး မင်္ဂလာဆောင်ခဲ့တာ မဟုတ်ဘူးလေ။

သူ့ဒယ်ဒီ စိုးရိမ်စိတ်တွေနဲ့ဖိစီးပြီး ရောဂါတိုးမသွားဖို့ စောပြီး မင်္ဂလာဆောင်တာ။

အင်းလေ။ ဘယ်သူမှမသိတာပဲ ကောင်းပါတယ်၊

"အရမ်းလှတာပဲ သမီးလေးရယ်"

တဖွဖွလေးပြောရင်း ရိပ် နဖူးပြေပြေလေးကို အန်တီ နမ်းရှိုက် ပြန်သည်။

"တိုင်းကော ပြင်ဆင်ပြီးပြီလား မမသီရို"

"ပြီးပါပြီ မာမီဖြူရဲ့၊ ရိပ်လေး ပြင်မပြီးသေးမှာ စိတ်ပူပြီး လာကြည့်တာ၊ ပြီးပြီဆိုတော့ မင်္ဂလာညစာခံပွဲထွက်ဖို့ စီစဉ်လိုက်တော့ မယ်၊ ခဏနော် သမီး၊ သမီး မေမေတို့ ရောက်ပြီလား ကြည့်ဦးမယ်"

အန်တီရဲ့ ပျော်ရွှင်မှုက လှုပ်လှုပ်ရှားရှားလေးဖြစ်တာ ရိပ် ခေါင်းအညိတ်မှာ ရိပ် ရှေ့ကပြန်ထွက်သွားသည်။

"ဟယ် ရိပ် ကြည့်စမ်း လှလိုက်တာ"

"ရိပ် ဒီလောက်လှမယ်လို့ မထင်ဘူး"

ဆိုတဲ့ တအံ့တသြပြောသံတွေနဲ့ မြူးမြူးသွက်သွက်လာလေ လှမ်းဝင်လာတဲ့ သော်နဲ့ရဲ။ နှစ်ယောက်စလုံးက ငွေရောင် လက်သေး ပွဲထိုင်ကိုယ်ကျပ်ဝမ်းဆက်ပန်းနုရောင်ကို ဆင်တူချုပ်ဝတ်ထားသလို ဆံ





တားတဲ့ ပဏ္ဏမြှားတွေကလည်း ဒီဂိုင်းတစ်မျိုးတည်း။ အလှချင်းညီနေတဲ့ သော်နဲ့ရဲက အလှဆုံး မင်းသမီးနှစ်ယောက်လို အလှရောင်တွေ ဖိတ်ဖိတ်လက် နေပါသည်။

"ဘာပဲပြောပြော ရိပ်လေးက ပန်းခြံဆရာ လက်မှိုင်ချစေမယ့် အလှ ရုပ်သမီးလေးပဲ"

ရိပ်ကို လှတာယ်လို့ ဝိုင်းချီးကျူးနေကြတာ ရိပ် ဘယ်လိုနေရမှန်း မသိ၊ ရိပ် ခေါင်းငုံ့ချလိုက်တော့

"အံမယ် ရှက်နေပြန်ပြီ၊ မော့ပါဦး ဒီမျက်နှာလေး"

ရိပ် မမော့ပေမယ့် ရဲက လက်မြန်မြန်ဖြင့် မေးဖျားလေးကိုပင့် တော့လည်း မော့ရပြီ။

"ရှင်တို့ကလည်း"

"ဒါ ရှက်စရာမှမဟုတ်တာ"

"ရင်ခုန်စရာ၊ ရင်ပို့စရာပေါ့ ရိပ်ရဲ့"

ပြောလေ သည်းလေဖြစ်နေတဲ့ သူငယ်ချင်းနှစ်ယောက်ကို စိတ် ရေအခက်၊

"သော်နော် ရိပ်ကို မစနဲ့၊ ရိပ် ငိုချလိုက်မှာ"

"အမလေး နတ်သမီးမလေး ငိုတော် မမူပါနဲ့၊ သတို့သား တော် မီးတောက် နေလိမ့်မယ်"

"ဟင့် ဟင့်"

သည်းသည်းလှုပ်ပြောရင်း ပြုံးတူ ရယ်ပြန်၏။ ရိပ် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စူပုတ်ကာ အဖြူလက်အိတ်စွပ်ထားတဲ့ လက်ချောင်းတွေကို ဆုပ်ရင်း သူငယ်ချင်းနှစ်ယောက်ကို ဖွဖွထုမိသည်က ရင်ခုန်နေလို့ပဲဖြစ်သည်။

"ရဲ နော် မရယ်နဲ့ဆို"

"မရယ်ပါဘူး"

မရယ်ပါဘူးဆိုပြီး ရိပ်က လက်သီးဆုပ်လေးကို ကိုင်ထားရင်း မျက်နှာပိုးကို မသတ်သေး။

"မရယ်ဘူးဆိုပြီး မျက်နှာတွေက ကြည့်ပါလား"

ရိပ် မျက်စောင်းလှလှ ထိုးမိပြန်သည်။ ချစ်သူငယ်ချင်း ကျေနပ်အောင် သော်တို့မျက်နှာပိုး ရှဲခနဲ သတ်လိုက်သည်။

တော်ကြာ သတို့သမီး ရှက်ပြီးငိုသွားမှာစိုးလို့။

"ဟိုမှာ သတို့သား လာနေပြီ"

သော် မျက်စပစ်ပြောတော့ အသိတရားတို့က မကြည့်ဘူးလို့ မျက်လွှာချလိုက်ပေမယ့် ရင်ခုန်သံတို့လှုံ့ဆော်နေတော့လည်း ချူပိုက်တဲ့ မျက်လွှာကိုပင့်ကြည့်လိုက်သည်က တစ်စက္ကန့်မခြားဖြစ်သွား၏။

စွတ်စွတ်ဖြူကာ ဖွေးဥစင်ကြယ်နေတဲ့ အနောက်တိုင်းဝတ်စုံနှင့်၊ နောက်လှန်ဖီးသင်ထားတဲ့ ဆံပင်ဝါရောင်ဖျော့ဖျော့လေးနှင့် သတို့သား ချော။

ပြေပြန့်သော နဖူးပြင်၊ စိမ်းညို့ကာ အဖျားသွယ်သော မျက်ခုံး၊ တိုကော့ကော့မျက်တောင်တို့ကြားမှ ရွှန်းတောက်နေသော မျက်ဝန်းနှင့် နီထွေးတဲ့ နှုတ်ခမ်းဘို့က ဆွဲငင်အားတွေပါနေသလို ရိပ် မျက်ဝန်းတို့





မခွာရက်အောင် ခံစားရစေသည်။

သို့သော်လည်း သူ့မျက်နှာနှင့်တစ်ကိုယ်လုံးက မလုံမလဲ စိတ်တွေနှင့် သူငယ်ချင်းသုံးလေးယောက် ဆွဲခေါ်လာတာကို ဘဝင်ကျဟန်မတူဘဲ ငြင်းဆန်နေတဲ့ကြားက တွန့်ဆုတ်တွန့်ဆုတ် ပါလာသည်။

သူ့နောက်မှာလည်း ရဲနဲ့သော်တို့ရဲ့အမျိုးသား မောင်နဲ့ကိုသက်။ ဘာတွေပုံသမားတွေရော။

ဘာလုပ်ကြဖို့လဲ၊

မင်္ဂလာပွဲအတွက်ခင် စုံတွဲဓာတ်ပုံရိုက်ခိုင်းဖို့လား။

ရဲနဲ့သော်ကလည်း သိချင်စိတ်လေးနဲ့ ခင်ပွန်းသည်တွေကို ကိုယ်စီ ဆွဲယူပြီး

"ဘာဖြစ်တာလဲ၊ သတို့သားနောက်က တရုန်းရုန်းနဲ့"

"မင်္ဂလာပွဲမစခင် သတို့သမီးကို သတို့သား လက်ဆောင်ပေးပြီးတာ သတို့သား ငြင်းလို့ တိုင်း သူငယ်ချင်းတွေအတင်း ဆွဲလာတာ"

"ဘာလက်ဆောင်လဲ"

"ရင်ခုန်စရာ လက်ဆောင်လေ"

"အိုး ရှင်းရှင်းပြောစမ်းပါ ကိုသက်ရယ်"

"မင်္ဂလာအထိမ်းအမှတ် လက်စွပ်တို့ဘာတို့လား ပြောလေ မောင်"

"ဧတဲ့အခါ ကြည့်ပေါ့ မိန်းမရာ"

ကိုသက်နဲ့မောင် မျက်စလေးနဲ့ မြူးမြူးလေးပြောပြီး ပြုံးတူ



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်က ရိပ် ရင်မှာရှိန်းတိန်းတိန်း ဖြစ်သွားၾ။

ဘာတွေလဲ။

ပြီးတော့ သူ ရှန်းရင်း ဗလုံးဗထွေး ပြင်းသံက ရိပ် နားထဲ တိုးဝင်လာပြန်သည်။

"မင်းတို့ကွာ ကိုယ့်ကို အကြပ်မကိုင်နဲ့ မင်းတို့တောင်းဆိုသမျှ ကို ကိုယ် ဖြည့်ဆည်းပေးမယ်ပြောပြီးပြီပဲ"

"မရဘူး တိုင်း၊ ကိုယ်တို့အစဉ်အလာကို မင်း အလှည့်ကျမှ အပျက်မခံနိုင်ဘူး"

"ကိုယ်တို့အလှည့်ကလည်း ဒီလိုပဲ"

"ကိုယ့်သတို့သမီးကို နမ်းရမှာ ရှက်စရာမှ မဟုတ်တာကွ"

ဘုရားရေ။

ရိပ် ထိုင်နေရာမှ ဆတ်ခနဲ ထလျက်သားဖြစ်သွားၾ၊ ရိုးကို နမ်းခိုင်းမလို့တဲ့။ ရှက်စရာကောင်းလိုက်တာ။

"မင်္ဂလာဦးအနမ်း လက်ဆောင်ပေးထားမှ သတို့သမီး ရင်ခုန်နေမှာ၊ သတို့သမီး ရင်ခုန်မှ သတို့သား ဖိုသင်ရှိမှာပေါ့ ဒါမှား ပြင်းစရာ လား"

"နေရာချင်း လဲလိုက်ချင်တယ်ကွာ"

"ဟား ဟား ဟား"

သူ့ကို တွန်းထိုးပြောရင်း ယောကျ်ားတွေ အားလုံး ရယ်ကြ သည်က ရိပ် ခေါင်းမဖော်ရဲအောင် ဖြစ်ကာ အခန်းထောင့်ဘက် ပြေး





...သွားဆီးခါး ရှက်စိတ်တို့ကြောင့် ပြေးထွက်သွားချင်စဲ့ ခြေလှမ်းတွေက ...ည်း လမ်းပေါက်ရှာနေမိသည်။

"ဟဲ့ အချိန်မဆွဲနဲ့ကွာ"

"သတို့သားဖြစ်ပြီး ရှက်မနေနဲ့"

သူငယ်ချင်းတွေ ဗိအားပေးလေ သူ့မျက်နှာက အနီရောင် ...ပဝါလေးလွှမ်းထားသလို ရဲတက်သွား၏။ ရိပ် ရှောင်ပြေးဖို့ ဂါဝန်ကို ...ဘ ခြေလှမ်းတော့ ရဲနဲ့သော် ရိပ်မိသွား၏။ ရိပ်ကို တစ်ယောက် ...င်ဖက် ဆွဲထားပြီး

"ရိုးကလည်း သတို့သမီးဖြစ်နေတာလည်း သတိထားဦး"

"သတို့သမီးဖြစ်လာရင် ရှောင်လွှဲလို့ မရတာတွေ အများကြီး။ ...ာ်တို့တုန်းကလည်း ဒီလိုပါပဲ"

"ရှက်နေလို့ ပြီးတာမှမဟုတ်တာ"

"အို"

သူငယ်ချင်းတွေကလည်း တစ်မှောင့်။ ရိပ်တို့အကြောင်းတွေ ...မှမသိဘဲနဲ့။ ရိပ်နဲ့သူက ချစ်သူတွေလည်း မဟုတ်။

တကယ် လက်ထပ်ပေါင်းသင်းမယ့် စုံတွဲလည်းမဟုတ်ဘဲနဲ့။

နှစ်ယောက်သား အသိမှ သူ ငြင်းနေတဲ့ကြားက သူ့သူငယ်ချင်း ...ရဲ့ အထောင်းအကျပ် ဖြစ်နေသလို ရိပ်ကိုလည်း သူငယ်ချင်းတွေက ...ပေးနေပြန်ပြီ။

ခဏချိန်မှာ ထောင်ပါတစ်ခုံလောက်ရရင် နှစ်ဖက်သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဝေးရာကို ရိပ် ပျံပြေးသွားချင်ရဲ့။

"တိုင်း မြန်မြန်လုပ်ကွာ"

"ဟာ မင်းတို့"

"မင်းတို့တွေ ဘာတွေ လုပ်မနေနဲ့၊ သတို့သမီးကို အနှမ်း လက်ဆောင် မပေးမချင်း မင်္ဂလာပွဲထွက်ခွင့်မပေးဘူး"

"ဟုတ်တယ် ထောက်ခံတယ်"

ကိုသက်တို့ရဲ့အသံတွေ ယောကျ်ားတွေက ဒီလိုနေရာမှာ တိုင်ပင်စရာ ညှိနှိုင်းစရာ မလိုအောင် ညီညွတ်နေသည်က စိတ်ဆိုးချင်စရာကောင်း၏။

"ကဲ ကင်မရာမင်းတွေ အသင့်ပြင်ထား၊ ပုံကောင်းကောင်း ထွက်အောင် သေချာချိန် ရယ်ဒီ"

သူ့ သူငယ်ချင်း ပိုင်သစ် ဦးဆောင်ပြောတော့ ကင်မရာမင်း သုံးယောက်မျက်နှာက ပြုံးအီသွား၏။ ကင်မရာတွေကိုလည်း ရိပ်နဲ့သူဆီ ချိန်လာ၏။

သူ့သူငယ်ချင်းတွေနဲ့ ကိုသက်တို့ လက်ပိုက်ရပ်ကာ ပြုံးပြုံးကြီး ကြည့်လာသည်။

သော်တို့နဲ့ ကွယ်ပြီးပုန်းနေမိတဲ့ ရိပ်ဆီ သူ့ကို သူ့သူငယ်ချင်းတွေ တွန်းရွှေ့သလို သော်နဲ့ရဲကလည်း ရိပ်အပါးမှ ဖဲ့ခွာသွား၏။

အိုး ရိပ် ဘယ်လို ရင်ဆိုင်ရမလဲ၊ လောကတစ်ကမ်းအကျွာမှာ၊ သူ့နဲ့ရိပ်။





သူ့ကိုယ်သင်းရနံ့ပို၍ မွှေးသလို ပျံ့သင်းလာသည်က ရိပ် ရင်ခုန်သံပြိုကျလုမတတ်။

သူငယ်ချင်းတွေရဲ့အတင်းအကျပ် အစီအစဉ်ကို လွန်ဆန်လို့ မရတဲ့ သူနဲ့ရိပ် အကြည့်တို့ ဖျတ်ခနဲဆုံ၏။

ရှက်သော အားနာသော ရှောင်လွှဲမရသော အကြောင်းတို့ ကြောင့် သူ့မျက်နှာချောချောက နီနီရွှေးရွှေး ဖြစ်နေသည်။

သော်နဲ့ရဲ မင်္ဂလာဆောင်စဉ် အနမ်းလက်ဆောင်ပေးတုန်းက ရင်မှာ ကြည်နူးခဲ့တာ အမှန်။

ရိပ်လည်း ရိပ်ချစ်သူနဲ့ မင်္ဂလာဆောင်ရင် ကြုံဆုံရဦးမယ့် ...အချိန်လေးကို စိတ်ကူးယဉ်ခံစားခဲ့ဖူးပေမယ့် တကယ်တမ်း ရင်ဆိုင် ...အခါ မလုံမလဲ မျက်ဝန်းတို့က သူ ပေးလာမယ့် အနမ်းလက်ဆောင် ...ကို မခံယူရဲအောင် စိတ်မလုံဖြစ်လာသည်။

သူက ရိပ်ကိုမှ မချစ်ဘဲ၊

သူငယ်ချင်းတွေ ပိတ်ဆို့ပြီး ဖိအားပေးနေလို့သာ ရှေ့တိုးခဲ့ ...အဖြစ်လေ။

"ကဗျာပွဲ့မနေနဲ့ကွ အချိန်မရှိဘူး"

"အနမ်းပန်းလေး ခြွေတာများ"

"ဘယ်လိုလဲ ကိုယ်တို့ ဦးဦးဖျားဖျား နမ်းပြရမလား"

"ဟား ဟား"

သူ့သူငယ်ချင်းတွေ ပြောကြ ရယ်ကြနဲ့ ဆူဆူညံညံ ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိပ်"

ဘယ်လိုရှောင်ရှောင် ရှောင်လို့မလွတ်ဘူးဆိုတဲ့အသံက သူ့ရင်ထဲမှ သူ့ရင်ထဲမှ လိမ့်ထွက်လာတော့ မျက်ဝန်းချင်းဆုံနေမိတဲ့ ရိပ် မျက်လွှာချပစ်ဖို့ မေ့နေခဲ့သည်။

"ကိုယ့်ကို နားလည်ပေးပါ"

နှစ်ကိုယ်ကြားရုံလေး သူပြောတာက နမ်းခွင့်မြှုပါ တောင်းဆိုသလို တောင်းပန်သလို။

သူ့မျက်ခုံးလှလှတို့မှ ရွှန်းလဲ့တဲ့အကြည့်တွေကြောင့် ရိပ် မျက်လွှာမေးကျသွားသည်က ခွင့်ပြုလိုက်တဲ့ သဘောလား။

သူ့ကို နားလည်ပေးလိုက်တာလား။ ရိပ် ခွဲခြားမရခင် သူ့လက်ချောင်းတို့က ရိပ် ပခုံးသားဆီ ရွရွလေးကျလာသည်က နွေးနွေးနဲ့။

ရိပ် ရင်ဖိုစွာ မျက်လွှာပင့်ကြည့်မိတော့ သူ့မျက်လုံးနှင့်နှုတ်ခမ်းတို့က ရိပ် နဖူးပြန့်ပြန့်ဆီမှာ။

"ရိပ် နဖူးလေးကို နမ်းမလို့လား"

အတွေးတို့ မဆုံးခင်

ဝိုင်းအုံကြည့်နေကြတဲ့ သူ့သူငယ်ချင်းတွေက ရယ်သံတွေနဲ့အတူ

"နဖူးလောက်ကို လက်မခံဘူးနော် တိုင်း"

သူ့ရင်မှာ မွန်းကြပ်သလို ဖြစ်လာသည်။ သူ့မျက်ဝန်းနဲ့ နှုတ်ခမ်းတို့က မိတ်ကပ်ရောင် စိုကြွနေတဲ့ ပါးပြင်အိအိလေးဆီ။

"ပါးပြင်ကို မင်္ဂလာဦးညမှ နှစ်ကိုယ်တည်းနမ်းရတာကွ"





"ဟုတ်တယ် ခုချိန်မှာ နှုတ်ခမ်းပဲ နမ်းရမှာကွ တိုးရ"

"နှုတ်ခမ်းလေးပဲ နမ်းစမ်းပါ"

သူ့သူငယ်ချင်းတွေရဲ့ အားမလိုအားမရအသံတွေ။ ရိပ် ပါးပြင်အိအိလေးက ရှက်ရဲတာ သွေးကြောလေးများ တုန်ခါသွား၏။

"တဲပါ မြန်မြန် နမ်း"

"နှုတ်ခမ်းပါးကိုပဲနော် ကိုယ် တစ်နှစ်သုံး ရေမယ် ရယ်ဒီ"

"ဟုတ်တယ်ကွ၊ သုံးဆိုရင် ပွဲအပြီး"

သူငယ်ချင်းတွေ အားတက်သရော ထောက်ခံပြန်သည်။ ထိုအသံတွေက မင်္ဂလာအနမ်းကို ရင်ခုန်စွာ ခံစားခဲ့ရသော သတို့သားအသစ်စက်စက်ဘဝကို ပြန်အောက်မေ့တမ်းတသော ရွှင်မြူးဖွယ်အသံတွေမှန်း သိသာလှသည်။

"တစ်"

သူ့သူငယ်ချင်း၊ ပိုင်သစ် အသံ။ ရိပ် မျက်လွှာလေးချကာ ခေါင်းလေးအလိုလို ငုံ့ကျသွားပြန်သွားသည်။ သူ့နှုတ်ခမ်း စိုလဲ့လဲ့ မျက်ဝန်းအကြည့်ကို ရင်မဆိုင်ရဲတာကြောင့်ပဲ ဖြစ်မယ်ထင်တယ်။

"ဟာ သတို့သမီး ခေါင်းငုံ့မနေနဲ့လေ"

"သတို့သမီး ခေါင်းငုံ့နေရင် သတို့သားက ကျောက်ရုပ်လို ငြိမ်မနေနဲ့၊ မေးဖျားလေး အသာပင့်မော့လိုက်"

ကာစ်မရှာင်းတွေက အားမလို အားမရပြောပြန်သည်။ မြန်မြန် လုပ်ရင် အေးရောဆိုတဲ့ သဘောနဲ့ ရိပ် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ သူ့လက်တစ်ဖက်ကို ရုပ်သည်။

သွယ်လျတဲ့ လက်ချောင်းတို့က ရိပ် မေးဖျားလေးကို ရွရွလေး ပင့်မော့လာတဲ့အခါ ရိပ် တစ်ကိုယ်လုံး ရှိန်းဖြာသွားသည်။

"နှစ်"

ပိုင်သစ်ရဲ့ ဒုတိယအချက်ပေးသံ။

သူ့မျက်လုံးတို့က စိုစိုဖိတ်ဖိတ် နီထွေးကာ တောင့်ချိုညိုသော နှုတ်ခမ်းဖူးဖူးလေးဆီ ရောက်သွားသည်နှင့် ရင်ခုန်သံတို့ ကတိမ်းကပါ။ မော့မော့လေးဖြစ်နေတဲ့ မျက်နှာဆီမှ နှုတ်ခမ်းတို့ကို တပ်မက်စွာပဲ ငေး ဖြစ်၏။

"သုံး"

နောက်ဆုံး အချက်ပေးသံအဆုံးမှာ ရိပ်နဲ့သူ၏အသိတရားဘို ရှောင်လွဲထိန်းချုပ်နေမှုတွေကို ကွာကျသွားစေသည်က ရုတ်ချည်း ဖြစ်၏။

နီးကပ်သွားတဲ့ မျက်နှာလှလှလေးနှစ်ခု

ထပ်တူကျသွားတဲ့ နှုတ်ခမ်းလေးနှစ်စုံက နွေးဆန်း အပြ အလှန် အိထွေးထွေးလေး ခံစားမိသွားသည်နှင့်

တဖျပ်ဖျပ်လင်းသွားတဲ့ ကင်မရာမီးတွေ

လက်ခုပ်သံတွေ

နုနုရွရွလေး ကြွေသွားတဲ့ အနမ်းဦး ရသနောက် ရှိန်းခ ဖိုလှိုက်နွေးဖြာသွားတဲ့ ရိပ် နှုတ်ခမ်းလွှာတို့က ဟာဟာလေးဖြစ်ကာ။





ရှက်စနိုးနဲ့ သူ့ရင်ခွင်ကို ဖွဖွလေးတွန်းပြီး ဂါဝန်မကာ ပြေး ထွက်ခဲ့မိသည်က မင်္ဂလာပွဲဆီသို့ဖြစ်၏။

သူငယ်ချင်းတွေရဲ့ ရယ်မောသံနောက်မှာ ယောက်ျားလေးတန်မဲ့ သူ့မျက်နှာ ရှက်လို့ ငုံ့ကျသွားခဲ့၏။

နှုတ်ခမ်းနှစ်စုံကတော့ နွေးကာမွှေးနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မင်္ဂလာပွဲစဉ်တစ်လျှောက် တိုင်း ရှာဘာ အသက်အောင့်မိ

အကြိမ်ကြိမ်။

ရိပ်ကိုလည်း မျက်နှာချင်းမဆိုင်ရဲအောင် အားနာနေမိသည်

မင်္ဂလာပွဲမထွက်ခင် ပိုင်သစ်တို့ အကျင်္ကိုင်တဲ့အစီအစဉ်

သူ ငြင်းလျက် ဖွတ်ချည်း ပိတ်စို့ပြီး နှမ်းဆိုင်းသော။

ရိပ်က သူ့ချစ်သူ ပန်းနုရောင် မဟုတ်ဘဲနဲ့။

မနမ်းရဲသလို မနမ်းရက်လို့ ငြင်းပေမယ့် အစဉ်အလာအတိုင်း

ပိုင်သစ်တို့ ဖွတ်လုပ်ခိုင်းတာ မလွန်ပေမယ့် ရိပ် စိတ်ထဲမှာ သူ့

အထင်သေးသွားမှာ စိုးရိမ်ရသည်။

ရိပ် မျက်နှာလေးကို မကြည့်ရဲအောင် ရှက်၍ အားနာသေ





ကြောင့် မင်္ဂလာပွဲပြီးသည်နှင့် တွဲချိတ်ထားတဲ့ လက်ကလေးကို ဖြုတ်ကာ သူ တစ်ကိုယ်တည်း နားနေခန်းထဲက ဆိုဖာရှည်မှာ စိတ်ပျက်စွာပစ်ထိုင်ရင်း ရှောင်ပုန်းနေမိသည်။

"ဝုန်း ဝုန်း"

ရှောင်နေပါတယ်ဆိုမှ တံခါးထုသံအကျယ်ကြီးပေါ်လာသည်။ သူ မင်္ဂလာဝတ်စုံချွတ်လဲဖို့ လုပ်နေပြီးမှ

"ဘယ်သူလဲ"

"ကိုယ်တို့ပါကွ"

ရယ်သံမြူးသျှက် ပေါ်ထွက်လာတဲ့ ပိုင်သစ် အသံ။

"တံခါးဖွင့်ကွာ မြန်မြန်"

"မင်းကို နှိပ်ကွပ်စရာ ကျန်သေးတယ်ကွ"

"ဟား ဟား ဟား"

ကောင်းမှုနဲ့ထည်ဝါ တို့ရဲ့အသံတွေနဲ့အတူ ပေါ်ထွက်လာတဲ့ ရယ်သံတွေက လေးငါးယောက်မက။

သူ့ကို ခုချိန်ထိ တကောက်ကောက်လိုက်ပြီး စိတ်အနှောင့်အယှက်ပေးနေတဲ့ သူငယ်ချင်းတွေနဲ့ ရင်မဆိုင်ချင်တော့။

"မင်းတို့ ပြန်ကြတော့ကွာ"

"မပြန်ဘူး ဝုန်း ဝုန်း"

"ဒုန်း ဒုန်း"

ပြောသံတွေက တံခါးထုသံတွေနဲ့ ရောထွေးပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်အချဉ်ပေါက်လာသည်။

"မင်းတို့ကွာ ကိုယ့်ကို ခေါင်းမစားကြနဲ့၊ ပြန်ကြတော့"

"ပြန်စရာလားကွ၊ မင်းရဲ့ ဘတ်ချလာနိုက်"

"ဟား ဟား"

ပိုင်သစ် ဦးဆောင် ပြောသံနောက် ကောင်းမှုတို့ရဲ့ ရယ်သံတွေ၊ သူ ခံပြင်းလာသည်။

ဘာ ဘတ်ချလာနိုက် လဲ။

အလိုက်ကန်းဆိုးမသိတဲ့ ကောင်တွေ။

ဒီမှာ ချစ်တဲ့သူကို စွန့်ပြီး မချစ်တဲ့သူကို လက်ထပ်ရတာ ရင်ဘတ်ဟင်းလင်းချည်း ပွင့်နေပြီ။ ဒယ်ဒီ ကျန်းမာရေးကြောင့်ဆိုတာ နည်းနည်းမှ မရိပ်မိတဲ့ အကောင်တွေ။

သူတို့စိတ်ထင် သူတို့ကောင်တွေလို လူပျိုမလုပ်ချင်တော့လို့ မိန်းမ ယူတယ်ထင်ပြီး ပွဲဆူချင်နေတာ။

မင်္ဂလာပွဲမစခင်ကတည်းက အကြောင်းကြောင်းကို ငဲ့ပြီ၊ မထွက်ခဲ့ရတဲ့ ဒေါသက ခုမှထောင်လာသည်။

ဆိုဖာပေါ်က ဝုန်းခနဲထရင်း တံခါးကို ဆွဲဖွင့်လိုက်သည်က သူငယ်ချင်းတွေကို ပျစ်ပျစ်နှစ်နှစ် ပြောဖို့ပဲဖြစ်သည်။

"ဝါး ဟား ဟား"

"သတို့သားလောင်း ဒီလိုရှောင်လို့မရကြေးလေကွာ"

ဝါးလုံးကွဲ ရယ်ရင်းအခန်းထဲ ဝင်လာကြတာ သူ့သူငယ်ချင်၊





တွေချည်း မဟုတ်။ ရိပ် သူငယ်ချင်းနှစ်ယောက်ရဲ့ ခင်ပွန်း ကိုသက်နဲ့ မောင်လည်း ပါ၏။

"ကျစ်"

သူ အတော် စိတ်ညစ်သွား၏။ ဆံပင်တွေကို ထိုးဖွရင်း

"မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲကွာ ဒီမှာ ညစ်နေတယ်ကွ"

"အံမယ် ညစ်တဲ့ရုပ်က"

"ဝါး ဟား ဟား"

ထည်ဝါ အရယ်ပျက်စနဲ့ လက်ညှိုးထိုးပြောတော့ နှစ်ဖက် သူငယ်ချင်းတွေ လက်ခုပ်တီးရယ်ပြန်သည်။

ဘယ့်နှယ်ကောင်တွေလဲ။

စိတ်ဆိုးမာန်ဆိုးပြောပစ်မယ့် သူ့ မျက်နှာပါ ထူထူပူပူ ပုံပြောင်း သွား၏။

"ဘာ ညစ်စရာလဲ၊ မင်္ဂလာဦးရမယ့် ကိစ္စကိုတွေးပြီး ရင်ခုန်စိတ် လှုပ်ရှားနေတယ် မဟုတ်လား"

"မှန်းစမ်း မင်းရင်ခုန်သံ"

ကောင်းမှုပြောရင်း သူ့ရင်ဘတ်ဆီ နားကပ်ထောင်၏။ သူ ပန်းကတမ်း ရှောင်ပြီး

"ဟာ မင်းတို့ကွာ ကိုယ် ဒေါသဖြစ်လာပြီ"

"ဒေါသ မဖြစ်နဲ့ ဟဲ ဟဲ၊ ဒေါသနဲ့ဆို ခရီးမရောက်ဘူးကွ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ လက်နှစ်ဖက်ခါးထောက်ကာ ဒေါသတကြီး တက်ခေါက် သော်လည်း ထိုကောင် တစ်စုလုံး မချိုမချဉ်မျက်နှာတွေနဲ့ ရယ်နေတာက သူ့ ပါရယ်ချင်လာသည်။ ရယ်ချင်စိတ်ကို ထိန်းရင်း

"မင်းတို့ မရယ်နဲ့၊ တကယ်ပြောတာကွ"

"ဘာကို မကျေနပ်တာလဲ"

ပိုင်သစ် အရယ်မျက်နှာ မဖျောက်ဘဲ သူနဲ့မျက်နှာချင်းဆိုင် ထိုင်ချပြီးမေးသည်။ သူ့ မျက်နှာလွှဲလျက်

"မင်္ဂလာပွဲ မစခင် သတို့သမီးကို"

"ဟား ဟား ဟား"

သူ့စကားမဆုံးခင် ဝိုင်းရယ်သံတွေ စီခနဲ ထွက်လာသည်။ သူ့ မျက်ခုံးနှစ်ဖက်တွန့်ကျုံ့ပြီး တစ်ယောက်ချင်းမျက်နှာတွေကို စိမ်းစိမ်း ချည်းကြည့်မိသည်။

"မင်းက ဒါကြောင့်ကိုး"

ကောင်းမှုက ပါးစပ်ပေါက်ကို လက်ဖဝါးနဲ့ပိတ်၍ အရယ်ရပ် အောင် ထိန်းပြော၏။ သူ့ အမြင်ကတ်ကတ်နဲ့

"ဟုတ်တယ် လုံးဝ မကျေနပ်ဘူးကွာ"

"ဘာဖြစ်လို့"

"ဟာ မင်းတို့ အတင်းချည်းနိုင်းတာ ရိပ်ကို ဘယ်လော အားနာဖို့ကောင်းလဲ"

"အားနာစရာမဟုတ်ဘူး ရင်ခုန်စရာ ဟား ဟား"





နှာခေါင်းကိုပွပြီး ထည်ဝါပြောတော့ ဆုပ်ထားမိတဲ့ သူ့လက်သီး က ထည်ဝါမျက်နှာကို လှမ်းထိုးလိုက်သည်က ချက်ချင်း။

ထည်ဝါက အကြောင်းသိမို့ လက်မတင်လေး ရှောင်ကာ အရယ် မရပ်ဘဲ

"မင်းပိုင်တဲ့ သတို့သမီးကို မင်း အနမ်းဦးလက်ဆောင်ပေး တာ၊ ဘာအားနာစရာလဲ၊ ကိုယ် တို့အလှည့်တုန်းက ဘာမှ အားမနာဘူး၊ မင်းလည်းသိသားနဲ့"

"ဟုတ်တယ်ကွ ဘာအားနာစရာလဲ၊ မင်္ဂလာပွဲမစခင် အနမ်းဦး လေးနဲ့ စရံသတ်ထားမှ"

သော် ခင်ပွန်း ကိုသက်က ပြုံးပြုံးယှက်ယှက်လေး ဝင်ပြော သည်။

ပြောလည်း ပြောတတ်တဲ့ ကိုသက်။

ကိုသက်အပြောကိုလည်း အားလုံးသော အပြုံးမျက်ဝန်းတွေ နဲ့ ထောက်ခံသည်က အမြင်ကတ်စရာ။

သူ့ ရှုတင်းတင်းကြည့်ပစ်တော့ ထည်ဝါ ပခုံးတိုက်ရင်း ပြန်ပြော သည်။

"အနမ်းဦး စရံသတ်လိုက်တော့ မင်္ဂလာဦးမယ့် သတို့သမီးက ရင်ခုန်တံခါးတွေ ဖွင့်နိုင်မှာပေါ့ကွ"

"ဟုတ်တယ် နို့မို့ဆို မင်းရဲ့မင်္ဂလာဦးခရီးနှောင့်နှေးနေမှာကွ၊ ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ရယ်နေကြတဲ့ မျက်နှာတွေကို ခွဲထိုးပစ်ချင်၏။

သူ့ချစ်သူမဟုတ်ဘဲနဲ့ နှုတ်ခမ်းကို သူ မနမ်းချင်။ အရဲစွန့် နမ်းလိုက်ရပေမယ့် ရင်မှာ တထိတ်ထိတ်။

ရိုပ် ပြဿနာပဲ ထလုပ်မလား။

ပါးပဲခွဲတီးမလား ဆိုတဲ့ ရင်ပူမှုတွေနဲ့ဖြစ်သည်။

ရိုပ် ဘာတစ်ခုမှထမလုပ်လို့ တော်သေးသည်၊ ပြဿနာ ဖြစ်ရင် မာမီ သူ့ကို ဆူလို့ခံုးမှာမဟုတ်ဘူး။ ဒယ်ဒီလည်း စိတ်ထိခိုက်သွားမှာ။

ရိုပ် နားလည်ပေးလို့သာပေါ့။

နောက်ပြီး ရိုပ်နဲ့လက်ထပ်တာ ဒီကောင်တွေ ဖီအားပေးနေသလို မင်္ဂလာဦးအရသာခံစားဖို့ မဟုတ်ဘူးဆိုတာ သူ ကိုယ်တိုင်သိနေ၏။

သူတို့သိအောင် ပြောပြလို့လဲ မသင့်သည်မို့ သူတို့ခြောက်ထိုးပြောသမျှ နားထောင်ရတာ ခံရခက်ခက်။

သူမှလွဲ၍ အားလုံးက အိမ်ထောင်ကျပြီးသားမို့ သူ့ကိုလည်း သူတို့လို ဖီလင်ဖြစ်အောင် အုပ်စုလိုက် အင်တိုက်အားတိုက် ဖိပြောနေကြတာ နားနဲ့မဆံ့။

"ဖန်သားရိုပ်က ရည်းစားတောင် မထားဖူးဘူးကွ၊ တကယ့် အရိုင်းလေးကွ"

"မင်းဘက်က အနမ်းဦးနဲ့ခြေလှမ်းစထားမှ"

"ဟုတ်တယ် မင်း အနမ်းလက်ဆောင်လည်း ပေးလိုက်တော့ ရိုပ် ရင်တွေဘာတွေ ပရမ်းပတာ ခုန်သွားတော မင်း အမြင်ပဲ"





"ရိုပ် ရင်ခုန်နေမှ မင်းမင်္ဂလာဦးက တကယ့် ပျားရည်ဆမ်း ဖြစ်နေမယ်၊ ဒါကြောင့် ကိုယ်တို့ အားပေးတာ"

ကိုသက်နဲ့မောင်ကလည်း မျက်နှာပြောင်ပြောင်နဲ့ပင် ရွဲ့ရွဲ့နစ်နစ် ပြောပြန်၏။

"ပျားရည်ဆမ်းရုံမက အချစ်ပါ ဆမ်းသွားဖို့လိုတယ်ကွ"

"ဟုတ်တယ်ကွ၊ အချစ်တွေ ဘာတွေ အားလုံးဆမ်းနိုင်ဖို့ လာသွားနို့"

ပြောရုံနဲ့ အားမရသေး။ အားလုံးထရပ်ကာ သူ့ကို ဝိုင်းဆွဲပြန်သည်။ သူ့မျက်နှာက မှောင်တူးသွား၏။ လက်တွေကို ဖယ်ချရင်း

"ဘယ်သွားမလို့လဲ"

"ရက်စတော့ရင့်"

သူ့ ရင်ခွင် ဗူခနဲဖြစ်သွား၏။

"မသွားဘူး"

"မသွားလို့ မရဘူး။ မင်းရဲ့ မင်္ဂလာဦး ခရီးစဉ်ပေါက်မြောက် အောင်မြင်ဖို့ ကိုယ်တို့ အစွမ်းကုန် အားဖြည့်ပေးဖို့ပါကွ"

"မင်းအတွက် မင်းရင်ခွင်အတွက် ဟား ဟား"

ပြောရင်း ရယ်ရင်း ဆွဲနေတော့ အများနဲ့တစ်ယောက်မို့ သူ ရှုံးနိုင်။

"ကိုယ် မသောက်ဘူးကွာ"

"ဘာတ်ချလာနိုက်လေ မသောက်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရင်"

"ဟား ဟား"

တစ်စုံတစ်ရာကို ရည်ညွှန်းပြောရင်း ရယ်ကြသည်က အုတ်အုတ်ကျက်ကျက်။

"ဟဲ့ ကိုယ် တကယ်ပြောတာ၊ ကိုယ် မသောက်ပါရစေနဲ့ကွာ မသောက်ပါရစေနဲ့"

သူ အတန်တန်ငြင်းနေတဲ့ကြားက ရယ်သံတွေနဲ့အတူ ဆွဲခေါ်သွားရာနောက် ရှောင်ချိန်မရှိဘဲ ပါသွားရသည်က မင်္ဂလာဝတ်စုံချွတ်မလဲရသေးတဲ့ ကိုယ်နှင့်ဖြစ်သည်။

ဟင့်အင်း။

သူ သောက်လို့မဖြစ်ဘူးဆိုတဲ့ အသိကို အကြိမ်ကြိမ် ရေရွတ်နေမိသည်။

"မသောက်ပါရစေနဲ့ကွာ"

▣ ▣ ▣



## အခန်း (၅)

"ဒုန်း ဒုန်း"

အသံတွေကြောင့် ဖျတ်ခနဲ လန့်နိုးသွား၏။

မှုန်ထလိုက်တော့ ကိုယ်သုံးလေးက ဒရင်းဘတ်ပေါ်မှာမှန်း သိဝင်လာသည်။

သူ့ကို သူ့သူငယ်ချင်းတွေဆွဲခေါ်ကြစဉ်က ရိပ်က ခမ်းခမ်းနား ပြင်ဆင်ထားတဲ့ မင်္ဂလာဦးအခန်းထဲမှာ။

ရိပ် အပါးမှာ ဘော်နဲ့ရဲ ရှိနေလို့ တော်သေးတယ်။ သူလည်း မလိုက်ဖိသိ ဝင်မလာလို့ပေါ့။

သူငယ်ချင်းတွေ ဆွဲခေါ်ရာနောက် သူ ပါသွားမှန်းသိမှ ရိပ် သီမသာ သက်မလေးချမိသည်။ ရဲရဲက ဂါဝန်နောက်ဖစ်ဆွဲချမှ ရိပ်



www.burmeseclassic.com

www.burmeseclassic.com



အသိဝင်လာသည်။ မင်္ဂလာဝတ်စုံချွတ်၍ အရိပ်ခက်လေးများပါတဲ့ အဖြူရောင် အပေါ်အောက် တစ်ဆက်တည်းဂါဝန်နှင့် လဲဝတ်လိုက်သည်။

ကိုယ်ပေါ်မှာဆင်ထားတဲ့ စိန်ထည်တွေကို သော် အရင်ဆုံး ကျွတ်၍ မှန်တင်ခုံပေါ်စီချထားသည်ကို ငေးကြည့်ပြီးမှ ရတနာဘူးကြီးထဲ သပ်သပ်ရပ်ရပ် စီထည့်လိုက်သည်။

ဆံပင်တို့ကို ဒီအတိုင်းလေး ဖြန့်ချလိုက်တဲ့ သတို့သမီး အသစ်စက်စက်လေးက ဘယ်လိုပုံလေးပဲ ဖြစ်နေနေ မတို့ရက် မထိရက်စရာ လှနေတာပဲလို့ သော်နဲ့ရဲ စိတ်ထဲမှာ မှတ်ချက်ပေးပြီးသား။

အနမ်းဦးလေးကြောင့် အရှက်မပြေယ်သေးသော စိုလဲ့လဲ့ မျက်နှာလေးက မွေ့ရာကအစ လိုက်ကာတွေပါမကျန် ပန်းနုရောင်ပြေးနေသော မင်္ဂလာရနံ့သင်းနေတဲ့ မင်္ဂလာအိပ်ရာခမ်းနားကြောင့် အနီရောင်နှင်းဆီပွင့်ဖတ်ကလေးလို အရောင်ရဲသွားလိုက်

ပန်းဆီရောင် ရင့်ရင့်လို အရောင်စိုသွားလိုက်နှင့်။

"ရိပ် ရှက်နေတာလား"

သော်က ရိပ် မျက်နှာလေးကို အလွတ်မပေးဘဲ ကြည့်ရင်း မေးကာမှ ပိုဆိုးသွား၏။

ရိပ် မျက်နှာလေး ဖိတ်ဖိတ်တောက်သလို ရဲစိုသွားပြီး

"ရှက်တာပေါ့၊ သော်တို့က သူတို့တွေနဲ့ တကြိတ်တည်း တစ်ဉာဏ်တည်းဥစ္စာ၊ သူငယ်ချင်းအရင်းချည်းဖြစ်ပြီး အားကိုးလို့ မရဘူး သွား"





ရိပ် ပြောရင်း မှန်တင်ခုံရှေ့က ဆိုဖာခုံမှာ ထိုင်လိုက်မိသည်။ မျက်နှာကိုလည်း သူငယ်ချင်းတွေဘက် လှည့်ချင်စိတ်မရှိ။

ရဲ ကပြုံး၍ မင်္ဂလာဂါဝန်ရှည်ကြီးကို သော်နဲ့အတူ ပင့်၍ မွေ့ရာအိစက်စက်ပေါ်ဖြန့်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်၍ ပါကင်ဖိတ်ထဲ ထည့်သည်။

ပြီးမှ ရိပ် ပခုံးလေးကို ဖွဖွလေးဖက်၍ မှန်ထဲက ရိပ် မျက်နှာလေးကို စိုက်ကြည့်ပြီး

"ရိပ်ကလည်း ဒါ ရှက်စရာမှမဟုတ်တာ"

"အို ရှက်စရာပေါ့"

"ရိပ် ရယ်၊ နမ်းတာတောင် ရှက်နေရင် ရှေ့ဆက်ဒီထက်ပိုပြီး ရှက်ရဦးမှာ"

"ဟာ ဘာတွေလဲ သွား လာမပြောကြနဲ့"

ရိပ် မျက်နှာလေး ပူခနဲဖြစ်ကာ ပြန်ပြောလိုက်သည်က ရင်ခုန်သံတွေကို ထိန်းရင်းပဲဖြစ်သည်။

သော်နဲ့ရဲ ကြည်နူးစွာ ပြုံးနေသည်က တည်တည်တံ့တံ့လေးပဲ ဖြစ်သည်။

ခမ်းနားလှတဲ့ ရင်ခုန်ဖွယ် မင်္ဂလာအိပ်ခန်းထဲ ရောက်နှင့်နေတဲ့ သတို့သမီး အသစ်စက်စက်လေးက ထိုမျှထိ ရှက်မနေသင့်ဘူးဆိုတဲ့ မျက်ဝန်းလေးနဲ့ ပြိုင်တူကြည့်ကြပြန်သည်။

ရိပ် ဘာကိုမှ တွေးမနေချင်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်က သတို့သမီးလေးဖြစ်နေပေမယ့် သတို့သမီး စစ်စစ် မဟုတ်တဲ့ အယောင်ဆောင် သတို့သမီးဆိုတာ သူငယ်ချင်းတွေ မသိတဲ့နဲ့။

မင်္ဂလာအိပ်ခန်းထဲ ဝင်နေရတာတောင် ထိပ်ပြာမလုံ။ အန်တီက မင်္ဂလာပွဲပြီးတာနဲ့ ဒီအခန်းထဲခေါ်ခဲ့ပြီး

"ဒါ သမီးနဲ့သား အိပ်ခန်းပဲ"

လို့ပြောပြီး ထားခဲ့တာလေ။ သူငယ်ချင်းတွေ အပေါ်ခေါ်ပြီး ရိပ် နေနေခဲ့ရတာ။ စိတ်က သိပ်မလုံချင်။

တကယ်ဆို ရိပ်က ရိပ်ရဲ့ အပျိုစင်အခန်းထဲမှာပဲ နေချင်တာ။ အန်တီတို့က ချွေးမကို အပါခေါ်သွားမယ်ဆိုပြီး မေမေတို့ဆီမှာ ခွင့်တောင်းတာလေ။

မေမေတို့ကလည်း ရယ်ရယ်မောမောပဲ ထည့်ပေးလိုက်တယ်။ ရိပ် သဘောကိုမေးပါတော့လား။

အခုတော့ ထိပ်ပြာမလုံချင်စရာကောင်းတဲ့ မင်္ဂလာဦးအခန်းထဲမှာ သော်တို့ကလည်း ရိပ်ကို စည်းရုံးသိမ်းသွင်းလျက်

စကားလုံးတွေက နားရှက်စရာတွေချည်း။

"ကဲ သွားပါတော့"

ရိပ် နားဆင်ရတာ ရှက်စိတ်တွေနှင့် ရှုန်းကြွလာတော့ သူငယ်ချင်းနှစ်ယောက်ကို တွန်းပစ်ရင်း အခန်းတံခါးပိတ်လျက် တစ်ကိုယ်တည်း အရှက်ဖြေနေခဲ့မိတာ။ ဒါတောင်

"ရှက်တဲ့စိတ်လေး လျော့ပစ်လိုက်၊ ရင်ခုန်ကြည်နူးစရာတွေ





ဖြစ်လာမယ် ရိပ်ရဲ့"

"တိုင်း ပေးတဲ့ မင်္ဂလာအနမ်းလေး ခံယူပြီး ကြည်နူးသလို မင်္ဂလာဦးညကလည်း တွေးလိုက်တိုင်း ကြည်နူးရမှာလေ၊ ရှက်စိတ်ကို တင်းမထားနဲ့နော်၊ ပွဲလေး ဖယ်ချလိုက် ဟင့် ဟင့်"

နောက်ဆုံးပြောသွားတာက ရိပ် စိတ်ကို နွေးနွေးချည်း လှုပ်ခတ်နေစေသည်။

သူငယ်ချင်းတွေကို ဒေါသထွက်ရကောင်းနိုးနိုး စိတ်ဆိုးရကောင်းနိုးနိုးနဲ့ ပြောသွားတဲ့ စကားလုံးတွေ နားထဲတိုးဝင်မလာအောင် ဖုံးခါရင်း အခန်းထဲ အသင့်ရှိနေတဲ့ ဒရမ်းဘာတ်ကို ဖြန့်ခင်းရင်း သက်တောင့်သက်သာ လှဲနေခဲ့တာ။

မင်္ဂလာပွဲစဉ် တစ်လျှောက် ရှက်တာ၊ ရင်ခုန်တာ၊ မလုံမလဲဖြစ်တာ အားလုံးရောသမကာ စိတ်က ပန်းနေတော့ လှဲနေရင်းနှင့်ပဲ မှေးခနဲ အိပ်ပျော်သွားတာဖြစ်မယ်။

တအုန်းအုန်း ခြေသံကျယ်ကြောင့် နိုးလာတဲ့ ရိပ် မျက်လုံးတို့က နံရံကပ်နာရီကို မော့ကြည့်တော့ ညဉ့်တစ်နာရီနဲ့ ဆယ်မိနစ်။

အလို

ရိပ် ရင်မှာလှိုင်းကလေးထသွားသော်၊

အချိန်တွေ ဒီလောက်ကြာအောင် နှစ်နှစ်ခြိုက်ခြိုက် ရိပ် အိပ်ပျော်သွားတာလား။ သူ ရော။

အခုမှ အသိတို့ပြေးဝင်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းတွေ ဆွဲခေါ်သွားတာ ပြန်မရောက်သေးတာလား။ ဒါမှမဟုတ် တစ်နေရာရာမှာ တမင်ရှောင်နေတာလား။

"ဒုန်း ဒုန်း"

ဆိုတဲ့ ခြေသံတွေ ပိုကျယ်လာသည်၊ ထိုအသံတွေက လှေကားထစ်တွေဆီမှ ရိပ် အခန်းဆီ ဦးတည်လာသလိုလို။

"ဖြည်းဖြည်းကွ"

လုံးလုံးထွေးထွေး ဖြစ်နေတဲ့ အသံက သူ့အသံမဟုတ်မှန်း ရိပ် သိလိုက်သည်။ ကိုသက် အသံလိုလို မောင့် အသံလိုလို။

"မသောက်တူးတဲ့ အေ့၊ သောက်တော့လည်း မီးကုန်ယမ်းကုန်"

"သောက်မှာပေါ့၊ ဒီ ဒီညက ဘတ်ချလာနိုက်လေ အေ့"

"ဟား ဟား ဟား"

"ဒုန်း ဒုန်း"

ရယ်သံတွေ မူးသံတွေ အာလေးလျှာလေး ပြောသံတွေက လေးငါးခြောက်ယောက်မက။

"ရိပ် တံခါးဖွင့် ဗျာ"

"မြန် မြန် ဖွင့်"

"ဒီ ဒီ မှာ ရိပ်ရဲ့ သတို့သားလောင်း၊ ညလုံးပေါက် မနိုပ်စက်ချင်လို့ လာပို့တာ၊ တံခါးဖွင့်ပြီး ကြိုပါကွာ"

အာလေးလျှာလေး အသံတွေက တစ်ယောက် တစ်ပေါက်ဆီပေါ်ထွက်လာသည်။ ပြီးတော့ တံခါးကိုလည်း တရစပ်ထုလာသည်၊





ရိပ် ဘယ်လိုလုပ်ရမလဲ။

သူ အရက်တွေသောက်လာတာ ဖြစ်မယ်။ သူ့ သူငယ်ချင်းတွေအားလုံး တွဲပြီးလာပို့တာဆိုရင် သူ လူမှန်းသူမှန်းမသိအောင် မူးနေလို့ဖြစ်မယ်။

ရိပ် တံခါးဖွင့်မပေးရင်ကော။

သူ့ မိတသိရင် ရိပ်ကို အပြစ်ဖွဲ့နေမလား။ သူကရော ဘယ်လိုပြင်မလဲ။

"ရိပ် တံခါးဖွင့် ပေးကွာ၊ ဒီမှာ ဖွင့်မပေးရင် အခန်းပြင်မှာပဲ တားခဲ့မှာနော်"

သူ့ သူငယ်ချင်းတစ်ယောက်ရဲ့အသံ။

"ကိုယ်တို့ တာဝန်ကျေချင်လို့ အခန်းထဲအထိ ပို့ပေးချင်တာ၊ တံခါး ဖွင့် မပေးရင် တော့ ဂုန်း"

"ဟင်"

ကိုယ်လုံးလေး တုန်ခါသွားသည်။ သူ့ကို သူ့သူငယ်ချင်းတွေထဲချလိုက်ပြီလား၊ ချစ်ရတဲ့ သူဆိုတော့လည်း သူ နာကျင်သွားမှာပဲလို့တွေးမိသလို လက်တို့ကလည်း တံခါးကို ဖျပ်ခနဲ ဆွဲဖွင့်ပြီးသား ဖြစ်သွားသည်။

တံခါးဖွင့်လိုက်သည်နှင့် ပြိုကျလာတဲ့ ကိုယ်တစ်ခု။

"အို"

ရိပ်ပါ လန်ကျမတတ် ဖြစ်သွား၏။ ရိပ် ကိုယ်ကို ကမန်းက



www.burmeseclassic.com

www.burmeseclassic.com



တမ်းထိန်းရင်း ပြုကျလာတဲ့ ကိုယ်လုံးကို ရိုပ် လက်ချောင်းတို့နဲ့ မနိုင့်တနိုင် ထိန်းလိုက်မိသည်။

"တိုင်း ဂွတ်နိုက်"

"ဂွတ်နိုက်"

သူ့ သူငယ်ချင်းတွေ မှုးမှုးယိုင်ယိုင် နှုတ်ဆက် ထွက်ခွာသွားပေမယ့် သူ ပြန်၍ နှုတ်မဆက်နိုင်။

မနိုင်တနိုင် ဖြစ်နေတဲ့ သူ့ကိုယ်ကို တွဲရင်း ခုတင်ပေါ်ချွဲတင်လိုက်တဲ့အခါ နှစ်ယောက်သား လုံးထွေးလျက် မွေ့ရာပေါ် အိခနဲ ကျ၏။

ယမကာနံ့တွေနဲ့အတူ သူ့ ကိုယ်သင်းရနံ့က မွှေးနေတော့လည်း အနမ်းဦးကြောင့် နွေးနေသော ရိုပ် နှုတ်ခမ်းလွှာတို့က ရှောင်ဖယ်ဖို့ အင်အားမဲ့သလို ဖြစ်သွား၏။

တိုင်း ရယ်

ရိုပ် နှလုံးသားထဲက ချစ်ခြင်းကို ခံစားတတ်ရင် သိပ်ကောင်းမှာပဲဆိုတဲ့ တောင့်တချက်က အပြာရောင်အချစ်ညကို ရှေ့ရှုရင်းနဲ့ ဖြစ်သည်။

▣ ▣ ▣



အခန်း (၈)

သူ အသိဝင်လာတော့ အသစ်ရနံ့မွှေးထုံနေတဲ့ မွေ့ရာအိအိပေါ်မှာ။ ဘယ်က ဘယ်လို မွေ့ရာ အသစ်စက်စက်ပေါ် ရောက်နေတာလဲ။

မေးခွန်းတို့က ပုံရိပ်တွေကို ပြန်မြင်ယောင်စေသည်။

ကောင်းမှုတို့ ခွဲခေါ်ရာနောက် ငြင်းနေတဲ့ကြားက ပါသွားတဲ့ (ပ)ူ ဒီကောင်တွေ အုပ်စု နှိပ်စက်သမျှ ခံရသည်က တစ်ခွက်ပြီးတစ်ခွက် (ပ)င့်တိုက်တဲ့ အရက်တွေ။

မသောက်ဘူးလို့ အတန်တန်ငြင်းပေမယ့် မရခဲ့။ သူ့ သူငယ်ချင်းတွေ ဝိုင်းတိုက်သမျှ သူ ဘယ်လောက်သောက်မိသည် မသိ။

နဂိုတည်းက အရက်ကြိုက်တတ်တဲ့ သူကလည်း ငြင်းမရတော့ဆုံး သောက်မိသည်က နောက်ဆုံးအသိက စားပွဲပေါ်မှောက်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ။

နောက် ဘာတွေဖြစ်ကုန်လဲ။

သူ့ကို ဒီမွေ့ရာပေါ် ဘယ်သူလာတင်တာလဲ။

မျက်လုံးတို့ အားတင်းဖွင့်လိုက်တော့ ပန်းနုလွင်နေသော ဇာခြင်ထောင်အမိုးကို မြင်ရမှ အဖြူရောင်လွှမ်းသော သူ့အိပ်ရာမဟုတ်မှန်း သိလိုက်သည်။

မျက်ခုံးနှစ်ဖက်တွန့်ခေါက်လျက် စဉ်းစားမိတော့ အသိစိတ်က စိုးရိမ်လန့်ဖြန့်စိတ်ကလေး ဖြစ်ကာ မွေ့ရာပေါ်က ရုန်းချီထလျက်သား ဖြစ်သွားသည်။

"ဟင်"

အခုမှ သတိထားမိသည်။ သူ ချွတ်မလဲခဲ့သော မင်္ဂလာဝတ်စုံက သူ့ကိုယ်ပေါ်မှာ ရှိမနေ။

သူ ကိုယ်တိုင် မဝတ်ခဲ့သော ညအိပ်ဝတ်စုံပွပွက သူ့ကိုယ်ပေါ် ဖရိုဖရဲ။

စိတ်မဝင်စားလို့ မာမီစိတ်တိုင်းကျပြင်ဆင်ထားတဲ့ မင်္ဂလာအိပ်ရာခန်းကို တစ်ချက်ကလေး ငဲ့မကြည့်ခဲ့တဲ့ သူ့ကိုယ်က ခုတော့ မင်္ဂလာမွေ့ရာပေါ်မှာ။

သူ ဘယ်ဘက်ကို ငဲ့ကြည့်တော့ အိပ်ရာခင်းနုနုလေးက အရှုံ့ငယ် တွန့်လျက်။

တစ်ခန်းလုံးဝေ့ကြည့်လိုက်တော့ ပန်းနုရောင်တွေချည်း၊ လွှ[illegible]





နေသည်၊ ပြီးတော့ မှန်တင်ခုံပေါ်မှာ မိန်းကလေးအသုံးအဆောင် အလှပြင်ပစ္စည်းတချို့။

ခုတင်ခြေရင်း နံရံမှာချိတ်ထားတဲ့ ဝတ်ထားပြီးသား ဂါဝန်အင်္ကျီ ပြည်တာစ်ထည်။

မှားကုန်ပြီလား၊ လွန်ကုန်ပြီလားဆိုတဲ့ အသိက သူ့ရင်ထဲ လျှင်အမြန်းစား လှုပ်ခတ်သလို ဖြစ်ကုန်သည်။

"ဖန်သာ၊ ရိုပ်"

အသိတရားက ခေါ်လိုက်ပေမယ့် ရင်ဘတ်ထဲက လှိုင်းတွေကြောင့် အသံက အပြင်ထွက်မလာဘဲ လည်မျိုအောက်မှာ နစ်မြုပ်သွား၏။

သူ့ ဆံပင်တွေကို စိတ်ပျက်စွာထိုးဖွရင်း မွေ့ရာပေါ်က ဆင်းပြီး ရေချိုးခန်းဘက် မသိမသာငဲ့ကြည့်မိသည်။

ရိုပ် အသံမကြားရ။

ဘယ်ရောက်နေလဲ ရိုပ် ရယ်။

ရိုပ် မျက်နှာလေးကို တစ်ချက်ကြည့်ပြီး အကဲခတ်မိတဲ့ စိတ်က လှုပ်ရှားလာသည်။

"ရိုပ်က မင်းချစ်သူ ပန်းနုရောင် မဟုတ်ပေမယ့် မင်းပေးတဲ့ ဆုမ်းလက်ဆောင်ကို ကျေကျေနပ်နပ် ခံယူခဲ့ပြီပဲ၊ မင်း ရင်ခုန်သံ ပြမှာပါကွာ ဟား ဟား"

သူငယ်ချင်းတွေသောက်ရင်း စားရင်းပြောခဲ့ တွန်းခဲ့တဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်ကြားယောင်ရင်း ရင်မှာ ထူပူလာသည်။

သူ ဘာမှမသိလိုက်တဲ့ အဖြစ်အပျက်တွေက သူ့သူငယ်ချင်းတွေ အားပေးခဲ့သလို ဖြစ်ခဲ့ပြီလား။

အတွေးတို့က ရင်မှာ မလုံမလဲဖြစ်ကာ။

ရိပ် မျက်နှာလေးကို အကဲခတ်ကြည့်ချင်စိတ်တို့က ရေနွေးအိုးလို ဆူလျက်။

ထိုစဉ်

အခန်းထဲက ထွက်သွားတဲ့ ကြော့ကြော့နွဲ့နွဲ့ ပုံရိပ်လေး

"ရိပ်"

သူ ခေါ်လိုက်ပေမယ့် ပိတုန်းရောင်ဖြာနေတဲ့ ဆံနွယ်စလေးတွေ လွင့်မျောသွားသည်က ရုတ်ချည်းပဲဖြစ်သည်။

ရိပ် ရယ်

ရိပ် ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ချင်ပါတယ်။

▣ ▣ ▣

ထမင်းစားခန်းထဲ လှမ်းဝင်သည်နှင့် ချွေးမချောချောက်နှာ နှ(?)လေးကို မြင်ရတော့ ဒေါ်သီရိခေတ် တအံ့တသြလေးဖြစ်သွားသည်၊

"အို့ သမီး ဘာတွေလုပ်နေတာလဲ"

"အန်တီတို့အတွက် မနက်စာပြင်ပေးမလို့"

"အို မလုပ်ရဘူး"

ကော်ဖီဖျော်ဖို့ ပြင်ဆင်နေတဲ့ လက်ကလေးနှစ်ဖက်ကို ဒေါ်သီရိခေတ် သည်းသည်းလှုပ်ဆွဲယူရင်း

"ရိပ်လေး ဘာမှလုပ်စရာ အလိုဘူး၊ ဒေါ်မျိုး လုပ်လိမ့်မယ်၊ ဒေါ်မျိုး ရေ ဒေါ်မျိုး"

ရိပ် လက်ကိုဆွဲလည်းဆွဲ ပြောလည်းပြောရင်း ဒေါ်မျိုးကို လည်းမြှင့်ခေါ်လိုက်သည်။ ဒေါ်မျိုး ပျာပျာသလဲ ထမင်းစားခန်းထဲ ပြေးဝင်လာပြီး

"ဘာခိုင်းမလို့လဲ မမ"

"ဒီမှာ ရိပ်လေး အလုပ်တွေလုပ်နေတာ မတားဘူးလား"

"ဒေါ်မျိုး တားပါတယ် ရိပ်က"

ဒေါ်မျိုးက အန်တီဆူမှာနိုးသလို ရိပ် ဖွတ်လုပ်တာကိုလည်း တားမရတဲ့အခိုး ယောကျ်ာမနဲ့ချွေးမကြား ချွေးပျံမတတ်ဖြစ်နေပြီ။

"ဟုတ်ပါတယ် အန်တီ၊ ဒေါ်မျိုး တားပါတယ်၊ ရိပ် ဝင်လုပ်တာပါ၊ အိမ်မှာဆို ရိပ်ပဲ မနက်စာပြင်ဆင်ပေးနေကျလေ၊ အဲဒါကြောင့် အန်တီတို့အတွက် ပြင်ပေးမလို့ပါ"

"အို မဟုတ်တာ၊ မလုပ်ရဘူး လာ လာ"

အလိုက်သိနေတဲ့ ချွေးမကို ချစ်မဝနိုင်ဖြစ်ကာ ထမင်းစားခန်းထဲက တယုတယ ဆွဲထုတ်ခဲ့မိသည်က သမီးရင်းလေးလို ချစ်လို့ပဲဖြစ်သည်။

"အန်တီတို့ကို သမီး ဘာမှလုပ်ပေးဖို့ မလိုပါဘူးကွယ်"

"ရိပ် မပင်ပန်းပါဘူး အန်တီရဲ့"





www.burmeseclassic.com

www.burmeseclassic.com



"မခိုင်းရက်လို့ပါ ရိပ်လေးရယ်၊ သမီး စေတနာကို အန်တီ သိပါတယ်၊ ဒါပေမဲ့ သမီး ရိပ်လေး တစ်ခုခုလုပ်နေတာမြင်ရင် သမီး အန်ကယ် စိတ်မကောင်းဖြစ်နေမှာ၊ ဒါကြောင့် ဘာအလုပ်မှ ဝင်မလုပ်ပါနဲ့နော် ရိပ်လေး"

ရိပ် မသိမသာ သက်မလေးချမိသည်။

"သမီး မေမေကိုလည်း အန်တီ ပြောပြီးသား၊ သမီးလေးကို ပန်းကလေးတစ်ပွင့်လို တယုတယ အလှကြည့်ချင်လို့ ခွေးမတော်တာပါ လို့"

တတွတ်တွတ်ပြောရင်း ရိပ်ကို တိုက်မျက်နှာရှိ ရောင်စုံပန်းခင်း ဆီ တယုတယ ခေါ်လာသည်။

"သမီးလေး အန်တီတို့ဆီ ပြောင်းနေရတာ စိတ်ပျော်ရဲ့လား"

ရိပ် ဆံနွယ်လေးကို ကြင်နာစွာသပ်ရင်း မေးသည်။ ရိပ် နှုတ်ခမ်းလေးစေ့ကာ ခေါင်းအသာဆတ်ပြီး

"ပျော်ပါတယ် အန်တီ"

"ဟုတ်ရဲ့လား သမီး"

ရိပ် မျက်နှာလေးကို စေ့စေ့စပ်စပ် ကြည့်ရင်းမေးပြန်သည်။ ရိပ်က သူ့ရနံ့လေးရှူရှိုက်ခွင့်ရနေတဲ့အတွက် ရင်ထဲမှာပျော်မိပေမယ့် အသိတရားတို့ဖြင့်မပျော်။ ဒါပေမဲ့ အန်တီကို စိတ်ချမ်းသာစေချင်တယ်လေ၊

"ပျော်ပါတယ် အန်တီ"

ရိပ် ဖော့ပြောမိသည်။





"သားကော"

အန်တီ လှတ်ခနဲမေးတော့ ရိပ် မျက်နှာလေး ရဲခနဲဖြစ်ကာ ...စ်ခွပန်းရုံဘက် မျက်နှာလွှဲပြီး သက်မလေးချပြောမိသည်။

"မနိုးသေးဘူး"

"သားက အိပ်ရေးမက်တယ်၊ ဒါနဲ့ သားနဲ့ပတ်သက်ပြီး သမီး ...တ်ထဲမှာ တစ်ခုခုဖြစ်နေတာ ရှိလား"

"အို မ မရှိပါဘူး အန်တီ"

ရိပ် ကတုန်ကယင်လေး ဖြေလိုက်မိသည်။

ဒေါ်သီရိခေတ် မသိမသာ သက်မချရင်း ခွေးမချောကို တိတ် ...က်စွာ ငေးကြည့်မိသည်က အတန်ကြာ။

အပွင့်နုတ်နုတ်ကလေးများပါတဲ့ အပျော့သား ခါးသိမ်ဂါဝန် ...ပုံလေးဝတ်ထားရုံနဲ့ ရိပ် ကိုယ်ဟန်နွဲ့နွဲ့လေးက ချစ်စရာကောင်းနေ ...ပေမယ့် သားက ချစ်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်လေးက မိခင်ရင်မှာ ...ကောင်းနေတာ အမှန်။

သားအကြောင်း မိခင်သိနှင့်တယ်လေ။

ဖခင် ကျန်းမာရေးကြောင့်သာ ရိပ်ကို လက်ခံခဲ့တာ။ ရိပ်လေး ... ပြတ်မြတ်နိုးနိုး မပေါင်းဘဲ ဘေးဖယ်ဆက်ဆံမှာကို မိခင် မနှစ်မြို့။

ညကလည်း သူ့ သူငယ်ချင်းတွေဆွဲခေါ်သွားတာကို အကြောင်း ...၊ ထွက်သွားတာ ညဉ့်နက်မှ သူငယ်ချင်းတွေ လာပို့လို့ ပြန်ရောက် ...တော့လည်း လူမှန်းသူမှန်းမသိအောင် မူးလို့။



www.burmeseclassic.com

www.burmeseclassic.com



မူးနေတဲ့သားအတွက် ရိပ်လေး စိတ်ညီးညူမှုလည်း စိုးရိမ်မိတာအမှန်။ ဘာပဲဖြစ်ဖြစ် သားအပေါ် ချွေးမ ကြည်ကြည်ဖြူဖြူ ရှိစေချင်သည်။

ချွေးမကကြည်ဖြူမှ သားက ပန်းနုရောင်ဆိုတဲ့ မိန်းကလေးဆီ စိတ်လည်မသွားမှာ။

"ဘာ ဘာဖြစ်လို့လဲ အန်တီ၊ ရိပ် ကိုပြောပြလို့ရပါတယ်"

ချွေးမက မျက်လွှာပင့်ကြည့်ရင်း မေးလာမှ ဒေါ်သီရိခေတ် အသိဝင်လာသည်။

အတွေးတို့ကြောင့် မှိုင်တွေသွားတဲ့ မျက်နှာပေးကို ပုံမှန်အတိုင်း ဖြစ်အောင် ပြုပြင်ကာ ပြုံးပြီး

"ဟိုလေ သားက အပျော်မက်တယ်၊ သူငယ်ချင်းတွေနဲ့တွေ့ရင် ထမင်းမေ့၊ ဟင်းမေ့ပဲသိလား။ ပြီးတော့ သောက်တတ်တယ်လေ၊ အဲဒါကြောင့် သမီး စိတ်ထဲမှာ တစ်ခုခုဖြစ်နေမလားလို့"

"ဟင့်အင်း မဖြစ်ပါဘူး"

ရိပ် မျက်လွှာချပြောလိုက်တော့ ဒေါ်သီရိခေတ် နှုတ်ခမ်းတို့၌ ရှိချင်တဲ့အပြုံးတို့ ပို၍ပီပြင်လာသည်။

"ဒါဆို သားကို နားလည်တယ်ပေါ့"

ရိပ် မေးဖျားလေးကို ကိုင်ပြီးမေးလာတော့ ရိပ် ခေါင်းမော့ ဖြစ်ကာ ရှက်မျက်လွှာလေး ကျသွား၏။

"သားကို နားလည်တဲ့အတွက် အန်တီ ကျေးဇူးတင်ပါတယ်





သမီးရယ်"

ရိပ် နဖူးလေးကို ငုံ့မွှေးရင်း ပြောတဲ့ ဒေါ်သီရိခေတ်ရင်မှာ ကြည်နူးမှုဖြစ်သည်။

ရှက်မပြယ်ဖြစ်နေတဲ့ ချွေးမချောလေး နဖူးပြေပြေလေးက ပဲလာဦးမွှေးရနံ့လေး သင်းလျက်။

"သမီး သား နိုးပြီလား၊ သွားကြည့်ပါဦး"

"ဟုတ်"

"မနိုးသေးရင် မနှိုးနဲ့နော်"

ခေါင်းကလေးငုံ့၍ ထွက်သွားတော့ ဖားလျားချထားတဲ့ ဆံပင်လေး လှုပ်လှုပ်ပ နှံ့ခါသွားသည်က ပန်းကလေးယိမ်းကနေသည့်နှယ်။

လှလိုက်တာ ရိပ်လေးရယ်။

▣ ▣ ▣

"ရိပ်"

အခန်းထဲ ဝင်လာသည်နှင့် ခေါ်လိုက်သည်က ကမန်းကတမ်း။

ရိပ် မော့ကြည့်တော့ အိုးရိမ်စိတ်နဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ ပျူက ညအိပ်ဝတ်စုံ ဖရိုဖရဲနှင့်။

"နိုးပြီလား"

ပုံမှန်အသံလေးနဲ့ ရိပ်မေးလိုက်တော့ သူ ခြေလှမ်းရှေ့တိုးလာရင်း

"အင်း ဒါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာရှိလဲ ပြောလေ"

ရိပ် မျက်လွှာချရင်းမေးတော့ သူ ဆံပင်တွေကို ဖွပစ်ရင်း မလုံမလဲ မျက်နှာထူထူချည်းနှင့်

"ဟို ဟို လေ ညက ကိုယ် မူး မူးပြီး"

သူ ရှေ့ဆက်ပြောမထွက်သလို ဖြစ်သွား၏။ ရိပ် ခုတင်ဆီ ရွှေ့သွားပြီး လုံးထွေးနေတဲ့ ခြုံစောင်ကို ဖြန့်ခေါက်လျက်

"မူးနေတာကလွဲပြီး ရိပ်အတွက် ဘာမှအနှောင့်အယှက်မှ မဖြစ်ပါဘူး"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟို တစ်ခုခုများ"

သူ မျက်နှာပူပူနဲ့ပဲ ခပ်လေးလေးပြောသည်က ရိပ် ရင်မှာ နွေးခနဲဖြစ်ပေမယ့်

ဟင့်အင်းလို့ ခေါင်းခါငြင်းလိုက်မိတဲ့အတွက် ဝမ်းနည်းခြင်း နှောင့်တရခြင်း မဖြစ်မိပါ။

ရိပ် ငြင်းလိုက်မှ သူ့ရင်ထဲက အလုံးကြီးကျသွားတာ အသက်ဝဝ ရှူလိုက်နိုင်သည်။

"ကိုယ်က စိုးရိမ်သွားတာ၊ ရိပ်ဆီက ကိုယ် အခွင့်အရေး ယူသလို ဖြစ်သွားမှာလေ၊ ကိုယ့်ကြောင့် ရိပ်ဘဝကို အစွန်းအထင်း မဖြစ်စေချင်တာ ကိုယ့် ရင်ထဲက ဆန္ဒအမှန်ပါ"





ရိပ် အိပ်ရာခင်းကို ဆွဲဆန့်မလို့လုပ်ပြီးမှ မဆွဲဆန့်ဖြစ်ဘဲ သူ့ကို ငေးကြည့်မိသည်။ သူက တစ်ကိုယ်တည်းပြောသလို ပြောရင်း ရေချိုး ခန်းဘက် ပေါ့ပါးစွာ ခြေလှမ်းသွား၏။

ရိပ် ဘဝကို အစွန်းအထင်း မဖြစ်စေချင်ဘူးတဲ့၊ ရိပ် နှလုံးသား မှာ သူ့အံ နမ်းဦး စွန်းထင်းခဲ့ပြီဆိုတာ မေ့နေရှာသလား တိုင်းရယ်။

ရိပ် ကြောင့် သူ့ရင်ဘတ်ထဲ တစ်ခုခုဖြစ်မနေစေချင်တာ ရိပ် ဆန္ဒအမှန်ပါ။

လွတ်သပ်ပေါ့ပါးနေတဲ့ သူ့ရင်ခုန်သံ ပျံ့ဝဲချင်တဲ့ဆီ ပျံ့ဝဲပါစေ လေး

ဘာဖြစ်လို့လဲဆိုတော့

ရိပ်ကို သူ မချစ်ဘူးဆိုတာ ရိပ် သိတယ်လေ။

အနိုကာယ် ဆုံးသွားရင် သူ့ကိုပြန်ကွာပေးရမယ်ဆိုတာလည်း ရိပ် သိတာပဲ၊

သူနဲ့ပတ်သက်သမျှ အရာရာကို ဘယ်သူမှမသိအောင် ဖုံးဖိ ထုပ်ခံစားရမယ်ဆိုတာလည်း ရိပ် အသိဆုံးပဲဟာ။

ဒါတင်မကာ

ရိပ်ဘဝ၊ ရိပ်နှလုံးသား၊ ရိပ်ခံစားချက်အားလုံး နစ်နာမှာ ကူညီ မငဲ့လာမအောင်ခင်ကတည်းက ကြိုသိခဲ့ပြီပဲ။

အရာရာအကြောင်းကြောင်းကို သိသိချည်းနဲ့ သူ့ကိုချစ်မိတာ ကျော်ခုတည်းကို ရှေ့ရှုပြီး သူနဲ့ပတ်သက်သမျှ ဘာကိုမှ နောင်တ မရဖို့



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ကိုယ်ရိပ် ဆုံးမပြီးသား။

ကျေနပ်စွာ လက်ခံပြီးသားပါ တိုင်းရေယာ။

■ ■ ■



## အခန်း (၉)

"နုလေး"

"မခေါ်နဲ့ သွား"

ခြေထောက်ကလေး ဆောင့်ကာ သတ်ကောက်ကောက်လေး ရှေ့က ပျောက်ထွက်သွားတဲ့ ချစ်သူကို တိုင်း အပြစ်မယူရက်။

"နုလေး တိုင်း ပြောပြနေတာ နားထောင်ပေးကွာ"

"မထောင်ဘူး သွား။ နုလေးကို မေ့လိုက်တော့၊ မလာနဲ့ သွား"

"နုလေးကလည်းကွာ"

"ဘာမှ ကွာတွေ ဘာတွေ လာမလုပ်နဲ့၊ နုလေးအပေါ် တိုင်း နှိပ်စက်တာ သိပ်တရားလွန်နေပြီ သိရဲ့လား ဟွန်း"

တိုင်း တကောက်ကောက် လိုက်ချော့နေတော့ နုလေး ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပစ်ပြီး တိုင်း မျက်နှာကို နာနာကျင်ကျင် ကြည့်လိုက်သည်။

"တိုင်း သိပါတယ် နုလေး"

"သိနေရင် ဘာလို့လိုက်လာတာလဲ၊ တိုင်းဘာတိုင်း ဖနိုးသားမိုးနဲ့ နစ်ပါးသွားကပေါ့"

"ပြောချင်သလို ပြောပါတော့ နုလေးရယ်"

"ပြောမှာပေါ့၊ တိုင်းက နုလေး အသည်းခွဲတဲ့လူ၊ အတွသားဘေး သွား မလာနဲ့၊ နုလေးနဲ့ လုံးဝမျက်နှာချင်းဆိုင်ဖို့ မကြိုးစားနဲ့တော့၊ သွား မချစ်ဘူး ဟီး ဟီး ဟီး"

ပြောလည်းပြော ဝမ်းပန်းတနည်း ဟီးခနဲငိုချကာ မျက်နှာလေးကို လက်ဖဝါးနဲ့အုပ်ရင်း တိုင်းရှေ့က ကော့ကော့လေး လျှောက်ထွက်သွားတော့ နုလေး လက်ကိုင်အိတ် လျောခနဲ ကျသွားသည်။

တိုင်း မသိမသာ သက်မချကာ နုလေးရဲ့ ငွေလက်ကိုင်အိတ်ကို ကောက်၍ ချစ်သူကို ငေးလျက် အခြေအနေကို စောင့်ကြည့်မိတာ အတန်ကြာ။

ဒူးဖုံးရုံ ကိုယ်ကျပ်ဘောင်းဘီရှည်အနက်၊ လက်ကြိုးတစ်ချောင်းတည်းပါတဲ့ မီးပုံးလို ခါးပွပွ ပေါင်စည်းအင်္ကျီလေးက သွယ်လျသော နုလေး ကိုယ်လုံးနှင့် လိုက်ဖက်တဲ့ ဖက်ရှင်လေးဖြစ်သည်။

စတော်ဘယ်ရီရောင် ရဲထွတ်နေအောင် ဆေးဆိုးထားတဲ့ နှုတ်ခမ်းစု ချွန်ချွန်လေးက အင်္ကျီအရောင်နဲ့ တစ်ထပ်တည်းကျနေ၊ ပခုံးပေါ် လှိုင်းတွန့်ဖွာကျနေတဲ့ ရွှေအိုရောင် ဆံပင်တို့နှင့် ဘိုဆန်သ





မျက်နှာသွယ်လေးက ဝမ်းနည်းကာ တအီအီငိုနေရှာတဲ့ နုလေး အပြုအမူ တွေနဲ့ မလိုက်ဖက်မှန်း တိုင်း သိသည်။

တိုင်း သက်မအကြိမ်ကြိမ်ချရင်း

နုလေး လက်ကိုင်အိတ်ကို တယုတယ ကိုင်ကာ နုလေးကို မျက်ခြေမပြတ် စောင့်ကြည့်ရင်း လျှောက်ခဲ့သည်မှာ နုလေး ကျေနပ်တဲ့ ဘထိ ချော့မယ်ဆိုတဲ့ ခြေလှမ်းတွေနဲ့ဖြစ်သည်။

တိုင်းကို မျက်ခြေပြတ်အောင် ကန်ဘောင်ပေါ်အုပ်စုလိုက် ပြတ်သွားဖြတ်လာ လုပ်နေကြတဲ့ လူတွေထဲ တိုးကာ ကန်စပ်ဘက်သို့ တက်ကွေ့ရင်း တအီအီ ငိုသျှက် ရှောင်ခဲ့မိတာက ချစ်တဲ့ဒေါသစိတ်ကြောင့် ဖြစ်သည်။

ကမ်းစပ်က လက်တစ်ဖက်မကာ ရှိသော သက်ရင့်ပင်ကြီး ပင်စည်နောက် ပုန်းကွယ်လိုက်တဲ့ နုလေးကို တိုင်း မြင်တော့လည်း သက်ရင့်ပင်ကြီးဆီ ခြေလှမ်းတို့ ဦးတည်သွား၏။

ပင်စည်ရင်းက သစ်ရွက်ခြောက်တွေပေါ် ထိုင်ကာ ထောင်ထား တဲ့ ဒူးကလေးနှစ်ဖက်ပေါ် မျက်နှာမှောက်လျက် ငိုနေတဲ့ နုလေးကို သူ ကြင်ကြင်နာနာ ချော့ခွင့်ရချင်သည်။

"နုလေး"

အားနာလို အားမရနေခါ်ရင်း ဒူး ခေါင်းလေးညွှတ် ကိုယ်လေး ကိုင်းကာ နုလေး ဘေးမှာကပ်လျက်ထိုင်ချမိသည်။

"ဟီး ဟီး မ လာနဲ့ သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံလေး ပိုကျယ်လာကာ ထ ထွက်သွားပြီပြင်တဲ့ နုလေးကို ထွက်သွားခွင့်မပေးချင်တော့။ အကြင်နာလက်တို့က သိုင်းဖက်လျက် ရင်ခွင်ထဲဆွဲသွင်းလိုက်ရုံနဲ့ နုလေး ကိုယ်လုံးနွဲ့နွဲ့လေးက အိခနဲ ပြိုကျလာသည်။

"နုရယ် တိုင်းကို နားလည်ပေးပါကွာ၊ အချိန်တစ်ခုအထိ တိုင်းကို ခွင့်လွှတ်ပေးပါ၊ နုလေးကို တိုင်း ရက်စက်ချင်လို့မှ မဟုတ်တဲ"

"ဘာလို့ မရက်စက်ရမှာလဲ၊ ချစ်သူတွေဖြစ်ပြီး နုလေးသဘော တစ်ခုမှမလိုက်လျောတာ တိုင်း ရက်စက်လို့ပေါ့ ဟင့် ဟင့်"

ဒေါသမျက်ဝန်းတို့မှ စီးကျနေတဲ့ မျက်ရည်တို့နှင့်အတူ တိုင်းကို မော့ကြည့်ရင်း ကြေကြေကွဲကွဲ ရှိုက်တဲ့အသံနောက်က နုလေး မှာကျ နပ်ချက်က ဘာလဲဆိုတာ သူသိချင်မိ၏။

သိချင်စိတ်နှင့် နုလေး မေးဖျားသွယ်သွယ်လေးကို ကြင်နာစွာ ပင့်မော့ကိုင်လိုက်ပြီး

"ပြောလေ နုလေး ဘာကိုမခံစားနိုင်တာလဲ၊ နုလေး ပြော တိုင်း သိမှာပေါ့"

"ဟွန်း ဘာမသိချင်ယောင်ဆောင်တာလဲ"

"တကယ် မသိလို့ပါ နုလေးရယ်"

မျက်ဝန်းအိမ်ကျယ်သော နုလေး မျက်ဝန်းက အနည်းငယ် ဟနေတဲ့ တိုင်း နှုတ်ခမ်းနှစ်လွှာကို စိုက်ကြည့်သလို နုလေး လက်ချောင်း သွယ်သွယ်လေးက တိုင်း နှုတ်ခမ်းဆီ ရောက်လာပြီး





"တိုင်း နှုတ်ခမ်းက ဖန်သားရိုပ်ကို ဘာလို့ နမ်းရတာလဲလို့"

"ဟင်"

နုလေး မေးသံနောက်မှာ သူ့ မျက်ခုံးနှစ်ဖက်တွန့်ခေါက်ကာ သူ့မျက်ဝန်းက နုလေး နှုတ်ခမ်းဆူဆူလေးကို စိုက်ကြည့်မိတဲ့နောက် တိုင်း စုမှ သတိရသလို ဖြစ်သွား၏။

ငိုင်းပြည့်ပြည့် မျက်နှာလေးဆီမှ ထူးထူးခြားခြား ထင်နေသော မေးချိုင့်ရာလေးအပေါ်ရှိ ဒိုလုံ့စုတွေးနေသော နှုတ်ခမ်းလေးကို ငုံကြည့် မိဝဉ္စ် စိတ်တို့က သူငယ်ချင်းတွေ ဖွတ်ခိုင်းနေတယ်ဆိုတဲ့ အသိတွေနဲ့ မဟုတ်ဘဲ တကယ် နမ်းမိတာ ရင်ထဲက ဆန္ဒနဲ့ဖြစ်ကြောင်း ခုမှ ခံစား ရသလိုဖြစ်၏၊

"ဖြေလေ၊ ဘာဖြစ်လို့ နမ်းရတာလဲ"

လက်သီးဆုပ်ဖွဖွနဲ့ ရင်ခွင်ကို ထုရင်၊ ဝမ်းနည်းတကြီး ထပ်ဆင့် မေးသံလေး နဲ့ နှုတ်ခမ်းဆီမှ လျှံကျလာမှ တိုင်း အသိဝင်လာသည်။

"ပြောလေ မညာနဲ့ ဘာလို့နမ်းရတာလဲ"

"ဟို ဟိုလေ ပိုင်သစ်တို့ ထည့်ဝါတို့ ဖွတ်ချည်းခိုင်းလို့ပါကွာ"

"မယုံဘူး မယုံဘူး၊ လုံးဝ မယုံဘူး"

ပန်းပွင့်ကိုက် ဆံပင်လေးလွှင့်မတတ် ခေါင်းခါရင်း နုလေးငြင်း တော့ တိုင်း မလုံမလဲဖြစ်သွား၏။

သူငယ်ချင်းတွေ ဖိအားကြောင့် နမ်းခဲ့ပေမယ့် သူ့ဆန္ဒ တကယ် မပါဘူးလို့ သူကိုယ်သူ မယုံရဲတာ သူကိုယ်တိုင် သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် နုလေး ယုံကြည်ဖို့လိုတာယ်လေ။

"တကယ်ပါ နုလေးရယ်၊ သူငယ်ချင်းတွေကြောင့်"

"ဘာ သူငယ်ချင်းတွေကြောင့်လဲ၊ ကြည့်စမ်းပါ သေချာ ကြည့်စမ်းပါ တိုင်းရယ်"

အဖျားခတ်တုန်ယင်သံလေးနဲ့ ပြောရင်း တိုင်းလက်ထဲက နုလေးလက်ကိုင်အိတ်ဖွင့်ကာ ဓာတ်ပုံဆွဲယူထိုးပြလိုက်သည်။

"ကြည့်လေ သူငယ်ချင်းတွေ ဖွတ်နိုင်းလို့လား၊ တကယ် နမ်းခဲ့တာလား ဆိုတာ"

ဓာတ်ပုံကို သေချာယူကြည့်လိုက်တော့မှ သူ့ဆန္ဒနဲ့မှန်း ပို၍ သိသာသွား၏။

ပန်းသွေးရောင် စိုလဲ့နေသော နှုတ်ခမ်းလှလှလေးပေါ် အိအိကလေး ထိတွေ့နေတဲ့ သူ့နှုတ်ခမ်းတို့ နမ်းရှိုက်လိုက်တဲ့ဟန်က အသက်ဝင်နေသည်။ ရင်ထဲက ဆန္ဒနဲ့မဟုတ်ဘူးလို့ ငြင်းမရအောင် ပီပြင်လွန်းကာ။

"ငြင်းချင်သေးလား"

ဆောင့်အောင့်နေတဲ့ နုလေးအသံကြောင့် ဓာတ်ပုံပေါ်မှ အကြည့်လွှဲကာ ဟန်မပျက်အောင်ထိန်းရင်း

"နု နုလေးရယ် မယုံရင် ဟိုကောင်တွေကို မေးကြည့်ပါ။ ဟိုကောင်တွေကြောင့်ပါ"

"ဟီး ဓာတ်ပုံက သက်သေပြတာတောင် ငြင်းချင်နေသေး၊





တယ်၊ တိုင်းကို ရှေ့ဆက်ဘယ်လိုယုံရမလဲ ပြောစမ်းပါ၊ ကိုတိုင်းဝဏ္ဏရဲ့ ဟီး ဟီး"

ပြောလည်းပြော ငိုလည်းငိုနေရှာတဲ့ နုလေး ခံစားချက်ကို တိုင်း တနာမိတာ ရင်ထဲမှပဲဖြစ်သည်။

ဓာတ်ပုံကို ရှပ်အင်္ကျီအိတ်ထဲ သူကိုယ်တိုင် ထည့်သိမ်းလိုက်ပြီး နုလေး လက်ဖျားလေးကို ဆွဲယူ၍

"တိုင်း တောင်းပန်ပါတယ် နုလေးရယ်"

"မတောင်းပန်နဲ့၊ ဟိုမိန်းမကလည်း ဘာဖြစ်လို့ အနမ်းခံရတာလဲ၊ သူ့ချစ်သူလည်း မဟုတ်ဘဲနဲ့"

ချစ်တဲ့စိတ်က သဝန်တိုတတ်သလို ရန်လည်း လိုတတ်တယ်ဆိုတာ တိုင်း ခုမှ နားလည်စပြုလာသည်။

နုလေး ကျေနပ်အောင် သူ အတင်းကျမ်းကျိန်ရှာ ပွေ့ဖက် ထားမိတာ အခါသတွေနဲ့ရှုန်းထွက် ပြေးမသွားစေဖို့ဘဲ ဖြစ်သည်။

"ပြောလေ တိုင်းရဲ့၊ တိုင်းကို ရှေ့ဆက်ပြီး နုလေး ဘယ်လို ယုံကြည်ရမှာလဲ၊ ခုလည်း ဟိုမိန်းမနဲ့ပေါင်းပြီးလာတာ မဟုတ်လား"

"ဘာလို့ ပေါင်းရမှာလဲကွာ"

"ပြောလို့ရမလား။ နမ်းတဲ့ပုံကိုက ချစ်သူကို နမ်းသလို တယုတယနဲ့ တမ်းတမ်းမက်မက် ချည်း။ ချစ်သူဖြစ်နေတဲ့ နုလေးကိုတောင် ပြီး တစ်ခါမှမနမ်းဘဲ ဟို မိန်းမကို တကယ် နမ်းခဲ့မှတော့ ယုံနိုင်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုစိတ်နဲ့ပြောနေတဲ့ နုလေးကို အပြစ်မဖွဲ့ရက်ပါ။ နုလေး ပြောရင်လည်းပြောချင်စရာ။

နုလေးနဲ့သူက နားအလည်ဆုံး သူငယ်ချင်းတွေအဖြစ် နှ… ကာလ ရှည်စွာ တွဲခဲ့ရာက အလိုလို ချစ်သူတွေဖြစ်လာတာ။

ချစ်တယ်လို့ သူ ဖွင့်ပြောတာမျိုးလည်းမရှိခဲ့။ မူဟန်နွဲ့နွဲ့လေး နဲ့ သူ့အပေါ် ဆိုးနေချွဲနေတာလေးတွေကို သာယာနေမိတဲ့ သူ့ရင်ခွင်… နုလေး ယိုင်ကျလာတော့လည်း သူ မစိမ်းကားရက်တာ အမှန်။

နုလေးကတော့ သူ့ကိုချစ်တယ်လို့ တပွပွပြောပြီး ရစ်နှောင်လ… တော့လည်း သာယာယစ်မူးမိငြဲ့ စိတ်က ချစ်သူအဖြစ် လက်ခံခဲ့… လေးနှစ်ကျော်ခဲ့ပြီလေ။

ပါးပေမယ့် ပိပိရိရိရှိကာ ဆေးသားရဲရဲလေးကြောင့် လှပ… နေတဲ့ နုလေး နှုတ်ခမ်းကိုငေးကြည့်မိရုံကလွဲပြီး ယစ်မူးဖွယ်အနမ်း တစ်ကြိမ်တလေမှ မခြွေခဲ့တာ ဘာကြောင့်မှန်း သူကိုယ်တိုင် မသိ…

ချစ်သူကို မနမ်းခဲ့တဲ့ နှုတ်ခမ်းတို့က ရိုပ်ကိုမှ နမ်းခဲ့မိ… ဘာကြောင့်ပါလိမ့်။

အဖြေကို စဉ်းစားနေဖို့ထက် လောလောဆယ် ချစ်သူ စိတ်… နပ်စေဖို့သာ ဆန္ဒတို့ဖြစ်နေတော့

စတော်ဘယ်ရီရောင်ရဲအောင် ဆေးခြယ်ထားတဲ့ နုလေး … ခမ်းဆူဆူလေးကို သူ့လက်ညှိုးလေးနဲ့ တယုတယ တို့ထိလျက်

"ယုံပါ နုလေးရယ်"





"မယုံဘူး"

"ဘာဖြစ်လို့လဲ နုလေးရယ်"

"တွန်း၊ နုလေးကိုတော့ မနမ်းဘဲနဲ့ ဟိုမိန်းမကို ဦးဦးဖျားဖျား …ားနမ်းတော့ နုလေး အသည်းမကွဲဘဲနေမလား"

"နုလေး အသည်းမကွဲအောင် တိုင်း ဘာလုပ်ပေးရမလဲ …ပါလေ"

"ဟွန်း"

နှာခေါင်းလုံးလုံးလေးတွန့်ကာ မျက်စောင်းထိုးလိုက်တဲ့ နုလေးက …ကောင်းတာမှန်း သူ နားလည်လိုက်သည်။

ရင်ခွင်ထဲရောက်နေတဲ့ မျက်နှာလေးက မော့လျက်ဖြစ်နေတော့ …ပြီ၊ ချစ်သူစောင့်တာမှုကို ဖြည့်ဆည်းပေးဖို့ သူ နှုတ်ခမ်းလေး တိုးရွှေ့ …ားတော့

"သွား ခုမှ လာမနမ်းနဲ့"

သူ့မေးဖျားကို တွန်းဖယ်ရင်း စိတ်ဆိုးဟန်နှင့်ပြောပြန်တော့ …ရင်မှာ စိတ်မကောင်းဖြစ်မိသည်။

"ဘာဖြစ်လို့လဲ နုလေးရယ်"

"ဟို မိန်းမကို နမ်းခဲ့တဲ့ နှုတ်ခမ်းကိုရွံလို့"

နမ်းခွင့်မပေးတော့လည်း ချစ်သူ နှစ်သိမ့်နိုင်ဖို့ပါးချင်းကပ် …ားလိုက်မှ ချစ်သူ ပါးပြင်မှာ မျက်ရည်တွေမခြောက်သေးမှန်း သူသိ …သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ နုလေးရယ်"

လက်ချောင်းလေးကလည်း ချစ်သူ့ပါးပေါ်က မျက်ရည်စတို့ ယုယုယယ ဖွဖွလေးသုတ်ပေးသည်။

"ဆောရီးပြောပြီး နောက်တစ်ခါ နမ်းကြည့်"

"မနမ်းပါဘူးကွာ"

သဝန်တိုစိတ်နဲ့ စူးစိုက်ကြည့်ကာ မေးတော့လည်း ခေါင်းညိတ်ကာ ကတိပေးမိပြန်သည်။

"ဒါပဲနော် ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်၊ နောက်ပြီး ဖန်သားရိပ်နဲ့ တိတ်တိတ်လေး ပေါင်းဖို့ စိတ်မကူးနဲ့"

"နုလေးကလည်းကွာ"

"ဟုတ်တယ်လေ၊ နေတော့လည်း ထစ်ခနဲဆိုအတွေးတွေ တိတ်တိတ်လေး ပေါင်းမနေဘူးလို့ နုလေး ယုံကြည်ဖို့ ခက်တယ်လေ"

ချစ်သူနဲ့ရင်ခွင်ချင်းနီးနေပေမယ့် သူ့စိတ်က ဟိုးအဝေးဆီ ထပျံ့သွားတဲ့ ကျေးငှက်ဆီ လွင့်မျောသွား၏။

"နုလေး ပြောတာ ကြားရဲ့လား"

"ကြားပါတယ်၊ နုလေးရယ်၊ တိုင်းကို အစစအရာရာ နားလည်ပေးနိုင်တဲ့ နုလေးနဲ့ပဲ ပေါင်းချင်တာပါကွယ်"

နုလေး မျက်နှာကို ငုံ့ကြည့်ရင်းပြောတော့လည်း၊ နုလေးရင်ထဲ ကြည်နူးသွားရသည်သာ။

"နုလေးကလည်း တိုင်းနဲ့ဘဝတစ်သက်လုံး ချစ်ခွင့်ရမယ်ဆိုရင်





တိုင်း ဆန္ဒကို လိုက်လျောခဲ့တာ၊ ပြန်စဉ်းစားကြည့်ရင် နုလေး ချစ်တဲ့ တိုင်းကို တခြားမိန်းမနဲ့လက်ထပ်ခွင့်ပေးဖို့ဆိုတာ"

"တိုင်း နားလည်ပါတယ်ကွယ်"

"ပိုပြီး နားလည်နေဖို့လိုတယ်နော်၊ ဖန်သားရိပ်နဲ့ မပေါင်းမိစေနဲ့"

"စိတ်ချပါ တိုင်းက ရိပ်နဲ့ပေါင်းချင်လို့ လက်ထပ်ခဲ့တာမှ မဟုတ်တာ၊ ဒယ်ဒီ ကျန်းမာရေးကြောင့်ပါကွာ၊ နောက်ဆုံးထွက်သက်အထိ စိတ်ချမ်းသာစေချင်တဲ့ ဒယ်ဒီဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ပါ နုလေးရယ်"

"နုလေးကလည်း၊ တိုင်း ဆန္ဒကို ပါရမီဖြည့်တဲ့အနေနဲ့ အသည်းကွဲခံပြီး၊ ဖြည့်ဆည်းပေးရတာပါ၊ နုလေး နှလုံးသား ဒီထက်ပိုမကွဲချင်ဘူး တိုင်းရယ်"

နူးညံ့ပျော့ဝင်းစွာပြောရင်း ရင်ခွင်ထဲ တိုးဝင်လာတဲ့ နုလေးကို မတွေးဖက်ထားရပေမယ့် အရင်လို မြတ်မြတ်နိုးနိုးချည်း မဟုတ်တာ သူကိုယ်သူ သတိထားမိလာသည်။

"ကဲပါ နုလေး တိုင်းကို ရှေ့ဆက် ယုံကြည်ပေးပါကွယ်"

"ဒါပဲနော် တိုင်း ဒယ်ဒီ ဆုံးသွားရင်"

သူ့ သက်မရှည်ကြီး ခိုးချမိပြီးမှ

"နုလေး ဆန္ဒအတိုင်းဖြစ်စေရမယ်၊ တိုင်း ကတိပေးထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေတဲ့ နုလေး နှလုံးသားက တိုင်းထင်သင့်ကတဲပေး တော့လည်း ကြည်နူးမိသည်က တသိမ့်သိမ့်ပဲဖြစ်သည်။

"ကျေးဇူးတင်ပါတယ် တိုင်းရယ်"

သူ့လည်တိုင်လေးကို ဖွဖွနမ်းရင်းပြောလာတဲ့ နုလေးကို တွန်းဖယ်ပစ်ဖို့ စိတ်မကူးမိတော့။

ဟင့်အင်း

ဘာကြောင့်မှ နုလေးကို ပေးထားတဲ့ကတိ သူ ဖျက်မီမှာ မဟုတ်ဘူး။

အသိတရားတို့နဲ့ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာ ချမိသည်က အပြောင်းအလဲမလုပ်ချင်လို့ပဲ ဖြစ်သည်။

သူ့ဘဝနဲ့နှလုံးသားမှာ ထဲထဲဝင်ဝင်ဖြစ်ခဲ့တဲ့ မိန်းကလေး နှစ်ယောက်လုံး သူ့ကို အတိုင်းထက်အလွန် နားလည်မှုပေးနိုင်ကြတာ ဘာကြောင့်ပါလိမ့်။

အတွေးတို့က မွန်းကြပ်စွာ

လည်တိုင်မှာ အကြိမ်ကြိမ် နွေးနေတဲ့ခံစားချက်တို့ကို သူ စိတ်မဝင်စားနိုင်တော့။

"သွားကြစို့ နုလေး"

"အင်း"

ချစ်ခဲ့၊ သဝန်တိုခဲ့တာတွေနဲ့ ဆူလောင်ပူလောင်ဖြစ်တာ ဝမ်းနည်းကြီးစွာ တအီအီငိုခဲ့မိပေမယ့် ခုကျတော့လည်း နုလေးက သူ





ပြောတဲ့အတိုင်း နာခံကာ ဖေးမ၍ပြုံငြင်တူထရပ်လိုက်တော့ ကိုယ်ဟန်ကြော့ကြော့လေးက သူ့ဘေးမှာ ယှဉ်းနွဲ့လျက်။

သူ့လက်တစ်ဖက်ကလည်း ပခုံးသား အိအိလေးပေါ်မှာ ရွရွလေးတင်လျက်။

ယှဉ်တွဲလျှောက်ခဲ့မိတဲ့ သူ့ခြေလှမ်းတိုင်းက ရင်ခုန်ဖွယ်တို့နှင့် မဟုတ်။ ရင်ပူပူချည်းဖြစ်နေသည်က

ဘာကြောင့်များလဲ ရိုပ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ခုနောက်ပိုင်း အန်ကယ့် ဝေဒနာတိုးလာတာ သိသာလှသည်၊ အရင်ကလို ထူထူထောင်ထောင် မသွားလာနိုင်တော့၊ အစားအသောက် လည်း ဘာမှ မယ်မယ်ရရ မစားသည်က များသည်။

နည်းနည်းလေးလှုပ်ရှားလိုက်တာနဲ့ မောလာသည်။ အိပ်ခန်းက နေ ညေ့ခန်းထဲ စိတ်တင်းပြီး လမ်းလျှောက်လိုက်တယ်ဆိုရင်ပဲ တစ်ကိုယ် လုံး ကတုန်ကယင်ဖြစ်လာသည်။

အသားအရည် မွဲကာ ပိန်ကျသွားတဲ့ကိုယ်က သိသိသာသာဖြ ပြီး ဘာကိုမှ မခံစားချင်အောင် ဝေဒနာတို့က မျက်နှာမှာပေါ်လွင်နေ သည်။

အန်ကယ့်ကို နေ့စဉ်နဲ့အမျှ ဝေဒနာခံစားရတာမြင်ရတော့ ရို





ရင်မှာ မချမ်းမြေ့နိုင်။

အန်တီမျောလည်း အန်ကယ်ခံစားနေရတာမြင်ရတော့ ရင်ထဲ မှာ မကောင်း။ ပါရဂူနဲ့တိုင်ပင်ပြီး အကောင်းဆုံးဆေးဝါးတွေနဲ့ ဝေဒနာ သက်သာလာအောင် ကြိုးစားပြီးကုရှာသည်။

ငွေဘယ်လောက်ကုန်ကုန် မျက်နှာတစ်ချက် မညိုးခဲ့။ ဒါပေမဲ့ လည်း ရောဂါက တိုးတက်ကောင်းမွန်မလာ။

အန်ကယ်ကို သက်တောင့်သက်သာ လှဲနေစေပြီး ပန်းကလေး လို တယုတယနဲ့ အန်တီ စောင့်ရှောက်သလို ရိပ်ကလည်း စေတနာ အမှန်ဖြင့် ဂရုတစိုက် ပြုစုပေးမိတာ ဖခင်ရင်းနဲ့မခြားပါဘူး။

အစားအသောက် နည်းနည်းမဆို ဝင်လာအောင် စိတ်ရှည် ရှည်နှင့် ချော့ချော့မော့မော့ ကျွေးရ၊ ဆေးတိုက်ရ။

အန်တီ ရှုပ်ပြုတ်တိုက်လို့ ငြင်းနေတဲ့ အန်ကယ်က ရိပ် တိုက် ရင်တော့ မငြင်းတော ရိပ်ကို အားနာလို့ထင်ရဲ့။

ရိပ်လေးမျှာ ဖခင်ရင်းနဲ့မခြား မေတ္တာထားတာ မြင်ရတော့ ဒေါ်သိရီခေတ် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ ကျေးဇူးတင်မိတာလည်း အကြိမ်ကြိမ်ပါပဲ။

အစားအသောက်နဲ့ဆေးကို အချိန်မှန်မှန် ဂရုတစိုက် တိုက် ကျွေးပြုစုရှာတဲ့ သမီးလေးက ပင်ပန်းလှချည်လို့ တစ်ခွန်းလေးမှ မ ညည်းညူရှာ။

စိတ်မချလို့ဆိုပြီး ညဥ့်ဘယ်လောက်နက်နက် သူမနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ကို အိပ်ပျက်ခံစောင့်ပေးရှာတဲ့ သမီးလေးက မျက်နှာလေး ချောင်ကျသွားတာ သိသိသာသာ။

သားက အလုပ်တွေနဲ့ လုံးချာလိုက်နေတာမို့ ဖခင် အပါးမှာ အချိန်ပြည့်ကပ်ခွင့်မရပေမယ့် ချွေးမအလိမ္မာလေးက အချိန်ပြည့်အနီး ကပ်ရှိနေတော့လည်း သူမ အားတက်ရတာ အမှန်။

ဆေးသောက်ပြီး ညည်းညည်းညူညူနဲ့ အိပ်ပျော်သွားရှာတဲ့ ခင်ပွန်းသည်ကို ခြေရင်းရှိထိုင်ခုံမှာထိုင်ရင်း စောင့်နေရှာတဲ့သမီး။ သားကလည်း ဒီညစောစောပြန်ရောက်လာလို့ အပါးမှာရှိနေတာ စိတ်ချမ်းသာစရာတော့ ဖြစ်ပါရဲ့။

စိတ်ဖိစီးမှုနဲ့ မှေးခနဲ အိပ်ပျော်သွားမိတဲ့ သူမ ပြန်နိုးလာတော့ ညဆယ့်တစ်နာရီတောင် ရှိနေပြီ။

သားနဲ့သမီးက မျက်တောင်မခတ်တမ်း အိပ်မောကျနေရှာတဲ့ ဖခင်ကို စိုးရိမ်တကြီး ကြည့်နေရှာတာ။

သူတို့တွေကိုလည်း အနားပေးဦးမှ။ ဒေါ်သီရိခေတ် တစ်ဖက် ခုတင်မှ အသာထလာ၍ ခင်ပွန်းသည်ကို ငုံ့ကြည့်သည်။ ခင်ပွန်းသည် ဆေးအရှိန်ကြောင့် ဝေဒနာသက်သာဟန်နဲ့ အိပ်ပျော်နေဆဲ။

"အန်တီ နိုးပြီလား"

"နိုးပြီ သမီး၊ သမီး အန်တီကာယ် အိပ်ပျော်နေတုန်း သမီးတို့လည်း တစ်ရေးအိပ်ကြဦး၊ သားလည်း သွားနားတော့"

ဖခင် ခုတင်ဘေးကပ်လျက် ခုံပေါ်ထိုင်ရင်း စောင့်ကြည့်နေတဲ့





သားကို တစ်ပြိုင်နက် ပြောလိုက်မိသည်။

"ရပါတယ် မာမီ၊ မာမီ အိပ်ရေးဝအောင် အိပ်လေ"

"ဝပါပြီသားရဲ့ မာမီ တစ်လှည့်စောင့်လိုက်မယ်၊ နော် သမီး"

"ရပါတယ် အန်တီရယ်"

"မဟုတ်တာ တော်ကြာ သမီးပါ လဲနေမှဖြင့်"

"ဟုတ်သားပဲ ရိပ် သွားအိပ်လိုက်လေ"

သူ ကပါပြောပြန်သည်။ အန်တီက ရိပ် လက်မောင်းလေးကို ဆုပ်ကိုင်ဆွဲထစေတာကြောင့် ရိပ် ထလိုက်ရသည်။

"ကဲ သားလည်းသွားအိပ်တော့၊ နှစ်ယောက်စလုံး နားဦး၊ မာမီ တစ်လှည့်စောင့်လိုက်မယ်၊ ဒီည သား ဒယ်ဒီ အတော်သက်သာ ပုံရတယ်"

"ဟုတ်တယ် မာမီ"

"ကဲ သွားတော့"

အန်တီပြောရင်း သူနဲ့ရိပ်ကို တစ်ဖက်ဆီဆွဲပြီး အခန်းထဲက ထွက်စေသည်၊ အန်တီ ဆန္ဒမို့လည်း သူ့နောက်မှ ရိပ် လိုက်ခဲ့ရသည်။

ပင်ပန်းတဲ့စိတ်က နှမ်းခြိုက်စွာအိပ်ပစ်ချင်ပေမယ့် အိပ်မပျော်တာ ခက်သည်။

အခန်းထဲရောက်တော့ ရိပ်က ထုံးစံအတိုင်း အခန်းထောင့်မှာ ဖြသင့်ခင်းထားတဲ့ အရင်းဘတ်ဆီသွားတော့ သူ ဘာစိတ်ကူးနှင့်မှန်း မသိ ရိပ်ကို ငုံ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခုတင်ပေါ်မှာ သွားအိပ်လေ"

"ရှင်"

ရိပ် မျက်လုံးဝိုင်းလေးနဲ့ မော့ကြည့်တော့

"ရိပ်က ညတိုင်းမာမီနဲ့အတူ ဒယ်ဒီကို မအိပ်ဘဲ ထိုင်စောင့်နေရတာလေ၊ အိပ်ရေးပျက်တာ များတော့ ပင်ပန်းနေတယ် မဟုတ်လား။ ဒရင်းဘတ်ပေါ်မှာဆိုတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာ မဟုတ်ဘူး။ ဒါကြောင့် ပြောတာ"

ရိပ် မသိမသာ သက်မချလိုက်မိသည်။ သူက မင်္ဂလာဆောင်ပြီးကတည်းက ခုတင်မှာပဲ အိပ်နေကျ။ ရိပ်က ဒရင်းဘတ်ပေါ်မှာပဲ အိပ်ခဲ့တာလေ။

လက်ထပ်ထားပေမယ့် နှစ်ယောက်အတူ အိပ်စက်ခွင့်က၊ ဟင့်အင်း မခံစားချင်တော့ မတွေးချင်တော့။

"ကိုယ် ဒရင်းဘတ်မှာပဲ အိပ်လိုက်မယ်၊ ဖြစ်တယ်နော်"

ရိပ် ဘာမှပြန်မပြောတော့။ သူ့ရှေ့ကနေ ခုတင်ဆီသို့ ရွှေ့ခဲ့မိသည်က ရင်ခုန်စိတ်လေးနဲ့ဖြစ်သည်။

သူ့ကိုယ်သင်းရနံ့မွှေးနေတဲ့ မွေ့ရာအိအိပေါ်မှာ ရိပ် ကိုယ်လုံးလေး ဆန့်ကာ ဘေးတစောင်းအိပ်ပေမယ့် စိတ်တို့က အိပ်ချင်စိတ်တွေ ဖြစ်မလာ။

သူလည်း ဒရင်းဘတ်မှာမို့ မအိပ်ချင်သေးဘူးထင်ရဲ့။ အခန်းထဲမှာ လမ်းလျှောက်နေတဲ့ ခြေသံ၊ ပြတင်းပေါက်တံခါးဖွင့်သံနဲ့ သူ့





သက်ရှူသံတို့ကို ကြားနေရသည်။

ကျောခိုင်းနေပေမယ့် ရိပ် အားလုံးသိနေသည်။ အတန်ကြာတော့ ရိပ် မေးခနဲဖြစ်သွားတဲ့အချိန်မှာ ဖုန်းမြည်သံတိုးတိုးလေး ကြားရသည်။

သူ့ ဟန်းဖုန်းမြည်သံ။

သိတာပေါ့။

ညတိုင်း သူ့ချစ်သူနဲ့ ဖုန်းပြောနေကြ။ ရိပ် နားမဆင်ချင်တော့။

ဟင့်အင်း ရိပ် နားကိုလက်နှစ်ဖက်နဲ့ ဖိပိတ်လိုက်သည်။ နားဆင်ပါရစေနဲ့ တိုင်းရယ်။

◼ ◼ ◼

"တိုင်း"

နုလေးဆီက ဖုန်းမှန်းသိလို့ သူ ပြတင်းပေါက်မှခွာကာ ဒရင်းဘတ်မှာထိုင်ချလိုက်သည်က နုလေးနဲ့သူ ဖုန်းပြောတာကို ရိပ် မကြားစေချင်လို့ပဲဖြစ်သည်။

"ပြော နုလေး"

သူ့အသံတိုးတိုးလေးနှင့် မေးကာ ရိပ်ကို လှမ်းကြည့်သည်။ သူ့ဘက် ကျောပေးပြီး အိပ်ပျော်နေတဲ့ ရိပ်ကို သတိထားမိမှ သူ စိတ်ပေါက်သာရာရသည်။

နုလေးက သူ့ဆီ ညတိုင်းဖုန်းဆက်နေကျ။ နုလေး ဖုန်းဆက်တိုင်း၊ ရိပ်မကြားအောင် သူ တိုးတိုးလေး ဖုန်းခိုးပြောနေကျလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဟွန်း တိုင်း အသံကလည်း"

နုလေး အသံအောင့်အောင့်ချည်း တိုးထွက်လာမှ ရိပ်ဆီ အကြည့်တို့လွှဲကာ ကိုယ်ကို ဒရင်းဘတ်ပေါ် လှဲချလိုက်ပြီး

"တိုင်း အသံဘာဖြစ်နေလို့လဲ နုလေး"

"ဘာဖြစ်ရမှာလဲ နုလေးနဲ့ပြောနေတဲ့အသံက တိုးတိုးလေး ပြီးတော့ တစ်ယောက်ယောက်ကို ကြောက်နေသလိုလို ဘာလို့လို ပြောစမ်း တိုင်း၊ ဘယ်သူ့ကိုကြောက်နေရတာလဲ"

"ဘယ်သူ့ကိုမှ မကြောက်ရပါဘူး ဗျာ"

"မကြောက်ရရင် ဘာလို့အသံက တိုးတိုးအစ်အစ် ဖြစ်နေ တာလဲ"

"ရိပ် ကြားမှာစိုးလို့"

"ဘာ"

"ဟုတ်တယ် ရိပ် အိပ်နေတယ်၊ နိုးသွားမှာစိုးတာနဲ့"

"အောင်မာ ရိပ်က တိုင်း ဘေးနားမှာ အိပ်နေတာပေါ့ ဟုတ်လား"

သဝန်တိုမှုတွေနဲ့ဆောင့်ထွက်လာတဲ့ နုလေးအသံက သူ့ ခမ်းပါးကို ပြုံးသွားစေသည်။

နုလေးက ဆတ်ဆတ်ထိမခံ စိတ်နုနေကျ။ သူ ပြုံးလျက်

"မဟုတ်တာပဲ နုလေးရယ်"





"သေချာလို့လား တိုင်းနော်၊ နုလေးကို မညာနဲ့"

နုလေးရဲ့ ဝမ်းနည်းသံက စိုစိုနင့်နင့်လေးဖြစ်နေတော့လည်း သူ မနေသာက်ရက်တော့။

"မညာပါဘူး နုလေးရယ်၊ တိုင်း အကယ်ပြောတာပါ၊ ရိပ်က ရိပ် တစ်ယောက်တည်း ခုတင်ပေါ်မှာ အိပ်နေတာ"

"တိုင်းကရော"

"ဒရင်းဘတ်ပေါ်မှာ"

"ဟွန်း တိုင်းက ဘာဖြစ်လို့ ဒရင်းဘတ်ပေါ်မှာ အိပ်ရတာ လဲ၊ ညတိုင်း မွေ့ရာပေါ်မှာ အိပ်တယ်ဆို၊ အခုမှ ဘာအပြောင်းအလဲ လုပ်ရတာလဲ"

သူ မသိမသာ သက်ပြင်းချမိသည်။ နုလေး ညတိုင်း ဖုန်း ဆက်တာဟာ အကြောင်းမဲ့မဟုတ်ဘူးဆိုတာ သူ နားလည်သည်။ သူနဲ့ ရိပ် ပြီးစွန်းသွားမှာစိုးရိမ်လွန်လျက်။

သူ ဘယ်နေရာမှာ အိပ်သလဲ၊ ရိပ်က ဘယ်မှာလဲ မေးနေကျ။ ယခီ နေမကောင်းလို့ ရိပ် မာမီနဲ့အဖော်စောင့်အိပ်တာလည်း နု သိနေ သည်။ အခန်းထဲမှာ သူ တစ်ယောက်တည်း အိပ်ရတဲ့ညတွေကို နုလေး ကျေနပ်သည်။

သူ့အခန်းထဲမှာ ရိပ် အိပ်တဲ့ညဆို ဒရင်းဘတ်မှာ ရိပ်လေး အိပ်တာကို နုလေး သိသည်။ အခု နေရာပြောင်းနေတာသိရတော့ နုလေး ဘဝင်မကျ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ တိုင်း၊ ဘာလဲ တိုင်းတို့က"

"မဟုတ်တာပဲ နုလေးရယ်"

"ဘာမဟုတ်တာလဲ မြန်မြန်ပြော"

သူ့ ဖုန်းကို တစ်ဖက်နားမှာ ပြောင်းကပ်လိုက်ပြီး

"ဒယ်ဒီကို အိပ်စောင့်ရလို့ ရိပ် အိပ်ရေးပျက်တဲ့ညတွေ များနေတယ် မဟုတ်လား"

"သိတယ် ဆက်ပြော"

"ရိပ် အိပ်ရေးဝဝ အိပ်ဖြစ်အောင် မွေ့ရာပေါ်မှာ အိပ်စက်ခွင့်ပေးလိုက်တာ"

"ဒါဆို တိုင်း အိပ်ရေးပျက်မှာပေါ့"

"တစ်ညတလေပါ"

"ဟွန်း နုလေးတော့ တိုင်းကို စိတ်မချတော့ဘူး"

"တိုင်းကို အထင်သေးလို့လား နုလေးရယ်"

အခြေအနေအရပ်ရပ်ကို တွေးရင်း စိတ်မချနိုင်စွာ ဆူဆူပူပူဖြစ်နေရှာတဲ့ နုလေးကို သူ ဖြေရှင်းချက်မပေးချင်တော့၊ နုလေး စိတ်မချသလို ဖြစ်တာက သူ့သိက္ခာထိပါးသလို ခံစားရတော့ ရင်ထဲမှာ နင့်လာသည်။ ပွင့်ပွင့်လင်းလင်း မေးမိသည်က သူ့ကိုယ်ကျင့်သိက္ခာကို အထိပါးမခံချင်တဲ့စိတ်ကြောင့်ပဲ ဖြစ်သည်။

"အထင်သေးလို့ မဟုတ်ဘူး တိုင်းရယ်၊ မမြင်ရတဲ့ ကံကြမ္မာကို စိုးရိမ်နေတာ၊ သိပ်စိတ်ညစ်တာပဲ တိုင်းရယ်၊ အခု အန်ကယ်





အခြေအနေ ဘယ်လိုလဲ"

"ဒီလိုပါပဲ၊ ဝေဒနာက တိုးတက်ပြီး ကောင်းမလာဘူး"

"ဒါဆို နေဝင်ချိန်ရောက်နေပြီပေါ့"

"ဘယ်လို"

ဒယ်ဒီ မြန်မြန်တိမ်းပါးသွားဖို့ ဆုတောင်းနေတဲ့ သဘောလား။ သူ မျက်မှောင်ကြုတ်ပြီး မေးလိုက်တော့ နုလေး အသံက ပျာယာခတ်ပေါ်ထွက်လာသည်။

"ဟို ဒီလိုပါ တိုင်း ဒယ်ဒီ ရောဂါကျွမ်းနေတယ်ဆိုတာ နုလေးသိပါတယ်၊ တိုင်း ဒယ်ဒီ ဆုံးသွားလို့ တိုင်း စိတ်မချမ်းမသာဖြစ်နေမှာကို နုလေး မခံစားစေချင်ဘူး။ ဒါပေမဲ့ တိုင်း ဒယ်ဒီ ရောဂါတာရှည်လေ တိုင်းနဲ့ရိပ် ငြိသွားနိုင်တဲ့ အခြေအနေတွေ ဘာတွေဖြစ်မှာကို စိုးရိမ်တာ ဖြစ်ရတည်းဟဲ တိုင်းရယ်၊ တိုင်း ဒယ်ဒီ သေပါစေလို့ နုလေး ဆုတောင်းတာ မဟုတ်ဘူး၊ နုလေး ပြောတာ နားလည်လား တိုင်းရယ်"

သူ သက်ပြင်းအကြိမ်ကြိမ်ချမိသည်က နုလေး ရင်ထဲက စိုးရိမ်မှုက သူနဲ့ရိပ် ငြိမသွားစေချင်တဲ့ ပူပန်စိတ်ဖြစ်မှန်း နားလည်သောကြောင့်ဖြစ်သည်။

သို့သော်လည်း သူ့ရင်မှာ ဒယ်ဒီ ဆုံးပါးသွားမှာကို စိုးရိမ်ထိတ်လန့်မိတာတော့ အမှန်ပင်။

ဒယ်ဒီကို အဆုံးမခံနိုင်တဲ့စိတ်သာ စိုးမိုးနေတာ နုလေး ပူပန်သလို ငြိနှိုငြိသွားစေချင်တဲ့ စိတ်နှင့်မဟုတ်မှန်း သူ့ကိုယ်သူ နားလည်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ နားလည်နေသလို နုလေးကိုလည်း နားလည်စေချင်သည်၊ နုလေး ပျာယီပျာယာ ဖြေရှင်းတော့လည်း သူ နားလည်လက်ခံမိသည်သာ၊

"နားလည်ပါတယ်ကွာ"

"ဟွန်း နားလည်တယ်ဆိုတဲ့ အသံချည်းကလည်း"

"ဆောရီးကွာ တိုင်း နည်းနည်းငိုက်လာလို့"

"တကယ်"

"တကယ်ပါ"

"အဲဒါဆိုလည်း ပြီးရော၊ နုလေး ဖုန်းချလိုက်မယ်"

"အင်း"

"အဲဒါဆိုရင် တိုင်း အိပ်မက်လှလှမက်စေမယ့် လက်ဆောင်လေး ပေးခဲ့မယ် ရွှတ်"

ဖုန်းလိုင်းထဲက အနမ်းလေးပေးသွားတဲ့ အသံက သူ့ရင်ကို အနွေးရသလေး မဖြစ်စေခဲ့ဘူး နုလေးရယ်။

ဖုန်းပိတ်ရင်း သူ ကိုယ်ကိုဆန့်ပြီး အရင်းဘာတ်ပေါ် ခေါင်းလှဲချလိုက်သည်။

သူ့ရင်ထဲမှာ နွေးနေတာက ရိုပ်ကို နမ်းခဲ့စဉ်က ထိတွေ့ခဲ့မိတဲ့ နှုတ်ခမ်းလေးရဲ့ အနွေးရသတွေ။

သတိတရလေး ငုံကြည့်မိတော့ မွေ့ရာပေါ် အိပ်မောကျနေရှာတဲ့ မျက်နှာငလေးက အပြစ်ကင်းသန့်တဲ့ ကလေးလေးနှင့်တူနေသည်၊





ဟာဟာလေး ဖြစ်နေတဲ့ နှုတ်ခမ်းလွှာက သူ့စိတ်ကို ကြိုးတစ်ချောင်းနဲ့နှောင်ဖွဲ့ပြီး ဆွဲယူနေသလို။

အစိုးမရနိုင်တဲ့ ခြေလှမ်းတွေက လှဲနေမိတဲ့ သူ့ကိုယ်ကို ခေါ်ဆောင်သွားသည်က ရိုပ်ဆီသို့၊

ဘယ်သူတိုက်တွန်းချက်မှမပါဘဲ ဒုတိယအကြိမ် နမ်းရှိုက်ချင်မိတာ ရင်ခုန်သံတောင်းဆိုတာကလွဲလို့ တခြား မဖြစ်နိုင်တော့။

ဖူးဖူးနွေးနွေးလေးဖြစ်နေတဲ့ နှုတ်ခမ်းစုထွေးထွေးကို နမ်းလုယာတဲ့၊ ရင်ခုန်နှုတ်ခမ်းတို့ နီးကပ်သွားပြီးမှ ပြေးဝင်လာတဲ့အသိတရားကြောင့် ဘရိတ်ဆွဲအုပ်လိုက်မိတာ လက်မတင်လေး။

ရိုပ် ရယ်

တိုယ့်ရင်တွေ ခုန်နေပြီ။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သက်သာရဲ့လား ကိုမင်း"

နွမ်းဖျော့လျက် မွေ့ရာပေါ် ပက်လက်ကလေး ဖြစ်နေရှာတဲ့ ဦးမင်းခိုက်ကို ဦးမြင့်မိုး ကရုဏာသက်စွာမေးသလို ဇနီးသည် ဒေါ်နှင်းနှင်းဖြူကလည်း

"ဘယ်လိုနေသေးလဲ၊ သမီးလေးရော ဂရုစိုက်ရဲ့လား"

"သက်သာပါတယ်၊ သမီးလေးလည်း ဂရုစိုက်ပါတယ်ကွယ်"

ဦးမင်းခိုက်အသံက လေးလေးနှင့် တိုးဖျော့နေပေမယ့် ကြည်နူးသံလေးက သိသာနေသည်။ ဒေါ်သီရိခေတ် ခင်ပွန်းသည် ခုတင်မှာ တင်ပါးလွှဲထိုင်ရင်း

"သမီးက သိပ်အလိုက်သိတာပဲ နှင်းနှင်းရယ်"





"ဟုတ်ရဲ့လား မသီရိရယ်"

"သီရိက လိမ်ပြီးပြောပါ့မလား၊ ဒီလောက်လိမ္မာတဲ့ သမီးလေးကို မွေးထားတဲ့ ကိုမြင့်တို့လင်မယားကို ကိုမင်း အတော်ကျေးဇူးတင်မိတာ၊ ပြီးတော့ သားနဲ့ပတ်သက်ပြီး သီရိတို့ချွေးမတော်ခွင့်ပေးတဲ့ အတွက်ရောပေါ့"

ဇနီးသည် ပြောစကားကို ဦးမင်းခိုက်က ခေါင်းလေးငုံ့ကာ ထောက်ခံရှာသည်။

ခမည်းခမက်က သမီးကို သည်းသည်းလှုပ်ချစ်ရှာတာ သိရမြင်ရတော့လည်း မိဘအနေနဲ့ ဝမ်းသာမိတာအမှန်ပါပဲ။

"ယောာ အန်တီတို့ ရောက်နေတာကိုး"

ထွက်ပေါ်လာတဲ့အသံကြောင့် လှည့်ကြည့်မိတော့ သော်နဲ့ရဲ။

"အန်ကယ် သက်သာတယ်နော်"

"ရှိပ် ဖုန်းဆက်ပြောတယ်၊ အန်ကယ် အတော် သက်သာလာပြီတဲ့"

ရဲနဲ့သော် တစ်ခွန်းစီပြောရင်း အခန်းထဲဝင်လာသည်။ လူနာရှင်စိတ်ကျေနပ်မယ့်စကားတွေ ရွေးပြောမှန်းသိသာပေမယ့် ဦးမင်းခိုက် မျက်နှာမှာတော့ ကြည်နူးရိပ်လေးသန်းသွားတာ အမှန်ပင်။

"လာ ထိုင်ကြလေ"

ဒေါ်သီရိခေတ် ကိုမြင့်တို့ ထိုင်နေတဲ့နောက်က ထိုင်ခုံတွေမှာ ထိုင်ကြဖို့ ညွှန်လိုက်သည်။ သော်နဲ့ရဲ ဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် ကောအန်တီ"

"ရှိပါတယ်ကွယ်၊ ဟော ဟိုမှာ"

အန်တီတို့အတွက် အအေးဗန်းပင့်၍ အခန်းထဲဝင်လာတဲ့ ရိပ်သီ အားလုံးသောမျက်ဝန်းတွေ ရောက်ကုန်သည်၊

"ဒီမှာ သမီး သူငယ်ချင်းတွေ ရောက်နေတယ်လေ"

အန်တီ ဦးဦးဖျားဖျား ပြောတော့ ရိပ် မျက်နှာလေး လန်းပြောသွားသည်က သူငယ်ချင်းတွေရဲ့အပြုံးမျက်နှာတွေကြောင့် ဖြစ်သည်။

"သမီး သူငယ်ချင်းတွေနဲ့ စကားပြောလိုက်ဦး"

အအေးဗန်း စားပွဲပေါ်ချသည်နှင့် အန်ကယ်က ဖျော့ဖျော့လေး ပြောသလို

"ဟုတ်တယ် သမီး၊ သူငယ်ချင်းတွေရောက်တုန်း စကားလေးဘာလေးသွားပြောလေ၊ ဒီမှာ အန်တီတို့ လူကြီးတွေ အေးအေးဆေးဆေးပြောရင်း သမီးအန်ကယ်ကို အဖော်လုပ်ပေးမယ်လေ ကဲ သော်နဲ့ရဲ့ သမီးနဲ့သွားပြီး စကားပြောကြ"

အန်တီက ပြောရင်း တွန်းလွှတ်တော့လည်း ရိပ်က သူငယ်ချင်းတွေနဲ့အတူ အခန်းထဲက ထွက်ခဲ့မိသည်။

မေမေတို့နဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်သလို ရိပ်ကိုလည်း သူငယ်ချင်းတွေနဲ့ လွတ်လပ်စွာ စကားပြောခွင့်ရစေချင်တဲ့ အန်တီနဲ့အန်ကယ် စေတနာကို ရိပ် ခံစားတတ်ပါသည်။

"လာလေ ညည့်ခန်းမှာပဲ ထိုင်ရအောင်"





"ဟင့်အင်း ခြံထဲဆင်းထိုင်ကြတာပေါ့"

"ဟုတ်တယ် ညည့်ခန်းမှာဆို ရဲတို့အသံတွေ ရှင့်ယောက္ခမတွေကြားကုန်မှာပေါ့။ ခြံထဲမှာဆိုတော့ စကားသံဘယ်လောက်ကျယ်ကျယ် ကြားရဘူးလေ၊ လူနှာ နားအေးတာပေါ့"

သော် အကြံပြုတာကို ရဲ ရှည်ရှည်ဝေးဝေးပြောရင်း နှစ်ယောက်သား ခြံထဲရှေ့ရှုသွားတော့လည်း ရိပ် လက်ခံသည်က သူငယ်ချင်းတွေ စိတ်ကြည်စေဖို့ဖြစ်သည်။

သူငယ်ချင်းနှစ်ယောက် ရှေ့ကထွက်သွားတော့ ရိပ် နောက်က လိုက်ထွက်ခဲ့သည်။ သစ်ခွပန်းရုံနဲ့ဘေး မြက်ခင်းစိမ်းဘေးမှာ ခြံထောင့်နဲ့ ကပ်လျက် ဆောက်ထားတဲ့ အပန်းဖြေဂေဟာလေးပေါ် အသင့်ခင်းကျင်းထားတဲ့ ခုံပိုင်းလေးတွေမှာ သော်နဲ့ရဲ့ မျက်နှာချင်းဆိုင် ထိုင်ကြသည်။

ရိပ်က နောက်ဆုံးမှ သော်နဲ့ရဲ့ ကြားက ခုံလွတ်မှာထိုင်လိုက်တော့ တြိဂံပုံထောင့်ချိုးညီညီထိုင်နေသလို ဖြစ်၏။

"ကဲ ပြောကြလေ၊ လွတ်လွတ်လပ်လပ် ပြောချင်တယ်ဆို"

ရိပ် စကားစသည်နှင့် သော်နဲ့ရဲ့ ပခုံးလေးတွေ တွန့်၍ ယဲ့ယဲ့ပြုံး၍ ပြိုင်တူကြည့်သည်။

"ရိပ်ကို ယောက္ခမတွေ အတော်ချစ်တာပဲနော်"

"သော်ကိုလည်း သော် ယောက္ခမချစ်တာပဲ"

"အင်း ချစ်တယ်၊ ဒါပေမဲ့ ရိပ်ကိုချစ်သလောက် မချစ်ဘူးလို့ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးဆူမဲ့ရင်း ပြောတဲ့ သော်ကို ရိုပ် ခပ်ပြုံးပြုံးလေး ကြည့်မိသည်။

"ဟုတ်တယ် သော့် ယောက္ခမ ချစ်တာက တစ်မျိုး၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ မရှိဘူး၊ အယောင်ဆောင်တာတွေများနေတာ ရဲ့ သတိ ထားမိတယ်"

ရဲ ကလည်း ထင်မြင်ချက်ပေးပြန်သည်။ ဒေါ်မျိုး ရေခဲစိမ် အအေးဘူးတွေနဲ့ သစ်သီးတွေယူလာတော့ ရိုပ် ကမ်းယူပြီး စားပွဲပေါ် တင်လိုက်သည်။ ဒေါ်မျိုးလှည့်ထွက်သွားပြီး တအောင့်ကြာမှ

"ဟုတ်တယ်ဟ အယောင်ဆောင် အချစ်ခံရတာ တစ်မျိုးချည်း ကိုသက်လည်း ဒီလိုပါပဲ"

ယောက္ခမ အကြောင်းပြောရင်း ယောက်ျားဘက် စကားလမ်း ကြောင်း ပြောင်းပြောတတ်တာ အိမ်ထောင်ရှင်မတွေရဲ့ စရိုက်တစ်မျိုး ထင်ရဲ့။

"ဟွန်း ပြောရင်း ကိုသက် ဘက်ရောက်ပြန်ပြီ"

"ရောက်ရမယ် ဘယ်နှယ့် မိန်းမယူထားပြီးတော့ စကားပြော တာ မာရေကြောရေနဲ့ သူ့ဆန္ဒရှိချိန်ဆို လေသံက တစ်မျိုး၊ သူ့ ဆန္ဒပြည့်ရင် လေသံက တစ်မျိုး၊ မပြောလိုက်ချင်ဘူး အလကား အရောင်ဆောင်သမား"

ကိုသက်ကို အပြစ်ဖွဲ့နေတဲ့ သော် မျက်နှာက ဆူဆူအော[illegible] အောင့်ချည်းမဟုတ်။ ကိုသက် အချစ်ကို အပြည့်အဝမရသောကြော[illegible]





ဘဝင်မကျတဲ့ စိတ်နုနုလေးနှင့်သာ။

ရိုပ် မသိမသာ သက်ပြင်းချကာ သော်ကို ငေးခနဲ ကြည့်မိသည်။ ရဲက သော့် ပုံစံကို သဘောတကျဖြစ်လျက် အအေးဘူးတစ်ဘူး ဆွဲယူ ကာ မဖောက်သေးဘဲ ရိုပ် ကိုမျက်စနဲ့ကြည့်ရင်း

"အဲဒါသာ ကြည့်"

"ဘာလဲ ရဲ ရဲ့"

"သော်ပြော ကိုသက်ကို အမြဲဘဝင်မကျဖြစ်နေတာ၊ ပြီးတော့ [illegible]နိုင်ငံဟာလဲ မဟုတ်ဘဲနဲ့ ကိုသက် ညနေခြောက်နာရီထိုးလို့ အိမ်ပြန် [illegible]ရောက်ရင် မီးသော် ထဘီစွန်တောင်ဆွဲပြီး ကိုသက်ကို လိုက်ရှာတာလေ [illegible]သိက္ခာ[illegible]နေတယ်"

ရဲ ပြောလိုက်တော့ သော် မျက်နှာရဲခနဲ ဖြစ်ပြီး

"ရှာရမှာပေါ့ သူတို့ယောက်ျားတွေကို စိတ်ချရတာမှ မဟုတ် [illegible] သော် နောက်ကွယ်မှာ အငယ်အနှောင်းတွေ ဘာတွေညာတွေနဲ့ [illegible]ယာနေရင် ဘယ်နှယ့်လုပ်မလဲ"

မိန်းမဆိုတာ သဝန်တိုတတ်ပါလားလို့ သော်တို့ စကားကြားရမှ [illegible] ကိုယ်ရိုပ် သတိထားမိလာသည်။

ကိုသက်ကို ချစ်သူမဟုတ်ဘဲ လက်ထပ်ပေါင်းသင်းနေပေမယ့် [illegible]ခြားမိန်းမနဲ့ အဖြစ်မခံနိုင်တဲ့ သော်အဖြစ်က ရိုပ်နဲ့ ဆန့်ကျင်ဘက်။

"ဒါနဲ့ ပြောဦးမယ်"

သော် သတိတရ လေသံနိမ့်ကာ ပြောသည်က တခြား မပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကြားစေချင်မှန်း သိသာသည်။

"ဘာလဲ သော်"

"တိုင်းဝဋ္ဋာလေ"

ရိပ် မျက်ခုံးနှစ်ဖက်တွန့်သွား၏။

"ဟုတ်တယ် ရိပ်"

ရဲ မျက်နှာလေး တည်တည်တံ့တံ့ ဖြစ်ကာ ခေါင်းလေးဆတ်ပြီး သည်။ သော်တို့ နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း ရိပ် ရင်မှာ နားမလည်မှုတွေနဲ့ ရှုပ်ထွေးသွား၏။

"ဘာလဲဟာ"

"ကိုသက်ပြောတာ တိုင်းက တခြားမိန်းကလေးတစ်ယောက် နဲ့ တွဲနေတယ်တဲ့"

ရိပ် မသိမသာ သက်မချသည်က သိနှင့်ပြီးသားအကြောင်း၊ အရာကို အရေးတယူပြောနေရှာတဲ့ သူငယ်ချင်းတွေရဲ့စကားကို စိတ်ဝင် တစားမရှိလို့ပဲ ဖြစ်သည်။

"ဟုတ်တယ် မောင် လည်းပြောတယ်၊ မောင်နဲ့ဆို ခဏခဏ ဆုံတယ်တဲ့၊ မောင် တောင်ရဲ ကိုပြောတာ နှစ်ခေါက်သုံးခေါက် မကတူး ရဲ မယုံခဲ့ဘူး၊ဟိုနေ့ကမှ ရဲနဲ့သော် ဗျူတီပါလာသွားရင်း ထိပ်တိုက်တွေ့ ရတာ၊ ကောင်မလေးက ဘိုဆန်ဆန်လှတာလေ၊ နှစ်ယောက်သား လက် ချိတ်ပြီး ဗျူတီပါလာထဲက ထွက်သွားတာများ တစ်လောကလုံးမှာ နှစ် ယောက်တည်းရှိတဲ့အတိုင်းပဲ၊ ရဲ ဆို သတိလစ်မတတ် အံ့ဩသွားတာ"





ရိပ် ဝမ်းနည်းသင့်လား။ ဟင့်အင်း။

ဝမ်းမနည်းမိအောင် ထိန်းရင်း အကြည့်ကို ဝင်းဝါတောက်ပနေ တဲ့ ဃီမွှော်သီးဆီ ရွှေ့ကြည့်မိသည်။

"သော်တို့ အဲဒါပြောချင်လို့ နှစ်ယောက်တိုင်ပင်ပြီး လာခဲ့တာ၊ နေပါဦး၊ ရိပ် နည်းနည်းမှ သတိမထားမိဘူးလား"

"ပြောလေ ရိပ် မသိတာလား"

သူငယ်ချင်းနှစ်ယောက် တစ်ခွန်းစီ ဖိမေးလာတော့ ရိပ် မျက်နှာ မျက်အောင် ထိန်းရင်း

"ဟို သူငယ်ချင်းမိန်းကလေး ဖြစ်မှာပေါ့"

"ဘာ"

သူငယ်ချင်းတွေ မျက်လုံးအစုံက ရိပ်ကို တအံ့တဩဝိုင်းကြည့် ၏။ ရိပ် မျက်တောင်တစ်ချက်ခတ်ပြီး

"ဟုတ်တယ်လေ၊ တိုင်းက နိုင်ငံခြားမှာ နေလာတာဆိုတော့ မှာ ခင်မင်ရင်းနှီးလာတဲ့ သူငယ်ချင်းမိန်းကလေးတွေ အများကြီးရှိ မှာပေါ့"

"အို ဘယ်လောက်ရှိရှိလေ၊ တွဲခုတ်သလိုချည်း တွဲနေတာက ငယ်ချင်းမိန်းကလေးတွဲတဲ့အဆင့်မျိုးမှ မဟုတ်တာ"

တိုင်း ချစ်သူနဲ့ တိုင်း တွဲနေတာပဲ။ ရိပ်က ဘာတတ်နိုင်မှာလဲ၊ မှာ ချစ်သူရှိတယ်လို့ ပွင့်ပွင့်လင်းလင်း ကြေညာထားပြီးပြီပဲ။ သူတို့ သာ သူတို့ လွှတ်လွှတ်လပ်လပ် တွဲခွင့်ကို ရိပ် ပိတ်ပင်နေလို့ ရမတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။

သူငယ်ချင်းတွေ နားလည်အောင် ရှင်းပြဖို့လည်း ရိုပ်မှာ အခွင့်အရေးမှ မရှိတာ။

"နေပါဦး ရိပ် ခွင့်ပြုထားတာလား"

စားပွဲဝိုင်းပေါ် ယှက်တင်ထားတဲ့ ရိပ် လက်ပေါ် ရဲ့ လက်တစ်ဖက် ဖျတ်ခနဲ ပုတ်ရင်းမေး၏။ ရိပ် အပြုံးမပျက် ခေါင်းရမ်းကာ

"ရဲကလည်း ကြဲကြဲဖန်ဖန် မေးတတ်လိုက်တာ၊ သူတို့က ရှိုးရိုးသားသားပါ ဟ"

"အလိုလေး"

သော် ရင်ဘတ်ဖိလျက် ရိပ်ကို နားမလည်နိုင်စွာ ကြည့်သည်။

"ဟုတ်ပါတယ် အဲဒီ မိန်းကလေးက သူ့ရဲ့ဝမ်းကွဲမောင်နှမလည်း တော်နေတယ်လေ"

"ဟော"

သူငယ်ချင်းတွေယုံအောင် ရိပ် ပိပိရိရိ ဖုံးဖိညာပြီးပြောနေပါသည်။ သော်နဲ့ရဲ မျက်ဝန်းအစုံက ပြူးပြူးလေးဖြစ်နေသည်။

အိမ်ထောင်သည်မျက်လုံးက ဝမ်းကွဲမောင်နှမလား တွဲနေတဲ့ တာလားဆိုတာလောက်တော့ ခွဲခြားတတ်ပါတယ်။

"တကယ်ပြောတာ မောင်နှမတွေ၊ ငယ်ငယ်ကတည်းက တရင်းတနှီး နေလာကြတော့ ခုလည်း ရင်းရင်းနှီးနှီး ဖြစ်နေတာ၊ ပန်းပု ရောင်က တိုင်းကို ချွဲနေနွဲ့နေကျလေ၊ မသိတဲ့သူတွေက အဲလိုပဲ အထ





ထင်နေကြတာ"

ရိပ်က ပေါ့ပေါ့ပါးပါးလေး ပြောပြန်တော့လည်း မယုံတဲ့မျက်လုံး နှစ်စုံက ခေါင်းရမ်းလျက်

"ဟွန်း နားရှိလို့သာ ကြားရတာ၊ သော်တို့က မယုံရဲချာပဲ"

"ရဲလည်း မယုံချင်ဘူး"

"မယုံရင် သော်တို့ ငရဲကြီးနေလိမ့်မယ်၊ အကုသိုလ်မရှာပါနဲ့၊ ... အအေးသောက်ဦး၊ သစ်သီးတွေလည်း စားဦးလေ၊ ရှင်တို့ကလည်း ...မလည်နဲ့"

သော်တို့ အာရုံပြောင်းအောင် ဖိပြောရင်း ရိပ် ပိပိရိရိဖုံးကွယ် ...ထားတာ သူ့ကိုချစ်တဲ့ စိတ်တစ်ခုတည်းကို ရှေ့ရှုလို့ပဲ ဖြစ်သည်။

ဟုတ်တယ်လေ၊

သူ့ကို ချစ်မိလို့ သူတောင်းဆိုသမျှ လိုက်လျောဖို့ ကျေကျေ ...နပ် လက်ခံထားတဲ့ ရိပ် နှလုံးသားက ခံနိုင်ရည်ရှိနေပါပြီ တိုင်းရယ်။

"ရှေ့ ရဲ လိမ္မော်သီး ကြိုက်တယ်မဟုတ်လား၊ သော်အတွက် ...သီးလည်းပါတယ်လေ"

ပြောလည်းပြောရင်း အခွံသင်၍ မှာပြီးစိပ်ပြီးသား လိမ္မော်သီး ...ပြီးသီးပန်းကန်ကို အလိုက်သိသိ သူငယ်ချင်းတွေ ရှေ့တိုးပေးလိုက် ...ည်။

အလုံးလိုက်ရှိနေသေးတဲ့ ပန်းသီးနဲ့လိမ္မော်သီးတွေကို ရိပ် ဆွဲယူ ...သင်ဖို့ ဓားပါးလေးပါ ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲနဲ့သော်က ရိပ်ကိုကြည့်ပြီး မအီမလည်ဖြစ်နေသည်။ ရိပ်ကို ဒီတစ်ခါ နားမလည်ဆုံးပဲဖြစ်နေကြတဲ့ မျက်နှာတွေနဲ့။

ရိပ်နဲ့သူ လက်ထပ်ခဲ့တာ ဘာကြောင့်လဲဆိုတာ ဘယ်သူမှ မသိကြဘဲလေ။

သော် တို့ကို ရှင်းပြနေစရာမှမလိုအပ်တာကွယ်။

▣ ▣ ▣

ပိုင်ဆိုင်ခြင်း ရယူခြင်းဆိုတာထက် ချစ်သူ စိတ်ချမ်းမြေ့နေရတာကို ငေးကြည့်ရခြင်းကလည်း အချစ်လို့ပဲ ထင်ပါတယ်။

ဟုတ်တယ်လေ။

သူ ပြောသမျှကို လက်ခံခဲ့တဲ့ ရိပ် ချစ်ခြင်းတွေက သူ့စိတ်ချမ်းမြေ့စေဖို့ သက်သက်ကို အခြေခံခဲ့တာပေါ့လေ။

သူ့ကို လျှပ်တစ်ပြက်မြင်ရုံနဲ့ ချစ်ခဲ့မိတဲ့ နှလုံးသားဟာ သိပ်သိပ်ပဲ ဖြစ်ခဲ့တယ်လေ။

ရိပ် ရေးဆွဲမိတဲ့ သူ့ပုံရိပ် ပန်းချီကားလေးဟာ သက်သေပါ သူငယ်ချင်းတို့ရယ်။

ခုချိန်မှာ ရိပ်ကို နားမလည်ပေမယ့် တစ်ချိန်ချိန်မှာ နားလည်သွားမှာပါကွာ။

သူနဲ့သူ့ချစ်သူကို တွဲလျက် ရိပ်မြင်ခဲ့ဖူးပါတယ်။ အနီတီ ဆိုင်တဲ့ကိစ္စတွေနဲ့ ရိပ် အပြင်ထွက်တုန်းက သူတို့စုံတွဲနဲ့ ပက်ပင်းတိုးတာလေ။

ရိပ်က အနီကယ်အတွက် လိုအပ်တဲ့ဆေးပစ္စည်းကို ပါရ





ဦးအောင်မြိုင်ဆီမှာ သွားယူပြီး ပြန်အထွက်မှာ သူတို့စုံတွဲက ဦးအောင်မြိုင် ဆေးတိုက်ကြီးဘေးက အဆင့်မြင့် စားသောက်ဆိုင်ထဲ ဝင်ဖို့ ကားပေါ်က တွဲလျက်ဆင်းလာတာ။

သူ မမြင်မိအောင် ရိပ်ပဲ ဦးစွာရှောင်ပေးခဲ့ပါတယ် သူငယ်ချင်းတို့ရယ်။

ရိပ်တာ သူ့ကို သဝန်တိုခွင့် ချုပ်ချယ်ခွင့် ဘာမှမရှိတာ။ သူ ပျော်နေတယ်။ ကြည်နူးနေတယ်ဆိုရင် ရိပ် ကျေနပ်နေရမှာပဲလေ။

နှလုံးသားက သိပ်တောင့်တလာတဲ့ အခါတွေမှာ သူ့ဆီက အချစ်တွေ အကြင်နာတွေ၊ ယုယပွေ့ကြင်နာတွေကို မက်မောတဲ့ စိတ်ကူးယဉ်မှုတွေနဲ့အတူ မျှော်လင့်မိတာ အမှန်ပါပဲ။

သူ့ အနမ်းဦးလေး၊ စွန်းထင်နေတဲ့ ရိပ် နှုတ်ခမ်းလွှာလေးကို ...နုံးထဲက တစ်ဆင့်ကြည့်ပြီး ငေးမောခံစားမိတဲ့ ရသက ထိုစဉ်ကလို ...ဝဥ် နွေးခနဲ ဖြစ်နေစေသည်။

ထို အနမ်းနွေးနွေးကို စက္ကန့်မလပ်ခံစားချင်ပါတယ်။ သူ ...မလာတော့လည်း ရိပ်ကိုယ်တိုင် ရေးဆွဲခဲ့တဲ့ ပန်းချီပုံရိပ်ထဲက သူ့ ...တ်ခမ်းပါးကိုသာ ထိကပ်လျက် ဖြေသိမ့်ခံစားမိတာ ဘယ်သူ သိနိုင် ...တဲ့လဲ။

သူ့ရနံ့သင်းသင်းလေး ပျံ့သန်းနေတဲ့ ရင်ခုန်ဖွယ် ရသကို ...ကိုက်မက်မက် ရှူရှိုက်ရင်း ရိပ် ရှင်သန်နေခဲ့တာ သူ့ဆီက ခံစားခွင့် ...တဲ့ ရင်ခုန်သံကလွဲပြီး တခြားဘာအကြင်နာ အယုအယမှမရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရိပ် ပျော်ဝင်နေမိတာ အမှန်ပါပဲ။

အဲဒါကြောင့် ရိပ်လေ သူ့ဒယ်ဒီ ဝေဒနာတွေ ပျောက်ကင်းသွားပါစေ ဆုမျိုးတောင်းမိတာ စက္ကန့်မလပ်ပါပဲ။

သူ့ဒယ်ဒီ မဆုံးပါးသရွေ့ သူ့ ရင်ခုန်သံကို ရိပ် ရှူရှိုက်ခွင့်ရမှာလေ။ ဒါပေမဲ့ ရိပ် ဆုတောင်းတွေက ပြည့်မလာခဲ့။

အစာရေစာနဲ့ ဆေးမဝင်တော့တဲ့ သူ့ဒယ်ဒီက ဝေဒနာ ဖိစီးမှုကို ခံစားနိုင်စွမ်းမရှိတော့။

အပါးမှာကပ်ကာ တရားစာအုပ်ဖတ်ပြနေတဲ့ ရိပ် မျက်နှာကို မျက်လုံးမေးရင်း ငေးကြည့်နေပုံလေးနဲ့ ငြိမ်သက်သွားသောကို ရိပ် မသိရှာ အန်တီက အထိတ်တလန့်နဲ့

''အို ကိုမင်း ကိုမင်း သီရိခေါ်နေတယ်လေ၊ ကိုမင်း''

အန်တီ ဖွဖွလှုပ်ခေါ်ပေမယ့် အန်ကယ် အသံထွက်မလာ၍ ရိပ် ရင်ထဲဒိန်းခနဲ ဖြစ်ကာ လက်ထဲက တရားစာအုပ်လေး လွတ်ကျသွား၏။

''အို''

''သမီး သမီး၊ အန်ကယ်ကို ခေါ်လို့မရတော့ဘူး။ သမီး အန်ကယ် မရှိတော့ဘူး၊ မရှိတော့ဘူး သမီးရယ်''

ရိပ်ကို ဝမ်းနည်းတကြီး ဖက်ရင်းငိုကြွေးလာမှ ရိပ် ဝမ်းနည်းစွာ အန်ကယ် မျက်နှာလေးငုံ့ကြည့်မိသည်။

ဝေဒနာတွေကြောင့် ချောင်ကျကာ အသက်မဲ့နေရှာသော





အန်ကယ့် မျက်နှာလေးမှာ ရင်ထဲ မချမ်းမြေ့စရာ။ မျက်ရည်တို့က ဝှန်းခနဲ ပြိုကျသည်က အသောမတတ်။

''အန် ကယ်''

ရိပ် အသံလေးက တိုးနှစ် တိမ်ဝင်သွား၏။

ဟဟလေးပွင့်နေရှာတဲ့ အန်ကယ့်မျက်ဝန်းကို အန်တီ လက်ဖဝါးလေးနဲ့ တယုတယ ဖိပိတ်လိုက်သည့်နောက် အန်တီ ရိပ်ကို ဖက်ရင်း ကျိုးခနဲ ငိုချလိုက်သည်။

''သမီး သမီး ငိုချင် ငိုလိုက်လေ၊ သမီး အန်ကယ် မရှိတော့ဘူး၊ မရှိတော့ဘူး သမီးရယ် ဟင့် ဟင့်''

''ဒယ်ဒီ''

ပြောရင်းဝမ်းနည်းတကြီးခေါ်လိုက်တဲ့ သူ့အသံ။ ဖေဖေ မေမေ တို့အသံတွေနောက်မှာ ဝမ်းနည်းခြင်းတွေကို ရိပ်ခံစားနိုင်စွမ်းမရှိတော့။ ကံငိုကြွေးမိသည်က ရစ်ကွဲလုမတတ်ပါပဲ။ အန်ကယ် ဆုံးပါးသွားတာ ရိပ်ဘဝ၊ ရိပ် နှလုံးသား၊ ရိပ် အချစ်တွေ အားလုံး အားလုံး ပျက်စီးခံရသလို ပါပဲ။

ရိပ် နှလုံးသားက တောင့်တတဲ့ အရာမှန်သမျှက အန်ကယ်နှင့်အတူ မီးသင်္ဂြိုလ်ခံရသလိုပါပဲ။

ရိပ် ဘဝတတ်နိုင်မှာလဲ ကွယ်။

သူ စီမံတဲ့အတိုင်းပေါ့။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သိရိရယ် စိတ်ကို ဖြေမှပေါ့ကွယ်"

အန်ကယ် အသုဘချပြီးကတည်းက အန်တီမျှာ စိတ်ထိခိုက်နေရှာကာ အချိန်နှင့်အမျှတွေးရင်း ဝမ်းနည်းကြီးစွာ ငိုကြွေးနေမိသည်။

မေမေက အနီးကပ်ဖျောင်းဖျပြောဆိုနေသော်လည်း ငိုနေတာက ရပ်မသွား။

ဆိုဖာပေါ်ပျော့ပျော့ခွေခွေလေး အန်တီ မှီထိုင်လျက် ယူကြုံးမရ ပြောရှာသည်က သနားစရာကောင်းနေပြန်သည်။

"ဖြေတာတော့ ဖြေတာပေါ့ နှင်းနှင်းရယ်၊ ဒါပေမဲ့ အသက်ကြီးလာလို့ အေးအေးဆေးဆေး စည်းစိမ်တွေပေါ် ဖိမ်ခံစားမယ်လို့ စိတ်ကူးထား အလုပ်တွေထဲက ရုန်းထွက်လိုက်ကာမှ ရောဂါက ဘွားခနဲ ပေါ်လာတာ





လေ၊ ဆေးရုံတက်တော့ စစ်ဆေးမှုပြုလိုက်တော့မှ လွန်နေမှန်း သိရတော့တာ။ သိရိ ဘယ်လိုဖြေရမလဲကွယ်"

"ကံဆိုးမိုရှာပေါ့ မသိရိရယ်၊ ကျွန်တော်တို့လည်း ကိုမင်း ရောဂါ လွန်နေမှန်းသိရတော့ ယူကြုံးမရခံစားရပါတယ်၊ အဲဒါကြောင့် ကိုမင်း ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ သမီးကို ဖွင့်တောင်းစဉ်ကတည်းက ကျွန်တော် ခေါင်းညိတ် လက်ခံပေးခဲ့တာပါ"

ဖေဖေ့ နှစ်သိမ့်စကားသံနောက်မှ အန်တီ နှစ်ချက်ခန့်ရှိုက်ငိုသေးသည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်စတွေက ဝမ်းနည်းကြီးစွာ ဝိုင်းကျသည်။

သူ့ဒယ်ဒီအတွက် ကျတဲ့ဝမ်းနည်းမျက်ရည်လား။ ဒါမှမဟုတ် ပြစ်ချင်တာ ဖြစ်ခွင့်ရတော့မယ်ဆိုတဲ့ ဝမ်းသာမျက်ရည်လား။

ရိုင် မခွဲခြားချင်ပါဘူး။

"ကျေးဇူးတင်ပါတယ် ကိုမြင့်ရယ်၊ ကိုမင်း ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ သမီးလေးကို ချစ်တဲ့ စိတ်နဲ့ ကိုမင်း ပိုပြီးသက်စိုးရှည်ခဲ့တာပါကွယ်၊ ဝေဒနာတွေ ကြိတ်မှိတ် ခံနေရင်း ကိုမင်းစိတ်က သားတို့ဆီက မျိုးဆက်သစ်ရင်သွေးလေးတွေကို မျှော်လင့်နေမိခဲ့တာ၊ သူ မသေခင် သူ့ရဲ့မြေးတွေရဲ့ မျက်နှာကို မြင်သွားချင်တာတဲ့ အဟင့် ဟင့်"

ရိုင် မသိမသာ ခေါင်းငုံ့လိုက်မိသည်။ ပုတ်ခတ်လိုက်တဲ့ မျက်တောင်များကြားမှ ရိုင် မျက်ရည်တို့ပေါက်ခနဲ ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက မလုံမလဲစိတ်နှင့် အန်တီနဲ့မျက်နှာချင်းဆိုင်ထိုင်နေရာမှ ပြတင်းပေါက်ဆီရွေ့သွားကာ ကျောခိုင်းလိုက်သည့်က ချက်ချင်းပဲဖြစ်သည်။

ဖေဖေနဲ့မေမေ မျက်နှာလည်း စိတ်မကောင်းဖြစ်ခြင်းတွေနဲ့ ညှိုးရော်သွား၏။

"ကျွန်တော်တို့လည်း ကျွန်တော်တို့မြေးတွေရဲ့မျက်နှာကိုမြင်ချင်တာပါပဲ မသီရိရယ်"

ရိပ် ရင်မှာ အစ်စို့စို့ချည်းဖြစ်သွားသည်။ မိဘတွေရဲ့ ဆန္ဒနဲ့ ရိပ် တို့က ဆန့်ကျင်ဘက်ချည်းဖြစ်နေတာလေ။

သိသာသိသွားရင် အန်ကယ် ဘယ်လောက်တောင် စိတ်ပ ချမ်းမသာ ဖြစ်ရမလဲကွယ်။

"ဘာတတ်နိုင်မှာလဲ သီရိရယ်၊ ကိုမင်းက ဝေဒနာကြောင့် မြေးတွေရဲ့မျက်နှာ မြင်မသွားရရှာတာပါ"

မေမေ တစ်ခွန်းပြောတော့ အန်တီ မျက်ရည်လေးသုတ်လျက် ငေးငေးလေးစဉ်းစားရင်း တစ်လုံးချင်းပြောသည်က

"ဟုတ်တယ်နော်၊ ကိုမင်း မမြင်ရပေမယ့် သီရိ မြင်ခွင့်ရမှ ပေါ့နော် နှင်းနှင်း။ ဟုတ်တယ်နော် သမီး"

"သေချာတာပေါ့ သီရိရယ်"

ရှက်သွားတဲ့ မျက်နှာနဲ့ ပူခနဲဖြစ်သွားတဲ့ ရိပ် အလိုက်သင့် ခေါင်းညိတ်ဖို့ မဝံ့မရဲ၊ မေမေက အားတက်သရောနှင့် အန်တီ လက်ဖဝါး





လေးကို ဆုပ်ကိုင်ရင်း အားပေးစကားပြောတော့မှ အန်တီမျက်နှာလေး ကြည်လင်လာသည်။

ရိပ် မျက်နှာလေးသာ မကြည်မလင်ဖြစ်ရတာ။

ဖြစ်နိုင်ရင် နှစ်ဖက်မိဘတောင့်တတဲ့ မြေးဦးလေးကို ရိပ် မွေးဖွားနိုင်ခွင့်ရချင်ပါတယ် တိုင်းရယ်။

ရိပ်ကို မျှော်လင့်ကြီးစွာ ငေးကြည့်လာတဲ့ အန်တီ မျက်ဝန်းကို ရှောင်လိုက်ပေမယ့် လှည့်ကြည့်လာတဲ့ သူ့မျက်ဝန်းနဲ့ တန်းခနဲ ဆုံသွား၏။ ကတုန်ကယင်ဖြစ်သွားတဲ့ ရင်ခုန်သံကြောင့် ရိပ်ပဲ ဦးစွာအကြည့်လွှဲမိသည်က မလုံမလဲစိတ်ကလေးနှင့်ဖြစ်သည်။

"သီရိ ဘာကိုမှ တွေးပြီး အားငယ်မနေပါနဲ့ကွယ်၊ သားနဲ့သမီးက သီရိအပါးမှာ ရှိတာပဲ"

အန်တီ လက်ဖဝါးလေးကို အားပေးဆုပ်ကိုင်ထားတဲ့ မေမေ လက်မဖြုတ်သေးဘဲ နှစ်သိမ့်နိုင်အောင် ဖျောင်းဖျသည့်မှာ နူးညံ့သော အသံလေးနဲ့ဖြစ်တော့လည်း အန်တီ ခေါင်းညိတ်လျက်

"ဟုတ်ပါတယ် နှင်းနှင်းရယ်၊ သားနဲ့သမီး အနီးကပ်ရှိနေတဲ့ အသိနဲ့ သီရိ စိတ်ဖြေနိုင်အောင် အများကြီး ကြိုးစားခဲ့တာပါ"

"ကျွန်တော်နဲ့ နှင်းနှင်းလည်းရှိတာပဲ၊ လိုအပ်ရင် အချိန်မရွေး ဖုန်းဆက်ပါ၊ မသီရိရယ်"

"အင်းပါ ကိုမြင့်ရယ်၊ ကိုမင်း မရှိပေမယ့် ကိုမင်းရှိစဉ်ကလို နွေးနွေးထွေးထွေး ဆက်ဆံအားပေးတဲ့ ကိုမြင့်နဲ့နှင်းနှင်းကို သီရိ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ဝါတယ်''

''ကျေးဇူးတင်စရာမလိုပါဘူး မသီရိရယ်၊ ကျွန်တော်တို့က သားပေး သမီးယူပြီး ခမည်းခမက်ဖြစ်နေတာပဲ၊ ဝမ်းနည်းရင်လည်း အတူတူ ဝမ်းသာရင်လည်း အတူတူပေါ့ဗျာ၊ ရှေ့ဆက်ပြီး ကိုမင်း ရှိစဉ်ကလိုပဲ ရင်းရင်းနှီးနှီး နေကြတာပေါ့ဗျာ''

ဖေဖေ အားပေးသည်က အန်တီဝမ်းနည်းမှုတွေကို နှစ်သိမ့်နိုင်ပေမယ့် ရိပ် ရင်မှာ တအုံနွေးနွေး။

လူကြီးတွေရဲ့ အပြန်အလှန် ပြောစကားတွေနောက်မှာ သူ့အကြည့်က ရိပ်ထံ ခဏခဏ လွင့်ကျလာတဲ့အခါ ရိပ် ဟန်ဆောင်နေဖို့ စိတ်ကမလုံမလဲ ဖြစ်သွား၏။

ချက်ချင်းပဲ သူ့ဆီက အကြည့်တို့ရုပ်ရင်း နေရာမှဆတ်ခနဲ ထလိုက်မိသည်။ သူ မျက်မှောင်ကြုတ်၍ လှမ်းကြည့်သလို အန်တီတို့လည်း ပြိုင်တူမော့ကြည့်သည်။

''ဘာဖြစ်လို့လဲ သမီး''

မေမေ ဦးစွာမေးလိုက်တော့ ရိပ် ကိုယ်လေးမတ်ကာ အသက်အောင့်လိုက်သည်။ ပြီးမှ မျက်နှာအရောင်ပြောင်းလဲမသွားအောင် သတိထားထိန်းချုပ်ပြီး ပြောမိသည်။

''ဟို ရိပ် ခေါင်းထဲ ငြီးစိစိဖြစ်နေလို့''

''ဟင် ဟုတ်တာပေါ့၊ သွား သမီး သွားနားလေ သွားနားပါကွယ်''





အန်တီက သည်းသည်းလှုပ်ပြောမဆုံးခင် ရိပ် ဘယ်သူ့ကိုမှ မကြည့်နိုင်တော့ဘဲ အပေါ်ထပ်သို့ အပြေးတစ်ပိုင်းတက်ခဲ့မိသည်။

အန်တီ ၊ ဖေဖေနဲ့မေမေတို့က တိုင်းနဲ့ရိပ်ကို ထာဝရပေါင်းသင်းပူးဖို့ မျှော်လင့်နေကြတာက တိုင်း ဆန္ဒကို ဘာမှမသိလို့လေ။

လူကြီးတွေပြောတိုင်း ရိပ်ကို ငဲ့ငဲ့ကြည့်တာက သူ တောင်းဆိုချက်တွေကို လျစ်လျူမရှုပါနဲ့ဆိုတဲ့ စာတန်းလေးပေါ်လာသလို သိသာခဲ့သည်။ ရိပ် ဘယ်လိုမှ မမျိုသိပ်နိုင်တော့။

တိုင်း ဆန္ဒကို ရိပ် လျစ်လျူမရှုပါဘူးကွယ်။

တိုင်း ဖြစ်စေချင်သလို ဖြစ်စေရမယ်။

ခုဆိုရင် ဒယ်ဒီ ဆုံးတာ တစ်လနီးပါးရှိပြီလေ။ ရိပ် တစ်ခုခုဆုံးဖြတ်ရမယ်လေ။ တိုင်း တောင်းဆိုစရာ မလိုဘဲ ရိပ် သိနှင့်ပါတယ်။

စိတ်ချ

ရိပ် ကွာရှင်းပေးပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

BURMESE CLASSIC .com

"နုလေး ပြော"

ဖုန်းပြောသံကြောင့် အခန်းထဲ ဝင်မလိုဖြစ်သွားတဲ့ ရိပ် ခြေလှမ်းကို ပြန်ရုပ်ကာ အခန်းဝမှာပဲ နံရံနဲ့ကွယ်ရပ်မိ၏။

"ဩော် လက်ထပ်ဖို့ အေးလေ နုလေး သဘောအတိုင်း ဆွေးနွေးကြတာပေါ့"

ရိပ် မျက်လွှာလေးချကာ အသက်အောင့်လျက်သား ငြိမ်သက်သွား၏။ အင်းပေါ့လေ၊ တိုင်း ဒယ်ဒီဆုံးတာ တစ်လကျော်ပြီပဲ။ အန်ကယ် စိတ်ဆင်းရဲနေသေးလို့ ရိပ် မသိချင်ဟန်ဆောင်နေခဲ့မိတာ တိုင်းကို ချစ်သူနှစ်ဦးအတွက် ချစ်ခရီးနှောင့်နှေးသလို ဖြစ်ရပြီပေါ့။

ဟုတ်ပါတယ်လေ။ တိုင်း ဖွင့်ပြောရခက်နေလို့ ရိပ်ကို ကျော့ပြီး





ပေးဖို့ စကားစမပြောပေမယ့် ရိပ် အလိုက်သိရမှာပေါ့။

"အင်း တိုင်းလာခဲ့မယ်၊ စောင့်နေလေ"

နောက်ဆုံးပြောပြီး တိုင်း ဖုန်းပိတ်လိုက်မှ မျက်လွှာဖွင့်လိုက်တော့ မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်အိုင်နေမှန်း ရိပ် အသိဝင်လာသည်။

တိုင်းကို တကယ် ကွာရှင်းပေးရတော့မယ်ဆိုတဲ့ အသိက ရိပ် နှလုံးသားကို အဲသလောက် ဝမ်းနည်းစေသလားကွယ်။

"ရိပ်"

ခေါ်သံကြောင့် ရိပ် တစ်ကိုယ်လုံး တုန်ခါမတတ်ဖြစ်ကာ ပြိုကျလုလုမျက်ရည်တွေကို မျက်နှာပင့်မော့၍ မျက်တောင်နဲ့ ကမန်းကတန်း ပုတ်ခတ်ထိန်းသွင်းလိုက်သည်။

ရိပ် ကျချမှမပျက် ထိန်းပြီးမှ အခန်းထဲ ခြေလှမ်းဝင်တော့ ဖုန်းပိတ်ပြီးနောက် ပြန်လှည့်တဲ့ တိုင်းအကြည့်နဲ့ဆုံသည်။

တိုင်း အကြည့်က ရိဝေရှုန်းစိုကာ အတန်ကြာစိုက်ကြည့်ပြီးမှ မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ ရိပ် ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်လာသည် ။ခါ

"အို"

ရိပ် လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်သွား၏။ ရိပ်ကို အတွေ့အထိနဲ့ ညှိနှိုးနေတာလား တိုင်းရယ်။

ဝမ်းနည်းစွာ ပခုံးပေါ်က တိုင်း လက်ချောင်းတွေကို ဖယ်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့

"ဆော ဆောရီး"

အိပ်ရာက ယောင်ရမ်းထလာသူလို တိုင်း အသိဝင်လာကာ အားနာစွာပဲ လက်တွေကို ဖယ်အချမှာ အလိုက်သင့်ပြန်ရုပ်ပြီး

"ကိုယ် ရိပ်နဲ့ ဆွေးနွေးချင်တယ်"

"ဘာ"

"ဒယ်ဒီ ဆုံးသွားရင် ရိပ် ကွာပေးရမယ်ဆိုတဲ့ ကိုယ့် တောင်းဆိုချက်အတွက်"

"အို"

ရိပ် ခြေလှမ်းနောက်ဆုတ်ကာ မျက်နှာနဲ့အကြည့်ကို တစ်ပြိုင်နက် လွှဲလျက်

"ရိပ် သိပါတယ်၊ ရိပ် မမေ့ပါဘူး။ တိုင်း ဖြစ်ချင်တာကို ရိပ် ဖြစ်ခွင့်ပေးမှာပါ၊ အဲဒီအတွက် တိုင်း စိတ်မှာ ထင့်မနေပါနဲ့"

"ကို ကိုယ်ပြောတာက"

"ရိပ် နားလည်ပါတယ်"

"ရိပ် နားလည်တာနဲ့ ကိုယ် ဆွေးနွေးချင်တာက"

"ကျေးဇူးပြုပြီး မပြောပါနဲ့တော့"

တဆတ်ဆတ် တုန်ခါတဲ့အသံကို ထိန်းပေမယ့် ပေါ်ထွက်လာတဲ့ အသံတိမ်တိမ်လေးနဲ့ တရစပ်ပဲ မပြောနဲ့ တားမြစ်နေတော့ တိုင်၊ သက်မချကာ





ရိပ်ကို မမှိတ်မသုန်ကြည့်မိသည်က အတန်ကြာ။

တိုင်း အစဖော်ပြောမိတာ မှားပြီလား။ ထိုအတွေးက တိုင်း ရှလုံးသားကို မွန်းကြပ်နေစေသည်။

"အစကတည်းက ရိပ် ကတိပေးထားပြီးပြီပဲ"

တိုင်း ခေါင်းအသာ ရမ်းမိ၏။ တိုင်း ဆွေးနွေးချင်တဲ့ အကြောင်းရာနဲ့ ရိပ် ပြောနေတဲ့ အကြောင်းအရာက ထပ်တူကျမနေမှန်း တိုင်း မှားလည်သွားသည်။

ဒါကြောင့် မျက်နှာချင်းဆိုင်ပေမယ့် လွှဲထားတဲ့ ရိပ့် မျက်နှာ ရုပ်ုလေးကို ဘေးတစောင်းမြင်ရတဲ့အတိုင်း ကြည့်ပြီး

"ကိုယ် တကယ်ဆွေးနွေးချင်တာက ဘယ်လိုပြောရမလဲ ရိပ် ရယ် ကိုယ်လည်း စပြောဖို့ကို ကိုယ့်ကိုကိုယ် ရှက်သလို ရိပ်ကိုလည်း အရမ်းအားနာတယ်၊ ဒါကြောင့်မို့ ပွင့်ပွင့်လင်းလင်း ကိုယ် ဆွေးနွေးမယ် ပြောတာပါ၊ ရိပ် တစ်ဆိတ်သည်းခံပြီး ကိုယ် ဆွေးနွေးတာကို လက်ခံပေးပါလား"

ရိပ် နှုတ်ခမ်းစေ့လျက်သားနဲ့ နာနာကျင်ကျင်လေး ပြုံးကာ

"မလိုပါဘူး တိုင်းရယ်၊ အခုလည်း တိုင်းနဲ့ပန်းနုရောင် အချိန်းအချက်လုပ်ထားတယ် မဟုတ်လား၊ သွားတွေ့လိုက်ပါ"

တိုင်း အကြိမ်ကြိမ် ခေါင်းရမ်းမိ၏။ ဒီအကြောင်းစပြောမိတဲ့ တိုင်၊ကိုယ်တိုင်၊ အပြစ်တင်လျက် တွေတွေချည်းဖြစ်ပြီး

"ကိုယ်နဲ့န ဆွေးနွေးမယ်ဆိုတဲ့ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် နားလည်ပါတယ်လို့ ပြောပြီးပြီပဲ တိုင်းရယ်၊ ရိပ်ကြောင့် တိုင်း ချစ်သူနဲ့တိုင်း ရှေ့ဆက်မကွဲစေရဘူး စိတ်ချ၊ သွားပါ၊ ရိပ်ကို အားနာစရာမလိုဘူး။ တော်ကြာ ပန်းနုရောင် တိုင်းကိုစောင့်နေရလို့ စိတ်မကောင်းဖြစ်နေဦးမယ် ပြီးတော့"

"တော်ပါတော့ ရိပ်ရယ်၊ ရိပ်နဲ့ကိုယ်ကြားမှာ ဒီထက်ကြီးလောက် မွန်းကြပ်စရာကောင်းတာ ဘာမှမရှိဘူး"

"တိုင်းပြောတဲ့ မွန်းကြပ်စရာတွေက မကြာခင် ပြီးဆုံးသွားမှာပါ၊ တိုင်း ပန်းနုရောင်ဆီ သွားပါတော့၊ တိုင်း နောက်ကျနေရင် ပန်းနုရောင်နဲ့ဆွေးနွေးမယ့် အချိန်တွေ အလဟဿ ဖြုန်းတီးနေလိမ့်မယ်၊ သွားပါတော့နော်၊ ရိပ်ကို နားလည်ပေးချင်ရင် သွားပါတော့"

ထိန်းနေရင်းကြားက တုန်သွားတဲ့ ရိပ် အသံက သိသိသာသာ နိမ့်ဆင်းသွားသည်။ ရိပ် စကားလုံးတွေကြောင့် တိုင်း ရင်မှာ ယူကြုံးရတဲ့ ဝမ်းနည်းမှုတွေက မျက်ရည်များအဖြစ် မျက်ဝန်းအိမ်ထဲ ရစ်ဝိုင်းသွား၏။

"သွားတော့ လေ တိုင်းဝဥာ"

ခပ်စိမ်းစိမ်းချည်း နှင်ထုတ်နေတဲ့ ရိပ်ကို တိုင်း၊ ဘာတစ်ခွန်းမှ ပြောခွင့် ဖြေရှင်းခွင့်နဲ့ ဆွေးနွေးခွင့်ရတော့မယ် မထင်တော့။

တိုင်း ဖြေရှင်းခွင့်တွေက ဘယ်လိုမှ ရှေ့လို့မရအောင် မြဲမြံနေခဲ့တာ ရိပ်ကို ရင်ခုန်တဲ့ စိတ်ကြောင့်မှန်း တိုင်း၊ အခုမှ ထင်ထင်ရှားရှား သိမြင်ပေမယ့် ခုတော့ အားလုံး တိုင်း၊ ထင်သလို ဖြစ်လာတော့မှာ





မဟုတ်တော့ဘူး ထင်တယ်။

"တိုင်း မသွားရင် ပန်းနုရောင်ကို ရိပ်ပဲ တိုင်းကိုယ်စား သွားပြီး ဆွေးနွေးပေးရမလား"

"ကျစ်"

တိုင်း မျက်လုံးအစုံးကို ဝမ်းမနည်းမိအောင် စုံမှိတ်ချကာ ခေါင်းကိုလည်း အတင်းပဲခပ်ဆတ်ဆတ်ညိတ်၍

"ရပါတယ် ကိုယ့်ကိစ္စ ကိုယ်ပဲသွားပါ့မယ်၊ ဒါပေမဲ့ ကိုယ် ယသိတဲ့ ရိပ် ဘာကိုမှ မခံစားဖြတ်ပါနဲ့"

"ဟွန်း"

မျက်နှာလေး ဆတ်ခနဲ ခါလွှဲလိုက်စဉ် ရိပ် အပြုံးတို့က ပိုပြီး ကျယ်ကျုံသွားကာ ခြေလှမ်းကိုလည်း တိုင်းနဲ့ဝေးမင်ဝေးအောင် ပြတင်းပေါက်ဘက် မျက်နှာမူကာ ရှောင်ထွက်ရပ်လိုက်သည်။

တိုင်း၊ ခြေလှမ်းတွေရွေ့သွားတော့ ရိပ် လှည့်မကြည့်ဘဲ တဖြည်းဖြည်းဝေးကွာသွားမှန်းသိရှေ ရိပ် ရင်ထဲက ဝမ်းနည်းမှုတွေက တားမနိုင်သီးမရ ယိုစိတ်ကျလာလေဖြစ်သည်။

နှလုံးသားထဲက ဝမ်းနည်းမှုတွေက ဝါဆိုမိုးလိုသည်းသည်း ညည်းမည်းရွာသွန်းကာ

အချစ်ကြောင့် ပြိုကျလာတဲ့ မျက်ရည်မိုးကို သုတ်သင်ဖယ်ရှားဖို့လည်း ရိပ် အသိတရားက ဆင်ခြင်မနေတော့။ တစ်ကိုယ်တည်း ကြွေးခွင့်ရတုန်း လွတ်လွတ်လပ်လပ် ငိုကြွေးပါ့မယ် တိုင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကို ပေးထားတဲ့ကာဗျာဟာ တိုင်းကို ချစ်မိတဲ့ စိတ်ပဲ ဘယ်တော့မှ ရိပ် ဖျောက်ဖျက်ပစ်မှာ မဟုတ်ဘူးဆိုတာ တိုင်း သိရစေမယ်ကွယ်။

ခုတင်အောက်က အနက်ရောင် သားရေအိတ်ကြီးကို ဆွဲထုတ်ကာ ဗီရိုထဲက ရိပ် အဝတ်တွေအားလုံးကို ထိုးသိပ်ထည့်မိ၏။

တိုင်း တောင်းဆိုစဉ်ကတည်းက အသင့်ပြင်ဆင်ထားတဲ့ စာချွန်နှစ်စောင်ကိုလည်း မွေ့ရာပေါ်တင်လျက်

တိုင်းရယ်

တိုင်းကိုချစ်တဲ့စိတ်က တိုင်း ချစ်သူနဲ့တိုင်း ပေါင်းဖက်တာကို မြင်ခွင့်ရဖို့ ရိပ် ဘာမဆိုလုပ်ဖို့ ဝန်မလေးသလို

တိုင်း ကိုရက်ရက်ရောရော ကွာပေးဖို့လည်း ဝန်မလေးပါဘူးကွယ်။

BURMESE CLASSIC .com



## အခန်း (၁၄)

"တောက်"

တစ်ကိုယ်လုံး အကြောတွေတင်းကာ မတ်မတ်ထိုင်နေမိတဲ့ ကိုယ်လေးက တောင့်လျက်၊ စေ့ထားတဲ့ နှုတ်ခမ်းလှလှလေးပင် [illegible]ပ်မှုကြောင့် တခတ်ခတ်တုန်ယင်လို့နေသည်။

"နုလေး"

ဒေါသံနှင့်အတူ အခန်းထဲ ဝင်လာသည့် တိုင်းကို မြင်[illegible] အုံကြနေတဲ့ ခံပြင်းမှုတွေနဲ့ ဒေါသတွေက ဝမ်းနည်းခြင်းတွေ [illegible] ခံစားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဝုန်းခနဲထကာ

တောဆန့်ထားတဲ့ လက်ချောင်းတွေကို တင်းနေအောင်ဆုပ်ပြီး

"ဒီမှာ တိုင်း တိုင်းဟာ နုအချစ်နဲ့ နုဘဝကို ပက်ပက်စက်စက်



www.burmeseclassic.com

www.burmeseclassic.com



စော်ကားဖို့ ဘယ်အချိန်ကတည်းက စောင့်ကြည့်ပြီး ခုလို ရက်စက်ရတာလဲ"

"ဘာ ဘယ်လို"

"ဟွန်း အခုမှ မသိချင်ဟန်ဆောင်နေတာလား"

တိုင်း ခေါင်းတစ်ချက်ကုတ်၍ စိတ်လှုပ်ရှားစွာပဲ အလှတွေ ပျက်အောင် တင်းထားတဲ့ နုမျက်နှာလေးကို စိုက်ကြည့်ကာ

"တိုင်းက ဘာကို မသိချင်ဟန်ဆောင်မိလို့လဲ နုလေးရယ်၊ နုလေး ချိန်းတဲ့အတိုင်း တိုင်း လာခဲ့တယ်လေ"

"ကြော် အတော်လေး လိမ္မာနေတဲ့ ချစ်သူပေါ့ ဟုတ်လား"

နှုတ်ခမ်းကို တမင်တွန့်ပြီး ခနဲ့လိုက်တဲ့ နုလေးစကားကြောင့် တိုင်း ရင်မှာရှုပ်ထွေးသွားတာ အမှန်။

"ထိုင်ပါဦး နုလေးရယ်"

"မထိုင်ဘူး"

မာကျစ်နေတဲ့ စကားလုံးက ရင်အုံကို ဖြောင့်ဝင်ဆောင့်သည်က တိုင်း ရင်မှာ အောင့်သက်သက်ဖြစ်ရသည်။ တိုင်းလည်း မထိုင်ဖြစ်၊ မလိုအပ်ဘဲ ပွက်ပွက်ဆူနေတဲ့ ဒေါသနှင့် ရင့်ရင့်သီးသီး ဖြစ်နေတဲ့ နုလေးကို မိနစ်ဝက်လောက် စိုက်ကြည့်ပြီးမှ

"ထိုင်ပြီး အေးအေးဆေးဆေး ပြောကြရအောင် နုလေး ရေ့၊ နုလေး ဘာဖြစ်ချင်လဲ၊ အရင်ပြော၊ ပြီးမှ တိုင်းပြောမယ်"

"မပြောနဲ့ ဘာမှမပြောနဲ့ တိုင်း။ တိုင်းနဲ့နုလေး ပြောစရာ





ကာစကားမှမရှိတော့ဘူး"

နှာနှာကျင်ကျင် စိုက်ကြည့်ရင်းပြောကာ စားပွဲပေါ်တင်ထားတဲ့ အသားရောင် ရဲ့ရဲ့လက်ဆွဲသားရေအိတ်ကို ဖျတ်ခနဲ ကောက်ကိုင်ပြီး လှည့်ထွက်ဖို့ခြေလှမ်းပြင်သည်။

တိုင်း ရင်ထဲမှာ ဘာဝင်မကျသလို နားမလည်မှုတွေလည်း များထွေးကာ

"နေပါဦး နုလေး"

ဟန့်တားရင်း လက်ကိုင်အိတ်ကိုင်ထားတဲ့ နုလေး လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းဆိုင်တော့

"တောက် တိုင်း လက်ကိုလွှတ်"

ပြောခဲ့တဲ့အသံက ဗိမ်းဗိမ်းပြတ်ပြတ်ပင်။ နုလေး ဘာဖြစ်လို့ တိုင်းကို ဒီလောက်တောင် တင်းနေရတာလဲ။

တွဲလာပဲ့သက်တမ်းတစ်လျှောက်မှာ တိုင်း ရင်ခွင်ထဲ နုလေး ညှာပဲတိုးဝင်လာလေ့ရှိသည်။ နုလေးရဲ့ လက်ကလေးကိုင်ရုံနဲ့ ခါးခါးသီး ဖြစ်နေတာ ဘာကြောင့်လဲ။ သိချင်စိတ်တို့နဲ့ မျက်လွှာချကာ တုန်ခါ နေတဲ့ နှုတ်ခမ်းလှလှလေးကို စိုက်ကြည့်သည်။

ကိုင်ထားမိတဲ့ လက်ကလေးကိုမလွှတ်ဘဲ

"နုလေး ဘာဖြစ်နေတာလဲကွာ"

"ဟွန်း ဘာဖြစ်နေလဲဆိုတာ မျက်နှာပြောင်တိုက်ပြီး မေးရဲသေးတယ်၊ ဒီမှာ တိုင်း၊ ငါ့မှာ ယူမျက်နှာပြောင်တိုက်ပြီးမေးနေတာကို နု



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်တိုက်ပြီး ပြန်ပြောဖို့ စိတ်မဝင်စားဘူး။ လွှတ် လွှတ်လေ"

နုလေး အတင်းရုန်းခါလိုက်တော့ ဆုပ်ကိုင်ထားမိတဲ့ တိုင်း လက်လွှတ်လိုက်တော့ ချာခနဲ လှည့်ထွက်သွားတဲ့ နုလေး။

တိုင်း စိတ်ကိုထိန်းချုပ်လို့ မရတော့။

ဖွတ်ပဲ နောက်က နုလေးကိုယ်လုံးလေးကို သိုင်းဖက်ကာ

"နုလေး"

"တောက် သိပ်ကိုအောက်တန်းကျလွန်းတယ် တိုင်းဥာ"

နု မက်မောစွာ နိုဝင်ခဲ့ဖူးတဲ့ တိုင်း ရင်ခွင်က ခုချိန်မှာ မီးတွေ လိုပူလောင်သလို မသတီနိုင်တဲ့စိတ်က အတင်းဆွဲဖက်ထားတဲ့ တိုင်း၊ လက်တွေကို ဖြုတ်ချဖို့ကြိုးစား၏။

"နုလေး"

"ယူ လွှတ် နော် လွှတ်၊ ယူ့မျက်နှာကို ရွံတယ်။ ယူ့တစ်ကိုယ် လုံးလည်း ရွံတယ်၊ ခုမှ နုကို ဒီပုံစံတွေနဲ့ ဖြားယောင်းသိမ်းသွင်းလို့ ရမယ် မထင်နဲ့၊ နုဟာ တိုင်းကို ရင်နဲ့မဆံ့အောင် ချစ်ခဲ့သလို ခုချိန်မှာ အချစ်တွေရဲ့ပြောင်းပြန် ဖြစ်သွားပြီ သိရဲ့လား"

"ဘာတွေလည်း နုလေးရာ"

"ဘာတွေလဲဆိုရင် နောက်ထပ် နုကို ယူ ဆွဲလားရမ်းလာ လာမလုပ်နဲ့ တိုင်းဥာ၊ ယူ့ တစ်ကိုယ်လုံးမှာ နု မက်မောစရာ ဘာမှ မရှိတော့ဘူး"

တိုင်း လက်တွေကို အတင်းပဲ ဖြုတ်ချဆောင့်ရုန်းကာ မျက်နှာ





ကို မုန်းတီးနာကျည်းစွာပဲ တွန်း၍ စေ့စေ့ကြည့်ပြောသည်က တိုင်း လိုက်မမီ နိုင်တဲ့ ဘာသာရပ်တွေလိုပဲ။

ချက်ချင်းချည်း ပြောင်းလဲသွားတာ ဘာကြောင့်လဲဆိုတာ တိုင်း သိချင်စိတ်ကို ထိန်းမရတော့၊ ဘာမှရေရေရာရာ မသိရဘဲနဲ့ နုလေးကို ထွက်သွားခွင့် မပေးချင်ဘူး။

တခါးမှာ တိုင်း ပိတ်ရပ်ပြီး

"မဟုတ်သေးဘူး နုလေး။ နုလေး ချိန်းတဲ့အတိုင်း တိုင်း လာခဲ့တယ်၊ နုလေး ချက်ချင်းချည်း ပြောင်းလဲသွားတာ ဘာကြောင့်လဲ၊ တိုင်း သိခွင့်ရှိရမှာပေါ့"

"ဟွန်း သိပ်သိချင်သတဲ့၊ ဒီလောက်တောင်သိချင်ရင် ယူ့ မာမီကို ယူမေးကြည့်"

"ဘာ"

"ယူ့ မာမီလေ၊ ယူ မရှက်တတ်ဘူးဆိုရင် ယူ့မာမီကို ယူ ပြန်မေးလိုက်"

"ဟင်"

တိုင်း ကိုယ်က ကျောက်ရုပ်အလား ငြိမ်သက်သွား၏။ မာမီ ကို မေးရမယ်တဲ့ မရှက်တတ်ရင်ဆိုတဲ့ စကားလုံးက ဘာသဘောလဲ။

"ဒီမှာ တိုင်းဥာ ပန်းနုရောင်ဆိုတဲ့ မိန်းမဟာ ချစ်တတ်လွန်း လို့ ယူ့ကို အဘက်ဘက်က အနစ်နာခံပြီး ချစ်ခဲ့တာ၊ ဒါပေမဲ့ အဲဒီ အချစ်တွေဟာ ယူ့ရဲ့အရှက်မရှိ လုပ်ဆောင်ချက်တွေကြောင့် နု နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားမှာ အမုန်းတွေ နာကျင်မှုတွေဖြစ်သွားပြီ၊ ဒါကြောင့် ယူ နက်ကို နောက်ထပ် ဆက်သွယ်ဖို့ မကြိုးစားနဲ့ ကြိုးစားမယ်ဆိုရင် လက်ဆောင် တစ်ခုပေးခဲ့မယ်''

ပြောရင်း တိုင်းရှေ့ ခြေလှမ်းတိုးလာသည်။ တစ်ပေခန့်အကွာမှာ မျက်နှာချင်းဆိုင် မတ်တပ်ရပ်ကာ တိုင်း မျက်နှာကို မနှစ်မြို့စွာ မျက်လုံးနဲ့ ခေါက်တုံ့ခေါက်ပြန် မော့ကြည့်ပြီးသည်နှင့်

ဝတ်စုံလေးနှင့်တစ်ထပ်တည်းကျအောင် အပြာဝတ်ကိုဝတ်၍ ဆေးခြယ်ထားသော ညာလက်သည်းချောင်းလေးတွေကို ဆုပ်ထားရာမှ ဖြန့်လိုက်ပြီး လက်ဖဝါးလေး မြှောက်တက်သွားသည်နှင့်တစ်ပြိုင်နက်

''ဖြန်း''

ကြားလိုက်ရတဲ့အသံနောက်မှာ တိုင်း ပါးပြင်တစ်ဖက် မှိန်းဖြစ်၍ခေါင်းတစ်ခုလုံး လည်ဆင်းသွား၏။

''ဟင်''

တိုင်း ပါးပြင်ကို လက်ဖဝါးနဲ့အုပ်ရင်း နုလေးကို အံ့သြနာကျင်စွာပဲ ကြည့်၏။ ထိုအကြည့်ထဲမှာ မေးခွန်းများစွာပါသွား၏။

နုလေး နှုတ်ခမ်းလှလှကို တွန့်မဲ့ပစ်ကာ ရင်ကိုဖွင့်ရင်း တိုင်း ပခုံးကိုပါ တိုက်လျက် ကြော့ကြော့မော့မော့ ထွက်သွားသည်က တိုင်း ကိုယ်တစ်ကိုယ်လုံး လှုပ်ခါသွားသည်အထိ။

ပါးပေါ်တင်ထားတဲ့ လက်ဖဝါးကိုမချဘဲ နုလေး ကျောခိုင်းထွက်သွားတဲ့ ကိုယ်လုံးသွဲ့သွဲ့လေးနောက် အငြိုးတဆိုင်းငေးကြည့်မိ၏။





မဆိုင်လိုက်တာကွာ။

ရင်ထဲမှာ နာကျင်သလိုနဲ့ ဝမ်းနည်းသွား၏။ မျက်ရည်တွေ မကျမိအောင် ထိန်းရင်း ရင်ထဲမှာ ရှုပ်ထွေးမှုတို့ လှိုင်းထန်နေသည်။

ဘာတွေလဲကွာ။

ဘလိုင်းချည်း ပါးချခံရတာ ဘာကြောင့်လဲ။

မာမီရယ်

ဘာတွေလဲ။

◾ ◾ ◾

ဖြစ်နိုင်ရင် အရာအားလုံးကို တိုင်း မေ့ပစ်လိုက်ချင်သည်။ မေ့ချင်တဲ့စိတ်နဲ့ ဖိသောက်နေမိတာ တိုင်းကိုယ်တိုင် ထူမနိုင် ထမနိုင်တဲ့အထိ။

ဒီလောက် မူးပြီးလည်နေတာတောင် အသိတရားတို့က အဖြစ်အပျက်တို့ မြင်နေဆဲ။

မာမီရယ် အရှက်သည်းနေတဲ့ တိုင်းရင်ဘတ်ကို လာဖွင့်ကြည့်ပါ။ နုလေး အမြင်တွေ ပြောင်းပြန်ဖြစ်အောင် မာမီ ဘာကြောင့် ကြားဝင်ရတာလဲ ကွယ်။

◾ ◾ ◾

ဒီသီသန့်စားသောက်ခန်းမထဲမှာ နု တစ်ကိုယ်တည်း ထိုင်နေရင်း တိုင်း အလာကိုစောင့်နေရတာ ရင် တဒိတ်ဒိတ်ခုန်လာသည်။

ချစ်ခြင်းကြောင့် လက်ထပ်ပေါင်းဖော်ခွင့်ရမယ့် အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားခဲ့ရတာလေ။ တိုင်း ရောက်လာရင် လက်ထပ်မယ့်အရေး ရင်မှာ ဆွေးနွေးကြတာပေါ့ဆိုတဲ့ အတွေးနဲ့ရင်မှာလှိုက်မြူးနေစဉ်

"ကျွီ"

ကြားရတဲ့ တံခါးဖွင့်သံ တိုင်း လာပြီဆိုတဲ့အသိနဲ့ ရင်ခုန်စွာ တံခါးဝဘက်ကျောပေးထိုင်နေမိတဲ့ ကိုယ်နဲ့ခေါင်းကို တစ်ပါတည်း လှည့်ကြည့်လိုက်တော့

ဆင်စွယ်ရောင် လက်ဖြာနေသော လက်ကိုင်အိတ်ကို ဘယ်လက်မှာ ဟန်ပါပါချိတ်လျက် ခဲရောင်ပေါ်မှာ လှိုင်းဘွန့်လေးတွေကို ငွေမျှင်ကြိုးတွေယှက်ဖြာနေတဲ့ ဇော်ရှင်က ဘေးကွဲဂါကတ်ရှည်နှင့်ဖြစ်တော့ မပိန်မဝသော အနေတော်ခန္ဓာကိုယ်မှာ ကပ်ချပ်နေသည်။

ဆံပင်အတိုအကောက်လေးကို လှိုင်းကလေးတွေပေါ်အောင် ဖီးသင်ထားသလို ကာလာခြယ်မျက်နှာလေးက အကြည့်မလွဲချင်စရာ ကောင်းအောင် လှပနုပျိုနေသည်။

ခေတ်မီ ကျော့ရှင်းသော ဟန်နဲ့အရှိန်အဝါကြီးသော အမျိုးသမီးကြီးက တိုင်း မိခင်မှန်း နု သိလိုက်စဉ် ရင်မှာ နားလည်နိုင်အောင် ရှုပ်ထွေးသွားသည်။

"ဟင့် ဟင့် ပန်းနုရောင် စောင့်နေတာ ကြာပြီလား"

မခိုးမခန့် ပြုံးကာ ရယ်သံလေးစွက်ရင်း မေးတဲ့အသံက နု ကို တန်ဖိုးထားမြတ်နိုးခြင်းမရှိသလိုချည်း။

နု အကြည့်လွှဲလိုက်တော့ ဒေါ်သီရိခေတ် စားပွဲဝိုင်းကို ပတ်





၍ နုနဲ့မျက်နှာချင်းဆိုင်မှာ ခပ်တည်တည်ပဲဝင်ထိုင်သည်။

"ဘာ ဘာကိစ္စလဲ အန်တီ"

"ကိစ္စကတော့ ပန်းနုရောင် ရိပ်မိမှာပါ"

"ဘာတို့ ရိပ်မိရမှာလဲ အန်တီ"

"တိုင်း နဲ့ချိန်းထားတဲ့ဆီ တိုင်း မလာဘဲ အန်တီရောက်လာတယ် ဆိုကတည်းက ပန်းနုရောင် အလိုလို နားလည်နေရမယ်၊ ရိပ်မိနေရမယ် လေ၊ ပန်းနုရောင် မရိပ်မိတာက သိပ်ကို မှန်နေသလားလို့"

"ဘာပြောလိုက်တယ် အန်တီ"

"ဟင့် ဟင့် မှန်ထူနေသလားလို့လေ"

"တောက်"

နု နှုတ်ခမ်းလေးကို တင်းတင်းဖိကိုက်ကာ ဒေါ်သီရိခေတ်ကို မှုန်မှုန်ရီရီပဲ စိုက်ကြည့်မိသည်က တဆတ်ဆတ်နာသွားတဲ့ စိတ်နဲ့ဖြစ်သည်။ ဒေါ်သီရိခေတ် မျက်နှာက အရောင်ပြောင်းမသွား။

နုကို စိုက်ကြည့်တဲ့အကြည့်ကိုမလွှဲဘဲ

"ပန်းနုရောင် စဉ်းစားကြည့်လေ၊ တိုင်းဝဏ္ဏကို ညည်း အဲသလောက် စွဲလန်းနေတာ ဘာဘာဝကျရဲ့လား၊ စဉ်းစားကြည့်စမ်းပါ"

နု အသားတွေပါ တုန်ချင်လာသည်။ အန်တီ ပြောလိုက်တဲ့ စကားတွေက အေးအေးခဲခဲနဲ့ ခံရခက်လှသည်။

"ပန်းနုရောင်ကို အန်တီ အစကတည်းက သဘောမတူတာ အကြောင်းမဲ့မဟုတ်ဘူး။ ညည်းမိသားစုရဲ့ အစဉ်အလာကို မကြိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မိသားစုရဲ့အစဉ်အလာ ဟုတ်လား အန်တီ"

"သိပ်ဟုတ်တာပေါ့"

"ဘာ အစဉ်အလာလဲ အန်တီ"

"ဟင့် အိမ်ထောင်ကွဲတဲ့ အစဉ်အလာ၊ ပိုရှင်းအောင်ပြောရရင် အိမ်ထောင်ဆက်များတဲ့ အစဉ်အလာ"

"တောက် အန်တီ မစော်ကားနဲ့"

ဒေါ်သီရိခေတ် လက်နှစ်ဖက်ယှက်ပိုက်ကာ မတ်မတ်ထိုင်ရင်း ပြုံးကြည့်လိုက်သည်။ ဆတ်ဆတ်ခါနာသွားတဲ့ မျက်နှာက ပြားနှမ်းသွား၊ မတတ်ဖြစ်ကာ ပန်းနုရောင် အံတင်းတင်းဖိကြိတ်မိ၏။

"အန်တီက စော်ကားတာလား၊ ပန်းနုရောင် မိသားစုရဲ့ အစဉ်အလာက ဖြစ်ခဲ့တာလား၊ ပြောစမ်းပါ"

"မပြောနဲ့"

နု ဝုန်းခနဲ ထရပ်ကာ ဟန့်တားလိုက်တဲ့အသံက ပြတ်ပြတ်တောင်းတောင်း။ ဒေါ်သီရိခေတ် မပျက်တဲ့ မျက်နှာပေးနဲ့ပြုံးကြည့်သည်။

ပန်းနုရောင် မျက်နှာပေါ်က လင်းတစ်လှည့် မှောင်တစ်လှည့် ပြာတစ်လှည့်ဖြစ်နေသည်က အန်တီ ဖောက်ပြတဲ့ နုတို့မိသားစု အစဉ်အလာကို ပြန်မြင်မိလို့လား။

အို နု နလုံးသားမှာ တဆတ်ဆတ်နာကာ မျက်ရည်ကျမတတ် ဖြစ်သွား၏။

သားသမီး သုံးယောက်နဲ့ နုမာမီက နု ဒယ်ဒီနဲ့ကွဲသည်။ ဒု





ဒယ်ဒီက အိမ်ထောင်သစ်ထူသလို မာမီကလည်း နောက်အိမ်ထောင်ပြုသည်။ ဒုတိယအိမ်ထောင်နဲ့ စိတ်သဘော မတိုက်ဆိုင်လို့ တစ်နှစ်ခွဲသာ ပေါင်းပြီး ပြန်ကွဲသည်။ အခုလက်ရှိ မာမိနဲ့ပေါင်းနေတဲ့ အန်ကယ် စိုးသက်မောင်က တတိယ ခင်ပွန်းဖြစ်သည်။

မမ အဝါရောင်ရဲ့ ပထမခင်ပွန်းက မုဆိုးဖို၊ မမထက် ဆယ့်ရှစ်နှစ်ကြီးပြီးစီးပွားဥစ္စာနဲ့ ပြည့်စုံသည်။ ဒါပေမဲ့ တစ်နှစ်လောက်ပဲ ပေါင်းရာသည်။ သွေးတိုးရောဂါနဲ့ ဆုံးရှာသည်။

မမ ဒုတိယ အိမ်ထောင်ပြုသည်။ ကလေးတစ်ယောက်ရတော့ မမ အမျိုးသား အိမ်ထောင်ရေးဖောက်ပြန်ပြီး ကောင်မလေးတစ်ယောက်ကို ခိုးပြေးသည်။ မမ ခွင့်မလွှတ်နိုင်လို့ ဒုတိယအိမ်ထောင်ကို ကွာကာ တတိယအိမ်ထောင်ပြုသည်။ အခုလက်ရှိ တတိယအိမ်ထောင်နဲ့ ကလေးနှစ်ယောက်ရသည်။ အိမ်ထောင်ရေးက ငွေကြေးပြည့်စုံပေမယ့် မသာယာခဲ့၊ မမက အိမ်ထောင်အပျက်မခံနိုင်လို့ သည်းခံပြီးပေါင်းလေ ကိုသက်နိုင်က ဖိုပြီးတင်းမလေ၊ နောက်ဆုံး အခြေအနေအရ တရားဝင် ကွဲမကွာရသေးပေမယ့် တစ်အိမ်တည်းအတူနေပြီး လင်မယားချင်း မပေါင်းတော့တဲ့ အနေအထား။

ကိုလေး အနီရောင်ကလည်း ဘာထူးသေးလဲ။ မိဘချင်း သဘောမတူတဲ့ မိန်းကလေးနဲ့ တိတ်တိတ်ပုန်း လက်ထပ်ပေါင်းသင်းခဲ့သည်။ ဒါပေမဲ့ တစ်ဖက်က မရမကခွဲလို့ ကွဲသွားသည်။

မာမီက ချွေးမလောင်းဖျက်ပြီး မာမီ မိတ်ဆွေရဲ့သမီးနဲ့ လူသိ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြားလက်ထပ်ပေးခဲ့သည်။ ဒါပေမဲ့ ကိုလေးက မာမီ လက်ထပ်ပေးတဲ့ မသစ်သစ်လွင်ကို မချစ်နိုင်လို့တဲ့။ ခပ်စိမ်းစိမ်းပဲ ဆက်ဆံသည်။ မသစ်က လိုက်လိုက်လျောလျော ပေါင်းပေးမယ့် ကိုလေးစိတ်က မသစ်အပေါ် မြတ်မြတ်နိုးနိုး မရှိခဲ့။ မသစ်က တစ်ဖက်သတ်မြတ်နိုးတော့လည်း အိမ်ထောင်ရေးက မသာယာ။

ထိုအကြောင်းပြချက်နဲ့ ကိုလေး အပြင်မှာ ကောင်မလေးတွေနဲ့ တတွဲတွဲ ခြေရှုပ်နေတတ်သည်။ မသစ်က သည်းမခံလို့ကွာမယ်ဆိုရင် ကိုလေးက ဝမ်းမနည်းဘူး။ တွဲနေတဲ့ ကောင်မလေးတစ်ယောက်ယောက်ကို လက်ထပ်ဖို့ ဝန်မလေးဖြစ်နေသည်။ မသစ်က ကိုလေးကို ချစ်နိုးထိမြတ်နိုးတဲ့စိတ်နဲ့ပေါင်းနေလို့သာ ကိုလေး ရှေ့မတိုးသာခြင်းဖြစ်သည်၊

မိဘနှစ်ပါးရော အစ်ကိုနဲ့အစ်မပါ ထိုသို့ အိမ်ထောင်ရေး မပြေလည်မှုတွေ အိမ်ထောင်ဆက်များနေမှုတွေ ဖြစ်နေတဲ့အတွက် တိုင်းမိဘက နုကို သဘောမတူနိုင်ဖြစ်နေတာ နု ခံပြင်း၊ခုံးပဲ။

"ဒီမှာ အန်တီ မိဘနဲ့မောင်နှမတွေ ကံမကောင်းလို့ အိမ်ထောင်ဆက်များကြတာက နုနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ပန်းနုရောင်၊ လူဆိုတာ မျိုးရိုးလိုက်တတ်တဲ့ အလေ့ရှိတယ်လေ"

"မဆိုင်လိုက်တာ လုံးဝမဆိုင်လိုက်တာ အန်တီရယ်"

"ပန်းနုရောင်က မဆိုင်ဘူးထင်ပေမယ့် အန်တီတို့အတွက်ကတော့ လုံးဝဆိုင်တယ်၊ အန်တီတို့ နိုင်ငံခြားမှာ အနေကြာလို့ ခေတ်မီပေ





မယ့် အိမ်ထောင်ရေးအသိကတော့ မိရိုးဖလာအတိုင်း တစ်လင်တစ်မယားပဲဖြစ်ရမယ်၊ အန်တီတို့မိသားစု အစဉ်အလာမှာ အိမ်ထောင်ကွဲ အိမ်ထောင်ပျက်မရှိဘူး။ ကံကြမ္မာအရ အိမ်ထောင်ဘက်သေဆုံးလို့ နောက်အိမ်ထောင်ပြုကြရင်တောင် ပြုတဲ့အိမ်ထောင်နဲ့ သေတပန်သက်တစ်ဆုံးပေါင်းခဲ့ကြတာချည်းပဲ၊ လက်ရှိ အန်တီ မုဆိုးမဖြစ်သွားပြီ၊ ပန်းနုရောင် မာမီလိုတော့ နောက်ထပ် အိမ်ထောင်ပြုတော့မှာ မဟုတ်ဘူး"

တစ်ခွန်းပြီးတစ်ခွန်း ထိပါးလာတဲ့စကားတွေက နု သွေးတွေကို ပွက်ပွက်ဆူစေသည်။ ဒေါ်သီရိခေတ် ဟန်ပါပါပဲ ပန်းနုရောင်နဲ့ မျက်နှာချင်းဆိုင် ဝရုပ်သည်။

"အိမ်ထောင်ပြုတယ်ဆိုတာ လမ်းဘေးအကြော်ဆိုင်မှာ ခံတွင်းမြိန်အောင် အကြော်ထိုင်စားရသလောက် ပေါ့ပေါ့ပါးပါးနဲ့ လွယ်လွယ်ကူကူ မဖြစ်နိုင်ဘူး၊ လေးနက်ခိုင်မာတဲ့စိတ်ရှိရမယ်၊ဆင်ခြင်တုံတရားကို လက်ကိုင်ထားရမယ်၊ အခန့်မသင့်ဖြစ်တိုင်း တစ်ယောက်ကိုကွာ၊ တစ်ယောက်ကိုယူ၊ မကြိုက်ရင် မပေါင်းဘူး၊ ဟိုတွဲ ဒီရှုပ်နဲ့ စိတ်အစာကျွေးနေရရင် ပန်းနုရောင် မာမီလို ကလေးသုံးယောက် လင်သုံးယောက်၊ ပန်းနုရောင် အစ်မလို ကလေးသုံးယောက် လင်သုံးယောက်၊ ပန်းနုရောင်အစ်ကိုလို တရားဝင်က နှစ်ယောက် တရားမဝင်က ရေတွက်လို့မရအောင်ဖြစ်နေမှာလေ"

ပါးရိုက်ခံရသည့်ထက် နာကျင်အရှက်သည်းစရာကောင်းတဲ့ နု



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့ အိမ်ထောင်ရေးအစဉ်အလာက နု အသိတရားတွေကို ပြာမှောင်ကာ ရပ်တည်မနိုင်လောက်အောင် တစ်ကိုယ်လုံး တုန်ယင်သွား၏။

နု ထိန်းမနိုင်တဲ့ကိုယ်နဲ့လက်ကို စားပွဲမှာ အားပြုထောက်ချပ်ကာ ခုန်မှာ ဝုန်းခနဲထိုင်ချလိုက်သည်။

ဒေါ်သီရိခေတ် အားမနာတမ်းဘဲ ရပ်လျှက် နုမျက်နှာကို ငုံကြည့်ကာ ပြောစရာရှိတာကို ဆက်ပြောသည်။

"အဲဒီလို အိမ်ထောင်ကွဲတဲ့ အစဉ်အလာ၊ အိမ်ထောင်ဆက်များတဲ့ အစဉ်အလာရှိနေတဲ့ မိသားစုထဲက တစ်ယောက်ကို အန်တီ ချွေးမအဖြစ် လက်ခံဖို့ လုံးဝမဖြစ်နိုင်လို့ အစကတည်းက ငြင်းခဲ့တာပဲ၊ ပန်းနုရောင် အရှင်းဆုံးပြောရရင် ညည်းနဲ့သားသွားမှာစိုးလို့ သား ဒယ်ဒီရဲ့ကျန်းမာရေးကို အကြောင်းပြပြီး သားကို ပန်းနုရောင်နဲ့ဝေးအောင် အမေရိကားအပါ ခေါ်ခဲ့တာ"

နု နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ကာ တစ်ခုခုပြန်ပြောဖို့ လည်မျိုကို ဖိညှစ်ထားသလို အစ်စို့ကာ အသံမထွက်နိုင်ဖြစ်ရ၏။

"ဒီကိုရောက်လာတော့ ဖန်သားရိုက်ကို အန်တီတို့ မြင်ပြီး သဘောကျခဲ့တယ်၊ ကံကောင်းတာက တိုင်းက ဒယ်ဒီ စိတ်ချမ်းသာအောင် ခေါင်းညိတ်သလို တစ်ဖက်ကလည်း လိုလားတဲ့အတွက် တိုင်းကို အန်တီတို့ စိတ်ကြိုက်ချွေးမနဲ့ လက်ထပ်ပေးခွင့်ရခဲ့တယ်၊ ဒါပေမဲ့ သား စိတ်မှာ သူငယ်ချင်းချစ်သူဖြစ်ခဲ့တဲ့ ပန်းနုရောင်ကို သိပ်နေရာပေး





လွန်းတယ်၊ သား ဒယ်ဒီ မရှိတော့ရင် သား ထင်ရာစိုင်းမယ်ဆိုတာ အန်တီ အစကတည်းက သိတယ်၊ ဒါပေမဲ့ မသိချင်ဟန်ဆောင်ခဲ့တယ်၊ အန်တီ မသိချင်ဟန်ဆောင်တာက သား က ထင်ရာစိုင်းဖို့ ရှေ့တိုးသလို ပန်းနုရောင်ကလည်း ရှေ့တိုးဖို့ အဆင်သင့်ဖြစ်နေတာကို သိရတော့ အန်တီ မသိချင်ဟန်ဆောင်လို့ မရတော့ဘူး"

နု တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါသွားသည့်နောက် ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး

"ဒါဆို အန်တီ သဘောက"

"ရှင်းနေတာပဲ ပန်းနုရောင်၊ ပန်းနုရောင်တို့မိသားစု အစဉ်အလာမျိုး တိုင်း ဖြစ်မသွားအောင် အန်တီ ကာကွယ်ရမှာပဲ၊ ကာကွယ်နေရင်းကြားက တိုင်းနဲ့ပန်းနုရောင် ထင်ရာစိုင်းပြီး ဖွတ်လက်ထပ်မယ်ဆိုရင် ပန်းနုရောင်လည်း ပန်းနုရောင် မိသားစု အစဉ်အလာအတိုင်း အိမ်ထောင်ကွဲတာဝ ရောက်မှာ မလွဲဘူး"

"ဘာ ဘာဖြစ်လို့"

"ဟွန်း အန်တီ မသေသရွေ့ မရရအောင် ခွဲပစ်ဖို့ အန်တီ ဝံ့ဝံ့ပြီးသား ဒါကြောင့် ပန်းနုရောင် ရှေ့ဆက်တိုးချင်သပ ဆိုရင် ရှေ့ တိုးကြည့်"

နု အောက်နှုတ်ခမ်းလေးကို ဆွဲခြစ်ဖိကိုက်လိုက်ပြီး အန်တီကို စူးစူးရဲရဲငဲ့ကြည့်၏။ ဒေါ်သီရိခေတ် အပြုံးနုနုလေး ဖန်ဆင်းထားတဲ့ မျက်နှာကို မော့ကာတွန့်လျက် နုကို ငုံကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကတော့ ရက်ပိုင်းအတွင်း လပိုင်းအတွင်း မရရအောင် ခွဲမှာပဲ၊ အဲသလို ခွဲမယ့်နည်းလည်း အန်တီမှာအဆင်သင့်ရှိပြီးသား။ အေး နောက်ဆုံးပြောလိုက်မယ်၊ တိုင်းက ပန်းနုရောင်ကို ဘာမက်လုံးတွေပေးမှုတွေနဲ့ ဆွဲဆောင်ပြီး လက်ထပ်ဖို့ဆွေးနွေးလဲ မသိဘူး။ အန်တီသိတာက ပန်းနုရောင်ထင်သလို တိုင်းနဲ့ဖန်သားရိုင်ဟာ အပေါင်ဆောင် လင်မယားမဟုတ်ဘူး"

"ဟင်"

နုကိုယ်လေး တောင့်မတ်ကာ သွေးဆွေ့ မူခနဲ လှည့်ပတ်ပီးမျော သလို ခံလိုက်ရသည်။ ဒေါ်သီရိခေတ် အပိုင်နိုင်ချည်း ခေါင်းညိတ်၍

"ဟုတ်တယ် တကယ်ပေါင်းသင်းနေတဲ့ အစစ်အမှန် လင်မယား"

"မ မယုံဘူး"

နု ပြင်းပြင်းထန်ထန် ခေါင်းရမ်းငြင်းလိုက်သည်။ ဒေါ်သီရိခေတ် မျက်နှာတင်းတင်းနဲ့ပြုံးလျက်

"ပန်းနုရောင် ဘာကြောင့် မယုံတာလဲ"

"တိုင်းက အဲသလောက် စိတ်အလိုလိုက်တဲ့ ယောကျ်ားမဟုတ်ဘူး"

"ပန်းနုရောင်က ဘာကိုကြည့်ပြီးပြောနိုင်တာလဲ"

"အို တိုင်းမှာ အဲဒီစိတ်ဆန္ဒမျိုးရှိရင် နုနဲ့တွဲလာတဲ့ သက်တမ်းမှာ တိုင်း စောင့်စည်းခဲ့မှာ မဟုတ်ဘူး"





"ဒါကတော့ ချစ်သူ့ဘဝလေ"

"မယုံဘူး လုံးဝ မယုံဘူး"

"မယုံရင် ယုံအောင် အန်တီ လက်တွေ့ပြမယ်၊ ဟောဒီမှာ ကြည့်"

ဒေါ်သီရိခေတ် လက်ကိုင်အိတ်ထဲက ကာလာဓာတ်ပုံတစ်ပုံကို ဖျတ်ခနဲ ဆွဲထုတ်၍ ပန်းနုရောင် ရှေ့စားပွဲပေါ် ချပေးလိုက်၏။

"ဟင်"

ဓာတ်ပုံထဲ၌ တိုင်းနဲ့ဖန်သားရိပ်က မင်္ဂလာဝတ်စုံနဲ့ ရာထက်မှာ

"အို"

နု မကြည့်ရဲအောင် ရှက်ကာ အသိတရားတို့ ပြာမှောင်သွား၏။ ရင်မှာလည်း အညာခံလိုက်ရတယ်ဆိုတဲ့ အသိက ဝုန်းခနဲ ပေါက်ကွဲကာ ဓာတ်ပုံကို အစိတ်စိတ်အမွှာမွှာ ဆွဲဖြဲပစ်ချင်စိတ်ပေါက်သည်အထိ ဒေါသတွေ နာကျင်မှုနာကျည်းမှုတွေဖြစ်ကုန်သည်။

ဓာတ်ပုံမြင်ပြီး သွေးရူးသွေးတန်းဖြစ်သွားသည်။ ပန်းနုရောင်ကို ဒေါ်သီရိခေတ် ပြုံးပြုံးလေးပဲ ကြည့်ကာ

"ပန်းနုရောင် မယုံလို့ ရှေ့ဆက်တိုးမယ်ဆိုရင် တိုးကြည့်လို့ ရတယ်၊ အန်တီကတော့ ပြောတဲ့အတိုင်း လုပ်ရမှာပဲ၊ ပန်းနုရောင်က ပိသားစုရဲ့အဆဲ့အလာအတိုင်း အိမ်ထောင်ကွဲ အိမ်ထောင်ပျက် အိမ်ထောင်ဆက်များချင်တယ်ဆိုရင်ပေါ့ ဟင့်"

ပြောပြီး မျက်နှာလေးခါကာ ကျောခိုင်းထွက်သွားတဲ့ အန်တီကို



www.burmeseclassic.com

www.burmeseclassic.com



နှ လှည့်ကြည့်ဖို့ထက်

ဖန်သားရိပ်နဲ့တိတ်တိတ်လေးပေါင်းနေတဲ့ အရှက်မရှိတဲ့ တိုင်း၊ မျက်နှာကို ပြေးမြင်ကာ

နှလုံးသားမှာ ဖြေသိမ့်မရတဲ့ ဒေါသနဲ့ခံပြင်းစိတ်တွေ လွှမ်းမိုးသွားပေါ့။

တိုင်းဝဋ္ဋာရယ်

ပန်းနုရောင်ဆိုတဲ့ မိန်းကလေးဟာ ခံစစ်တဲ့စိတ်နဲ့ ယူ ညှာသယ့်ခံနေမယ့် ခပ်ထုံထုံ မိန်းကလေး ဖြစ်နေမှန်း ခုမှ သိလိုက်ရတာ ရင်အနာဆုံးပဲ သိရဲ့လား။



အခန်း (၁၅)

ဓာတ်ပုံကိုကြည့်ပြီး ရှက်စိတ်နဲ့ မျက်ရည်တွေပါ ဝိုင်းသွားသည်။ မင်္ဂလာဦးညက လူမှန်းသူမှန်းမသိအောင် မူးလာတဲ့ ကိုယ်ကို ဖေးမကူတွဲခြင်း ခုတင်ပေါ် ဆွဲအတင်မှာ နှစ်ယောက်သားလုံးထွေးကျသွားသည်က မှုရာထက်ဖြစ်သွားသလို တိုင်းကိုယ်က ရိပ် ကိုယ်ပေါ် ဖိကျသွားတဲ့ အဖြစ်က အမြင်ရိုင်းသွားစေသည်။

ဘာကြောင့် ဒီဓာတ်ပုံ မာမီဆီမှာရှိရတာလဲ။ တိုင်း စဉ်းစားမရအောင် ဖြစ်ရပေါ့၊ ပိုဆိုးတာက နှ အယုံကြည်ကင်းမဲ့သွားစေတဲ့ မာမီစကားလုံးတွေကြောင့် တိုင်း ရင်ကိုအထိမှန်ဆုံးပဲ။

နှပေးသွားတဲ့ လက်ဆောင်က ခုချိန်ထိ ရင်မှာပူနေဆဲ။

“မင်း ရှင်းပြသင့်တယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ပိုင်သစ် ဘီယာတစ်ကျိုက်သောက်ရင်း အကြဲပေးသည်။ တိုင်း ရှိဝေနေတဲ့ မျက်ဝန်းနဲ့ခေါင်းကို ရမ်းခါမိ၏။

"နုလေးမှ လုံးဝမျက်နှာချင်းမဆိုင်ဘဲကွာ။ ကိုယ် ဘယ်လိုလု ရှင်းပြရမလဲ"

"နေဦး မင်းက ပန်းနုရောင်ကဒ် တကယ်ပဲ လက်ထပ်ဖို့လား"

"ကိုယ် ပေးထားတဲ့ကတိ မဖျက်နိုင်ဘူး"

ထည်ဝါနဲ့ ကောင်းမှုတို့ နှစ်ယောက်လုံး တိုင်းကို မျက်စုံးေ ပင့်ကြည့်သည်က အံ့သြမှုတွေနဲ့ဖြစ်သည်။

"ဘာ ကတိ"

"ဟုတ်တယ် ထည်ဝါ၊ ကိုယ် ကတိပေးပြီးသား။ ကိုယ်ကြော နုလေး မနစ်နာစေချင်ဘူး"

"ဘယ်လိုကွ"

ထည်ဝါ ဘီယာဘူးကို စားပွဲပေါ်ပြန်ချရင်း ခပ်လေးလေး မေးသည်။ တိုင်း အမြည်းတစ်ဖတ် ခံတွင်းထဲထည့်ဝါး၍

"ဟုတ်တယ် နု ဘဝကို ကိုယ် စာနာတယ်။ ဒါကြောင့်လည ကိုယ် ကျေကျေနပ်နပ် လက်ခံခဲ့တာကွ၊ နုတို့မိသားစု အိမ်ထောင်ခ တွေများရတဲ့အဓိက အကြောင်းက အိမ်ထောင်ဖက်တွေက တက နှစ်နှစ်ကာကာ မမြတ်နိုးခဲ့ကြလို့"

"မင်းက အဲလိုမြင်တာလား"

"နုလေး ပြောလို့သိရသလောက်က အဲသလို ဖြစ်နေတ





ဒါကြောင့် နုလေးကို ကိုယ် စာနာမိတယ်၊ နုလေး လိုချင်တဲ့ဘဝကို ကိုယ် ဘဝနဲ့တစ်သက်လုံး ပေးဆပ်သွားချင်ခဲ့တယ်၊ ခုတော့"

တိုင်း ဆက်ပြောလို့မရအောင် မျှန်းကြပ်ကာ အစ်ဆို့သွားသည်။ ပိုင်သစ်တို့ စိတ်ပင်ပန်းသလိုချည့်ဖြစ်ကာ ဘာမှဆက်မပြောဘဲ ဖိသောက် လိုက် အမြည်းငါးလိုက်နဲ့ အချိန်ကုန်သွားသည်။

အတန်ကြာမှ ကောင်းမှု ခပ်စိုက်စိုက်လေးကြည့်ပြီး

"မင်း အစကတည်းက ကိုယ်တို့နဲ့တိုင်ပင်သင့်တယ်"

"ကိုယ်လည်း အရမ်းသူပုနေတယ်ကွာ၊ အဲဒီအချိန်က ဒယ်ဒီ ကျန်းမာရေးကို စိုးရိမ်သလို နုလေးကိုလည်း သနားနေမိတယ်၊ ရိပ်က လည်း ကိုယ့်အတက်က တွေ့တွေ့တူးထူး ပြောချော့မလိုတဲ့ ကိုယ် တောင်းဆို သမျှကို ခေါင်းညိတ်ခဲ့တော့ ကိုယ့်စိတ်က အလိုလို ကျေနပ်သွားတယ်၊ ဒယ်ဒီ ဆုံးသွားရင် မာမီကိုချော့မော့ပြီး စည်းရုံးလိုက်မယ်ပေါ့၊ ဒါပေမဲ့ မာမီ ဘယ်လိုသိပြီး ခုလို ဇန်တီးလိုက်တာလဲ မသိဘူး"

"ရိပ် ပြောလိုက်တာတော့ မဖြစ်နိုင်ဘူးလား"

တိုင်း အလွယ်တကူပဲ ခေါင်းရမ်းလိုက်သည်။

"ရိပ် စိတ်ကို ကိုယ်သိနေတယ်၊ ရိပ် ဖွင့်ပြောမှာ မဟုတ်ဘူး"

"အင်း၊ စဉ်းစားစရာတော့ အတော်လေး ကောင်းနေပြီ"

ပိုင်သစ် မျက်နှာကို လက်ဖဝါးနဲ့တစ်ချက်ပွတ်ရင်း တိုင်းကို စိုက်ကြည့်ပြီးပြောသည်။ ကောင်းမှုနဲ့ထည်ဝါလည်း ခေါင်းတဆတ်ဆတ် ညိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ရိပ်ကရော မင်းကို ဘာဖြစ်လို့ အဲသလောက်ထိ လိုက်လိုက်လျောလျော ဖြစ်ရတာလဲ"

တိုင်း တွေခနဲဖြစ်ကာ မျက်လုံးပါပြူးကျယ်သလို ဖြစ်သွား၏၊ တိုင်း တစ်ခါမှ ရိပ်ဘက်ကို မစဉ်းစားခဲ့ဖူးဘူး။

"ရိပ် မင်းကို လိုက်လျောတာက ဘာကြောင့်လဲ၊ ပြီးတော့ မင်းနဲ့ရိပ် မင်္ဂလာဦးညက ဘာမှမဖြစ်ခဲ့တာ သေချာမလား၊ မာတ်ပုံထဲက အတိုင်းဆိုရင်"

ထည်ဝါ ပခုံးလေးဟန်ပါပါတွန့်ရင်း ပြောမှ တိုင်း မျက်ငန်း ပြာဝေမတတ်ဖြစ်သွား၏။ တိုင်း နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး

"ဘာမှမဖြစ်ခဲ့ဘူးကွာ"

"သေချာလို့လား တိုင်း"

မျက်ခုံးတွေပြိုင်တူပင့်ပြီး သုံးယောက်သား မျက်စနဲ့မေးသလို ပိုင်သစ်က အာသံထွက်ပြီး မေးသည်က တိုင်း ရင်ခွင်ထဲ မြွေတစ်ကောင် ကဆုန်ပေါက်ပြေးနေသလို ပြင်းထန်စွာလှုပ်ရှားသွား၏၊

"မဖြစ်ခဲ့ဘူးကွာ၊ ကိုယ် ရိပ်ကို ဖွင့်မေးခဲ့တယ်၊ ဟင့်အင်းတဲ့"

ပိုင်သစ်တို့ မယုံသလို သက်ပြင်းကိုယ်စီချသည်။

"ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေအရ မင်း၊ မာမီ သိပ်ပြင်းထန်နေတယ်၊ နကလည်း မင်းကို မျက်နှာချင်းမဆိုင်ဘူး၊ အဆိုးဆုံးက မင်းနဲ့ရိပ် တိတ်တိတ်ပေါင်းနေတယ်လို့မြင်သွားတော့ မင်းကို ပိုရွံသွား





တဲ့ သဘောပဲ"

"ဟုတ်တယ် ပန်းနုရောင် မင်းကို တကယ်ရွံသွားတာတော့ ကိုယ်တို့လည်း လက်ခံလို့ရတယ်"

တိုင်း သက်ပြင်းမောချကာ ခေါင်းမထူနိုင်အောင် ယိုင်လုမတတ် ဖြစ်သွားသည်။ စားပွဲပေါ် လက်တစ်ဖက်ခေါင်းကို လက်ချောင်းတွေနဲ့ အားပြုထောက်ကာ

"ကိုယ် ဘာဆက်လုပ်ရမလဲ"

"အကောင်းဆုံးက ခုချိန်မှာ မင်း ငြိမ်ငြိမ်လေးပဲနေသင့်တယ်"

"ဘယ်လို ကောင်းမှူ"

"ဟုတ်တယ်လေ၊ မင်း မာမီ ကြားဝင်လာတဲ့ကိစ္စ မင်းဘာမှ ဆက်လုပ်လို့မရတော့ဘူး၊ ပြီးတော့ ပန်းနုရောင်ကို မင်းမချစ်ခဲ့ဘူးဆိုတာ ကိုယ်တို့ သိတယ်"

တိုင်း ခေါင်းတရမ်းရမ်း ရမ်းသိုက်သည်။ ကောင်းမှူ လက်ကျန် ဘီယာကို အကုန်မော့သောက်သည်ကို တိုင်း မမှိတ်မသုန် ငေးကြည့်ဖြစ်သည်။

"နုလေးကို ကိုယ် မချစ်ဘူးဆိုတာ ဘယ်လိုအမြင်မျိုးကြောင့် ကောင်းမှူ ခင်းဘာကြောင့်ပြောနိုင်ရတာလဲ"

ကောင်းမှူ ခေါင်းလေးခတ်ကာ ဆက်ပြော၏။

"ပန်းနုရောင် မင်းကို အရမ်းလိုက်လျောသလို အရေးလည်း ပေးတယ်၊ မင်းကို ချစ်သူလိုလည်း နွဲ့ဆိုးဆိုးတဲ့အပေါ်မှာ မင်းသာယာ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ပြီးတော့ ပန်းနုရောင် မိသားစု အိမ်ထောင်ဆက်တွေများတာကို စာနာမိတဲ့ မင်းစိတ်က ပန်းနုရောင်ကို အိမ်ထောင်ဆက်တွေ မချားချင်တဲ့ စေတနာတွေဖြစ်မိတယ်၊ အဲဒီ စေတနာနဲ့ ပန်းနုရောင်ကို မင်းဘဝ ထဲ ဆွဲသွင်းချင်တာ၊ တနည်းပြောရရင် ပန်းနုရောင်က သူ့မိသားစု တွေရဲ့ အိမ်ထောင်ရေး မသာမယာ အကွဲအပြဲမျိုးတွေ ခံစားချင်ဘူး။ တစ်ယောက်တည်းကိုပဲ ရိုးမြေကျပေါင်းချင်တယ်၊ ပန်းနုရောင် တောင့်တ တဲ့ဆန္ဒကို မင်းဖြည့်ဆည်းပေးချင်တဲ့စိတ် တစ်ခုတည်းနဲ့ ပန်းနုရောင်ကို မင်းလက်ထပ်ချင်တာ၊ ချစ်သူလို ချစ်ဖို့ စိတ်ကိုဖွင့်မိတ်လက်ခံခဲ့တာ၊ ဟုတ်တယ်နော်''

ကောင်းမှု ရှည်ရှည်ဝေးဝေး ပြောရင်း လက်ဖျောက်တီး၍ မေးဆတ်မေးတဲ့အခါ တိုင်း ဘာမှပြန်မပြောတတ်အောင် အံ့ဩမှင်သက် သွား၏။

တိုင်း မျက်လုံးကိုစုံမှိတ်လိုက်တော့ ပိုင်သစ် ခေါင်းတစ်ချက် ဆတ်ပြီး

''ဟုတ်တယ် တိုင်း၊ မင်း ရင်ထဲမှာ ဘာတွေရှိလည်းဆိုတာ ကိုယ်တို့အားလုံးသိတယ်၊ ဒါကြောင့် မင်းစိတ်ကို ခဏလျှော့ချလိုက်''

''အဲဒါ အကောင်းဆုံးပဲ တိုင်း၊ လောလောဆယ် မင်း ရင်ထဲမှာ ပန်းနုရောင်ရဲ့ကိစ္စကို ဘောင်ခတ်ပြီးရပ်ပစ်လိုက်''

ပိုင်သစ်နဲ့ထည်ဝါ တစ်ခွန်းဆီပြောသည်ကို တိုင်း မျက်လွှာလေး အားမပါစွာပင့်ကာ ငေးကြည့်လိုက်သည်။





''ခုလောလောဆယ် မင်းကို ကိုယ်တို့ အိမ်ပြန်ပို့ပေးမယ်''

''ရတယ်ကွာ ကိုယ်ကုမ္ပဏီမှာပဲ အိပ်လိုက်မယ်''

''မင်း အဲလိုမလုပ်နဲ့ မင်းမာမီ မင်းကိုမသက်ာ ဖြစ်ရင် မင်းမာမီ ရဲ့ ပစ်မှတ်က ပန်းနုရောင်ဆီ ရောက်သွားနိုင်တယ်''

တိုင်း ခေါင်းမခါရက်နိုင်အောင် နလေးကို သနားသွားသည်။ ဟခီ ပစ်မှတ် နလေးဆီ မရောက်ဖို့ တိုင်း ကြိတ်မှိတ်သည်းခံရမယ့် ပဲဘောလား။

''ပြီးတော့ ရိုပ်ကိုလည်း မင်း အားနာသင့်တယ်၊ ရိုပ်ခမျာ မင်းကို ဒီလောက် နားလည်ပေးရက်နဲ့ ပန်းနုရောင်နဲ့တိတ်တိတ်ပုန်း ကျက်ဆံနေတယ်ဆိုတဲ့ အမြင်မျိုးဖြစ်သွားရင် မင်းကို ရိုပ် ရှေ့ဆက် နားလည်ပေးဖို့ အခုလို ကြည်ကြည်ဖြူဖြူ ရှိတော့မှာ မဟုတ်ဘူး၊ ဒါ ကြောင့် ရှုပ်လည်းရှုပ်ထွေးသွားတာ ပျားလည်းဆွဲသွားဖြစ်အောင် မင်းအိမ်ပြန်ဖို့ လိုအပ်တာ၊ ဒါမှ အားလုံးအမြင်ကြည်မယ်၊ အားလုံး အမြင်ကြည်မှ တစ်ခုခုဆို ပြဿနာကြီးတော့တူးကွာ၊ အကောင်းဆုံးဖြစ်အောင် ဖြေရှင်း နိုင်တယ် ကဲ ပေါက်တယ်နော် သူငယ်ချင်း''

ပခုံးကို ဖက်ရင်း ကောင်းမှု ပြောလာတော့ တိုင်း ခေါင်းမခါ ငြိသလို ခေါင်းလည်းမညိတ်ဖြစ်တော့၊ သုံးယောက်တစ်ယောက်ဆိုတော့ လည်း သုံးယောက်ဆန္ဒကိုပဲ အတည်ပြုလက်ခံကာ အိမ်ကိုတန်းပြန်ခဲ့ရ သည့်အဖြစ်၊

အိမ်ပြန်ရောက်တော့လည်း အခြေအနေက ထင်တာတွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သမီး အန်တီ လုံးဝခွင့်မပြုနိုင်ဘူး"

အခန်းထဲက ပျံ့ထွက်လာတဲ့ မာမီ အသံကြောင့် တိုင်း ခြေလှမ်းက နံရံကပ်တွယ်ကာ ရပ်လျက်သားဖြစ်သွားသည်။ ကိုယ်က အတော်လေး မှုးနေပေမယ့် အသိတရားတို့က ရှိနေဆဲမို့

"သမီးလည်း သားတောင်းဆိုသမျှကို လိုက်လျောမယ်ဆိုတာ အန်တီ သိတယ်၊ အဲဒီတုန်းက သမီး အန်ကယ်ရဲ့ကျန်းမာရေးကို ငဲ့ပြီး အန်တီ ဘာမှမစွက်ဖက်ခဲ့ဘူး၊ သမီးတို့ လူငယ်ချင်း ဘယ်လိုတွေပဲ ဖြစ်ခဲ့ပါစေ၊ နားလည်လိုက်လျောပါစေ၊ အန်တီ ရင်ထဲမှာတော့ သားနဲ့ သမီး ရာသက်ပန်ပေါင်းသင်းကြဖို့ စိတ်တစ်ခုတည်းနဲ့ အန်တီ ဆုတောင်းနေခဲ့တာ"

တိုင်း မသိမသာ သက်မချလိုက်သည်။ ရိပ်က အန်တီရှေ့မှာ ခေါင်းလေးငုံ့နေရုံမှတစ်ပါး ဘာတစ်ခွန်းမှ မပြောရှာ။

"သမီး အန်ကယ် ဆုံးပြီးကတည်းက အန်တီ ရင်တထိတ်ထိတ်နဲ့ သမီး အခြေအနေကို စောင့်ကြည့်နေခဲ့တာပါ ကွယ်၊ သမီး တစိတ် တဆိတ် ထွက်သွားဖို့ အထုပ်အပိုးတွေပြင်ဆင်နေတာမြင်ရတော့ အန်တီ ရင်ကွဲမတတ် ခံစားရတယ် သမီး၊ သမီးဒီကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးထားတာကိုလည်း အန်တီ အသိအမှတ်မပြုဘူး။ ဒီကိစ္စ သမီးဒါတွေသိရင်လည်း ဝမ်းနည်းလို့ဆုံးမှာ မဟုတ်ဘူး၊ သမီးကို အန်တီ တောင်းပန်ပါတယ်ကွယ်၊ သမီး ထွက်မသွားပါနဲ့၊ တမလွန်ရောက်နေတဲ့ သမီး အန်ကယ်ရဲ့ဝိညာဉ်ကို စိတ်သောကတွေနဲ့တွယ်ရာမဲ့ဘဝ ရောက်အောင် မလုပ်ပါနဲ့ သမီးရယ် နော်"

အဆက်မပြတ်ပြောနေတဲ့ မာမီအသံက ဝမ်းနည်းမှုတွေကြောင့် တုန်ခါအက်ကွဲနေသည်က တိုင်း ရင်ကို ဝမ်းနည်းစေသည်။

"သားနဲ့ပတ်သက်ပြီး သမီး ဘာဖြစ်စေချင်လဲ ပြောပါ၊ ပန်းနုရောင်နဲ့ လုံးဝမပတ်သက်အောင် အန်တီ သားကို ဆုံးမပေးပါ့မယ် သမီးရယ်နော်"

"ရပါတယ် ရိပ်ကြောင့် တိုင်းကို အန်တီ ဆုံးမပေးဖို့မလိုပါဘူး"

"အို မဟုတ်တာ၊ သမီးကိုသား မြတ်မြတ်နိုးနိုးပေါင်းသင်းဖို့ အန်တီ ဆုံးမပေးရမှာပေါ့"

ရိပ် ခေါင်းကလေးရမ်းလိုက်ပြီး အန်တီ ကျေနပ်အောင်ပြုံး၍

"မလိုပါဘူး အန်တီရယ်၊ တိုင်းစိတ်ကို ရိပ် အစကတည်းက နားလည်ပေးခဲ့တာ တိုင်းနဲ့ပေါင်းသင်းခွင့်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ ရိပ် ရင်ထဲက ဖြူဖြူစင်စင် လိုက်လျောပေးခဲ့တာပါ၊ ဒီကိစ္စအတွက် အန်တီ တိုင်းကို ဘာမှမပြောပါနဲ့၊ ဖိအားလည်း မပေးပါနဲ့ အန်တီ၊ ဆုံးမနေဖို့လည်း မလိုပါဘူး"

"သမီးရယ်"

အေါ်သိရှိခဲတဲ့ ရင်မှာ ရိပ်ကို အတိုင်းမသိ မြတ်နိုးစုံမက်သွားကာ ရင်ထဲက ဆန္ဒအမှန်နဲ့ ချွေးမကိုဖက်၍ ချစ်ခင်စွာပဲ ပါးပြင်နုနုလေးကို မွေးရှိုက်လိုက်သည်၊







www.burmeseclassic.com

www.burmeseclassic.com



"သမီး ဖြစ်စေချင်သလို အန်တီ တိုင်းကို မဆုံးမဘူး။ ဖိအား လည်း မပေးပါဘူးကွယ်၊ ဒါပေမဲ့ အန်တီရော သမီးမိတ်ရော စိတ်ဆင်းရဲ စရာဖြစ်အောင် သမီး ဘာမှမလုပ်ပါနဲ့ကွယ်၊ အန်တီကို ကတိပေးနိုင် မလား ဟင်"

ရိပ် သက်မလေးချကာ ထွေးဖက်ထားတဲ့ အန်တီလက်ဖျားလေး တွေကို ဆုပ်ကိုင်ကာ ခေါင်းညိတ်လိုက်မိသည်က အန်တီ ကျေနပ်ပါစေ၊ မိဘ စိတ်မဆင်းရဲပါစေနဲ့ဆိုတဲ့ စိတ်ကြောင့်ပဲဖြစ်သည်၊ ရိပ် ခေါင်းညိတ် လိုက်မှ အန်တီ မျက်နှာပေါ်က ကြေကွဲဆိုးရိမ်ခြင်းတွေနေရာမှာ ကြည်နူး ရွှင်မြူးခြင်းတွေ ဖြစ်တည်ကုန်သည်။

"ဝမ်းသာလိုက်တာ သမီးရယ်"

"ပြောရင်း ရိပ်ရဲ့ကျန်ပါးပြင်တစ်ဖက်ကို ရှိုက်နမ်းပြန်သည်၊

"အန်တီ စိတ်ချမယ်နော် သမီး"

ရိပ် ထပ်ဆင့်ခေါင်းအညိတ်မှာ မာမီ မျက်နှာပေါ်တွင် ကြည်နူး သော အပြုံးပန်းတွေဝေဆာသွားသည်ကို ချောင်းကြည့်ရင်း တိုင်းခင်မှာ မာမီနည်းတူ ကြည်နူးသလို ခံစားမိ၏။

မာမီ စိတ်ချလက်ချ ဖြစ်ပြီး အခန်းထဲက ထွက်လာတော့ နံရံမှာ ကပ်ရပ်နေတဲ့ တိုင်း ကိုမြင်သွား၏။

တိုင်း မာမီအကြည့်တွေကို ရင်မဆိုင်ရဲသလို မျက်လွှာချလိုက် သည်၊

မာမီ တစ်ခုခုပြောမလို့ ပြင်ပြီးမှ မပြောတော့ပဲ တိုင်းရှေ့က





ခြေသံမြည်အောင်လျှောက်ရင်း အောက်ထပ်သို့ လှေကားထစ်တွေကို ဖြတ်နင်းရင်း ဆင်းသွားသည်၊

မာမီ အရိပ်ကလေးပျောက်သွားမှ တိုင်း အသက်ဝဝရှူနိုင် သည်။ မာမီ ခြေသံတွေက တိုင်းကို မဆူပါဘူးလို့ ရိပ် ကျေနပ်အောင် မာမီ ပြောခဲ့တဲ့ စကားကိုသက်သေထူတဲ့အနေနဲ့ မဆုံးမသော်လည်း ထိုခြေသံက ဆုံးမသယောင် တိုင်း ခံစားလိုက်ရသည်။

မာမီ စိတ်မှာ ဘာတွေဖြစ်တည်နေလဲဆိုတာ တိုင်း သိပါတယ် မာမီရယ်။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရိပ် နဲ့မျက်နှာချင်းဆိုင်ရမှာကို တိုင်း စိတ်က မလုံမလဲဖြစ်ကာ အခန်းထဲ ခြေလှမ်းမသွင်းရဲအောင် ဖြစ်မိသည်။

တိုင်း ခြေလှမ်းတွေက အလိုလိုနေရင်း လသာဆောင်ဘက် ရွေ့လျားသွား၏။ အစိုးမရနိုင်သော စိတ်က ဟိုတွေး ဒီတွေးနဲ့ ရိပ်နဲ့ လေးတို့ဆီ အလှည့်ကျ ပျံသန်းနေမိသည်။

လသာဆောင်မှာ အတွေးတွေနဲ့ယစ်မူးနေတဲ့စိတ်က အိပ်ချင် စိတ်လည်း မဖြစ်မိ။ စိတ်က နုလေးဆီ ပြေးသွားချင်သလိုလို ရိပ် မျက်နှာနုနုဖူးဖူးလေးကို ငေးကြည့်ချင်သလိုလိုနဲ့ ဂနာမငြိမ်သလို ဖြစ်နေ သည်။

ထိုစိတ်နဲ့ ခြေလှမ်းတို့က ရိပ်ရှိတဲ့အခန်းထဲပြန်လှည့်မိသည်၊





အခန်းတံခါး ခပ်ဟဟလေးဖွင့်ကြည့်မိတော့ ရိပ်က ဒရင်းဘတ်ပေါ် အိပ်မောကျလျက်။

တိုင်း အသက်ရှူချောင်သလိုဖြစ်ကာ သက်မချပြီး အခန်းထဲ ဝင်သည်။ မွေ့ရာပေါ် ကန့်လန့်ဖြတ်လှဲချရင်း အိပ်မပျော်နိုင်တဲ့ စိတ်နဲ့ အတူ မျက်လုံးတို့က ရိပ်ဆီ ရောက်သွားသည်။

မွေ့ရာထက်မှ ထထိုင်ရင်း စိတ်ခေါ်ဆောင်ရာအတိုင်း ရိပ်ဆီ ခြေလှမ်းတို့ရွေ့သွား၏၊

ဒရင်းဘတ်ပေါ် ပက်လက်ကလေး ကိုယ်ကိုဆန့်ကာ မွေးပွခြုံ စောင်ကို ခါးအထိ လွှမ်းခြုံထားတဲ့ ရိပ်က ညမီးရောင် ပြာလဲ့လဲ့အောက် မှာ အလှတစ်မျိုးတိုးနေသလို တိုင်း ခံစားမိ၏။

အသက်ရှူလိုက်တိုင်း မို့ကြွလာတဲ့ ရင်အုံလေးက အဖြူရောင် ညဝတ်ဂါဝန်လေးရဲ့ ရင်နေရာကို စည်းချက်ညီညီကြွနေသည်မှာ တိုင်း ရင်ခုန်သံကို နှေးသွားစေသည်။

ဆန့်ထားတဲ့ လည်တိုင်လေးထက်က မျက်နှာလေးကလည်း တစ်ခုချင်းအလိုက် အလှတွေဆောင်ကာ ဆွဲဆောင်ထားသလိုပင်။ တိုင်း မျက်ဝန်းအစုံက မှေးမှိတ်ထားတဲ့ မျက်ခွံမို့မို့လေးတွေ ကော့ညွတ်နေတဲ့ မျက်တောင်နက်နက်ကလေးတွေ။

နှာတံပြောင့်ပြောင့်အောက်က စေ့ပိတ်ထားတဲ့ နှုတ်ခမ်းဖူးဖူး လေးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် စိုက်ကြည့်မိသည်က တဒိတ်ဒိတ်ခုန် နေသော ရင်ဘတ်နှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးကို ကြည့်လေတိုင်း နှုတ်ခမ်းလွှာက နွေးဖိုသလို ဖြစ်သွား၏။ မင်္ဂလာညည်ခံပွဲနေ့က တိုင်း တကာယ်ကို နမ်းရှိုက်ခဲ့သည် ဆိုတဲ့ အသိက တိုင်း စိတ်တွေကို ကတိမ်းကပါးဖြစ်စေသည်။

ရင်ခုန်စိတ်တို့က ထိန်းမရဖြစ်ကာ ဒရင်းဘတ်ဘေး ဒူးညွှတ်၍ အသာအယာ ထိုင်ချမိတဲ့ကိုယ်က မခါင်းကိုကိုင်းကာ ထိုနှုတ်ခမ်းသား လေးကို ဖွဖွရွရွလေးဖိကပ် နမ်းရှိုက်မိတဲ့အထိ တိုင်း နှလုံးသားက ပျော်ဝင်သွား၏။

ဆတ်ခနဲ လူးလွန့်သွားတဲ့ ရိပ် နှုတ်ခမ်းသားလေးတွေကြောင့် တိုင်း အသိဝင်လာပေမယ့် ရင်ခုန်စိတ်တို့က မပြယ်သေး။

ရိပ် နိုးသွားမှာလည်း စိုးရိမ်သလို ခိုးနမ်းမိတဲ့ အနမ်းလေးကို မိသွားမှာလည်း စိုးရိမ်သွား၏။

သူငယ်ချင်းတွေအကြပ်ကိုင်ပြီး မင်္ဂလာညည်ခံပွဲကနမ်းခဲ့ရတဲ့ အနမ်းက ချိုမြရင်ဖိုစေသလို ဒီတစ်ကြိမ် ခိုးနမ်းရတဲ့ ရသကပို၍ ရင်ဖိုစေကာ အကြိမ်ကြိမ်နမ်းမိဖို့ စိတ်တို့သိုင်းကူပြီးဆင်းလာသည်။

တိုင်း နှုတ်ခမ်းလေးတွေကို အတင်းပဲဖိစုပိတ်ရင်း မနမ်းမိ အောင် ထိန်းနေရတာ ပင်ပန်းလွန်းလှသည်။

ရိပ် ရယ် ပထမအနမ်းလေးခြွေတုန်းက ရင်ခုန်စေသလို ဒုတိယအနမ်းလေးခြွေမိပြန်တော့ အချစ်တွေ တဖိုင်ဖိုင်ပြေးတက်လာ သလိုပဲ ရိပ်ရယ်။

ရိပ်ကို တိုင်း ချစ်သွားပြီထင်တယ်။

◼ ◼ ◼





ရိပ် ဖျတ်ခနဲနိုးလာတော့ ရင်တွေ ဗရန်းဗတာ ခုန်ကာ လန့်ဖျပ် သွား၏။

ရိပ် ခါးပေါ်ဖွဖွပက်ထားတဲ့ တိုင်းရဲ့လက်တစ်ဖက်၊ ကျန်လက် တစ်ဖက်က ဒရင်းဘတ်ဘောင်မှာ ကွေးတင်ကာ မျက်နှာလေးမှောက် လျက် အိပ်ပျော်နေရှာသည့် တိုင်းတစ်ကိုယ်လုံးကကြမ်းခင်းပေါ်မှာ ခပ်ခွေ ခွေလေး။

"အို"

ဘယ်အချိန်က ပြန်ရောက်ပြီး ရိပ်အပါးမှာ ခုလိုအိပ်ပျော်နေ ရတာလဲ။ သူ့ခုတင်ပေါ် သူ အေးအေးဆေးဆေး သွားမအိပ်ဘဲနဲ့။

ရိပ် ခါးပေါ်က တိုင်း၊ လက်တစ်ဖက်ကို အသာပင့်မကာ ရိပ် ကိုယ်ကို ဒရင်းဘတ်ပေါ်မှ ရွှေ့ဖို့ကြိုးစားမိသည်။

ကိုယ်ကို မတ်ရင်း ဒရင်းဘတ်ပေါ်က ဆင်းကာ တိုင်း လက်ကို ဒရင်းဘတ်ပေါ် ဆန့်လျက် အတိုင်းပဲ ဖွဖွလေး တင်ပေးလိုက်သည်။

တိုင်းကတော့ ဒရင်းဘတ်ပေါ် မှီလျက်သား အိပ်မောကျနေဆဲ။ ရိပ် သက်မအသာချ၍ အခန်းထဲက ထွက်ခဲ့မိတာ ရင်ခုန်စိတ်တွေ မထိန်းနိုင်မှာကို စိုးရိမ်လို့ပဲဖြစ်သည်။

◼ ◼ ◼

"ဟင်"

အသိဝင်လာတော့ တိုင်း မျက်လုံးအဆမတန် ပြူးကျယ်သွား ၏။ ရိပ်ရဲ့ဒရင်းဘတ်မှာ မှေးပြီး အိပ်ပျော်သွားမိတဲ့အဖြစ်က ရိပ် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားမလဲ။

ဒရင်းဘတ်ပေါ်မှာ ရိပ် မရှိပေမယ့် ရင်ခုန်စိတ်က ခပ်ရှက်ရှက် ဖြစ်သွား၏။ ရိပ် အထင်သေးသွားမလား။ ရှေ့ဆက် နားလည်ပေးနိုင် မလားဆိုတဲ့ အတွေးနဲ့ သွေးကြောကလေးများ မှန်သွား၏။

အခန်းထဲမှာ ဝေ့ကြည့်မိ၏။ ရိပ်ကိုလည်း မတွေ့ရသလို ရိပ်ရဲ့ ကိုယ်သင်းရနံ့လေးပင် ရှူရှိုက်ခွင့်မရတော့ ရင်မှာထိတ်ခနဲ ဖြစ်သွားပါ သည်။ ရိပ် တိတ်တဆိတ် ထွက်သွားပြီလား။

အတွေးနဲ့ထကာ ဝေ့ကြည့်တော့ ဒရင်းဘတ်ခြေရင်းမှာ ရိပ် အဝတ်အစားတွေထည့်ထားတဲ့ သားရေအိတ်ကြီးက ဒီအတိုင်း။

အဝတ်အိတ်မြင်မှ ရင်ထဲက အပူလုံးကျသွားသည်။ ဒါပေမဲ့ ရိပ် ကို တွေ့ချင် မြင်ချင်တဲ့စိတ်ဖြစ်နေဆဲ။

ရိပ် ဘယ်မှာလဲကွယ်။

▪ ▪ ▪

ည

ကြယ်တွေစုံတဲ့ညကြီးက လပအေးချမ်းကာ ရင်ပိုဆေသလို မက်မောပျော်ဝင်သလိုလိုနှင့် တိမ်းယိုင်နေမိတဲ့ စိတ်ကို ဖြားယောင်းနိုင် စွမ်း၏။ ထိုစဉ်

"ရိပ်"

ငြိမ့်ညောင်းတဲ့ ခေါ်သံကြောင့် ရိပ် ကိုယ်လုံးလေးတောင့်ပ[illegible] ကာ။





စိမ်းပြာကြည်လဲ့နေတဲ့ ရေမျက်နှာပြင်ကို ငေးကြည့်နေတဲ့ ရိပ် အသိဝင်လာသည်။ ရိပ် ခေါင်းငဲ့ကြည့်တော့ ကြွပြားကပ်ထားတဲ့ ရေကူး ဘောင်မှာ လက်နှစ်ဖက်ကို အဖြူရောင်ဘောင်းဘီပွပွထဲထည့်၍ ရပ်နေတဲ့ တိုင်းက တစ်ကိုယ်လုံး ဖွေးစွတ်ဖြူနေတဲ့ ဝတ်စုံလေးနဲ့မို့ ရင်ခုန်ချင်စရာ ကောင်းနေသည်။

နှစ်ယောက်သား အကြည့်ချင်းဆုံသွားသည်။ နှစ်ယောက်စလုံး အကြည့်မလွှဲဘဲ ရိပ် ကြည့်နေရင်းနှင့်

"ဘာပြောစရာရှိလို့လဲ တိုင်း"

နှုတ်ခမ်းလေးတွေ လှုပ်ရှားလိုက်တိုင်း ရင်ဖိုရတဲ့ တိုင်းက ဘောင်းဘီအိတ်ထဲက လက်တစ်ဖက်ပြန်ထုတ်ကာ ဆံပင်တွေကို တစ် ချက်သ လိုက်၏။ ပြီးမှ ရိပ် မျက်နှာလေးကို စေ့စေ့ကြည့်၍

"ကိုယ် ဝန်ခံစရာရှိလို့"

"ဘာကိုလဲဟင်"

"ကိုယ် ရိပ်ကို ချစ်နေတာကို"

"ဘာ"

ရင်ဘတ်ကို လက်နဲ့ဖိပြီး တိုင်းကို စိုက်ကြည့်လျက်။

ရိပ် မယုံနိုင်အောင်ဖြစ်ကာ ခြေလှမ်းတွေကိုလည်း နောက်ဆုတ် မိ၏။

"ဘာ ဘာပြောလိုက်တယ်"

"ကိုယ် ရိပ်ကို ချစ်မိသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်"

ချစ်မိသွားတယ်ဆိုတဲ့ တိုင်း စကားလုံးနောက်မှာ ရိပ် နှုတ်ခမ်း တို့က အလိုလိုတွန့်မဲ့သွားသည့်အခါ ညကို အလှဆင်နေတဲ့ ကြယ်စင် တချို့ ကြွေကျသွား၏။

"ကိုယ် တကယ်ပြောတာပါ ရိပ်ရယ်၊ ကိုယ့်နှလုံးသားမှာ ရိပ် ကို တကယ်ရင်ခုန်ပြီး ချစ်မိသွားတာ"

"နေပါဦး ချစ်မိသွားတယ်ဆိုတာ ဘာကြောင့်လဲ၊ အန့်တိက ဖိအားတွေပေးလိုက်လို့လား"

"ဟာ ဘာမှမဆိုင်ဘူး။ မာမီနဲ့မဆိုင်ဘူး။ မာမီလည်းကိုယ့်ကို ဘာဖိအားမှ မပေးဘူး၊ ကိုယ် တကယ်ရင်ခုန်တယ်၊ အချစ်ကို တကယ် ခံစားမိလို့ ကိုယ် ဝန်ခံတာပါ ရိပ်ရယ်"

ရိပ် မျက်နှာလှလှလေးကို အကျည်းတန်သွားအောင် တွန့်လိုက် ကာ ဆန့်ချထားတဲ့ လက်မှ လက်ချောင်းလေးတွေကို တင်းနေအောင် လက်သီးကျစ်ကျစ်လေး ဆုပ်ထားမိသည်။

ပန်းနုရောင် အပါးကာပ်ခွင့်မရတော့မှ ရိပ်ကို ချစ်မိသွားတယ် ဆိုတဲ့ စကားက ရိပ် နှလုံးသားကို တဆစ်ဆစ်နာမှုက်စေသည်။ ဦးလေး အန့်တီ ဆန္ဒအတိုင်း ရိပ်ကို ပေါင်းသင်းခွင့်ရဖို့ အချစ်ဆိုတာနဲ့ ဖြားယောင်း လာတဲ့ တိုင်းအတွက် သိပ်ကိုကြီးမားနေမှန်း သိရတော့ ရိပ် နှလုံးသား က ချစ်စိတ်နဲ့နားလည်ပေးနိုင်မှုတွေဟာ မျက်နှာဖုံးစွာချလိုက်သလို ပြို သွား၏။





ညက ရိပ် ခရင်းဘက်မှာ ခေါင်းလာချပြီး မြူဆွယ်သလို ငုလည်း ချစ်မိသတဲ့ဆိုတဲ့ စကားလုံးနဲ့ ရိပ်ကို သွေးဆောင်လာတာ ရိပ် သည်းခံနိုင်စွမ်းမရှိတော့ဘူး ထင်တယ်။

ဝမ်းနည်းမိတာက ရှက်စိတ်နဲ့ နှလုံးသားမှာ နာကျင်မျက်ရည် တွေ စွေတက်လာကာ အကြည့်တွေကို စိမ်းပြာလဲ့နေတဲ့ ကန်ရေပြင်ကြီး ဆီ ပြန်ပို့ပြီး

"အဟင့် တိုင်းဝဠ္ဍာ ရှင့်ကို ရိပ် အတော်အံ့သြတယ်၊ ရှင့်မှာ အချစ်တွေ အဲသလောက်ပဲ ပေါများနေလား"

"ဟင်"

တိုင်း ရင်ဝမှာ ဓါးမှန်သလို ဒိုင်းခနဲ နာကျင်သွား၏။ ရိပ် နာကျင်မျက်ရှာစွာပဲ ပြန်ဆိုက်ကြည့်၍

"ရိပ်ကိုရော အထင်သေးတာလား"

"မ မဟုတ်တာ ရိပ်ရယ်"

"ဟွန့် အထင်မသေးဘူးဆိုရင် ရိပ်ကို ချစ်မိသွားတယ်ဆိုတဲ့ စကားဟာ ဘာအဓိပ္ပါယ်လဲ၊ ပန်းနုရောင်နဲ့ထပ်ဆက်ခွင့်မရတော့မှာသိလို့ ရိပ်ကို အဲဒီစကားတွေနဲ့ ချည်နှောင်လိုက်တာ မဟုတ်လား"

"ဟာ မဟုတ်ဘူး ရိပ် လုံးဝ မဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ ရှင့်မာမီ ပန်းနုရောင်နဲ့ သွားတွေ့ပြီး ရှင်တို့လက်ထပ်လို့မရအောင် ကြားဝင်ခဲ့တယ်ဆိုတာ အန့်တီပြောပြလို့ ရိပ် အားလုံးသိပြီးပြီ၊ ရှင် ချစ်သူနဲ့ရှင်ပေါင်းခွင့်မရတော့မှာသိသွားလို့



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်လက်ထပ်ထားတဲ့ မိန်းမနဲ့ပေါင်းခွင့်ချနားပဲဆိုတဲ့ အလေ့စိတ်နဲ့ အချစ်ကို ခုတုံးလုပ်ပစ်တာ ရိပ် ခံပြင်းဆုံးပဲ၊ ဘာလဲ ရိပ်က ရှင် တောင်းဆိုသမျှကို ခေါင်းညိတ်လက်ခံတဲ့ မိန်းကလေးဖြစ်ခဲ့လို့ ချစ်ပါတယ်လို့ပြောလိုက်ရင် ရှင့်ရင်ခွင်ထဲ ခေါင်းငိုက်ကျလာမှာပဲလို့ တွေးပြီး ဝန့်ခံ ပိုက်တာလား"

တိုင်း နှလုံးသားက တဖျပ်ဖျပ်လူးလွန့်ကာ တစ်ခုခုပြန်ဖြေဖို့ ဆွံ့အသလို သွား၏။ ရိပ်ကိုကြည့်ရင်း ခေါင်းရမ်းမိသည်က တရစပ်။

"ပြောစမ်းပါ တိုင်းဝဥ္စာရယ်"

အံကြိတ်သံနဲ့ ထပ်ဆင့်မေးလိုက်တဲ့အခါ တိုင်းရင်ထဲ အသံက အစ်စို့စို့ချည်း လိုမ့်ထွက်လာ၏။

"မ မဟုတ် ဘူးကွာ၊ လုံးဝ မဟုတ်ဘူး ရိပ် ရယ်၊ ရိပ် ထင်သလို မဟုတ်ဘူး"

"ဒီမှာ တိုင်းဝဥ္စာ ရိပ် ရှင့်ကိုဘာဖြစ်လို့ သက်ခံပြီး လိုက်လျော ခဲ့တယ် ထင်လဲ၊ ရှင့်ဒယ်ဒီရဲ့ကျေးဇူးတရားတွေ ရိပ်တို့မိသားစုအပေါ်မှာ တင်ရှိနေလို့ နောက်ပြီး မကြာခင် သေဆုံးသွားရတော့မယ့် ရှင့် ဒယ်ဒီ ရဲ့ တောင့်တစိတ်ကို လျစ်လျူမရှုရက်လို့ နားလည်လား"

လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက မြင်မြင်ချင်းချစ်မိတဲ့ နှလုံးသား ခံစားချက်ကို ရိပ် ကြိတ်မှိတ်မျိုချ ထိန်ချန်လျက် နာနာကျင်ကျင်ပဲ ပြောချလိုက်သည်။

"အခုလည်း ရှင့်မာမီ တောင်းဆိုလို့ ရိပ် ရှင့်အမိုးအောက်မှာ





နေခဲ့တာ၊ ရိပ် ဆန္ဒအတိုင်းဆိုရင် ရှင် တောင်းဆိုသမျှကို လိုက်လျောပြီး ထွက်သွားဖို့ အသင့်ပဲ၊ အခု ရှင် ဘာဖြစ်နေတာလဲ ရှင် ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်၊ ရှင့်ရည်ရွယ်ချက်က ရိပ်နဲ့ပေါင်းချင်တာ မဟုတ်လား"

"အို"

တိုင်း မျက်နှာတစ်ပြင်လုံး ရေနွေးငွေ့ရိုက်သွားသလို အပူဟပ် ကာ ရှက်၍ နီမြန်းသွား၏။ ရှက်စိတ်နဲ့ကိုယ်ပါ နောက်ပြန်ယိုင်ကျမတတ် ဖြစ်ကာ

"နှင်း"

ရိပ် မျက်နှာဖျော့ဖျော့လေးကို အတင်းမာဆုံးပဲ ဆွဲမော့ပြီး

"ရှင် ပေါင်းချင်တယ်ဆိုရင် ရိပ် ငြင်းလို့မရတာက ရှင်နဲ့ တရားဝင်လက်ထပ်ထားလို့ပဲ၊ ရှင့် ချစ်သူနဲ့ရှင်ပေါင်းခွင့်ရဖို့ ရှင် နားလည် ပေးခဲ့သလို ရှင့်ချစ်သူနဲ့ရှင် ပေါင်းသင်းခွင့်မရလို့ ရိပ်နဲ့ ပေါင်းချင်တယ် ဆိုလည်း ရိပ် နားလည်ပေးရမှာပဲ၊ ဒါပေမဲ့ အချစ်ကိုတော့ ခုတုံးမလုပ်နဲ့၊ ရိပ်က အကြောင်းကြောင်းကြောင့် ဘဝကိုသာ စတေးခံမယ်၊ နှလုံးသား နဲ့အချစ်ကိုတော့ လုံးဝစတေးမခံနိုင်ဘူး"

တိုင်း ဘာပြန်ပြောရမှန်းမသိအောင် ရင်မှာ ယူကြုံးမရခံစား ချက်နဲ့ ရှက်စိတ်တွေ ရောပြွမ်းသွား၏။ တိုင်း အချစ်ကို တိုင်း ရင်ဖွင့် ဝန်ခံတာ ရိပ်ကို ပေါင်းခွင့်ရပါစေဆိုတဲ့ ဆန္ဒနဲ့မဟုတ်တာ တိုင်းကိုယ်တိုင် သိနှင့်၏။

ရိပ်က ရင့်ရင့်စိမ်းစိမ်းချည်း မေးရင်းပြောချလိုက်တော့ တိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက နလေးပါးရိုက်သွားတာထက် အဆပေါင်းများစွာ နာကျင် ရှက်ဖြာသွား၏။

"ရှင့်ဆန္ဒကို ခုလို ပွင့်ပွင့်လင်းလင်း သိရတဲ့အတွက်"

"တော်ပါတော့ ရိပ်ရယ်"

"ဘာလဲ ရှင်က ရိပ် ပြောလိုက်လို့"

"မဟုတ်ဘူးကွာ၊ လုံးဝ မဟုတ်ဘူး"

"ဟွန်း"

မျက်နှာတစ်ပြင်လုံး ရဲထွက်ကာ သွေးကြောတွေပါ ပြတ် တောက်မတတ် အရှက်သည်းစွာ လှုပ်ခုန်သွားသည်ကို တိုင်းကိုယ်တိုင် သိကာ ရိပ် ဆက်ပြောသမျှ စကားလုံးတွေကို မခံနိုင် ဖြတ်ပြောလိုက် သည်က ပြတ်တောင်းတောင်းဖြစ်၏။

ရိပ် မျက်နှာလေးက ကြယ်ရောင် လရောင်အောက်မှာ ဖျော့ တော့နေပေမယ့် တင်းရင်းနေသည့်အရှိန်က လျော့ပါးမသွားဘဲဖြစ်ကာ

"ဒါဆို ဘာဖြစ်လို့ ရှင့်လက်တစ်ဖက် ရိပ် ကိုယ်ပေါ်ရောက် နေရတာလဲ၊ ရှင့်ခေါင်းကရော ဘာလို့ ရိပ်ဘေးမှာ ဘာဖြစ်လို့ လာရှိနေ ရတာလဲ ပြောစမ်းပါ"

စက္ကန့်နဲ့အမျှ ပြင်းထန်လာတဲ့ မေးခွန်းတွေနောက်မှာ တိုင်း မျက်နှာကို တိုင်း ဖြုတ်ပစ်ချင်လောက်အောင် အရှက်ပိုသွား၏။

"ရှင့်မှာ အဲဒီစိတ်မျိုးရှိလို့ ရိပ်ကို လာပြီး မြူဆွယ်ဖြားယောင်း နေစရာမလိုဘူး တိုင်းဝဥ္စာ၊ ရိပ်က ရှင့်ကို အပြုံးစင်ဆုံး လိုက်လျောခဲ့တာ





ဟာ ရှင်နဲ့ရာသက်ပန် ပိုင်ဆိုင်ခွင့်နဲ့ ပေါင်းခွင့်ဆိုတဲ့ အရောင်ပြောင်းတဲ့ စိတ်မျိုးမပါဝင်ဘူး။ ဒါပေမဲ့ ရှင်က အရောင်ပြောင်းလာတော့လည်း ရိပ် လိုက်လျောရမှာပေါ့၊ ရှင့် ဆန္ဒအတိုင်း ရှင်နဲ့ပေါင်းသင်းရမှာပေါ့"

"တော်ပါတော့ ဖန်သားရိပ်၊ ဆက်မပြောနဲ့တော့ အဲဒီ ပေါင်း တယ်ဆိုတဲ့ စကားကို မင်း ဆက်မပြောနဲ့တော့၊ မင်းပြောလိုက်တဲ့ စကား လုံးတစ်လုံးဟာ မီးခဲတစ်ခဲဆိုရင် ကိုယ့်ရင်ဘတ်မှာတောင် တစ်လုံး စာလောက် မီးခဲတွေ ပုံသွားပြီကွ၊ ကိုယ်ရင်ဖွင့်တဲ့ အချစ်က"

"ရိပ် သဘောပေါက်တယ်လို့ ပြောပြီးပြီပဲ၊ ရှင် ဘာမှရှက်နေစ ရာ မလိုဘူး။ ရှင် သိအောင် ရိပ်ပြောလိုက်မယ်၊ ဒီညကစပြီး ရိပ် ရှင့် ပွေ့ရာပေါ်မှာပဲ အိပ်တော့မယ်"

ဘုရားသခင်

တိုင်း တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်ကာ

တိုင်း နှလုံးသားတစ်ခုလုံး မှောင်မိုက်ပြာတူးသွား၏။ ပြောပြီး ပျာခနဲ လှည့်ကာ ဟိုက်ထဲကိုလှည့်ဝင်သွားတဲ့ ရိပ်ကို တိုင်း မကြည့်ရဲ လောက်အောင် ရှက်စိတ်တွေ လောင်ကျွမ်းသွား၏။

တိုင်း အချစ်ကို ရိပ် ထိုမျှအထိ နားလည်မှုလွဲနေတာလား ရိပ် ရယ်။

အချစ်ဆိုတာ ရိပ် နားလည်တဲ့ပုံစံနဲ့ ကိုယ် တောင့်တခဲ့တာ မဟုတ်ဘူး။ ရင်ဘတ်ထဲက အစစ်အမှန် မြတ်နိုးတဲ့စိတ်နဲ့ ရင်ခုန်လှုပ်ရှား ခဲ့ရတဲ့ ခံစားချက်ပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ် နားလည်အောင် ကိုယ် ရှင်းပြပါရစေ ချစ်ရယ်။

▩ ▩ ▩

မွေ့ရာအိအိပေါ် ကိုယ်လုံးလေး ဆန့်ကာ ပက်လက်ကလေး အိပ်နေရှာတဲ့ ကိုယ်လုံးလုလုလေးက ရွှေဝါရောင် ပျော့ပျော့ပါးပါး ဂါဝန်လေးကြောင့် ထင်းခနဲပေါ်လွင်သလို

တိုင်း နှလုံးသားမှာ ယစ်မူးတဲ့စိတ် မြတ်နိုးသေဝေကိုယ်တိုင်ပြင် ပေါင်းဖက်သွားချင်တဲ့ အချစ်စစ်စစ်၊ အချစ်သန့်သန့်လေးများကို မက်မော တောင့်တတယ်ဆိုတာ ရိပ် အလိုလို သိသွားစေချင်တယ် ရိပ်ရယ်။

ခုတော့

ညတွေကို ကျော်နိုင်းကာ။

▩ ▩ ▩



အခန်း (၁၇)

"တိုင်း ပြောစမ်းပါ ဟင့် ဟင့်"

ဘယ်သိမ့်သိမ့် ရှိုက်ငိုရင်း လက်မောင်းကို အတင်းခါမေးနေသည့် နှလေးကို တိုင်း ဘာတစ်ခွန်းမှ ပြောချင်စိတ်မရှိတော့။

ဆုပ်ကိုင်ထားတဲ့ လက်မောင်းပေါ်က နှလေး လက်ချောင်း သွယ်သွယ်လုလုလေးတွေကို အားနာစွာပဲ ဖယ်ခွာပစ်ရင်း နှလေးနဲ့ ဝေးရာဆီ ခြေလှမ်းလျှောက်ထွက်ခဲ့မိသည်။

"တိုင်း တိုင်း နှလေးကို တမင် ရက်စက်ချင်လို့ တိုင်း မာမီကို ကြားဝင်နှောင့်ယှက်နိုင်းလိုက်တာ မဟုတ်လား"

တိုင်းနောက်က နှလေး ခြေလှမ်းတွေ ကပ်ပါလာတာ ငိုရင်းရှိုက် ရင်း ရွတ်မေးနေသည့်ကာ အသံတွေပါ တုန်ယင်ပြာတူးမတတ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ တိုင်းရယ်၊ တိုင်းကို နုလေး မြတ်မြတ်နိုးနိုး ချစ်ခဲ့သလို အစွမ်းကုန်ယုံကြည်ခဲ့တာလေ၊ တိုင်း ခုလို လုပ်တာ ဘာသဘောလဲ၊ တစ်ချိန်ချိန်မှာ နုလေး အသည်းကွဲနေဖို့ ရည်ရွယ်ပြီး တမင် လုပ်ပစ်တာ မဟုတ်လား"

ရွေ့လျားနေတဲ့ တိုင်း ခြေလှမ်းတွေ ရပ်တန့်အောင် ရှေ့ကာပိတ်ကာရင်း အဆက်မပြတ် မေးတဲ့အခါ တိုင်း စိတ်နောက်စွာပဲ ခြေလှမ်းတွေကို ရပ်လိုက်သည်။

မတ်မတ်လေးရပ်ရင်း သိချင်တာကို ဖွင့်မေးနေတဲ့ မိတ်ကပ်ပါးပါးလေးလိမ်းထားတဲ့ နုလေး မျက်နှာသွယ်သွယ်လေးကို တိုင်း လျစ်လျူမရှုရက်နိုင်သလို ကြင်ကြင်နာနာ ပြောပြနှစ်သိမ့်ဖို့လည်း စိတ်ကူးမယဉ်မိတော့။

"နုလေး ထင်သလိုပဲ ထားလိုက်ပါတော့"

"ဘယ်လို တိုင်း၊ နုလေး ထင်သလို ဟုတ်လား"

တိုင်း ဖွင့်မိတ်ခေါင်းညိတ်လိုက်တော့ နုလေး မျက်နှာ တင်းခနဲ ဖြစ်သွား၏။

"ဒါဆို နုလေးကို ဘာလို့ အယုံသွင်းခဲ့တာလဲ၊ နုလေး အဲဒါကို ခံပြင်းတယ်၊ သိရဲ့လား တိုင်းရဲ့ အဟင့် ဟင့်"

ပြောရင်း ဝမ်းနည်းကြီးစွာ ငိုပြန်သည်။ တိုင်း၊ ဘယ်လိုဖြေသိမ့်မှုပေးရမှာလဲ။ မစဉ်းစားတတ်အောင် စိတ်က မွန်းကြပ်လာကာ မျက်မှန်ကို ဆွဲချွတ်လိုက်ပြီး နုလေး မျက်နှာကို စိတ်မကောင်းစွာဘဲ ငေးကြည့်၏။





"နုလေးရယ် ခုချိန်မှာ တိုင်း ရှေ့တိုးလို့မရသလို နောက်ဆုတ်လို့လဲ မရတော့ဘူး"

"ဟင် တိုင်း ပြောချင်တာ ဘာလဲ"

"တိုင်းကြောင့် နုလေး ဘဝကို အစွန်းအထင်း မဖြစ်စေချင်ဘူး။ တိုင်းတို့ရှေ့တိုးရင် မာမီက လုပ်ချင်ရာလုပ်မှာပဲ၊ အဲဒီတော့ နုလေး ဘဝပဲအစွန်းထင်း ဖြစ်သွားမယ်လေ"

"အစွန်းအထင်းဖြစ်တာ မဖြစ်တာထက် နုလေး မျှော်လင့်ချက်ပြည့်ခါနီးမှ အခုလို ဖြစ်ရတာ တိုင်းကြောင့်လား၊ တိုင်း မာမီကြောင့်လား နုလေး အဲဒါကိုသိချင်တယ်"

မျက်ရည်တွေ သုတ်ရင်း မေးလာတဲ့ နုလေးကို တိုင်းဘယ်လို ဖြေရမလဲ။ မာမီကြောင့်ဆိုရင် နုလေး မာမီကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုခုလုပ်မယ့် နုလေးစိတ်ကို တိုင်း သိနှင့်သည်။

တိုင်း ခေါင်းရမ်း၍

"ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး။ တိုင်း ကြောင့်လို့ မှတ်လိုက်ပါ"

"ဘာ တိုင်းကြောင့်"

"ဟုတ်တယ်"

ပြဿနာအားလုံးကို တိုင်း ကိုယ်တိုင်ပဲ လွှဲယူလိုက်ဖို့ ခေါင်းညိတ်လိုက်သည်။ နုလေး မယုံနိုင်သလို စူးစိုက်ပြီး

"ဆိုစမ်းပါဦး တိုင်းက ဘာကြောင့် ခုမှ နုလေးကို ရက်စက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"တိုင်း ရက်စက်ချင်တာ မဟုတ်ဘူး။ တိုင်း၊ နှလုံးသားက ရိပ်ကို ချစ်သွားမိလို့"

"ဘာ"

ပန်းနုရောင် တစ်ကိုယ်လုံး တုန်ခါသွားကာ ခြေလှမ်းတွေကို နစ်လှမ်းမက နောက်ဆုတ်လိုက်မိသည်။ နုနဲ့တွဲလာခဲ့တဲ့ သက်တမ်း တစ်လျှောက်လုံး နုလေးကို ချစ်မိတယ်ဆိုတဲ့ ခံစားမှုမျိုး ဖွင့်ဟပြောကြားခဲ့ခြင်းမရှိတဲ့ တိုင်းက

ခုတော့

လပိုင်းမျှသာ မြင်တွေ့ပတ်သက်မိတဲ့ ဇနီးသား ရိပ်ကို ချစ်သွားသတဲ့။ ဟင့်အင်း မယုံနိုင်စရာကောင်းလိုက်တာ။

နားနှစ်ဖက်ကို လက်ဖဝါးနဲ့ဖိပိတ်ရင်း မယုံနိုင်အောင် ခေါင်းခါနေမိတဲ့ နုလေးကိုစာနာစွာပဲ ကြည့်ရင်း၊ ရှေ့ဆက် ဝန်ခံသွားဖို့ တိုင်း၊ ဝန်မလေးတော့။

"ဟုတ်တယ် နုလေး။ ရိပ်ကို တိုင်း ပထမဆုံးမြင်ကတည်းက တိုင်း ရင်ခုန်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီ ရင်ခုန်စိတ်က နုလေးကို ငဲ့ညှာလို့ လျှော့မိတဲ့စိတ်ကို မကျော်လွှားနိုင်ဘူး။ အဲဒါကြောင့် နုလေးအတွက် ရိပ်ဆီမှာ တိုင်း တောင်းဆိုခဲ့တယ်၊ ဒယ်ဒီ မရှိတော့ရင် နုလေးသေနွံအတွက် နုလေးနဲ့တိုင်း လက်တွဲခွင့်ရဖို့အတွက်ပါ။ နုလေးအတွက် ရိပ် နှစ်နာ သိလျက် တိုင်း ဖွတ်တောင်းဆိုခဲ့တယ်၊ တိုင်း တောင်းဆိုသမျှကို





လက်ခံပေးခဲ့တယ်၊ တကယ်တမ်း ရိပ်နဲ့မင်္ဂလာဆောင်ရတော့ တိုင်း ရင်မှာ ချစ်သူနဲ့တကယ် မင်္ဂလာဆောင်ရသလို ရင်ခုန်ခဲ့တယ်၊ မရှက်ဘဲ ဝန်ခံရရင် ညဉ့်ခံပွဲတုန်းက တိုင်း မြတ်နိုးစိတ်နဲ့ ရိပ်ကို တကယ်ပဲ မင်္ဂလာ အနမ်းလေးပေးခဲ့မိတယ်"

ပန်းနုရောင် မျက်နှာပြင်လေးက ရှက်စိတ်နဲ့ တကယ်ပဲ ပန်းနုရောင်လဲ့လဲ့ပြေးကာ ဟဟာလေးဖြစ်သွားတဲ့ နု နှုတ်ခမ်းသားတွေကို လက်ချောင်းလေးတွေနဲ့ ဖိအုပ်၍ ခြေလှမ်းတွေကိုလည်း နောက်ဆုတ်လိုက်မိသည်။

မာတိပုံပြီးပြောတုန်းကတော့ သူငယ်ချင်းတွေ အတင်းခိုင်းလို့ ဆိုတဲ့ စကားနဲ့ နုလေးကို နှစ်သိမ့်ပေးခဲ့တဲ့ တိုင်းက ခုတော့ တကယ်တဲ့။

မင်္ဂလာအနမ်း တကယ်ပေးခဲ့တယ်ဆိုရင် အနံ့တီပြတဲ့ ဓာတ်ပုံထဲကအတိုင်း၊ တိုင်းနဲ့ရိပ် လင်မယားတွေလို ပေါင်းသင်းနေတာ သေချာတာပေါ့။

အိုး ရှက်စရာကောင်းလိုက်တာ။

နုလေးက အနံ့တီကြားခင်မွှေတာဆိုတဲ့ အသိနဲ့ ချစ်သူရဲ့ပါးပြင်လေးကို အနမ်းတွေနဲ့ နှစ်သိမ့်ပေးချင်လို့ မျက်နှာချင်းပြန်ဆိုင်တာ

ခုတော့

မထင်မှတ်တဲ့ စကားလုံးတွေက နုလေး အသည်းနှလုံးမှာ ခံစားထိုက်တဲ့ လျှို့ဝှက်ဖြစ်ရပ်တွေ။

"ဒယ်ဒီ ဆုံးသွားတဲ့နောက် နုလေး တောင်းဆိုတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ဆီက ကျွာရှင်းခွင့်တောင်းဖို့ တိုင်း နှမျောနေခဲ့တယ်၊ ဒါကြော တိုင်း လျစ်လျူရှုခဲ့မိတယ်၊ နုလေး အစဖော်လို့ နုလေးကိုပေးထားတဲ့ ကတိအတိုင်း တိုင်း အသိတရားက လိုက်လျှောချင်ခဲ့တယ်၊ ဒါပေမဲ့ တိုင်း နှလုံးသားက ရိပ်ဆီမှာ''

"တော်ပါတော့ တိုင်းရယ်၊ နုလေး အခုမှပဲ သဘောပေါက်တော့ တယ်၊ တိုင်းကြောင့် နုလေး နှလုံးသားမှာ ဒဏ်ရာရခဲ့သလို တိုင်း နှလုံးသား ဒဏ်ရာမရပါစေနဲ့လို့ နုလေး ဆုတောင်းပေးခဲ့မယ်၊ နုလေးနဲ့ တိုင်း ဒီမှာနဲ့ လမ်းခွဲကြတာပေါ့''

မျက်ရည်တွေ အကုန်အစင်သုတ်ရင်၊ ကျောခိုင်းလှည့်ထွက်သွား တဲ့ နုလေးကို တိုင်း မတားရက်တော့။

တိုင်းကြောင့် နုလေး နှလုံးသားမှာ ဒဏ်ရာရခဲ့တယ်ဆိုရင် တိုင်း နှလုံးသားမှာလဲ ဒဏ်ရာတွေနဲ့ပါ နုလေးရယ်။

နုလေး အသည်းကွဲနေသလို

တိုင်းလည်း အသည်းကွဲနေပါတယ်ကွယ်။

ရိပ်ရယ်

နားလည်မှုလွဲနေတဲ့ အချစ်တွေအတွက် ရိပ် ကျေနပ်တဲ့အထိ တိုင်း အသည်းကိုခွဲပစ်စမ်းပါကွယ်။

■ ■ ■



## အခန်း (၁၈)

''လာ တိုင်း စောစောကပဲ မင်းအကြောင်းပြောနေကြတာကွ''

ထည်ဝါ ပြောရင်း တိုင်းကို အခန်းဝထိ ထွက်လာပြီး လာကြို သည်။ တိုင်း ခေါင်းဆတ်ကာ အခန်းထဲ လှမ်းဝင်ရင်း

"ဘာတွေလဲ မိန်းမတွေလို ခေါင်းသုံးလုံးဆိုင်တာနဲ့ အတင်း ပြောကြတာလား''

ဧည့်ခန်းမှာ ဒေါ်သက်ပိုင်းက အဆင်သင့်။ ပိုင်သစ်နဲ့ကောင်းမှူ က မချိုမချဉ်မျက်နှာတွေနဲ့ လှမ်းကြည့်သည်။

"အတင်းဆိုလည်း အတင်းပေါ့ကွာ၊ မင်းအကြောင်းက အတွေး ပြောင် ရင်ခုန်စရာကောင်းနေတာကိုး''

"ဟုတ်တယ်ကွ၊ အဲဒါကြောင့် မောင်နဲ့သက်ကို ပြောပြနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကွ"

သောက်ဝိုင်းမှာ ထိုင်နေကြတဲ့ မောင်နဲ့ကိုသက်က ခေါင်းဆတ်ထောက်ခံတော့ တိုင်း ရင်မှာတစ်ခုခု နင်သလို ခံစားလိုက်ရသည်။

"ကဲ တိုင်း ထိုင်ကွာ၊ လူစုံတက်စုံ ရှိကြတာပေါ့ကွ၊ ဒီည အပြတ်ချမယ်၊ မူးပြီး မှောက်တဲ့အထိ"

ထည်ဝါ ပြောရင်းနေရာမှာ ဝင်ထိုင်သည်။

"ဖြစ်ပါ့မလားကွ မင်းတို့ ခလေးတွေ ပြဿနာရှာနေရင် ကိုယ်တို့ပြေးပေါက်မှားနေမယ်"

တိုင်း ပြောရင်း ပိုင်သစ်ဘေးက ဆိုဖာပေါ် ထိုင်ချ၏၊ အားလုံး မျက်နှာတွေမှာ မိန်းမတွေကို အရေးမထားဘူးဆိုတဲ့ အမူအယာတွေနဲ့။

"ထား မရှိလို့လား ထည်ဝါ"

ထည်ဝါ ဖနီး ထားထားစံက အလွန်အကျွံသောက်တာကို သဘောမကျတတ်။ အိမ်မှာ ဝိုင်းတည်ဖို့ ဘယ်တုန်းကမှ ခွင့်မပြုဲ၊ ခုလို ထည်ဝါ ကိုယ်တိုင် အကျအနဝိုင်းတည်ပြီး သူငယ်ချင်းအစုံအညီနဲ့ မောင်နဲ့ကိုသက်ကိုပါ ဧည့်သည်အဖြစ် ခေါ်ထားသည်က ထူးနေသည်။

မေးတော့မှ ထည်ဝါ မျက်ခုံးထူထူနှစ်ဖက်ကို ဟန်ပါပါပင့်ကာ

"ထား ပဲခူးဆင်းသွားတယ်ကွ၊ ဒီည ပြန်မလာဘူး"

တိုင်း သဘောပေါက်စွာ ပြုံးလိုက်သည်။ ကောင်းမှုနဲ့ပိုင်သစ်ကို မျက်စပစ်ကြည့်တော့ ပိုင်သစ် သဘောတကျဖြစ်ကာ

"ချိုချိုက နေမကောင်းလို့တဲ့ အမေ့အိမ်ပြန်သွားတယ်၊ ကော်၊





မှ မပေါသီတာ ခုရက် အမိဌာန်ဝင်ပြီး တရားစခန်းရောက်နေတယ်"

"ဒေါ့ ဒါကြောင့်ကိုး၊ ကိုသက်နဲ့မောင် ကရော"

ကိုသက် ခပ်တည်တည်လေးပဲ တိုင်းကိုကြည့်၍

"ကိုယ်တော မိန်းမကို သိပ်အရေးမပေးဘူး၊ မိန်းမတွေက အရေးပေးလွန်းရင် ကိုယ်တို့ ယောက်ျားတွေကို နွားတွေလို ချည်တိုင်မှာ ရာသက်ပန်ချည်ထားချင်တာလေး ကိုယ် အချည်မခံချင်ဘူး"

"ခေတ်ကြာ လိုက်လာရင်"

"ကြို့ပြောခဲ့ပြီးသား၊ လိုက်လာရင် နားရင်းအုပ်ပစ်မယ်လို့"

တိုင်း သဘောတကျ ပြုံးမိ၏။

"မောင်ကိုတော့ စိတ်မချရဘူး၊ ရဲရဲက နည်းနည်းဂျစ်တိုက်တယ် လိုက်လာရင် ဒီတောင်ချည်တိုင်ကို ပြန်သွားရမယ်"

ကိုသက် အားမနာတမ်းပြောတော့ မောင် မျက်နှာရှက်ရိပ်ရဲသွား၏။ ခပ်ရှက်ရှက်နဲ့ပဲ ခံပင်တွေကို ထိုးဖွလျက်

"ကိုယ်ပြောခဲ့တယ်၊ ဒီတစ်ညခွင့်ပြုပါလို့ ခွင့်တောင်းပြီး သော်ဆီပို့ခဲ့တယ်၊ သော်နဲ့ရဲရဲ တွေ့ရင် စကားပြောရင်း မိုးလင်းသွားတာတောင် သိမှာ မဟုတ်ဘူး"

အားလုံး ခဝင်ခြေလေးတွေနဲ့ ဝိုင်းဘာ ဂိုးပြနေမှာ သေချာသည်။ ထည်ဝါက မျက်စပစ်ကြည့်၍ မေးသည်။

"မင်းကာရော ဖြစ်ရဲ့လား၊ သူမျိုးချည်းပဲ လျှောက်မေးပြီး မင်းကို နားရွက်လာဆွဲရင် ပါသွားမှာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ခေါင်းရမ်းလိုက်တော့ တိုင်းကို တစ်ဖွဲ့လုံးစိတ်ဝင်တစား ဝိုင်းကြည့်ကြ၏။

"သေချာလို့လား"

မောင်က မယုံသလို မေးပြန်သည်။ တိုင်း သက်မလေးလေး ချပြီး

"သေချာတယ်၊ ဖုန်းဆက်ကတည်းက ကိုယ် တကယ်ဝမ်းသာသွားတာ"

"ဘာဖြစ်လို့"

"ကိုယ့်ရင်ထဲမှာ မွန်းကြပ်နေတယ်"

"ပန်းနုရောင်ကြောင့်လား"

ကောင်းမှု လှမ်းမေးတော့ တိုင်း ခေါင်းရမ်းတာ ကိုယ်ကို ဆိုဖာနောက်မှာ ကျောကပ်မှီချလိုက်သည်။

"ဒါဆို မင်း အချစ်ကို ရိပ် အသဝင်လွဲနေတဲ့အတွက်လား၊"

"ဟုတ်တယ်"

တိုင်းရင်မှာ တလှိုက်လှိုက်ပူလောင်နေတာ ကိုယ်တိုင်ပဲသိသည်။ အဖုံးဖွင့်ပြီးသား ပုလင်းထဲက အရက်တွေကို ဖန်ခွက်ထဲ ငှဲ့ထည့်နေတဲ့ ထည်ဝါရဲ့ လှုပ်ရှားမှုတွေကို ငေးကြည့်ရင်း အားလုံးသက်ပြင်းကိုယ်စီ ချသည်။

"ကိုယ်က နုလေးနဲ့ပေါင်းခွင့်မရမှာ သေချာလို့ ရိပ်တက်ကို အချစ်နဲ့ခုဟုံးလုပ်ပြီး တိုးဝင်ဖို့ ကြိုးစားတာတဲ့လေ၊ ဘယ်လောက် ဟင်





ထိခေသလဲ"

"အင်းလေ ဒါပေမဲ့ မင်းအဖြစ်ကလည်း အဲသလို ပြောဖို့ ဖြစ်နေတာကိုး"

"ရိပ် ကိုယ့်ကို မချစ်နိုင်ရင် မချစ်နိုင်ဘူးလို့ ငြင်းလို့ရတာပဲ၊ ဒီလို ရင့်ရင့်သီးသီး ရှုပ်ချွဲလိုက်တာက ကိုယ့်ရင်ဘတ်ကို အပြင်းစား ဒဏ်ရာတစ်ခု ထည့်ပစ်လိုက်သလိုပဲ၊ ကိုယ့်ရင်ဘတ် တကယ်ထိတယ်ကွာ"

တစ်ပေယောက်မှ သောက်ဖို့စားဖို့ကို စိတ်မရောက်နိုင်ဘဲ တိုင်းကိုပဲ ငေးကြည့်ကာ စိတ်မသက်မသာဖြစ်ကုန်သည်။

ပြန်စဉ်းစားကြည့်ရင်း နုလေးကို ကိုယ်ရက်စက်ခဲ့သလိုဖြစ်လို့ ကိုယ် ဒဏ်ပြန်ခံစားရတာလို့ပဲ သဘောထားပြီး ဖြေသိမ့်ပေမယ့် မရဘူး၊ ကိုယ့်ရင်ထဲမှာ အတော်ရှက်မိတယ်၊ ရိပ်နဲ့ မျက်နှာချင်းဆိုင်ရမှာကို ကြောက်တဲ့စိတ်ဖြစ်မိတယ်၊ တကယ်၊ အဲဒီညကတည်းက ကိုယ့်အခန်းထဲ ကိုယ် ခြေဦးမလှည့်ခဲ့ဘူး"

"မင်းအဖြစ်ကလည်း ဟုတ်နိုးနိုးနဲ့ လားရာက ဆန့်ကျင်ဘက် ချည်း"

"ဟုတ်တယ် ကိုယ် ဘာဆက်လုပ်ရမှန်းမသိတော့ဘူး၊ ကိုယ် ရှက်နေတာပဲ သိတော့တယ်၊ ခုဆို မာမိကိုတောင် ကိုယ် ရင်မဆိုင်ရဲဘူး ဖြစ်နိုင်ရင် ဒယ်ဒီနဲ့အတူ သေပစ်ခဲ့ဖို့ကောင်းတယ် တကယ်ကွာ"

ပြောရင်း အရက်မပြေနိုင်တဲ့ မျက်ရည်တွေက တိုင်း မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ဝေ့ဝဲလာသည်။

"သော်သော်နဲ့ရဲရဲကို ဖွင့်ပြောပြီး ရိုပ်ကို စည်းရုံးကြည့်ပါလား"

ပိုင်သစ် အကြံပြုတာကို မောင်နဲ့ကိုသက် ခေါင်းငြိမ့်ထောက်ခံကြသည်။

"မှတ်တယ် တိုင်း၊ ကောင်းမှုတို့ပြောကတည်းက ကိုယ် အဲလို စဉ်းစားမိတယ်၊ သူငယ်ချင်းအချင်းချင်း စည်းရုံးတော့ အောင်မြင်နိုင်တယ်ကွ"

"မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ တိုင်း"

"မောင် ဘာမှမသိဘူး၊ ရိုပ်က ကိုယ့်ကို အရင်လို နားလည်ပေးနိုင်တဲ့စိတ်မျိုးနဲ့ ဆက်ဆံနေတာ မဟုတ်ဘူး"

"ပြောစမ်းပါဦးကွာ"

တိုင်း ဆိုဖာလက်တန်းကို ဖျစ်ညှစ်ဆုပ်ကိုင်၍

"လက်ရှိ မာမီ အတင်းအကျပ် ကတိတောင်းထားလို့ ရိုပ် ရှေ့ဆက်မတိုးတာ၊ ပြီးတော့ ကျွန်မချုပ်မှာ လက်မှတ်အသင့် ထိုးပြီးသား၊ မာမီကိုယ်တိုင် စာချုပ်ကို ကိုယ့်လက်ထဲအရောက်ထည့်ပြီးပြောတယ်၊ မာမီက မိခင်အနေနဲ့ အကွဲအပြဲမဖြစ်အောင် တတ်နိုင်သလောက် ကြားဝင်ခဲ့တယ်၊ ကိုယ့်ကြောင့် အကွဲအပြဲ မဖြစ်အောင် တတ်နိုင်သလောက် ကြားဝင်ခဲ့တယ်၊ ကိုယ့်ကြောင့် အကွဲအပြဲ တကယ်ဖြစ်လာမယ်ဆိုရင် မာမီ ခွင့်လွှတ်မှာမဟုတ်ဘူးတဲ့"





အားလုံး ငိုင်ခနဲဖြစ်ကုန်သည်။

မာမီ စိတ်ကို ကိုယ်သိတယ်၊ မာမီမှာလည်း နှလုံးရောဂါရှိတယ်။ ကိုယ့်ကြောင့် မာမီ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားရင် ရှေ့ဆက်ကိုယ် မတွေးရဲတော့ဘူး။ ကိုယ် မာမီကို အဆုံးရှုံးမခံနိုင်ဘူးကွာ"

"ဒါဆို မင်း ရေငုံနှုတ်ပိတ်နေတော့မယ်ဆိုတဲ့ သဘောလား"

"မှတ်တယ် ဒါကြောင့် ကိုယ် နှလေးကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောလိုက်တယ်၊ နှလေး စပြီး လမ်းခွဲစကားပြောသွားတောင်မယားရှင်းသွားတာပေါ့၊ နှလေး လမ်းခွဲသွားတာ တိုင်း ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်သွားစေချင်တယ်၊ ဒါမှလည်း မာမီ စိတ်ချမ်းသာမယ်လေ"

ပိုင်သစ်တို့ ခေါင်းတွေ အကြံမပေးနိုင်လောက်အောင် လေးလေးပင်ပင် ချည်းဖြစ်ကာ ငြိမ်ငြိမ်သက်သက်ပဲ တိုင်းကို စိုက်ကြည့်ကြသည်။

အတန်ကြာမှ ကောင်းမှု အတွေးတစ်ခုခုက မျက်ခုံးလေးကြုံ့ကာ စိုက်ကြည့်ပြီး

"အဲဒါဆို မင်းနဲ့ရိုပ်က"

"ဒီအတိုင်းပါပဲကွာ"

အားလုံး နှာခေါင်းတွေက ဘဝင်မကျစွာ တွန့်ကုန်၏။ လင်မယားဖြစ်နေသလို ကိုယ်ကလည်း ချစ်နေတဲ့ ဇနီးလေးကို ပေါင်းသင်းခွင့်မရတာကို အိမ်ထောင်သည်တွေဖြစ်နေတဲ့ အားလုံးစိတ်ထဲမှာ တကယ်ကို ဘဝင်မကျစရာချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းက စောင့်စည်းထိန်းချုပ်နေနိုင်ပေမယ့် သူတို့ဆို နေနိုင်မှာ မဟုတ်ဘူးဆိုတာလည်း တွေးမိပြန်သည်။

"ဒီအတိုင်းချည်းတော့ ကိုယ့်တို့ ဘဝင်မကျဘူး"

မောင်ပြောတာက အားလုံးကိုယ်စား ဖြစ်နေတာကြောင့် ပိုင်သစ် တို့လည်း ခေါင်းညိတ်ကြသည်။

"ဟုတ်တယ် မင်းပြောတဲ့အတိုင်းချည်းကို ကိုယ်တို့လည်းဘဝင်မကျဘူး"

"ဘာဖြစ်လို့"

"ဟာ ကိုယ်ချစ်နေတယ်၊ ကိုယ့်ဇနီးသည်ဖြစ်တယ်ကွာ၊ ပြီးတော့ ကိုယ့်ဇနီးကလည်း ကိုယ့်ကိုကြည်ကြည်ဖြူဖြူ လိုက်လျောတယ်၊ ကွာ ကိုယ်က ဒီအတိုင်းချည်း ငြိမ်နေရင် သရဲဘောင်ကြောင်ရာ ရောက်လွန်းတယ်"

"Right အမှန်ပဲ၊ မောင်ပြောတာ မှန်တယ်၊ မင်း သရဲဘောကြောင်တဲ့စကားမပြောနဲ့"

ကိုသက်ကလည်း ထောက်ခံပြန်သည်။ ကောင်းမှူတို့လည်း အလေးအနက် ခေါင်းတွေ ညိတ်လျက်

"ဟုတ်တယ် တိုင်း နောင်ခါလာ နောင်ခါချေ၊ လောလောဆယ် မင်း အချစ်တွေကို အတွေ့နဲ့လက်တွေ့သင်ကြားပေးလိုက်"

"ဟာ ရိပ် ကိုယ့်ကို တစ်သက်လုံး ပြောင်းပြန်အတွေးနဲ့ နာကျည်းသွားမှာပေါ့ ကွ"





"ဟာ ဒါနာကျည်းစရာမှ မဟုတ်တာ၊ ရင်ခုန်စရာကွ၊ငတုံးရဲ့"

"မဖြစ်နိုင်တာကွာ"

"မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်"

"ဟုတ်တယ် မဖြစ်သေးတာကွ၊ မဖြစ်သေးတာကို ဖြစ်အောင် လုပ်လိုက်၊ အစမြဲဖို့က မင်း တာဝန်၊ ကဲ စောဒကမတက်နဲ့ မငြင်းဆန်နဲ့ ဒီကိစ္စကို ဒီမှာဘင် အောင်မြင်စွာရပ်ဆိုင်းလိုက်ပြီ"

"ဘာတွေလဲကွာ"

တိုင်း ခပ်ကြောင်ကြောင်လေးဖြစ်သွားပေမယ့် ပိုင်သစ်တို့က စိတ်အားထက်သန်စွာပဲဖြစ်ကာ

"ဘာတွေလည်းဆိုတာ အချိန်တန်ရင် မင်းသိလာမယ်၊ ခုတော့ လောလောဆယ် ကိုယ်တို့သောက်ပွဲစရအောင်"

တိုင်း ဘာမှမပြောတော့ ခေါင်းရမ်းကာ

"မင်းတို့ စချင်ရင် ကိုယ် ပြန်မယ်"

"ဟာ သစ္စာမဖောက်ကြေး"

"သစ္စာဖောက်တာမဟုတ်ဘူးကွာ၊ ကိုယ် အရမ်းနောက်ကျမှရင် မာဃီ စိတ်ပူနေလိမ့်မယ်"

"မပူစေရဘူး ကိုယ် ဖုန်းဆက်ထားပြီးပြီ"

"ဟာ ကိုယ် မသောက်ပါရစေနဲ့၊ ခုချိန်မှာ ရိပ် အထင်မြင့်လွဲမှားစရာဖြစ်အောင် ကိုယ် ဘာမှမဖန်တီးချင်ဘူး"

တိုင်း မသောက်ချင်ဘူး။ အတင်းပဲ ငြင်းဆန်ရုန်းထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မရအရပိုင်းဆွဲတော့ တိုင်း ငြင်းဆန်လို့မရခဲ့။ ရိပ်နဲ့တိုင်းက တစ်ခုခု ဖြစ်သွားစေချင်တဲ့ သူငယ်ချင်းတွေရဲ့စေတနာကို တိုင်း မငြင်းချင်။

"မင်းကို ဖန်တီးခိုင်းတာ မဟုတ်ဘူး။ သူငယ်ချင်းတွေရဲ့ ဆန္ဒကို လိုက်လျောခိုင်တာ ကဲ ချက္ကာ"

အများနဲ့တစ်ယောက်ဆိုတော့ တိုင်း အရှုံးပေးရတယ်။

ရိပ် ရယ်

ကိုယ့်နှလုံးသားက ချစ်တဲ့စိတ်ကို နားလည်ပေးပါကွယ်။

▣ ▣ ▣



## အခန်း (၁၉)

"ဟင်"

နိုးသွားသည်နှင့် တိုင်း မျက်ခုံးနဲ့မျက်လုံးက မှုန်ကုတ်သွား၏။ မှေးရှာအငိုအရေး၊ ဖိအီကလေးက စိတ်လှုပ်ရှားသလိုဖြစ်ကာ တိုင်း ကိုယ်က တိုင်း အခန်းထဲက မွေ့ရာပေါ် ဘာဖြစ်လို့ရောက်နေရတာလဲ။

တိုင်း နောက်ဆုံးသိလိုက်တာက ထည့်ဝါတို့နဲ့မူးပြီး မှောက်သွားတာလေ၊

ခုတော့

တိုင်း နိုးရိပ်စိတ်လှုပ်ရှားစွာ အိပ်ရာပေါ်မှ ဝုန်းခနဲထလိုက်တဲ့ ကိုယ်က တစ်ခုခုကို လွှန်ကျူးခဲ့ပြီဖြစ်မှန်း အလိုလို သိလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်း တစ်ကိုယ်လုံးရှိ မွေးညှင်းလေးတွေ ထောင်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထကျန်၏။

"ရိပ်"

အသံတိတ်ရှုတ်မိတဲ့ နာမည်လေးကြောင့် တိုင်း ရင်မှာ ဝမ်းနည်းသလိုဖြစ်သွား၏။ မျက်လုံးတို့ကလည်း ရိပ်ကို အသည်းအသန် ရှာဖွေမိ၏။

ခုတင်ခြေရင်းက မှန်တင်ခုံပေါ် ကိုယ်ကိုကိုင်း၍ မျက်နှာလေး မှောက်ကာ ထိုင်နေတဲ့ ရိပ်ကိုမြင်ရစဉ် ရင်မှာကြက်သီးဖြန်းဖြန်းထသွားသလို သွေးတွေလည်း ဆူဝေကျန်၏။

ကိုယ်ပေါ်က စောင်ကို ကမန်းကတမ်း ဖယ်ခွာရင်း ပြေလျော့နေတဲ့ လုံချည်ကို ခါးမှာမြဲမြဲအောင် ဝတ်၍ ခုတင်ပေါ်က ဆင်း၏။

"ရိပ်"

ခေါ်ရင်း ပခုံးလေးနှစ်ဖက်ကို ဆွဲယူပြီး မတ်လိုက်စဉ် ရိပ် ကိုယ်လုံးလေး အလိုက်သင့်ပါလာပေမယ့် မျက်ဝန်းအိမ်မှာ ဝမ်းနည်း မျက်ရည်စတွေနှင့်။

ဟင့်ခနဲ ရှိုက်လိုက်တိုင်း အလုတွေလျော့ပါးမသွားတဲ့ ရိပ်ကို ကြင်နာစွာခုပဲ ရင်ချင်းအပ်ထွေးပွေ့ကာ နှစ်သိမ့်ပေးမိ၏။

နွေးခနဲ ဖြစ်သွားတဲ့ ရင်အုံမှာ ရင်ခုန်သံတွေ တဒိုင်းဒိုင်းထိုးဆောင့်သွားသလို ဖြစ်ပြီး နှလုံးသားထဲက စကားလုံးတွေ လွင့်ထွက်သွားသည်။

"ခွင့်လွှတ်ပါ ရိပ်ရယ်၊ ရိပ်ကို ကိုယ်မြတ်မြတ်နိုးနိုး ချစ်မိသွား





တာပါ၊ ရိပ် ထင်သလို မဟုတ်ဘူး၊ ကိုယ် တကယ်ချစ်သွားတာ ယုံပါ ရိပ်ရယ်၊ ကိုယ် ချစ်စိတ်နဲ့လွန်သွားတာ တောင်းပန်ပါတယ် ခွင့်လွှတ်ပါ ချစ်ရယ်"

ရိပ် နာနာကျင်ကျင်ပဲ နှုတ်ခမ်းကို မသိမသာတွန့်မဲ့မိ၏။ ရိပ် ပါးပေါ်က မျက်ရည်စတွေကို တယုတယသုတ်ပေးသလို အနမ်းတွေနဲ့ သွေးဆောင်နှစ်သိမ့်နေတဲ့ အတွေ့ကို ရိပ် ပျော်ဝင်ရမလား တိုင်းရယ်။

ရိပ်ဟာ တိုင်းကိုချစ်မိတဲ့စိတ်နဲ့ အရာရာကို တိုင်း အလိုကျ လိုက်လျောပေးခဲ့တာ ဘာကိုမှ မနေမျှောခဲ့ပါဘူး။

ခုတော့ အချစ်ကို ခုတုံးလုပ်ပြီး ရိပ်ကို သွေးဆောင်ခံစားခဲ့တဲ့ အဖြစ်က ရိပ် ရင်မှာဝမ်းနည်းမဆုံးဖြစ်ရသည်။

"နော် ရိပ် တိုင်း တကယ်ချစ်တာ၊ တကယ်ချစ်လို့ ဖြစ်သွားတာ၊ ရိပ် ခွင့်လွှတ်ပေးပါ၊ ကိုယ် တောင်းပန်ပါတယ်"

"မလိုပါဘူး"

"ဘာဖြစ်လို့လဲ ရိပ်ရယ်၊ ကိုယ့်ကို နားလည်မှုမပေးနိုင်တော့ဘူးလား"

"ရိပ် အစကနေ အဆုံးအထိ နားလည်ပေးခဲ့တယ်၊ ဒါပေမဲ့ တောင်းပန်စရာမလိုဘူး၊ တိုင်း ဆန္ဒပြည့်ဝတယ်ဆိုရင် ပြီးတာပဲ"

"အဲဒီ သဘောမဟုတ်ဘူး ရိပ်ရယ်"

မွတ်သိပ်စွာ လက်တစ်ဖက်နဲ့ ရိပ်ခါးသိမ်သိမ်လေးကိုတင်းတင်း လေးဖက်ကာ ကျန်လက်တစ်ဖက်နဲ့ ရိပ် ကျောပြင်လေးကို ကြင်ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



နာ ပွတ်သပ်သွေးဆောင်နေတဲ့ ကိုယ်က နွေးနွေးလှိုင်လှိုင်ချည်းဖြစ်သွားသည်။

ရိပ် ရှန်းထွက်ဖယ်ရှားလို့ မရအောင် စက္ကန့်မလပ် အနမ်းတွေပေးနေတာက ရိပ် အသက်ရှူရ မွန်းကြပ်သွား၏။

တိုင်းရဲ့တောင့်တနေတဲ့ ဆန္ဒကို ရိပ် နောင်တ မရတမ်း လိုက်လျောဖို့ အသင့်ပါပဲ။

"အဲဒါလည်း တိုင်း ဆန္ဒရှိသလိုပေါ့"

"မဟုတ်ဘူးကွာ"

"သိပါတယ် တိုင်း ဆန္ဒမပြည့်သေးဘူးဆိုတာ ရိပ် လိုက်လျောပါ့မယ်"

"အို"

ဖက်ထွေးထားမိတဲ့ တိုင်း လက်ချောင်းလေးတွေ ပြေလျော့သွား၏။

"ရိပ် ကိုယ့်ကို အဲလိုအမြင်မျိုးနဲ့ လိုက်လျောစရာမလိုပါဘူးကွာ"

"မလိုဘူးထင်ရင် ရိပ်ကို မတောင်းပန်နဲ့၊ ချစ်တယ်ဆိုတဲ့ ခေါင်းစဉ်ကို မသုံးပါနဲ့၊ ရိပ် ဝမ်းနည်းလွန်းလို့"

"ဘာ ဘာဖြစ်လို့လဲ ရိပ်ရယ်"

"အစကတည်းက ရိပ်နဲ့တိုင်းက အချစ်နဲ့စခဲ့တဲ့ ဇာတ်လမ်းမဟုတ်ဘူး၊ အနိတိဆန္ဒအတိုင်း ရှင့်စိတ်နဲ့ပေါင်းသင်း ချည်နှောင်ချင်လို့





ရှင့်ခြေခော့ခဲ့တဲ့ ဇာတ်လမ်းဖြစ်နေလို့လေ"

"ဟာ"

တိုင်း ရင်ဘတ်ကို ဆောင့်ကန်ခံရသလို ဟာခနဲဖြစ်သွားကာ မျက်လုံးတွေကို စုံမှိတ်လိုက်သလို မြတ်နိုးစွာ ပွေ့ဖက်ကြင်နာနေမိတဲ့ တိုင်း လက်တွေလည်း ရိပ်ဆီမှ အလိုလို ကွာကျသွား၏။

"တိုင်း ရိပ်ကိုတကယ်ချစ်ခဲ့တယ်ဆိုရင် အစကတည်းက တောင်းဆိုမှုတွေနဲ့အခွင့်အရေးယူခဲ့မှာ မဟုတ်ဘူးလေ"

"ရိပ်ရယ်"

တိုင်း နှလုံးသားက ယူကြုံးမရဖြစ်မှုတွေနဲ့ ကိုယ့်ကိုကိုယ် ထူမတ်မရအောင် ဖြစ်ကာ ခုတင်ခြေရင်းရှိ မွေ့ရာပေါ်မှာ ဝုန်းခနဲပြိုကျသလို ထိုင်ချလျက်သားဖြစ်သွား၏။

ရိပ် မျက်နှာလေးကို မနာကျင်စတမ်း ဖုံးဖိမှိုချ၍ လက်ကျန်မျက်ရည်တွေကို သုတ်သည်။ ရင်ထဲမှာ ကိန်းဝပ်နေတဲ့ အစိုင်အခဲတွေကို အပြောင်အစင် ဖွင့်အန်ပြောချလိုက်သည်က မရပ်မနားနိုင်တော့။

"ရိပ်ကို စတွေ့ကတည်းက တစ်ဖက်က ချစ်သူအတွက် ရက်နှာလိုက်ပြီး တောင်းဆိုခဲ့တာက တကယ် လက်ထပ်မယ့် မိန်းကလေး တစ်ယောက်ရဲ့ နှလုံးသားကို မီးတင်ရှို့လိုက်တာနဲ့အတူတူပဲ တိုင်း၊ တိုင်း ဆန္ဒအတွက် ရိပ် နှလုံးသားအလောင်ခံပြီး လိုက်လျောခဲ့တာ အခုလည်း အဲဒီအတိုင်းပဲ၊ ဒါပေမဲ့ ဝမ်းနည်းတာက တခြားလေ၊ ရှေ့ဆက်ပြီး အနိတိ ဆန္ဒအတွက် တိုင်း တောင်းဆိုမှုအတွက် ရိပ် လိုက်လျောရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ တိုင်း ဒယ်ဒီကိုပေးဆပ်ရမယ့် ကျေးဇူးတရားတွေက ရိုပ်တို့မိသားစုအပေါ်မှာ ကြီးလို့ပါ၊ ရှေ့ဆက်ပြီး ရိုပ်ကို မတောင်းပန်ပါနဲ့''

''မဟုတ်သေးဘူး ရိုပ်ရယ်''

''တိုင်းအတွက် မဟုတ်ပေမယ့် ရိုပ်အတွက်က ဟုတ်နေတယ်လေ၊ တိုင်း တောင်းပန်တိုင်း ရိုပ်မှာ ခွင့်လွှတ်တယ်၊ ခွင့်မလွှတ်ဘူး ပြောလို့ရတဲ့ အခြေအနေမဟုတ်ဘူး၊ အဓိက တိုင်းလိုချင်တာကို ရိုပ်ပေးတယ်၊ ဒီလောက်ပဲ၊ အချစ်ဆိုတာကို လုံးဝ မပြောပါနဲ့''

ဖတ်တိုက်ပြောချနေတဲ့ စကားလုံးတွေနောက်မှာ မျက်နှာရော နှုတ်ခမ်းပါ ရင်ခုန်သံတို့ ခြောက်သွေ့နေတဲ့ ရိုပ်ကို တိုင်း မကြည့်ရက်အောင် ရှက်စိတ်တွေ ဖိသွားသည်။

အချစ်ကို ခံစားသိရှိပြီး အချစ်လို့ ခေါင်းစဉ်တပ်လို့မရတဲ့ ခံစားချက်က ယောကျ်ားတစ်ယောက်ရဲ့ အရှက်ကို အပိုင်းပိုင်းဖဲ့ချသလို မျက်ရှုလာသည်။ ပြီးတော့ ရိုပ် အဆက်မပြတ်ပြောနေတဲ့ စကားလုံးတွေက ရင်အုံကို အဆက်မပြတ် ထိမှန်လျက်သားဖြစ်၏။

''အခြေအနေ အကြောင်းကြောင်းကြောင့် အချစ်ဆိုတာကို ရိုပ်နှလုံးသားက မြည်းစမ်းခွင့်မရတဲ့ ဘဝပါ။ ရိုပ်လည်း အချစ်အကြောင်းကို ဘယ်တော့မှ စိတ်ကူးယဉ် ခံစားတော့မှာ မဟုတ်ဘူး။ အဓိက အနက်ကယ် ကျေးဇူးကို ပြန်ဆပ်ခွင့်ရတဲ့ ရိုပ်ဘဝက တိုင်း လိုချင်တာကို ရိုပ် မတွန့်တို မနှမြောဘဲ ပေးဆပ်ဖို့ပဲ၊ တိုင်းလည်း အားနာစရာ တောင်းပန်စရာမလိုပါဘူး''





''ရိုပ်ရယ် ရိုပ် ရင်ထဲမှာ အဲသလောက်အထိ ဖြစ်တည်နေတာလား၊ ကိုယ် ရိုပ် ကို လက်ထပ်တာ က ရိုပ်တို့မိသားစုအတွက် ဒယ်ဒီ ပေးခဲ့တဲ့ ကျေးဇူးတရားတွေကို အခွင့်အရေးယူချင်တဲ့ ဆန္ဒနဲ့မဟုတ်ခဲ့ဘူး၊ ဒယ်ဒီ စိတ်ချမ်းသာစေချင်တာရယ်၊ နကို ပေးထားတဲ့ ကတိ မဖျက်ချင်တာရယ်၊ တခြား ဘာရည်ရွယ်ချက်မှ မပါဘူး၊ အခု ဖြစ်သွားတာကလည်း ရိုပ်ကို ချစ်တဲ့စိတ်''

''တော်ပါတော့ အဲဒီ ချစ်တဲ့စိတ်ဆိုတာကို ထည့်မပြောပါနဲ့ တိုင်းဦး''

တစ်စခြင်းဆန်နေတဲ့ ရိုပ်ကို တိုင်း ချစ်ခြင်းနဲ့ ဘယ်လိုမှ ညည်းရုံးသိမ်းသွင်းလို့ရမည် မထင်တော့။

တိုင်း ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးထည့်ရင်း ဖွပစ်ကာ ရိုပ်ကိုပဲ အချစ်မပြယ်စွာ ငေးကြည့်မိသည်။

တိုင်း ဘေးမှာပဲ မတ်မတ်ရပ်လျက်သားနဲ့ ညအိပ်ဂါဝန် အိအိကလေးနဲ့ အစွမ်းကုန်လှနေတဲ့ ရိုပ် နှုတ်ခမ်းတို့မှ အချစ်တွေ ခြောက်ခန်းဝ မြုလာသည်။

''ရိုပ်''

တိုင်း အသာထရပ်ကာ ရိုပ် ပခုံးသားနုနုပေါ် လက်ချောင်းလေးနဲ့ ဖွဖွဆုပ်ကိုင်၍ မေးချွေးလေးကို ဆွဲယူကာ မျက်နှာချင်းဆိုင်မိ၏။ ကြည့်ချင်းဆုံပေမယ့် နားလည်မှုတွေက ဆန့်ကျင်ဘက်ဖြစ်နေမှန်း သိသာနေသည်။ တိုင်း ကြိုးစား၍ စိတ်ကိုတင်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဆင်ခြင်ပါ့မယ် နောက်ထပ် ဒီလို မဖြစ်စေရပါဘူး"

"ကတိတွေပေးနေစရာ မလိုပါဘူး၊ တိုင်းအပေါ်ကို ခိုင်ဘက်က အမြဲအဆင်သင့်ပါပဲ၊ နောက်ထပ် တောင်းဆိုဦးမယ်ဆိုရင် တိုင်း မာပီ မရှိတော့တဲ့အချိန်မှာ ကွာရှင်းပေးရမယ်ဆိုရင်လည်း ခိုင် ကွာရှင်းပေးပါ မယ်"

တိုင်း အသက်အောင့်ကာ ခိုင် ပခုံးထက်က လက်ချောင်းတွေ ကို ခွာပစ်ရင်း ချစ်စိတ်တွေက ဘုန်းဘုန်းလဲကျသွား၏။

ရိပ်ရယ်

အဲဒီလောက်တောင် ကိုယ့်ဘဝနဲ့ နှလုံးသားကို ရက်စက်နိုင် သတဲ့လား ကွယ်။

□ □ □



## အခန်း (၂၀)

"ဘယ်လိုလဲ အိုကေတယ် မဟုတ်လား တိုင်း"

ခံစားမှုကို ဦးစားပေးမေးလာတဲ့ မျက်နှာပေးကို ခပ်စိမ်းစိမ်းပဲ ကြည့်မိရင်း တိုင်း မျက်နှာညို့မှောင်သွားတာကို သူငယ်ချင်းတွေ သတိ ထားမိသည်။

"ပြောစမ်းပါကွာ"

တိုင်းက သက်ပြင်းချကာ

"မင်းတို့ကြောင့်ခက်တယ်"

"ဘာခက်တာလဲ"

"ခိုင် ကိုယ့်ကို လုံးဝ နားလည်မှုလွဲသွားပြီ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှု နားမလည်သလိုမေးရင်း တိုင်းနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ တိုင်းက တည့်တည့်ကြည့်ပြီး

"ဟုတ်တယ် ပိုပြီးဆိုးတယ်ကွာ"

"ဟာ မင်းကိုက ပျော့လွန်းတာ"

"ယုယုယယလေးချော့လိုက်ရင် အိုကေ သွားမယ့်ဟာ မင်းကိုက သရဲဘောကြောင်လွန်းတယ်"

အားမလို အားမရ တစ်ခွန်းစီ ဝင်ပြောတဲ့ ထည်ဝါနဲ့ကောင်းမှုကို တိုင်း အငေးသားပဲ စိုက်ကြည့်၏။ ပိုင်သစ် တိုင်း ပခုံးကို အားပေး နှစ်သိမ့်စွာ ဖက်လျက်

"မိန်းကလေးတွေဆိုတာ ဒီလိုပါပဲ နောက်တော့ သူတို့ပဲ အရှုံးအမူးဖြစ်သွားတတ်တာကွ"

"မဟုတ်ဘူးကွ"

"ဟ မင်းက ကိုယ်တို့လောက် သိနိုင်မလား"

ထည်ဝါ မကျေမချမ်းမေးသလို ကောင်းမှုကလည်း မျက်စပစ်ကာ ထိုသို့မေးသလို တိုင်း ဘာမှပြန်မဖြေတတ်အောင် ထူပူသွား၏။

ပိုင်သစ် ပခုံးဖက်ထားတာ လက်မဖြုတ်သေးဘဲ

"ဟုတ်တယ် တိုင်း၊ မိန်းမတွေအကြောင်း မင်း ကိုယ်တို့လောက် အကဲမခတ်တတ်ပါဘူးကွာ။ မိန်းမဆိုတာ အစဆိုရင် ရှက်ရမ်းရမ်းတက်တာယ်ကွ၊ နောက်တော့ မြတ်မြတ်နိုးနိုး ဖွဲ့သွားတာ၊ ဒါကြောင့် ရိပ် ဘာပြောပြော မင်း အာရုံထဲ ထည့်ထားဖို့မလိုဘူး။ ကိုယ်တို့





ယောက်ျားတွေဆိုတာက ကိုယ်တို့အချစ်ကိုဘယ်နည်းနဲ့မဆို ရင်ဖွင့်မှာပဲ၊ အဓိက ရိပ် ဘယ်လိုထင်ထင် ခေါင်းထဲမထည့်နဲ့၊ ပြီးတော့ မင်းက အိမ်တောင်နဲ့လေ၊ အိမ်တောင်သည်လိုပဲ ကျင့်ရမှာပဲ၊ လင်မယားကြားမှာ အတွေ့ဆိုတာ အရေးကြီးဆုံးပဲ။ အတွေ့ရှိမှ သွေးနွေးနေမယ်၊ သွေးနွေးနေမှ စွဲလန်းတပ်မက်တဲ့စိတ်ဖြစ်လာမယ်၊ အဲဒီစိတ်ကမှ တစ်ဆင့် အချစ်ဆိုတာ တရေးရေးပေါ်လာမယ်"

ပိုင်သစ်တို့ ဒဿနတွေကို တိုင်း စောဒကလည်း မတက်ချင်သလို နားထောင်ချင်စိတ်လည်း မရှိတော့။ တိုင်း ခေါင်းရမ်းလိုက်တော့ ကောင်းမှုတို့ ကြိတ်ဆဲပြီး

"မင်း ခေါင်းခါမနေနဲ့ ရိပ် ဘယ်လိုထင်ထင် မင်း အတွေ့ပေးပြီး မင်း အချစ်တွေကို ပေးရမယ်၊ ရေ့ဆက်ပေးဖို့လည်း လိုအပ်တယ်"

"မဟုတ်သေးဘူး ကောင်းမှု၊ ရိပ်က မာမီ မရှိတော့ရင်တောင် ကွာရှင်းပေးဖို့ အသင့်ပဲတဲ့၊ မင်းပဲ စဉ်းစားကြည့်လေ၊ အဲလိုချည်း ကြိုညိနေတော့ ကိုယ့်ရင်မှာ ဘယ်လောက်ထိ ဆူနေမလဲ၊ ကိုယ့်အချစ်ကို မတုံ့ပြန်ဘဲ အဲဒီစိတ်နဲ့ဆိုတော့ ကိုယ့်အချစ်တွေက ဘယ်အခိုက်ပွါယ်သက်ရောက်နေလဲကွာ၊ အဲဒီသဘောသက်ရောက်နေတဲ့ အပြုအမူတွေနဲ့ ကိုယ့်အချစ်ကို ကိုယ် မစတေးပစ်ချင်ဘူး"

"ကဲ ဒါဆို မင်းက ဘယ်လိုရှေ့ဆက်မယ် စိတ်ကူးလဲ"

ထည်ဝါ စိတ်မရှည်သလို မေးသည်။ တိုင်း ကိုယ်ကို ဆန့်ကာ ထိုင်နေရာမှထ၍ လသာဆောင်ရှိ လက်တန်းပေါ်မှာ လက်ကလေးတင်ပြီး



www.burmeseclassic.com

ရပ်သည်။

"ပြောလေကွာ"

ပိုင်သစ်ကလည်း မေးပြန်သည်။ တိုင်း မပြောဖြစ်သေးဘဲ ဟိုးအဝေးဆီမှ လှမ်းမြင်နေရတဲ့ ရွှေထီးဂုံစေတီကို စိတ်နဲ့ပဲပူဇော်ရင်း နှလုံးသားငြိမ်းသွားအောင် ဦးခိုက်မိ၏။ ပြီးမှ

"ကိုယ် နောက်ထပ် မကျူးလွန်တော့ဘူး။ ရှေ့ဆက်ပြီး ရိပ်ရဲ့ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပစေတော့၊ ရိပ်က ကွာမယ်ဆိုရင်လည်း ကိုယ်ချစ်နေတဲ့အတွက် ရိပ် ကျေနပ်အောင် ကွာပေးလိုက်မယ်"

"သိပ်လွယ်လွန်းမနေဘူးလား၊ တိုင်း"

"အချစ်ဆိုတာကို စကားထဲထည့်ပြောတာထောင် လက်ခံနိုင်အောင် ပြင်းထန်နေတဲ့ မိန်းကလေးကို ရှေ့ဆက်ပြီး ကိုယ့်အချစ်တွေ ပုံချပြရင်လည်း အလဟဿဖြစ်မှာလေ၊ အဲဒီ အဖြစ်ကို ကိုယ် မခံနိုင်ဘူးကွာ"

"မင်းကတော့ စံပဲ"

ပိုင်သစ် မအီမလည်သက်မချရင်း ပြောသလို ကောင်းမှုတို့ လည်း မဖျောင်းဖျနိုင်အောင် စိတ်တွေလေလွင့်ကျသွားသည်။

"ရှေ့ဆက် ကိုယ် လွန်ကျူးနေရင် ရိပ်စိတ်က ဒီထက်ပိုတင်းမာနေလိမ့်မယ်၊ ခုတောင် တစ်ကြိမ်တစ်ခါကျူးလွန်မိတဲ့ ကိစ္စအတွက်၊ ပြောချလိုက်တဲ့ စကားလုံးတွေက ယောကျ်ားတစ်ယောက်ရဲ့အရှက်တရား တွေကို ခြေဖနောင့်နဲ့ပွတ်ခြေနင်းပစ်လိုက်သလိုပဲ၊ အပြစ်နဲ့မတန်အော





သိပ်ရှက်ဖို့ကောင်းတယ်၊ ကိုယ် တစ်ခါမှ ဒီလောက်ထိ မရှက်ဖူးဘူး၊ ကိုယ် ချစ်မိတဲ့ မိန်းကလေးကိုယ်တိုင်က ကိုယ့်အရှက်တွေ စုတ်ပြဲသွားအောင် လုပ်ပစ်တာ ကိုယ် ခံရခက်ဆုံး၊ ဝမ်းနည်းရဆုံးပဲ"

ဝမ်းနည်းသံနှင့်အတူ အစ်စိုစိုလေး ဖြစ်ကာ သူငယ်ချင်းတွေ ဘက်တောင် မျက်နှာမလှည့်ချင်ဖြစ်နေရှာတဲ့ တိုင်းကို ပိုင်သစ်တို့ ဆက်သက် ဖိအားပေးဖို့ စိတ်အားထက်သန်ခြင်းမရှိသလို ဖြစ်ကုန်သည်။

"အင်းလေ မင်းပြောတာလဲ ဟုတ်တာပဲ၊ ကိုယ်တို့က မင်းနှလုံးသားလေး သန်းနေစေချင်တယ်၊ ဒါကြောင့်ပါကွာ"

ကောင်းမှု ထလာရင်း တိုင်း ပခုံးကိုဖက်၍ နှစ်သိမ့်သလို ပြောသည်။ တိုင်း၊ နားလည်စွာ ခေါင်းဆတ်လိုက်တော့ ရှက်မျက်ရည်တစ်စက လွင့်ခနဲခုန်ကျသွား၏။

"အချစ်နဲ့ပေါင်းသင်းခြင်းဆိုတာ တကယ်တော့ တခြားစီပါ၊ ကိုယ်တော့ အဲလိုပဲ ထင်တယ် ကောင်းမှု၊ အကြိမ်ကြိမ် အရှက်မခံချင်တဲ့ ကိုယ့်နှလုံးသားကို နားလည်ပေးပါ"

"အင်းပါကွာ"

ဝေညိဝါနဲ့ပိုင်သစ်လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နားလည်ပေးနိုင်စွာပဲ ခေါင်းဆတ်လိုက်သည်။

"ကဲပါ မင်းစိတ်ကိုလည်း လျှော့ချပြီး အနားပေးလိုက်ကွာ"

"ရပါတယ် ကိုယ် အရင်ကလောက် မွန်းကြပ်မနေတော့ဘူး၊

www.burmeseclassic.com



ဖွင့်ပြောလိုက်ရလို့ ရင်မှာပေါ့သွားသလိုပဲ''

အနည်းငယ်ပေါ့ပါးသွားသလို ဖြစ်တဲ့ တိုင်းကို ငေးကြည့်ရင်း ပိုင်သစ်တို့လည်း သက်ပြင်းကိုယ်စီချကာ စိတ်လျှော့ပစ်လိုက်သည်။ ကောင်းမှုနေရာမှာ ပြန်ထိုင်ပေမယ့် တိုင်းက မထိုင်။

လသာဆောင်လက်ရမ်းလေးနားက နံရံမှာပဲ ကိုယ်ကို မှီရပ်ကာ အပေါ်စီးက မြင်ရတဲ့ သာယာတဲ့မြို့ပြရှုခင်းတွေကို ငေးကြည့်ဖြေသိမ့်နေမိသည်။

သူငယ်ချင်းသုံးယောက်ကြား ဘယ်သူမှ စကားမစဘဲ တိတ်ဆိတ်သွားသည်။ အတန်ကြာမှ ထည်ဝါက တစ်ခုခု တွေးနေမိရာက ဖျတ်ခနဲ အသိဝင်လာသလို မျက်နှာလေး လန်းကာ

''ဒါနဲ့ တိုင်း''

''ဘာလဲ ထည်ဝါ''

''ရိပ်''

''ရိပ် ဘာဖြစ်လို့လဲ''

တိုင်း ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားသည်။ ထည်ဝါ ခေါင်းတစ်ချက်ဆတ်ပြီး

''ရိပ် မင်းကို အဲသလောက် လိုက်လျောနေတာက မင်း၊ ဒယ်ဒီရဲ့ကျေးဇူးတရားထက် ခိုင်မာတဲ့အကြောင်းတစ်ခုရှိရမယ်''

''ဘယ်လို''

တိုင်း မျက်ဝန်းတန်း ထူထူနက်နက်က တွန့်ခေါက်သလို ဖြစ်

၉





သွားအံ့။ ကောင်းမှုတို့လည်း၊ ခုမှတွေးမြင်မိသလို ဖြစ်ကာ ပိုင်သစ်လက်ဖျောက်တီးရင်း

''ဖြစ်နိုင်တယ်''

''ဘာကိုလဲ''

''မင်းကို အဲသလောက် လိုက်လျောတာက ရိပ် မှာ မင်းနဲ့ ဗတ်သက်တဲ့ ဖီးလ်တစ်ခုခုရှိကို ရှိရမယ်''

အခိုင်အမာလိုလိုပြောနေတဲ့ ကောင်းမှုကို တိုင်း တကယ်ကို အငေးသားကြည့်ဖြစ်သွားသည်။

''ဖီးလ်တစ်ခုခု ဟုတ်လား''

''သေချာတယ်၊ မင်း မယုံရင် ရိပ်ကို အကဲခတ်ကြည့်''

''မင်းက ဘာဖြစ်လို့ အဲလို ပြောနိုင်ရတာလဲ''

ကောင်းမှု သူ့အတွေးကို သူ အပိုင်အနိုင် ထောက်ခံသလို ခေါင်းဆတ်လိုက်ပြီး

''ဒီမှာ တိုင်း၊ မိန်းကလေးဆိုတာ သူတို့စိတ်ထဲမှာ ခံစားမှုရှိတဲ့ ယောက်ျားတစ်ယောက်အတွက် ဘာမဆို မသိလိုက်မသိဖာသာ လိုက်လျောဖို့ စိတ်က ထိမ်းညှတ်ပြီးသား။ အခု မင်းကိုလည်း ရိပ် ထိမ်းညှတ်ပြီး လိုက်လျောနေတာ လိုက်လျောခဲ့တာ''

''ဒယ်ဒီ ကျေးဇူးကြောင့်တဲ့''

''မင်း သိပ်တုံးတာပဲ တိုင်း''

''ဟုတ်တယ်ကွ၊ မင်း ဒယ်ဒီရဲ့ကျေးဇူးကြောင့်က တခြား။

၉



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလိုက်လျှောတာက တခြား၊ ပြီးတော့ ခင်းအချစ်ကို ပုံစံပြောင်းမြင်တာက တခြား''

"ဆိုစမ်းပါဦး''

တိုင်း စိတ်ဝင်စားစွာပဲ ကောင်းမှုနဲ့မျက်နှာချင်းဆိုင် ဝင်ထိုင်မိသည်။ ကောင်းမှု ခေါင်းညိတ်၍

"ကိုယ် ထင်တာမမှားဘူးဆိုရင် ပန်းနုရောင်ကို မင်းချစ်သူလို့ အစကတည်းက မင်းကိုယ်တိုင်ဖွင့်ပြောခဲ့တဲ့အတွက်ပဲ''

"ဟင်''

"ဟင် မနေနဲ့၊ ပန်းနုရောင်ကို မင်းချစ်ခဲ့ပြီးမှ ရိုဝ်ကို ချစ်တယ်လို့ပြောတော့၊ ရိပ် ဘယ်လက်ခံနိုင်မလဲ၊ အဲဒါကြောင့် မင်းကို တလွဲမြင်တာ၊ မင်း အချစ်ကို ဆန့်ကျင်ဘက်မြင်သွားတာကွ''

တိုင်းရင်မှာ တွေခနဲဖြစ်သွားအံ့။ ဟုတ်ရဲ့လား။ နုလေးကြောင့် ကိုယ့် အချစ်ကို ရိပ် အမြင်လွဲတာလား။ ဒါဆို ရိပ်ဆီမှာ တိုင်းနဲ့ပတ်သက်တဲ့ ဖီးလ်တစ်ခုခုရှိနေတာ သေချာသလိုပေါ့။

အတွေးနဲ့တင် တိုင်း ရင်တွေတဒိတ်ဒိတ်ခုန်လာသည်။

ရိပ်ဆီမှာ ရှိတဲ့ ဖီးလ်က ဘာလဲ။

"ဒါကြောင့် မင်း ရှေ့ဆက် မလွှန်ကျူးခင်တောင် ရိပ် ရင်ထဲလျှို့ဝှက်ရှိနေတဲ့ ဖီလင်က ဘာလဲဆိုတာ မင်းတစ်ချိန်ချိန်သိရမယ်လို့ ကိုယ်လက်မထောင် ပြောရဲတယ်ကွ''

ကောင်းမှု ပြောတဲ့စကားတွေထဲမှာ ထိုစကားလုံးကိုပဲ တိုင်း





ရင်ခုန်စွာ အကြိမ်ကြိမ် ကြားယောင်နေမိသည်။

ရိပ် ရင်ထဲက ဖီလင်တဲ့။

ဘာ ဖီလင်လဲ။

ဟုတ်ရဲ့လား ရိပ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မြင်ရပြီး မကြင်ရတာက ဖြေသာပါသေးတယ် ရိပ်ရယ်။ ခုတော့ ရိပ် မျက်နှာလေးကို မမြင်ရတာ ရင်မှာ ဟာခနဲ။

"သား အနက်ကယ်မြင့် နေမကောင်းလို့ ရိပ်ကို မာမီ တားခဲ့တယ်"

လို့ မာမီ ပြောကတည်းက တိုင်းရင်မှာ ဟာသွားသည့်က ခုချိန်ထိ နှလုံးသားမှာ ချိုင့်ဝှမ်းတစ်ခုဖြစ်နေခဲ့သည်။

"သား အနက်ကယ်မြင့်ကို လူနာသတင်းမေးရင်၊ ဟိုမှာပဲ အိပ်ချင်အိပ်လိုက်လေ၊ နှင်းနှင်းကိုတောင် မာမီ ပြောခဲ့သေးတယ်၊ သား လာခဲ့မယ်လို့"

"ဟင့်အင်း မာမီ သားမနက်မှပဲ ကုမ္ပဏီသွားရင်း ဝင်ကြည့်





တော့မယ်"

မာမီ စာနာစွာ ပြောသော်လည်း တိုင်း ခေါင်းခါပြော၍ ရှောင်ထွက်ခဲ့သည်က ရိပ်နဲ့မျက်နှာချင်းဆိုင်ရမှာ ရှက်လို့ပဲဖြစ်၏။

ထိုညကတည်းက ရိပ်နဲ့မျက်နှာချင်းမဆိုင်မိအောင် တိုင်း ရှောင်နေခဲ့သည်က ထမင်းဝိုင်းမှာတောင် မျက်နှာချင်းမဆိုင်တဲ့အထိ။ ရိပ်က မသိချင်ဟန်ဆောင်ပြီး ပုံမှန်အတိုင်း ပြုမူနေနိုင်တာ တိုင်း အံ့သြရသည်။

"တီ တီ တီ"

ညအိပ်ဝတ်စုံမလဲတော့တဲ့ အပြင်ကလာတဲ့အတိုင်း မွေ့ရာပေါ် ကိုယ်ကို ပစ်လှဲချလိုက်စဉ် ခေါင်းရင်းရှိ စားပွဲပေါ်က တယ်လီဖုန်းမြည်သံကြောင့် တိုင်း အသိဝင်လာသည်။

နာရီကိုမော့ကြည့်လိုက်တော့ ညဆယ်နာရီတိတိ။

ဒီအချိန် ဘယ်ကဖုန်းဆက်တာလဲ။ ပိုင်သစ်တို့လား။ မကိုင်မချင်း ဖုန်းကမြည်နေဆဲ။

တိုင်း မထတော့တဲ့ လက်နောက်ပြန်ဖြင့် ဖုန်းခွက်ကို ကောက်ယူ နားထောင်လိုက်သည်။

"ဟဲလို"

"တိုင်း"

"ဟင် ရိပ်"

မဝင်မှတ်တဲ့ ကြားလိုက်ရတဲ့ ရိပ်အသံကြောင့် တိုင်း တစ်ကိုယ်လုံး သွေးလည်ပတ်မှုတွေ နွေးခနဲဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရိပ်ပါ"

"ပြောလေ ရိပ်"

တိုင်း ရင်ခုန်သံမြန်မြန်နဲ့ပဲ စကားဆိုမိသည်။

"ရိပ် ဒီည မေမေတို့ဆီမှာပဲ အိပ်မလို့"

တိုင်း ရင်မှာကျင်ခနဲ ဖြစ်သွား၏။ ပြောသံလေးကိုက သွေးရိုးသားရိုးမဟုတ်မှန်း သိသာနေသည်။

"ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် အန်ကယ် နေမကောင်းတဲ့အထိ နေချင်သလောက်နေ၊ ပြန်မလာရင်လည်း ကိုယ် လိုက်မခေါ်ပါဘူး"

"ဘာလဲ ရိပ်ကို စိတ်ဆိုးချင်နေတာလား"

"ဘာဆိုင်လို့ ဆိုးရမှာလဲ"

"ရိပ် မေမေတို့ဆီမှာ အိပ်လိုက်တော့ တိုင်းအတွက်"

ဘာကိုရည်ရွယ်ပြီးပြောမှန်း တိုင်းနားလည်တာမို့ မနာကျင်ပါအောင် ထိန်း၍

"ရိပ်ရယ် ရိပ်ကိုယ့်ကို နားလည်မှုလွဲနေတဲ့အတွက် ဘာအကြောင်းရာပဲဖြစ်ဖြစ် ကိုယ် အလွဲလွဲအချော်ချော် ဖြစ်အောင် ပြောနေတော့မှာပဲ၊ ကိုယ် စိတ်မဆိုးပါဘူး။ ဒါပေမဲ့ သိအောင် ကိုယ် တစ်ခု ပြောပါရစေ"

"ပြောလေ"

"ကိုယ် ရိပ်ကို နောက်ထပ် မကျူးလွန်ပါဘူး၊ကိုယ် ကတိပေး





တယ်၊ ယုံကြည်ပေးရင် ခုလို အနောက်အသွားမလွတ်တဲ့ စကားမျိုးတွေ မပြောပါနဲ့လား"

"ရိပ် ဖြစ်ပြီးတာကို ဘာမှမပြောပါရစေနဲ့၊ ခုလောလောဆယ် ရိပ် အသိပေးသင့်တယ်ထင်လို့ ပြောလိုက်တာလေ၊ တိုင်း ကျေနပ်တယ်ဆိုရင် မေမေတို့နဲ့ အိပ်လိုက်မယ်၊ တိုင်းက မအိပ်နဲ့ဆို ရိပ် ပြန်လာခဲ့မယ်"

တိုင်း စကားဆက်မပြောချင်လောက်အောင် ရင်မှာထူပူသွား၏။ တစ်ကြိမ်တစ်ခါ ကျူးလွန်မိတဲ့အဖြစ်အတွက် တိုင်းကို အကြိမ်ကြိမ် အခါခါ နှိပ်စက်တာလား ရိပ်ရယ်။

"အင်လေ ရိပ် စိတ်တိုင်းကျဖြစ်နေရင် ပြီးတာပဲ"

"ပြောလေ ရိပ် ပြန်လာခဲ့ရမလား"

"မလာနဲ့"

တိုင်း တုံးတိတိပဲပြောရင်း ဖုန်းချပစ်လိုက်သည်။ တိုင်း မှာတော့ အသံလေးနားဆင်ပြီး ရင်ခုန်သံကို ဖြေသိမ့်မယ်လို့ စိတ်ကူးယဉ်လို့ပဲ မဆုံးသေး။ ခွင့်တောင်းသလိုလို ဘာလိုလိုနဲ့ တိုင်း ရင်ဘတ်ကို ထိမှန်စေမည့် စကားလုံးတွေ ပစ်သွင်းလိုက်တာ ခံရခက်လှသည်။

ရိပ် ကိုယ်သင်းရနံ့လေးတွေ ပျံ့သင်းနေတဲ့ မွေ့ရာထက် ကိုယ်ကို လှဲချမိတဲ့စိတ်က မလုံမလဲဖြစ်နေစေသည်။

ရိပ် ရယ်

ကိုယ် တကယ်ချစ်ခဲ့တယ်ဆိုတာ ရိပ် လက်ခံအောင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမလဲကွယ်။

ကိုယ် တစ်ကြိမ်ကျူးလွန်မိတဲ့ အဖြစ်က ကိုယ့်နှလုံးသားမှာ တစ်သက်တာအတွက် မေ့မရနိုင်တဲ့ သင်္ကေတလေးပါကွယ်။

ခုချိန်မှာ ရိပ်ကို မမြင်ရ။ ရိပ် ကိုယ်လေးကို မကြင်ရ။ ရိပ် အသံလေးကို နားမဆင်ရပေမယ့် တိုင်း နှလုံးသားထဲက အချစ်က ထိုစဉ်ကလို နွေးကြွနေခဲ့တယ်။

မှုးမောက်ပြာဝေနေပေမယ့်လည်း ချစ်တဲ့စိတ်နဲ့ပွေ့ဖက်ထား မိတဲ့ ရိပ်ကိုယ်နွေးနွေးလေးဟာ ပျော့ပြောင်းနုဖတ်တဲ့ ပန်းဝတ်လွှာလေး လို အိထွေးနေတယ်ဆိုတဲ့အသိက နှလုံးသားမှာ ပန်းတွေပွင့်စေဖို့ တံပြု ဆော်သွေးလာသလို ဖြစ်တော့လည်း ကိုယ့်အချစ်တွေ ထိန်းမနိုင် သိမ်း မရ အစစ်အမှန် ပြိုကျလာခဲ့တာပါကွယ်။

ရိပ် ယူဆတဲ့အမြင်မျိုးနဲ့ မဟုတ်ခဲ့ဘူးဆိုတာ ကိုယ့်ရင်ဘတ်ခ ရင်းပြီး သစ္စာဆိုဝံ့တယ် ရိပ်ရယ်။

ယုံကြည်ပေးပါ ရိပ် ယုံကြည်အောင် ဝန်ခံဖို့လည်း ကိုယ့်အ တွက် အခွင့်အရေးမရှိတော့မှန်း အနောက်အသွားမလွတ်တဲ့ ရိပ် စကား လုံးတွေက သက်သေတည်နေပြီလေ။ ကိုယ် မတောင်းဆိုတော့ပါဘူး။

ယုံကြည်ပေးပါလို့ တိုင်း မတောင်းဆိုရက်တော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့

ရိပ် စကားလုံးတွေကြောင့် ကိုယ့်နှလုံးသားရှေ့ဆက် အရှက် ကွဲမခံနိုင်လို့ပါ အချစ်ရယ်။

■ ■ ■





"တိုင်းလေး"

တိုင်းအပေါ်ထပ်က လှေကားထစ်တွေကို ခပ်သွက်သွက်နင်း ဆင်းလာကာ ဧည့်ခန်းထဲ ခြေလှမ်းရုံ့ရှိသေး ကြားရတဲ့ခေါ်သံကြောင့် ခြေလှမ်းရပ်ကာ ကြည့်လိုက်သည်။

ထမင်းချက် ဒေါ်မျိုးနဲ့အတူ ခပ်ရိုရိုလေးရပ်နေတဲ့ မျက်နှာစိမ်း လူရွယ်တစ်ယောက်။

"ဘာလဲ ဒေါ်မျိုး"

မေးရင်း ဒေါ်မျိုးဆီ လျှောက်သွားသည်။

"ရိပ်နဲ့ တွေ့ချင်လို့တဲ့"

ဒေါ်မျိုး ပြောပြီးသည်နှင့် မီးဖိုခန်းဘက်ဝင်သွားသည်။ တိုင်း မျက်ခုံးနှစ်ဖက်ပင့်ကာ လူရွယ်ကို အကဲခတ်ကြည့်ဖြစ်သည်။

လုံချည်အနီကွက်လေးနဲ့ ရှပ်ကွက်လက်တိုကို သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ လူရွယ်က ကြည့်ပျော်ရှုပျော်ရုပ်ကလေးနဲ့ ခင်ချင်စရာ ကောင်း၏။

"ရိပ် နဲ့တွေ့ချင်လို့"

"ဟုတ်ကဲ့"

"ဘာကိစ္စလည်း မသိဘူး"

တိုင်း စပ်စုစွာမေးခွန်းထုတ်လိုက်သည်။ လူရွယ် ပြောရခက် ဟန်နှင့် ခေါင်းတစ်ချက်ကုတ်ပြီး

"ကျွန်တော် ရိပ်နဲ့ပဲ တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စအရေးကြီးလား။ ကိုယ်ကိုပြောလို့ရတယ်၊ ကိုယ်က ရိုပ် အမျိုးသားပဲ"

ထိုလူရွယ် ပြောရကောင်းနိုး မပြောရကောင်းနိုးနဲ့ ဝေခွဲရခက် ဟန်လေးနဲ့ တိုင်း ကိုမော့ကြည့်သည်။

"ဟိုလေ ရိုပ်က သေချာမှာထားလို့ ရိုပ် မရှိဘူးလား"

"ဟုတ်ပါတယ် ရိုပ် အမျိုးသားက ကိုယ်ပဲ၊ ကိုယ့်ကို ပြောတာနဲ့ ရိုပ်ကို ပြောတာ အတူတူပဲ၊ ပြော အားမနာနဲ့"

လူရွယ် ခေါင်းတစ်ချက် ကုတ်ပြန်သည်။

"ဟို ပန်းချီကားဘောင်ကွပ်ထားခိုင်းတာ အဲဒါ ပြီးပြီလေ၊ ရိုပ်ကိုလာ ယူခိုင်းဖို့ ဆိုင်က လာပြောခိုင်းလို့ပါ"

"ဘယ်လို"

"ရိုပ်က ပန်းချီကားကို ကနုတ်ပန်းတွေပုံဖော်ပြီး ဘောင်ကွပ် ပေးဖို့ လာအပ်ထားတာ ကြာပြီ၊ ကျွန်တော်တို့က အလုပ်များလို့ ကွပ် ဖြစ်ဘူး၊ ရိုပ်ကိုယ်တိုင် လာယူမလား၊ ကျွန်တော်တို့လာပေးရမလား။ အဲဒါ အရင်လာမေးတာ၊ ဟို ရိုပ်က ပြီးရင် ကြိုပြီးအကြောင်းကြား ပါဆိုလို့ပါ"

လူရွယ်ပြောပြမှ ရိုပ် နားလည်သလိုဖြစ်၏။

"အဲဒါဆိုလဲ ကိုယ်ပဲ လိုက်ယူမယ်"

"ဟို ရိုပ်က"

"ရပါတယ် ရိုပ်က ခုလောလောဆယ် ဒီမှာ မရှိဘူး။ [illegible]





ဖေဖေ နေမကောင်းလို့လေ၊ သွားယူဖို့လည်း အားမှာမဟုတ်ဘူး၊ လာပါ ကိုယ်ပဲလိုက်ယူမယ်"

တိုင်းပဲ ဦးဆောင်ပြောရင်း နံရံမှာချိတ်ထားတဲ့ ကားသော့ကို လှမ်းယူ၍ ကားပေါ်ဦးစွာ တက်လိုက်သည်။ လူရွယ်က တစ်ခုခုကို ဆုံးမရဲနဲ့ ကားပေါ်တက်ရင်း

"ရိုပ် စိတ်ဆိုးနေမလား မသိဘူး၊ ရိုပ်က ရိုပ်ကိုယ်တိုင်ပဲ လာယူမယ်လို့ အသေအချာ ပြောထားတော့"

"မဆိုးပါဘူးကွာ၊ ကဲ မင်းတို့ဆိုင်က ဘယ်နားလဲ"

လူရွယ်ရှတ်ပြတဲ့ လိပ်စာအတိုင်း ကားကို ဦးတည်ခဲ့သည်။

ရိုပ်က ပန်းချီကားတွေကို မြတ်နိုးတတ်သတဲ့လား။

ပန်းချီကားတွေ မြတ်နိုးတတ်မှန်းသိရင် ရိုပ်ကို ပန်းချီကား တွေ လက်ဆောင်ပေးပြီး ချော့ခွင့်ရနိုင်မယ်ထင်တယ်။

ဟုတ်တယ်

ထိုအတွေးလေးနဲ့ ရွှင်မြူးကာ

ဒီဗိုင်းသစ် ပန်းချီပြခန်းရှေ့မှာ ကားကိုထိုးရပ်လိုက်သည်။ လူရွယ်ဦးဆောင်ဝင်သွားတဲ့ ဆိုင်ထဲ တိုင်း လိုက်ဝင်ခဲ့သည်။ လူရွယ်က သူ့အလုပ်ရှင် လူကြီးကိုပြောပြီး ပါကင်ပိတ်ထားတဲ့ ပန်းချီကားကို ယူပေး သည်။

"ခင်ဗျားက ဖန်သားရိုပ် အမျိုးသားသေချာတယ်နော်"

"သေချာပါတယ် ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ပန်းချီကားကို ပွေ့ပိုက်ရင်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ ဆိုင်ရှင် ခေါင်းတဆတ်ဆတ်ညိတ်၍

"အဲဒါဆိုလည်း ပန်းချီကား လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပါဗျာ၊ အလုပ်သဘောအရပါ၊ ပြီးတော့ ရိပ် ကိုယ်တိုင်ကလည်း သေချာမှာထားတာဆိုတော့ တစ်ခုခု အလွဲအချော် ဖြစ်ရင် ကျွန်တော်တို့ဆိုင်အတွက် မကောင်းဘူး၊ ဖောက်သည်တွေအပေါ်လည်း မလေးစားရာရောက်သလိုဖြစ်မှာ စိုးလို့ပါ"

"ကြေညာ် ရပါတယ်ဗျာ"

ရိပ်က ဒီပန်းချီကားကို အတော်တန်ဖိုးထားမြတ်နိုးပုံရတယ်။ ဆိုင်ရှင်ကတောင် စိတ်မချနိုင်ဖြစ်ကာ အလုပ်သမားအရ ဘာညာနဲ့ ရှန်းရှန်းဝေအောင် ရှင်းပြတဲ့အတိုင်း။

တိုင်း လက်မှတ်ထိုးပေးလိုက်သည်။

"ဒါနဲ့ ငွေထပ်ပေးစရာလိုသေးလား"

"မလိုတော့ဘူး၊ လာအပ်ကတည်းက ငွေချေပြီးသားပါ"

"အဲဒါဆို ယူသွားတော့မယ်"

"ကောင်းပြီလေ၊ ရိပ်ကိုလည်း ပြောလိုက်ပါ၊ ကနုတ်ဘောင် ဒီဇိုင်းက ရိပ် မှာထားတဲ့အတိုင်း အကောင်းဆုံး ဖြစ်အောင်လုပ်ထားပေးတယ်လို့၊ စိတ်တိုင်းမကျတာရှိရင် ပြောပါ အားမနာပါနဲ့လို့"

ဆိုင်ရှင် ပြောသမျှကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေပါတာ ရိပ်ကို ချစ်တဲ့စိတ်တစ်ခုတည်းကြောင့်ပါ။





ရိပ် ရယ်

ရိပ်မှာ အနုပညာပန်းချီတွေ မြတ်နိုးတဲ့ နှလုံးသားရှိသတဲ့လား။ အနုပညာကို မြတ်နိုးတတ်တဲ့ နှလုံးသားဟာ အချစ်ကို ပိုပြီးတန်ဖိုးထားတဲ့ ခံစားလေ့ရှိတယ်လို့ ကိုယ် ကြားဖူးပါတယ်။

ရိပ်ကော

အချစ်ကို တန်ဖိုးထားခံစားတတ်ရဲ့လား။

အထူးသဖြင့်

ကိုယ့်အချစ်ကိုပေါ့။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘယ်လို ရိပ်က ပန်းချီကားခရေစီ"

"ဟုတ်တယ် ထည်ဝါ"

"မင်းနဲ့ရိပ် မျက်နှာချင်းမဆိုင်ဘူးဆို ဘာဖြစ်လို့ ရိပ် ပန်းချီကား ခရေစီဖြစ်မှန်း မင်းသိရတာလဲ"

တိုင်း ပြောပြလိုက်တော့ ထည်ဝါ မျက်ခုံးနှစ်ဖက် မြောက်တက်သွားသည်။

"ဒါဆို အဲဒါ ပန်းချီကားက မင်းလက်ထဲမှာပေါ့"

"ဟုတ်တယ် ကိုယ် အဲဒါနဲ့ စိတ်ကူးရသွားတာ၊ ရိပ်ကို ရိပ်ခရေစီဖြစ်တဲ့ ပန်းချီကားမျိုး လက်ဆောင်ပေးပြီးချော့ရရင် ကောင်းမလားလို့"





"ကောင်းတာပေါ့ကွာ"

"အဲဒါဆို ကိုယ် ဘယ်လိုပန်းချီကားမျိုးပေးသင့်လဲ"

ထည်ဝါ မြင့်တင်ထားတဲ့ မျက်ခုံးနှစ်ဖက်ကို ပြန်ချ၍ မေးဖျားလေးကို လက်ညှိုးနဲ့ပွတ်ရင်း စဉ်းစားရင်း တိုင်း ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ပြောလေ ထည်ဝါ ကိုယ် ဘယ်လိုပန်းချီကားမျိုးပေးသင့်လဲ"

"ကိုယ်လည်း အဲဒါပဲ စဉ်းစားနေတာကွ၊ ဒါနဲ့ ရိပ် ပန်းချီကား ဘာပုံလဲ"

"အင်း အဲဒါတော့ ကိုယ်လည်း မသိဘူး"

"မင်း ဖွင့်မကြည့်ဘူးလား"

"ဟင့်အင်း ဆိုင်က ပါကင်ပိတ်ပေးတယ်ဆိုတော့ ဖွင့် မကြည့်ဖြစ်ဘူး၊ ဘာဖြစ်လို့လဲ ထည်ဝါ"

"မဟုတ်ဘူးလေ၊ ရိပ် ဘယ်လိုပန်းချီပုံ ကြိုက်လဲဆိုတာ ရွေးပြီး ပေးနိုင်ဖို့ အဲဒီ ပန်းချီကား ဘာပုံဆိုတာသိရမယ်၊ သိရမှ ရိပ်ကြိုက်တာကို အနီးစပ်ဆုံးခန့်မှန်းပြီးပေးရင် ပိုအဆင်သင့်တာပေါ့ကွ"

"ဟာ ဟုတ်တယ်ကွ"

တိုင်း အခုမှပဲ အတွေးကောင်း ရသွားသည်။ ထည်ဝါကို ကျေးဇူးတင်စွာပဲ ကြည့်ရင်း

"ကိုယ် လုံးဝမတွေးမိဘူး၊ ဒါပေမဲ့ ပါကင်ပိတ်ထားတာဆိုတော့ ကိုယ် ဖွင့်ကြည့်လို့ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပုံဆိုတာ သိရုံပဲကြည့်မှာ၊ ကြည့်ပြီးရင် လက်ရာမပျက်အောင် ပါကင်ပြန်ပိတ်ပေးလိုက်ပေါ့ကွာ"

"အေး ဟုတ်တယ်"

"ကဲ အဲဒီ ပန်းချီကား ဘယ်မှာလဲ မြန်မြန်ယူခဲ့"

"ခဏလေး ကိုယ့်ရုံးခန်းထဲမှာ"

တိုင်းပြောရင်း ချက်ချင်းထကာ ရုံးခန်းထဲတန်းဝင်ခဲ့သည်။ ရုံးခန်းစားပွဲပေါ် တယုတယတင်ထားတဲ့ ထောင့်မှန်စတုဂံပါကင်ပိတ်ပန်းချီကားကို ပွေ့ကိုင်ပြီးရုံးခန်းအပြင်ဘက်ရှိ ဧည့်ခန်းကို ပြန်ထွက်ခဲ့သည်။

ထည်ဝါ ထိုင်ရာကမထဘဲ စိတ်ဝင်တစားလှမ်းယူသည်။

"ပေး ကိုယ် ပါကင်ဖွင့်ပေးမယ်"

တိုင်း ပန်းချီကားထိုးပေးရင်း ထည်ဝါနဲ့ မျက်နှာချင်းဆိုင်အဖြူရောင်ဆိုဖာပေါ် ပြန်ထိုင်ချပြီး

"သပ်သပ်ရပ်ရပ်ခွာနော်၊ ပြန်ပိတ်လို့ လွယ်ရအောင်"

"စိတ်ချစမ်းပါ"

တိတ်အဖြူရောင်နဲ့ ကပ်ကာ ပါကင်ပိတ်ထားတဲ့ ပန်းချီကားကို ထည်ဝါ စိတ်ရှည်လက်ရှည်ပဲ ဖြည်းဖြည်းလေးခွာပြီးမှ ပါကင်ဖွင့်ကာ ပန်းချီကားကို ဆွဲထုတ်သည်။

တိုင်းက ထည်ဝါ လက်ချောင်းလေးတွေ လှုပ်ရှားသမျှ မျက်တောင်မခတ်တမ်းကြည့်သည်။





ရွှေရောင်ပန်းခက်ပန်းနွယ်ကလေးများနှင့် ဘောင်ကွပ်ထား တဲ့ ပန်းချီကားကို အတည့်အတိုင်းထားပြီး ထည်ဝါ ကြည့်လိုက်တဲ့အခါ နှုတ်ခမ်းလေးတွေပါ ဟကာ အသက်ရှူရပ်မတတ် အံ့ဩသလို ဖြစ်သွား၏။ ပြောင်းလဲသွားတဲ့ ထည်ဝါမျက်နှာကို တိုင်း မျက်မှောင်ကုပ်ကြည့်၍

"ဘာပုံလဲ"

ထည်ဝါ သက်မလေးချကာ နှုတ်ခမ်းတို့ ကျေနပ်သလိုပြုံး၍ ပန်းချီကားဆီက အကြည့်ကို တိုင်းမျက်နှာကိုပို့သည်။

"ကိုယ် ပြောတဲ့အတိုင်းပဲ"

"ဘာလဲကွာ"

တိုင်း စိတ်မရှည်ချင်သလိုမေးတော့ ထည်ဝါ ပန်းချီကားကို ပြန်ကြည့်၍ ခေါင်းဆတ်ပြောသည်။

"မင်း မမှတ်မိဘူးလား မင်းကိုရိုပ် လိုက်လျောတာ အကြောင်း ပဲ့မဟုတ်ဘူး၊ feel တစ်ခုခုရှိရမယ်ဆိုတာလေ"

"မှတ်မိတယ် အဲဒါနဲ့ ပန်းချီကားနဲ့ဘာဆိုင်လို့လဲ"

"ရာနှုန်းပြည့်ဆိုင်တယ်"

"ဘာတွေလဲကွာ၊ ပြစမ်းပါ"

"နေဦး"

ထည်ဝါ ပန်းချီကားကို မပေးသေးဘဲ တိုင်းကို ခပ်မြိန်မြိန်လေး ကြည့်လျက်

"ဒီပန်းချီကားထဲက ပုံက ဘာပုံလို့ မင်းထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မှ မကြည့်ရသေးဘဲ ဘယ်လိုလုပ် သိမလဲကွာ"

"မင်း သိပ်သိချင်တယ် မဟုတ်လား၊ ရိပ် ရင်ထဲမှာ မင်းနဲ့ ပတ်သက်တဲ့ ဖီလင်က ဘာလဲ၊ ပြီးတော့ ဒီပန်းချီကားက ဘာပုံလဲဆိုတာလေ"

"သိချင်တာပေါ့ကွာ၊ သိချင်လို့ကြည့်ချင်တာ၊ ပြစမ်းပါကွာ"

"ကဲ ဒီလောက်တောင် စိတ်ထက်သန်နေရင် ကြည့်ကွာ၊ ရိပ် ရင်ထဲက ဖီလင်က ဘာလဲဆိုတာ သိရမယ် ရော့"

ပြောရင်း ထိုးပေးတဲ့ပန်းချီကားကို တိုင်း အငမ်းမရဘဲ ဆွဲယူကြည့်မိတဲ့အခါ

ပန်းချီကားထဲကပုံက တိုင်း ထင်သလို ရှုခင်းပုံ ကျေးလက်သဘာဝရှုခင်းပုံတို့ မဟုတ်ဘဲ တိုင်း ကိုယ်တစ်ပိုင်းပုံက ခေါင်းလေးငုံ့ကာ တစ်ယောက်ယောက်ကို ဆောရီးလို့ ပြောနေတဲ့ဟန်က အသက်သွင်းထား သလို ပီပြင်နေ၏။

ကနုတ်ပန်းတွေနဲ့ ဘောင်ခတ်ကာ ကြည်လင်ပြတ်သားနေတဲ့ မှန်ချပ်အောက်က ခဲနက်နဲ့ရေးဆွဲထားတဲ့ တိုင်းပုံက ရိပ်ရဲ့ဖီလင်တစ်ခုဟု ဆိုတာလား။

ပန်းချီကား ညာဘက်အောက်ခြေမှာ

အမှတ်တရ ရင်ခုန်ခြင်း

၁၈-၃-၂၀၀၆

ဆိုပြီး ရိပ် လက်မှတ်ထိုးထား၏။





တိုင်းပုံကို ရိပ်ဆွဲခဲ့တာလား။ ရေးဆွဲခဲ့တဲ့အချိန်က လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက။

တိုင်းရဲ့ဦးနှောက်အကန့်တွေထဲမှာ လွန်ခဲ့တဲ့သုံးနှစ်ကျော်က ရိပ်ကို မမြင်ခဲ့ဘူးတာ သေသေချာချာ သိနေသည်။ ရိပ်ကို စမြင်ဖူးတာ ပင်လာမဆောင်ခင်လေးမှ။

ရိပ်က တိုင်းကို သုံးနှစ်ကျော်ကတည်းက မြင်ပြီး ရင်ခုန်ခဲ့တာလား။ ရင်ခုန်သံကို တိုင်း တောင်းဆိုသမျှကို လိုက်လျောခဲ့လား။

မေးခွန်းပေါင်းများစွာ တိုင်းရင်ထဲ ရိုက်ခတ်လာကာ ပန်းချီကားလေးကို ရင်ချင်းအပ်ပွေ့ဖက်ထားရင်း ရိပ်ကို ပြေးတွေ့ပြီး မေးလိုက်ချင် စိတ်ဇော ဖွာထလာသည်။

"မင်းယုံပြီ မဟုတ်လား တိုင်း"

တိုင်း ခေါင်းအလိုလိုညိတ်ပြီးသား ဖြစ်သွားသည်။

"ကိုယ် ဘာဆက်လုပ်ရမလဲ သူငယ်ချင်း"

"အခု လောလောဆယ် မင်း မသိချင်ဟန်ဆောင်နေလိုက်"

"ကိုယ် မသိချင်ယောင်ဆောင်နေလို့ ရိပ်လည်း ရိပ် ရင်ခုန်သံတွေကို ဖုံးကွယ်ပြီး ကိုယ့်ကိုနှိပ်စက်နေဦးမှာပေါ့ကွ"

"မဟုတ်သေးဘူး တိုင်း၊ ခုကိစ္စက တိုင်း မထင်မှတ်ဘဲ သိခွင့်ကြုံရတာ၊ တိုင်းကို မသိစေချင်လို့ ရိပ် လျှို့ဝှက်ထားတာ၊ လျှို့ဝှက်ထားတာကို မင်းအစဖော်လိုက်ရင် ရိပ် ရင်ထဲမှာ မင်းကိုလိုက်လျောခဲ့တဲ့ ကိစ္စအတွက် အတော် ရှက်သွားမယ်၊ တကယ် ရှက်သွားရင် အရှက်လွန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ခုခု မကြံစည်ဘူးလို့ မင်း ထင်လို့လား''

''ဟင်''

တိုင်း ရင်မှာ ဘာကိုမှ မထင်တတ်အောင်ဖြစ်သွား၏။ ထည်ဝါ တိုင်း ရင်ခွင်ထဲက ပန်းချီကားကို ပြန်ဆွဲယူသည်။

''ဟ ဘာလုပ်ဖို့လဲ''

တိုင်း အထိတ်တလန့်လေး မေးကာ ပြန်ဆွဲယူဖို့ ကြိုးစားသည်။ ထည်ဝါရအောင် ပြန်ယူပြီး

''မင်း စိတ်ငြိမ်အောင်နေ၊ ကိုယ် အကောင်းဆုံးဖြစ်အောင် အကြံပေးမယ်''

ထည်ဝါ ပန်းချီကားကို ပါကင်ထဲပြန်ထိုးထည့်ပြီး သေသေသပ် သပ် ဖြစ်အောင် ပါကင်ပြန်ပိတ်ပြီး

''ကဲ လာခဲ့''

''ဘာလုပ်ဖို့''

''မင်းနောက်တော့ သိရမှာပေါ့ကွာ လာစမ်းပါ''

ထည်ဝါ ပြောရင်း ပန်းချီကားပိုက်ကာရှေ့က ထွက်သွားတော့ တိုင်း ရင်ခုန်သံမြန်စွာပဲ နောက်ကလိုက်ပါသွားရသည်။

ရိပ်ရယ်

ရိပ် ရင်ခုန်သံက သက်တမ်းပိုရင့်နေတဲ့ ဝိုင်လိုယစ်မူးဖွယ် ကောင်းနေပါလား ကွယ်။

◼ ◼ ◼



## အခန်း (၂၃)

''မောင်မိုးဦး ရိပ် ပန်းချီကား ဘောင်ကွပ်ပြီးပြီလား''

ရိပ် ဒီဇိုင်းသစ်ဆိုင်ထဲ လှမ်းဝင်ဝင်ချင်း အရောင်းပြခန်းထဲက ပန်းချီကားတွေကို ဖုန်သုတ်နေတဲ့ မောင်မိုးဦးကို လှမ်းမေးလိုက်သည်။ မိုးဦး လှည့်ကြည့်ရင်း ရုတ်တရက် မေ့သလိုဖြစ်ပြီး

''ပြီးပြီ ရိပ် အမျိုးသား လာယူသွားတယ်''

''ဘာ''

ရိပ် လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်သွားမှ မိုးဦး အသိဝင်လာပြီး

''ဟို ပြန်လာပို့ထားတယ်၊ ခဏလေး ယူပေးမယ်''

''ဘာ ဘာလို့လာပို့တာလဲ''

''ဟို ပန်းချီကားကို ယူသွားပြီး ပြန်လာပို့သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရိပ် ရင်မှာ မလုံမလဲစိတ်က ဒီရေလို ပြေးတက်လာသည်။ ပါကင်ပိတ်ပြီးသား ပန်းချီကားကို မိုးဦး ယူလာပေးတော့ ရိပ် တစ်ကိုယ်လုံး တုန်ယင်ကာ

"ဟို နင်တို့က ဘာလို့ပေးလိုက်ရတာလဲ"

"ဟ မိုးဦး မင်း တွေပြောနေတာလဲ၊ ကြောင်နေတာလားကွ"

မိုးဦး တစ်ခုခုပြောဖို့ရှယ်စဉ် ဆိုင်ရှင်ဦးမောင် အတွင်းခန်းထဲက ထွက်လာပြီး ဖိဟောက်လိုက်၏။ မိုးဦး မျက်နှာပျက်သွားပြီး

"ဆောရီး ဘာမှမဟုတ်ဘူး၊ ကျွန်တော် စကားပြောလောကြီး သွားလို့ပါ၊ ဘယ်သူမှ လာမယူပါဘူး၊ ရိပ် လာယူမှာကိုသိလို့ ကြိုတင်ပြင်ဆင်ထားတာပါ၊ ရော့ ယူသွားလို့ရပြီ"

ဦးမောင် မျက်နှာထားနဲ့ဖိဟောက်လို့ မိုးဦး ကမန်းကတမ်း ပြန်ပြင်ပြောသည်က ဘာသဘောလဲ။

"အလကားပါ သမီးရယ်၊ ဒီကောင် ခုတလော ဒီလိုပဲ ခပ်ကြောင်ကြောင်ဖြစ်ပြီး မဆိုင်တာတွေ လျှောက်ပြောနေတာပါ၊ မိုးဦး စကားကို စိတ်ထဲမထားနဲ့ ယူသွားလို့ရပြီ သမီး"

ဦးမောင် ပျာပျာသလဲ ပြောရင်း ကားပေါ်အထိ ပန်းချီကားကို ပြီး လိုက်ပို့တာက ရိပ် ရင်ကို တအုံနွေးနွေး ဖြစ်နေစေသည်။ မိုးဦး တကယ်ကြောင်နေတာလား။

မိုးဦး မျက်နှာက ကြောင်နေတာနဲ့လည်း မတူဘူး။ ရုတ်တရက်





သတိလက်လွတ်ပြောလိုက်တာမျိုး။

တကယ်ပဲ မိုးဦးပြောသလို ဖြစ်နေရင်ကော

ရိပ် နှလုံးသားထဲ သိမ်းဆည်းထားတဲ့ ခံစားချက်တွေကို တိုင်း သိသွားမှာပေါ့ ဟင့်အင်း တိုင်း သိလို့မဖြစ်ဘူး၊ ဘယ်သူမှ မသိစေချင်လို့ ရိပ် လျှို့ဝှက်သိမ်းဆည်းထားတာလေ။

ခုသိသွားပြီဆိုရင် ဘယ်နှယ်လုပ်မလဲ။

ဘုရား ဘုရား

တိုင်း မသိပါစေနဲ့။

ရိပ်က ရိပ်ကို တကယ် မချစ်တဲ့ယောကျ်ားတစ်ယောက်ကို ရိပ်နှလုံးသားထဲက အချစ်တွေ ဘယ်တော့မှ ဖွင့်မပြဘူးလို့ သစ္စာဆိုပြီးသား။

တိုင်း သိသွားရင် ရိပ် ရှက်လို့ဆုံးမှာမဟုတ်ဘူး။ တိုင်းက လည်း ရိပ်ချစ်နေလို့ လိုက်လျောတာပဲဆိုတဲ့ အတွေးနဲ့ ရိပ်ကို နောက်ထပ် ကျူးလွန်လာရင် ရိပ် ရှက်ပြီး ရိပ် ကိုယ် ရိပ်ခွင့်မလွှတ်နိုင်အောင်ဖြစ် လိမ့်မယ်ထင်တယ်။

နေပါဦး မိုးဦးပြောတာ တကယ်ဆိုရင် တိုင်းက ဒီပန်းချီကားကို ဘာကြောင့်လာယူသလဲ။ ဘာကြောင့် လာပြန်ပို့တာလဲ။ ပန်းချီကားကို ရော ဖွင့်ကြည့်ပြီးပြီလား။

ဖွင့်မကြည့်ပါစေနဲ့လို့ စိတ်က ဖြစ်ချင်တာကို ဖွတ်ပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ် ရေးဆွဲထားတဲ့ ပန်းချီကားက တိုင်း ပုံဖြစ်နေတာကို တိုင်း သိသွားရင် ရိပ်ကို ဘယ်လိုသဘောထားပြီး ဆက်ဆံမှာလဲ။

တိုင်း အချစ်ကိုတော့ မယုံဘူး။ တိုင်း ရုပ်ပုံကို ရင်ခုန်ပြီး ရေးဆွဲထားတာ ဘာသဘောလဲ ဘာညာနဲ့ လှောင်ပိတ်မေးလာရင် ခက်ရချည်ရဲ့။

မဖြစ်ဘူး။ ဒီကိစ္စ အမှန်သိအောင် မေးဦးမှ ဦးမောင်နဲ့မိုးဦးက အမှန်အတိုင်း ပြောမယ် မထင်တော့။ တိုင်းကို မေးကြည့်ရင်ကော အမှန်အတိုင်း သိနိုင်ချေရှိတယ်။

ဟုတ်တယ်။

ရိပ် ချက်ချင်းပဲ တိုင်း ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ဖုန်းဝင်သည်နှင့် တိုင်းအသံကြားရသည်။

"ရိပ် ပြောလေ၊ အနိကယ် သက်သာတယ် မဟုတ်လား"

"သက်သာတယ်"

ရိပ် စိတ်မရှည်စွာဘဲ ပြန်ဖြေတော့ တိုင်းအသံက ချက်ချင်းပဲ စိုးရိမ်စိတ်နဲ့မေးလိုက်သည်။

"ရိပ် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ဘူး"

"ကိစ္စရှိလို့လား"

"ရှိတယ်"

"ဘာလဲ ပြောလေ"





ရိပ် နှုတ်ခမ်းကိုတင်းအောင် ဖိကိုက်ထားတာကို ဖြေလျှော့လိုက်ပြီး

"ရှင် ဒီဇိုင်းသစ်က ပန်းချီကားတစ်ချပ် သွားယူတယ်ဆို"

တိုင်း ဘာပြန်ပြောရကောင်းမှန်းမသိ ဖြစ်သွားသည်။ ကောင်းမှုတို့က ဘာလဲဆိုပြီး မေးဆတ်မေးသည်ကို တိုင်း လက်ကာဟန့်ရင်း ရိပ် မေးခွန်းကို အမှန်အတိုင်း ဖြေသင့်မဖြေသင့် စဉ်းစားနေမိသည်။

"ပြောလေ ရှင်သွားယူပြီး ပြန်သွားပေးတယ်တဲ့ အဲဒါ အမှန်ပဲလား"

"ကိုယ် ရိပ်ကို ညာမပြောချင်ဘူး"

"ဘာ ဘာပြောတယ်"

"ဟိုလေ ကိုယ် မရိုးသားတဲ့စိတ်နဲ့ မဟုတ်ပါဘူး"

"တောက် ရှင် ဆက်မပြောနဲ့တော့"

"မဟုတ်ဘူး ရိပ်"

"ရှင် မပြောနဲ့တော့ ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ၊ ရှင့်ကို ရိပ် နားလည်မှုမပေးနိုင်တော့ဘူး။ ရှင် ရိပ်ရဲ့ကိုယ်ရေးကိုယ်တာကို နှောင့်ယှက်တဲ့သူ၊ ရိပ် ခံစားချက်ကို အဆိပ်ခတ်တဲ့သူ၊ တော်ပြီ ရှင်နဲ့ ကျွန်မ ဒီအချိန်ကစပြီး ပြတ်ပြီ"

ပြောရင်း ဖုန်းခွက်ကို ဆောင့်ချလိုက်သည်။

တိုင်း သိသွားပြီဆိုတဲ့အသိနဲ့ ရှက်စိတ်က ထိန်းမရအောင် ဖြစ်ကာ ရှိုက်ငိုရင်း မျက်နှာကိုခေါင်းအုံးနဲ့ ဖိအုပ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရယ် ရှင် သိပ်အတ္တကြီးတာပဲ။

လှို့ဝှက်ဖုံးကွယ်နေတဲ့ နှလုံးသားခံစားချက်တွေကို ထိုးဖွပြီး ရိပ်ကို ရှေ့ဆက်လွန်ကျူးဖို့ လမ်းကြောင်းထွင်တာလားဟင်။

ရှင့်ကို ရိပ် နှလုံးသားက ရှေ့ဆက် မလိုက်လျှောနိုင်တော့ဘူး သိရဲ့လား တိုင်းဝဋ္ဌာ။

▩ ▩ ▩

"ဟာ မင်းဘာလို့ ပြောလိုက်ရတာလဲကွာ"

အားလုံး အပြစ်တင်တဲ့မျက်လုံးတွေနဲ့ တိုင်းကို ပိုင်းကြည့်သလို ကောင်းမှုက ခပ်မာမာလေးမေးသည်။

တိုင်း လက်ကိုင်ဖုန်းကို စားပွဲပေါ်ပစ်တင်ရင်း နှစ်ယောက်ထိုင် ဆိုဖာပေါ်ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"မင်းကို ဒီလောက်ပြောထားရက်နဲ့ကွာ"

"တိုင်းကိုက ရိပ်နဲ့ပတ်သက်ရင် သိပ်ပျော့ညံ့လွန်းတယ်၊ ကိုယ်တို့တော့ မင်းကိုလုံးဝ အားမရတော့ဘူးကွာ၊ တကယ်"

ပိုင်သစ်နဲ့ထည်ဝါ အားမလို အားမရ ပြောရင်း တိုင်းကို စိတ်မရှည်ချင်တော့သလို ပိုင်းကြည့်ကြသည်။

တိုင်း ဆံပင်တွေထဲ လက်ချောင်းတွေထိုးထည့်ကာ ဆံပင်တွေ ဖွပစ်ရင်း

"ပြောပါတော့ကွာ၊ ကိုယ့်ရင်ထဲမှာ ရိပ် ဘာမေးမေး အမှန်တွေပဲ ပြောချင်နေမိတယ်၊ ပြောလိုက်လို့ ရိပ် နားလည်မှုလွဲသွားနိုင်တယ်





ဆိုတာ မင်းတို့ပြောလို့ သိနေပေမယ့် ကိုယ့်နှလုံးသားက မနေနိုင်တော့ဘူး"

"ကဲ မနေနိုင်လို့ပြောမိပြီး အခု ပိုဆိုးမသွားဘူးလား"

တိုင်း ခေါင်းကိုလည်းမညိတ်ချင်တော့သလို ခေါင်းလည်း မခါချင်။ ငူငူချည်းပဲ ထိုင်ရင်း တိတ်ဆိတ်နေသည်က တိုင်း နှလုံးသားက အချစ်တွေ ဆူပွက်နေလို့ပဲ ဖြစ်သည်။

"တကယ်ဆို မင်း မသိလိုက်မသိဖာသာ နေလိုက်ရင် ဘယ်လောက် ဖိမ်ရှိမလဲ၊ မင်းကိုက ကိုယ့်ဖီလင်ကိုယ် ဖျက်ပစ်တဲ့ ငတုံးကောင်ပဲ တိုင်း"

"ပြောတော့ ထည်ဝါ၊ ပြောချင်သလိုသာ ပြောတော့၊ ကိုယ်က ချစ်ရသလို ကိုယ့်ကိုလည်း ချစ်နေတဲ့ ရိပ် နှလုံးသားမှာ အစစ်အမှန်တွေနဲ့ပဲ အပြန်အလှန် ခံစားချင်တယ်၊ ရိပ် လိုက်လျှောနေတာချည်းကို တစ်ဖက်သတ် မခံစားချင်တာ ကိုယ့်ရင်ဘတ်ထဲက ဆန္ဒအမှန်ပါကွာ"

"အင်းလေ မင်းဆန္ဒတွေက အခု ပိုဝေးသွားပြီ မဟုတ်လား"

ဘာတတ်နိုင်မလဲဆိုတဲ့ မျက်နှာနှင့်ပဲ တိုင်း သက်မချမိ၏။

"ဟိုက အပြတ်ပဲဆိုတော့ မင်း ဘာဆက်လုပ်မလဲ"

"ဘာမှလည်း မလုပ်ချင်တော့ဘူး ပိုင်သစ်ရာ၊ ရိပ် သဘောပဲ"

"အင်းလေ ခုလည်း ဘာထူးလဲ၊ ရိပ်ကလည်း ရိပ် မိဘအိမ်မှာ မင်းကလည်း မင်းမိဘအိမ်မှာပဲ"

ကောင်းမှုက ခပ်ရွဲ့ရွဲ့လေးဖိပြောသည်။ သူငယ်ချင်းတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပြောပြော တိုင်း မနာကျင်သလို ဘာမှလည်း ပြောချင်စိတ် မရှိတော့။

"ကဲကွာ ဒီကောင့်ကို မပြောကြနဲ့တော့၊ ကိုယ်တို့က နီးအောင် လုပ်ပေးတယ်၊ ဒီကောင်က ဝေးအောင်ဖွတ်လုပ်တယ်၊ ကိုယ်တို့ ဘာတတ်နိုင်မလဲ"

ပိုင်သစ်က ကရုဏာဒေါသနဲ့ပြောပြီး တိုင်းကို ကြည့်သည်။ ပိုင်သစ် ပြောတာလည်း အမှန်တွေမို့ တိုင်း စောဒက မတက်ချင်တော့။

"ရပါတယ်ကွာ ရိပ် အထင်အမြင်လွဲနေတာထက်စာရင် ခုလို ကင်းကွာပြီး ဝေးနေရတာ ပိုကောင်းပါတယ်"

"ဘာဖြစ်လို့"

တိုင်း ရှက်လည်းမရှက်နိုင်တော့။ ထည်ဝါ မေးသည်နှင့် ချက်ချင်း ပြန်ဖြေလိုက်မိသည်။

"ရိပ်ကို ကိုယ့်အချစ်တွေနဲ့ မြတ်မြတ်နိုးနိုး ပေါင်းချင်တယ်၊ ကျေကျေနပ်နပ် ပြန်လက်ခံမယ့် ရိပ် နှလုံးသားက အချစ်တွေကိုပဲ ကိုယ် မျှော်လင့်တော့မယ်၊ ရိပ် ပေးလာမယ့် အချိန်အထိ ကိုယ် စိတ်ရှည်လက်ရှည်စောင့်တော့မယ်ကွာ"

"တစ်သက်လုံး ရိပ် မပေးဘူးဆိုရင်ကော"

"ကိုယ့်နှလုံးသား ကံခေတယ်လို့ သဘောထားဖြေသိမ့်ပါမယ်ကွာ"

"သိတယ် မင်း အဲသလို တွေပဲပြောမယ်ဆိုတာ သိတယ်၊ တကယ်ကွာ မင်းလိုယောကျ်ားမျိုး ရှိမယ် မထင်ဘူး။ ဘယ်ယောကျ်ား





မှ မင်းလို ထိန်းပြီးနေနိုင်မှာ မဟုတ်ဘူး၊ ကိုယ်ဆိုရင် မင်းလို ထိန်းချုပ်မရနိုင်ဘူး"

"ဟုတ်တယ် ထိန်းချုပ်နေရင် အသွေးတွေ အသားတွေ ခမ်းခြောက်ကုန်မှာပေါ့ ကွ၊ မင်းကလည်း"

ပြောရင်းရယ်ကြတဲ့ ကောင်းမှုတို့နောက် တိုင်း လိုက်မရယ်မိ။ ရယ်နိုင်တဲ့ စိတ်လည်းမရှိတော့။

"ခမ်းခြောက်ချင်သလောက် ခမ်းခြောက်ပြီး ပတ်ကြားပဲ အက်ပစေတော့၊ ကိုယ်ကတော့ ရိပ် ကိုယ့်ကို ချစ်နေတာပဲဆိုတဲ့အသိ တစ်ခုနဲ့ မျှော်လင့်ရင်း ရှင်သန်နေတော့မယ်"

စကားအကုန်ပြောချလိုက်တဲ့ တိုင်းကို ပိုင်သစ်တို့ ဖိမပြောရက်တော့။ သုံးယောက်သား သက်မတွေပြိုင်တူချရင်း တိုင်းကို အပြစ်မပြောတော့ဖို့ သူငယ်ချင်းတွေ စိတ်တူသဘောတူဖြစ်ကုန်သည်။

"တစ်သက်လုံး မျှော်လင့်ရင်း ရှင်သန်နေမယ့် မင်း နှလုံးသားကို ကိုယ်တို့ မကြည့်ရက်ဘူး သူငယ်ချင်း"

ကောင်းမှု ပခုံးဖက်၍ အားပေးသလို ပြောလာသော်လည်း တိုင်း စိတ်မဝင်စားနိုင်တော့။

"ရပါတယ်ကွာ၊ ရှေ့ဆက် မင်းတို့ ပရိသတ်လိုပဲ ကြည့်တော့ကွာ"

"ဟ ပရိသတ်လို မကြည့်ရက်လို့ အစအဆုံး အကြံတွေပေးခဲ့တာ အဆုံးရောက်ခါနီးမှ ပရိသတ်လို ကြည့်နေလို့ ဖြစ်မတဲ့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ တိုင်းကလည်း ကိုယ်တို့ ပရိသတ်လို မကြည့်နိုင်ဘူး၊ နောက်ဆုံးအနေနဲ့ ကြိုးစားကြည့်မယ်"

"စိတ်ရှုပ်မခံပါနဲ့တော့ကွာ၊ ရိပ် ပြောပြီးသား၊ အပြတ်ပဲတဲ့"

"အင်းလေ ရိပ်ဘက်က ပြတ်တာ မင်းက မပြတ်နိုင်တော့"

တိုင်း သက်မချကာ ခေါင်းရမ်းရင်း သူငယ်ချင်းတွေရှေ့မှာ အသည်းကွဲမပြချင်လို့ ထထွက်ခဲ့မိသည်။

"ဟာ တိုင်း နေဦးလေကွာ"

သူငယ်ချင်းတွေ ဆွဲတားပေမယ့် တိုင်း နောက်လှည့်မကြည့်ဖြစ်တော့။

ရိပ်ရယ် ရိပ်ကပြတ်သားနိုင်ပေမယ့် ကိုယ့်အချစ်က မပြတ်နိုင်တာ ခက်တယ်။

ရိပ်က နားလည်မှုတွေ ဖြတ်တောက်ထားတော့လည်း ကိုယ့်နှလုံးသားပန်းလေးက နွမ်းရပါတယ်ကွယ်။

▣ ▣ ▣



## အခန်း (၂၄)

"ဘုရားရေ ရိပ်က ဟုတ်လား"

သော်သော် ရင်ဘတ်ဖိရင်း မယုံနိုင်အောင် တအံ့တဩဖြစ်ကာ ဗလုံးဗထွေး မေးချ၍ ကိုသက်ကိုကြည့်လိုက်သည်။ ရဲရဲကလည်း ပါးစပ်အဟောင်းသားဖြစ်နေရာမှ

"တကယ် ဟုတ်လို့လား မောင် ရယ်"

ဆိုဖာပေါ်ထိုင်ရင်း ဂစ်တာတီးနေတဲ့ မောင့်လက်မောင်းကို လှုပ်ခါရင်း မေးပြန်သည်။ ဂစ်တာကြိုးညှိနေရာမှ စိတ်မရှည်စွာဘဲပြော၏။

"မောင်က မဟုတ်ရင် ပြောမတဲ့လား ရဲရဲ၊ ရဲတို့မိန်းမတွေ အဲဒါကြောင့် ခက်တာ"

"ဟုတ်တယ် မောင်၊ မိန်းမတွေက တစ်ခါတစ်ခါ သိပ်ခက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခု ပြောတာကိုပဲကြည့်၊ ကိုယ်တို့ယောကျ်ားတွေကပဲ လီဆယ်ပြီး ပြောသလိုလို ဘာလိုလိုနဲ့၊ မယုံရင် သော်တို့သူငယ်ချင်း ရိပ်ကို မေးကြည့်ပါလား။ သော်တို့ တွဲလာတာ နှစ်ပေါင်းများစွာကတည်းက ရိပ် ရင်ထဲက ဘာဖီလင်ဝင်နေလဲဆိုတာ အကဲမခတ်တတ်တာ အံ့တယ်ကွာ''

ကိုသက်က အခွင့်အရေးလေးရတာနဲ့ အကျင့်အတိုင်း သော်တို့ကို ဖိတွယ်သလိုနဲ့ အားမနာတမ်းပြော၏။ မောင်ကလည်း အားကျမခံ

''ဟုတ်တယ် ကိုသက် မောင်တို့ ယောကျ်ားတွေက ရဲတို့ မိန်းမတွေလို မဟုတ်ဘူး။ ယောကျ်ားချင်းချင်း တစ်ခွန်းဆို တစ်ခွန်းပြောတာနဲ့ နားလည်လွယ်ကြတယ်၊ သိကြတယ်၊ ပိုင်းဝန်းဆောင်မတတ်တယ်၊ အခုပဲကြည့် ရိပ် ရင်ထဲက ဖီလင်၊ ရဲတို့ ရင်းရင်းနှီးနှီး အချိန်ပြည့်တွဲလာတာတောင် မသိဘူးတဲ့၊ အခုပြောတော့လည်း မယုံချင်သလိုလို အဲဒါကြောင့် မိန်းမတွေကို အခွင့်အရေးမပေးချင်တာ''

''ကဲ တော်ပါတော့ မောင်ရယ်''

''ပြောလိုက်ရင် ဒါပဲ''

မောင် မျက်စောင်းနဲ့ပြောတော့ ရဲ မျက်နှာလေး တင်းသွားသည်။ ရဲ မျက်နှာလေး တင်းသွားတော့ သော်က စိတ်မကောင်းဖြစ်ပြီး

''သော်တို့ မသိတာ ရိပ်က ဟန်ဆောင်ဖုံးဖိကောင်းလို့ပါ၊ မောင်ရယ်၊ ရဲကို အဲလို မပြောနဲ့၊ ကိုသက်လည်း သော်ကို အဲလို မပြောပါနဲ့၊ သော်တို့ အံ့ဩလို့ပါ၊ ရိပ်က သူငယ်ချင်းအချင်းချင်း မပြော





လေခြင်းလို့ စိတ်က တွေသွားမိလို့ပါ''

သော် ခပ်လောလောလေး ဖြေရှင်းလိုက်တော့ ကိုသက်နဲ့မောင်တို့ရဲ့ ဘဝင်မကျ မျက်နှာတွေ ပြေလျော့သွားသည်။ ယောကျ်ားတွေ မျက်နှာပြေသွားတော့လည်း သော်နဲ့ရဲရဲ မျက်နှာလေး ပျော့ပျောင်းသွားကာ ဘေးချင်းကပ်ထိုင်နေတဲ့ ကိုသက် ပေါင်ကိုပုတ်ရင်း သော် ကပဲ ဦးစွာ စကားစသည်။

''ဒါနဲ့ အခု ဘယ်လိုလုပ်ကြမလဲ၊ ရိပ် အတော်ရှက်နေမှာ သိလား''

''အောင်မာ မရှက်ချင်ရင် အစကတည်းက မလိုက်လျောနဲ့ပေါ့၊ လိုက်လျောပြီးမှ အပြတ် ဘာညာနဲ့ ကိုယ်တို့ယောကျ်ားတွေဘက်လည်း ငဲ့ဦး၊ ဘယ်ကောင်က နေနိုင်မလဲ၊ ချစ်နေတော့ ပိုဆိုးတာပေါ့ကွ''

''ကဲပါ ကိုသက်ရယ်၊ အပြစ်တွေချည်းဖိပြောမနေပါနဲ့၊ ရဲတို့ ဘာလုပ်ပေးရမလဲ ပြော''

ရဲ အလျော့ပေးတဲ့ လေသံလေးနဲ့ပဲ ပြောရတော့သည်။ မောင်နဲ့ ကိုသက် ဖိပြောရမယ်ဆိုရင် ဇနီးမယားဆိုတဲ့ စိတ်ကလေးနဲ့ သက်ညှာလေ့မရှိဘူး။ အခုနောက်ပိုင်း ပိုဆိုးသည်။

ပိုင်သစ်တို့နဲ့ပေါင်းမိပြီး မိန်းမကို အရေးမပေးချင်တော့သလို ဘာလိုလိုနဲ့။ အခုလည်းကြည့်

ရိပ် ရှက်နေတဲ့ကိစ္စ။ တကယ်ဆို ကိုယ့်မယား ကြည်ကြည်ဖြူဖြူ ကူညီပေးဖို့ ချော့ချော့မော့မော့ ရှိရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မချော့မော့တဲ့အပြင် ဖိတွယ်နေကြတာ ပိုင်သစ်တို့ပါရှိမနေလို့တော်သေးသည်။ ဘာကိစ္စပဲပေါ်ပေါ် ယောကျ်ားတွေနဲ့ပတ်သက်ရင် မိန်းမလုပ်တဲ့သူပဲ အလျှော့ပေးရတာ သဘာဝလိုဖြစ်နေပြီ။

ရဲ အလျှော့ပေးသလို ပြောလိုက်မှ မောင်က ဂစ်တာကြိုးပေါ်က လက်ချောင်းလေးတွေ ရုပ်ကာ ရဲပခုံးပေါ် ဖွဖွတင်ပြီး

"မောင်တို့ တိုင်းအချစ်ကို ယုံတယ်၊ ရိပ် ကိုလည်း ယုံကြည်စေချင်တယ်၊ ရဲတို့လည်း ရိပ် ချစ်နေတာ ပန်းချီကားကိစ္စကြောင့် သိရပြီပဲ၊ ရိပ် ယုံယုံကြည်ကြည် လက်ခံလာအောင် ရဲနဲ့သော် စည်းရုံးပေးဖို့"

"ကိုသက်လည်း အဲဒါပဲ ပြောချင်တာ၊ နှစ်ယောက်အပြန်အလှန် ချစ်နေတာကို သိနေတဲ့ ကိုသက်အနေနဲ့ တိုင်းနဲ့ရိပ်ကို ဝေးကွာမနေစေချင်ဘူး။ ဒီကိစ္စက အန်တီတို့လူကြီးတွေ ကြားဝင်ညှိနှိုင်းပေးဖို့က မျက်နှာ ပူစရာတွေ ဖြစ်နေမယ်လေ၊ ဒါကြောင့် သော်တို့ကို ဖွင့်ပြောပြီး အကူ အညီတောင်းတာ"

ကိုသက်က သော် လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်းပုံမှန်အသံနှင့် ရှင်းပြသလိုပြောတော့ သော် ကျေနပ်စွာပဲ ခေါင်းလေးညိတ်သည်က ရဲရဲနှင့်အတူ။

"အင်းပါ ကိုသက်တို့ကျေနပ်အောင် သော်တို့ကြိုးစားပေးမယ်လေ"

"ဒီလိုမှပေါ့ မိန်းမရယ်"

"ဟွန်း အခုမှ မျက်နှာချိုသွေးပြမနေနဲ့"





သော် နှုတ်ခမ်းလေးတွန့်ပြောတော့ ရဲ ဟက်ခနဲ ရယ်သည်။ ကိုသက်နဲ့မောင်က မျက်မှောင်ကုပ်ကြည့်ရင်း ကိုသက်က နားမရှင်းသလို မေးသည်။

"ဘာလဲ မျက်နှာချိုသွေးတယ်ဆိုတာ"

"ဩော် ကိုသက်တို့ယောကျ်ားချင်းအတွက် အင်မတန် အကျိုးတော်ဆောင်ပေးချင်တာပေါ့လေ"

"ဟ ဆောင်ပေးရမှာပေါ့ကွ၊ ဘယ်ယောကျ်ားက မိန်းမ အမြင်လွဲတာကို ခံနိုင်မလဲ၊ ဟုတ်တယ် မဟုတ်လား၊ မောင်"

ပြောရင်း မောင့်ကို စစ်ကူတောင်းတော့ မောင်ကလည်း အားဖြည့်ကာ

"ဟုတ်တာပေါ့ကွ၊ မိန်းမ အမြင်လွဲတာတော့ မခံနိုင်ဘူး"

"ဘာဖြစ်လို့"

သော် မေးဆတ်မေးတော့ မောင်က ကိုသက်ကို ပြောလိုက်ဆိုပြီး မျက်စပစ်ပြော၏။ ကိုသက်က စိတ်မရှည်သလို မျက်နှာနှင့်

"ချစ်လို့ပေါ့ကွာ"

"အဟီး"

မဆီမဆိုင် ရယ်ချလိုက်တဲ့ သော်ကို ကိုသက် မျက်နှာထားနဲ့ ငုံ့ကြည့်၏။

"ဘာရယ်တာလဲ"

"ဩော် ချစ်လို့ဆိုတာကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုသက် ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ကိုသက် မျက်နှာလေးကို မော့ကြည့်ရင်းပြောတော့ ကိုသက် ရင်မှာ ကြည်နူးစွာ မယားချောလေးကို ငုံ့ကြည့်၍ မေးဖျားလေးကို တယုတယကိုင်လှုပ်ရင်း

"ကိုသက်ဆိုလည်း သော် အထင်လွဲတာကို မခံနိုင်ဘူး"

"ဘာဖြစ်လို့"

"ချစ်လို့ပေါ့"

"အို"

သော် ရင်ခုန်သံ အတိုင်းမသိ လှုပ်ရှားပျော်ဝင်သွားကာ ကိုသက် ပခုံးပေါ် ခေါင်းလေးငဲ့ချ၍ လည်တိုင်ကိုလည်း ဖွဖွမွှေးရှိုက်မိပြီး

"ကိုသက် အရင်ကပြောတော့ မိဘပေးစားလို့ယူရတာ၊ ချစ်လို့ ယူခဲ့တာ မဟုတ်ဘူးဆို"

ကိုသက် ကြည်နူးစွာပဲ ဖနီးသည်ကို ဖက်ကာ မောင်ကို မျက်စ နဲ့ကြည့်ရင်း

"အဲဒါပဲ ကြည့်တော့ မောင်၊ မိန်းမကို မချစ်ဘဲပေါင်းနေတဲ့ ယောကျ်ားလို့ သော် မြင်နေတာ ခံရမခက်ဘူးလား"

"ဟုတ်သားပဲ သော်၊ ကိုသက်က သော်ကို ချစ်လို့ပေါင်းနေတာ ကဲ ရှင်းပြီလား"

မောင်က စိတ်ရှုပ်စွာပဲ ပြောချလိုက်တော့ သော်မျက်နှာလေးက ချစ်စိတ်တွေနဲ့ ရွှန်းစိုသွား၏။ ရဲက ကိုသက်ကို မျက်စောင်းထိုးကြည့်ပြီ၊

"ကိုသက်က မချစ်ဘူးလို့ အမြဲပြောနေတော့ သော်မှာ အပြ





တမ်း ဝမ်းနည်းပြီး ငိုရတာရှင့်"

"ကဲ အခု မငိုပါနဲ့တော့ ချစ်ရယ်"

ရဲရဲက သူငယ်ချင်းဘက်က ဝင်ပြောတော့ ကိုသက်ကလည်း ရဲ ယုံသွားအောင် သက်သေပြဖို့ ဝန်မလေး။ မျက်နှာချင်းထိလုမတတ် ဖြစ်နေတဲ့ သော် နှုတ်ခမ်းစူစူကြွကြွလေးကို အနမ်းတံဆိပ်လေးခတ်ပေး ဖို့ ကြိုးစားတော့

"ကိုသက်နော်"

ရှောင်လွှဲရင်း ရင်ခွင်ထဲက ရုန်းထွက်၏။ ကိုသက် ပြုံး၍ ခေါင်းရမ်းကာ

"အဲဒါကြောင့် မိန်းမတွေက ခက်တာ၊ ချစ်ရင်လည်း တစ်မျိုး မချစ်ပြန်ရင်လည်း တစ်မျိုး၊ သော်ကလည်း ရိပ်နဲ့အတူပဲ မောင်"

ကိုသက် စကားအဆုံးမှာ မောင် ပြုံးလိုက်တော့ ရဲက မျက် စောင်းထိုးသည်။

"ကဲပါ ရဲရယ်၊ လာ သော်တို့ သွားကြရအောင်"

သော် ထရပ်လိုက်တော့ ရဲလည်း ပခုံးဖက်ထားတဲ့ မောင့် လက်ဖဝါးလေးကို ခပ်ဆတ်ဆတ်လေး ဖယ်ချရင်း မောင့်ရှေ့က တင်က လေး ခါကာ သော် ဦးဆောင်ရာနောက်သို့ လိုက်ပါသွား၏။

မိန်းမတွေရဲ့ စိတ်က ခက်သားလားဆိုတဲ့ အတွေးဖြင့် ကိုသက် နဲ့မောင် ရင်ခုန်စွာပဲ သက်မလေးချသည်။

ချစ်တဲ့စိတ်နဲ့ မယားချောလေးတွေရဲ့နောက်ပိုင်း အလှကို ရင်ဖို



www.burmeseclassic.com

www.burmeseclassic.com



စွာကြည့်ရင်း

ရိုပ်စိတ်က နားလည်ရပ္ပါက်ပါလားဆိုတဲ့အသိနဲ့ တိုင်း အတွက် ရင်မောမိပြီး တိုင်း အချစ်ကို ရိုပ် နားလည်လက်ခံပါစေလို့ ဆုတောင်းကာ။

▣ ▣ ▣



## အခန်း (၂၅)

"အန်တီနှင်း"

"ဟေ ရဲရဲနဲ့ သော်သော် လာလေ၊ အန်တီလည်း ရဲရဲတို့ဆီ အခုပဲ ဖုန်းဆက်တော့မလို့"

အန်တီ ပုံစံက တစ်ခုခုကို စိုးရိမ်စွာပဲ ဖွင့်ပြောချင်စိတ်နဲ့ ပျာယာခတ်ကာ အခန်းဝမှာပဲ ရပ်နေသေးတဲ့ သော်တို့လက်ကိုဆွဲရင်း ပြောသည်က သော်တို့စိတ်ကို အံ့သြသွားစေသည်။

"ဘာဖြစ်လို့လဲ အန်တီနှင်း"

"သမီးပေါ့ ရှူး တိုးတိုး သမီး၊ အန်ကယ်ကြားသွားဦးမယ်၊ လာ ထိုင်ကြ"

ဒေါ်နှင်းနှင်းဖြူ အိမ်ခန်းထဲမှာ ဆေးသောက်ပြီး မှိန်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည် သိသွားမှာစိုးရိမ်၍ အသံနိမ့်ပြောကာ သော်တို့ကို ဧည့်ခန်း ဆိုဖာမှာ ထိုင်စေသည်။

ရိပ် နဲ့ပတ်သက်ပြီး အန်တီ စိုးရိမ်နေတာကို သော်တို့ သဘော ပေါက်သွား၏။ နှစ်ယောက်ထိုင် ဆိုဖာမှာ သော်နဲ့ရဲ ပြိုင်တူဝင်ထိုင်ပြီး အန်တီကို အသံတိတ်ပဲ မျက်စနဲ့မေးသည်။

ဒေါ်နှင်းနှင်းဖြူ အိမ်ခန်းဘက်ကို စိတ်မချသလို တစ်ချက်ငဲ့ ကြည့်ပြီးမှ ဘေးချင်းကပ်ဆိုဖာမှာပဲ ထိုင်၍ သော်တို့ကို အားကိုးတကြီး ကြည့်ပြီး ခပ်တိုးတိုးပြောသည်။

"သမီးပေါ့ ဘာဖြစ်နေမှန်းမသိဘူး၊ စိတ်တွေဆိုးပြီး စကား လည်း ကောင်းကောင်းမပြောဘူး၊ အခန်းတံခါးပိတ်နေတာလေ၊ အန်တီ ဖွင့်မပေးရဲဘူး။ သမီး အန်ကယ်က ကျန်းမာရေးသိပ်ကောင်းတာ မဟုတ် တော့ သမီးအတွက် စိုးရိမ်စိတ်ဝင်သွားမှာ စိုးတယ်"

"အခု ရိပ်ကော"

"အခန်းထဲမှာ ရှိတယ်၊ ဘာလို့လဲဆိုတာ သမီးတို့ပဲ မေးမြန်း ပါတော့အေ"

"စိတ်ချပါ ရိပ် ဘာဖြစ်နေလဲဆိုတာ သော် တို့သိပါတယ် အန်တီ စိတ်မပူပါနဲ့၊ မသိချင်ဟန်ဆောင်ပြီးနေလိုက် သော်တို့ပဲ ရိပ် စိတ်ဆိုးပြေအောင် ချော့လိုက်မယ်"

"အေးကွယ် မြန်မြန်ချော့ပါကွယ်၊ သမီး အန်ကယ်ကလည်း သိတဲ့အတိုင်း ရိပ်လေး မျက်နှာညှိုးနေတာ တွေ့ရလို့ ရောဂါက ပိုတို၊





ဦးမှာကွယ့်"

"စိတ်ချပါ ရဲတို့ ခုပဲ ရိပ် အခန်းထဲသွားလိုက်မယ်"

"သွား သွားကြလေ"

သော်နဲ့ရဲ ခေါင်းလေးတွေ အပြိုင်ညိတ်၍ အပေါ်ထပ်တက်သွား မှ ဒေါ်နှင်းနှင်းဖြူ စိတ်သက်သာရာရသလို သက်မချသည်။

ပန်းချီကားပိုက်ပြီး ပြန်လာပြီးကတည်းက သမီးက မှုမမှန်တာ လေ။ ဘာကြောင့်လဲဆိုတာ မေးလို့မြန်းလို့မရတော့ ပိုဆိုးတာပေါ့။

ကံကောင်းတာက သမီးသူငယ်ချင်းတွေရောက်လာလို့။

◼ ◼ ◼

"ဒေါက် ဒေါက် ဒေါက်"

ရိပ် အခန်းတံခါးကို သော် ဦးစွာပဲခေါက်သည်။

"ရိပ်"

"ရဲတို့ပါ သော်လည်းပါတယ် တံခါးဖွင့်ပါဦး"

ရဲအသံလေးမြှင့်ခေါ်လိုက်သည်။ ဘယ်လိုခေါ်ခေါ် ရိပ် အသံ ထွက်မလာ။

"ရိပ် တံခါးဖွင့်လေ၊ သော်တို့က ရိပ်ခံစားချက်ကို နားလည် ပေးပါတယ် ဟယ်၊ တံခါးဖွင့်ပါဦး သူငယ်ချင်း"

ရဲနဲ့သော် တံခါးကို ခေါက်၍ အကြိမ်ကြိမ် တံခါးဖွင့်ခိုင်းသော် လည်း ရိပ်ထံမှ ဘာမှတုံ့ပြန်သံမကြားရတဲ့အခါ စိုးရိမ်စဖြစ်လာသည်။

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်နဲ့ ရိပ် တစ်ခုခုကြံစည်သွားမှာ စိုးရိမ်ကာ သော်နဲ့ရဲ တံခါးကို ပြုံင်တူပဲ အားနဲ့ဆောင့်ဖွင့်၏။

"ဟင်"

"ရိပ်"

မွေ့ရာပေါ် ခွေခွေလေးဖြစ်နေကာ ခေါင်းအုံးပေါ် မျက်နှာလေး မှောက်လျက် အသံတိတ်ကြိတ်ငိုနေရှာတဲ့ သူငယ်ချင်း။ သော်တို့ရင်မှာ မချမ်းမြေ့စွာပဲ ခုတင်ပေါ် တင်ပါးလွှဲထိုင်ချသည်။

"ရိပ်"

ရိပ် ကျောပြင်လေးကို တယုတယပွတ်ရင်း သော် ကရုဏာသက်စွာ ခေါ်သည်။ ရဲကလည်း စာနာစွာပဲ

"ရိပ်ရယ် ဒါ ဝမ်းနည်းစရာမှ မဟုတ်တာ၊ ရဲတို့တောင် ရိပ်နှလုံးသားကို အံ့ဩချီးကျူးရတယ်ကွယ်"

"ဟုတ်တယ် ရိပ်၊ ချစ်တာက ရှက်နေစရာမှ မဟုတ်တာ၊ ချစ်တတ်မှ အိမ်ထောင်ရေးက ပိုသာယာတာလေ၊ ရိပ်က ဒါကိုတွေးပြီး ရှက်နေစရာ မလိုပါဘူး ဟယ်"

ပြောရင်း ပခုံးလေးကို ဆွဲထူလိုက်တဲ့အခါ ရိပ် ကိုယ်ပျော့ပျော့လေးက အလိုက်သင့်ပါလာသည်။ ရှက်စိတ်လွှမ်းကဲနေတဲ့ မျက်နှာနုနုလေးကလည်း ရဲထွတ်ကာ

မျက်ရည်တို့ကလည်း အသောမတတ် ယိုစီးပြိုကျလျက်။

"တိတ်ပါ သူငယ်ချင်းရယ်"





မျက်ရည်စတွေကို ရဲ ကြင်နာစွာပဲ တို့သုတ်ပေးမိသည်။ ရှက်ခြင်း၊ ဝမ်းနည်းခြင်းတွေက ရိပ် ရင်မှာ ဘယ်လိုမှ ဆီးတားမရအောင် ဖြစ်နေသည်။ ရှိုက်၍ ရှိုက်၍ ငိုမိသည်က ကိုယ်လုံးလေးပင် လှုပ်ခါသွားသည်။

သော် ပခုံးပေါ် ခေါင်းလေးချကာ ငိုနေရှာတဲ့ ရိပ်ကို ပခုံးလေးဖက်ကာ အသံတိတ် ချော့မော့နှစ်သိမ့်ပေးမိသည်။

အင်းလေ မိန်းကလေးဆိုတာလည်း ခက်သားလား။ သူတို့ယောကျ်ားတွေလို ချစ်တာနဲ့ ချစ်တယ်လို့ ထုတ်ပြောခွင့်မရှိတာ၊ ရင်ထဲမှာ မျိုသိပ်ပြီးပဲ ခိုးချစ်ရတဲ့ဘဝ။

သော်ဆိုလည်း ကိုသက်ကို ဒီအတိုင်းပါပဲ။ သော်က ချစ်လို့ လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာ ကိုသက် မချစ်ဘူးပြောတိုင်း ချစ်စိတ်နဲ့ကြိတ်ငိုခဲ့ရတာ ကိုယ်တိုင်အသိ။

ရိပ်က ပိုဆိုးတာပေါ့၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကတည်းက ချစ်စိတ်ဝင်ခဲ့လို့ ပန်းချီရေးခဲ့တဲ့အထိ ဖြစ်ခဲ့တာကို ဖုံးကွယ်ထားတဲ့ကြားက ဗွးပေါ်သလိုပေါ်သွားတော့လည်း

တိုင်းနဲ့ မျက်နှာချင်းမဆိုင်ရဲအောင် ရှက်သွားတာပေါ့။

ရိပ် နေရာမှာ သော်ဆိုလည်း ရိပ်လိုပဲ ရှက်မိမယ်ထင်တယ်။ သော်က ကိုယ်ချင်းစာစိတ်လေးနဲ့ ဖော့တွေးရင်း ရိပ် ရင်ထဲ ပေါ့သွားတဲ့အထိ ငိုချခွင့်ပေးထားမိသည်။ ရဲကလည်း သော် နည်းတူဖြစ်သည်။

အတန်ကြာလို့ ရိပ် ရှိုက်သံလေးတွေ ပြယ်လွင့်သွားမှ



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် ရင်ထဲမှာ ဘယ်လောက်ရှက်နေမလဲဆိုတာ သော် ကိုယ်ချင်းစာပါတယ်ကွယ်၊ ရိပ် စိတ်ထဲမှာ တိုင်းက ရိပ်ကို ချစ်နေရက်နဲ့ မာယာများတဲ့မိန်းမလို့ မေးငေါ့ပြောမှပဲ ဆိုတဲ့အတွေးနဲ့ပိုရှက်နေတာ မဟုတ်လား"

"ဟုတ်တယ် သော်ရယ်၊ ရိပ် ရင်မဆိုင်ရဲဘူး၊ ရိပ် ချစ်နေတယ်ဆိုတာသိရင် ရိပ် အချစ်တွေကို ခုတုံးလုပ်ပြီး ရိပ် ကိုသရော်မော်ကား ဆက်ဆံမှာ ရိပ် သိပ်ကြောက်တယ်၊ ရိပ် တိုင်းနဲ့ မျက်နှာချင်းမဆိုင်ရဲဘူး။ မျက်နှာချင်းဆိုင်ရရင် ရိပ်အချစ်တွေအတွက် ရိပ် ရှက်လို့သေလိမ့်မယ်၊ သူငယ်ချင်းရယ် ဟင့် ဟင့်"

ဖွင့်အန်ပြောရင်း တကယ်ပဲ ရှက်စိတ်တွေနဲ့ တသိမ့်သိမ့်ငိုချလိုက်တဲ့ ရိပ်ကို သော်နဲ့ ရဲ ကိုယ်ချင်းစာနားလည်ပေးနိုင်ပါတယ်ကွယ်။

"ရိပ်ရယ် ရိပ် ထင်သလို မဟုတ်ပါဘူးကွယ်"

"ဘာလို့ မဟုတ်ရမှာလဲ ရဲရယ်၊ ရိပ် သိတယ်၊ တိုင်း စိတ်ကို ရိပ် သိတယ်၊ ပန်းနုရောင်နဲ့မပေါင်းရမှာ သေချာသွားလို့ ရိပ်ဘက်ခြေဦးလှည့်လာတာ၊ ရိပ်ကို နည်းမျိုးစုံနဲ့ မြူစွယ်ပြီး ပေါင်းခွင့်ရဖို့ ကြိုးစားခဲ့တာလေ"

ရဲ ခေါင်းအသာခါသည်။

"မဟုတ်ဘူး ရိပ်၊ တိုင်းအပေါ် ရိပ် ချစ်တဲ့စိတ်နဲ့နားလည်မှုလွဲနေတာပါကွယ်၊ တိုင်းက ရိပ်ကို တကယ်ချစ်လို့ ထာဝရပေါင်းခွင့်ရချင်ခဲ့တာ"





"မှသားစကားတွေပါ သော်ရယ်၊ သူတို့ယောကျ်ားတွေဆိုတာ မိန်းမတစ်ယောက်ကို လိုချင်လာပြီဆိုရင် ချစ်တယ်ဆိုတဲ့ စကားလုံးကို ရှေ့ပြေးသုံးပစ်လိုက်တာပဲ၊ ပန်းနုရောင်ကို လိုချင်တုန်းကလည်း ချစ်တယ်ဆိုတဲ့ စကားသုံးခဲ့တာပဲ၊ ပန်းနုရောင်ကို မရမှန်းလည်းသိရော ရိပ်ကို လိုချင်လာတော့ ဒီချစ်တယ်ဆိုတဲ့ စကားပဲပြန်ထုတ်သုံးတာလေ၊ ရိပ်က ဒါတွေကို သိရက်နဲ့ တိုင်း ချစ်တယ်ပြောတိုင်း အားရဝမ်းသာကြိုဆိုရမလား ဟင်"

"ပန်းနုရောင်ကြောင့် ရိပ်က တိုင်းချစ်တယ်ဆိုတာ လက်မခံနိုင်တာလား"

"အစစ်ပေါ့၊ ရိပ်ကို အစစ်အမှန် ချစ်ခဲ့ရင် ပန်းနုရောင်ကို မရနိုင်မှန်းသိမှ လာပြောမတဲ့လား၊ နှစ်တွေအကြာကြီး တွဲလာခဲ့တဲ့ ချစ်သူကို ဘယ်လိုမှလက်တွဲပေါင်းစည်းခွင့်မရအောင် အနိုင်တိ ကြားဝင်မှ ချစ်တယ်လာပြောတာ ဘယ်လိုမှ တိုင်း နှလုံးသားထဲက ခံစားချက်ပါလို့ ရိပ် ယုံကြည်လို့မရဘူး သော်ရယ်၊ ရဲတို့ တိုင်းဘက်ကနေ ဘယ်လိုပြောပြော ရိပ် မယုံကြည်တာတွေက ရိပ် နှလုံးသားက သိနေတယ်လေ"

တိုင်းဆီက အချစ်ကို အစစ်အမှန်ပဲလိုချင်တောင့်တနေတဲ့ ရိပ် နှလုံးသားကိုမြင်ရတော့ သော်နဲ့ရဲ သက်မလေးမသိမသာချမိ၏။ ပြီးမှ သော်က ရိပ်ဆံနွယ်လေးကို တယုတယ နောက်ဘက်သဖယ်ပေးပြီး

"ရိပ်က တိုင်းချစ်တယ်ဆိုတာ တိုင်းဖွင့်ပြောကတည်းက မယုံသလို သော်တို့အခု ပြောတာလည်း မယုံဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မယုံတာ လုံးဝပါပဲ"

"ဒါဆို ပန်းနုရောင်ကိုယ်တိုင် ပြောတာဆိုရင်ကော"

ရဲ ဖျတ်ခနဲပြောလိုက်တော့ ရိပ် ငေးခနဲ ရဲကိုကြည့်မိပြီး တွေသွား၏။

"ဘာ"

"ပန်းနုရောင်လေ"

"ဟင့်အင်း"

သော် ခေါင်းလေးအသာရမ်းသည်။ ချစ်စိတ်လွန်ပြီးမှ မယုံနိုင်အောင်ဖြစ်နေတဲ့ သူငယ်ချင်းရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ မေးဖျားမှ ပင့်မော့လိုက်ပြီး

"သော်တို့လည်း အစက မယုံချင်ဘူး။ ပန်းနုရောင်ကိုယ်တိုင် ဖွင့်ပြောမှ မယုံချင်ဘဲ ယုံသွားခဲ့တာ၊ ပန်းနုရောင် ဘယ်လိုပြောတယ်လို့ ရိပ် ထင်လဲ၊ သော်တို့တော့ ပန်းနုရောင် စကားလုံးတွေကို ရင်ထဲနားထဲစွဲနေအောင် မှတ်မိနေတယ်လေ"

သော် ဖွင့်၍ပြန်ပြောမိတာ ရိပ် နှလုံးသားကို စာနာလို့ပဲဖြစ်သည်။ ထိုနေ့က မထင်မှတ်ဘဲ ပန်းနုရောင် ရင်ထဲက ခံစားချက်တွေကို သော်တို့တအံ့တဩ သိခွင့်ရခဲ့သည်က ခုချက်ချင်းပဲ ပန်းနုရောင် ရင်ဖွင့်နေသလို

"သော်တို့ ယုံချင်ယုံ မယုံချင်နေပါ တိုင်း အချစ်ကို အတော်အံ့ဩမိတယ်၊ နုနဲ့နှစ်ပေါင်းများစွာ ချစ်သူလိုတွဲလာခဲ့တာ တစ်ခါမှ





ချစ်တယ်လို့ မပြောဘူးသလို ချစ်တဲ့စိတ်နဲ့လည်း အနမ်းလေးတစ်ပွင့်တောင် မပေးခဲ့တာကို နုရင်ထဲ အမြဲတမ်း သံသယဝင်နေခဲ့တယ်"

"ဘာဖြစ်လို့"

"နုကို ချစ်တဲ့စိတ်ရှိရဲ့လားဆိုတဲ့ အတွေးနဲ့လေ"

"ဘာပဲဖြစ်ဖြစ် ပန်းနုရောင်နဲ့တိုင်း ချစ်သူတွေဖြစ်ခဲ့တယ်မဟုတ်လား"

ပန်းနုရောင် ရင်နာစွာပဲ တစ်ချက်ပြုံးကာ

"ချစ်သူဖြစ်ခဲ့တာက နုက အရမ်းချစ်နေတဲ့အပေါ်မှာ တိုင်းက နုဘဝ နုဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ဖြစ်ခွင့်ပေးမယ်ဆိုတဲ့ သူငယ်ချင်းသံယောဇဉ်တွေနဲ့ ကတိပေးထားတော့ ချစ်သူလို့ နု သတ်မှတ်ထားတဲ့အတိုင်း တိုင်းကလည်း ကျေကျေနပ်နပ် လက်ခံတယ်လေ၊ အဲဒီ သဘောနဲ့ ချစ်သူတွေဖြစ်ခဲ့တာ၊ ဒါပေမဲ့ ရဲရယ်၊ တိုင်းဆီက အချစ်ကို ရဖို့ နု အမျိုးမျိုးကြိုးစားပေမယ့် အချစ်ဆိုတာထက် နားလည်မှုတွေပဲ ရခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လည်းဆိုတော့ နု အချစ်တွေက တိုင်းဆီက အချစ်ကို ရယူနိုင်တဲ့ နှလုံးသားပါဝါ မရှိလို့ပဲ"

"ဘယ်လို နှလုံးသား ပါဝါ"

"ဟုတ်တယ် သော်၊ အချိန်ပြည့် နှစ်တွေကြာအောင် တွဲလာလျက်နဲ့ တိုင်း အချစ်ကိုရဖို့ နု နှလုံးသားပါဝါ ရာနှုန်းမပြည့်ပေမယ့် တိုင်း အချစ်ကို ဆွဲငင်နိုင်တဲ့ နှလုံးသားပါဝါရှိတဲ့ မိန်းကလေးတစ်ယောက်ရှိခဲ့တယ်၊ အဲဒါက သော်တို့သူငယ်ချင်း ဖန်သားရိပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သော်နှဲ့ရဲ့ မယုံမရဲမော့ကြည့်တော့ ပန်းနုရောင် ခြောက်သွေ့စွာ ပြုံးလျက်

"ဟုတ်တယ် တစ်ခါမြင်ရုံနဲ့ ရင်ခုန်ပြီးချစ်စိတ်ဝင်သွားတဲ့ တိုင်းက ဖန်သားရိပ်ကို တကယ်ချစ်မိသွားသတဲ့၊ နု တကယ် မယုံနိုင်ဘူး၊ ဝမ်းလည်းနည်းတယ်၊ ယူကြုံးမရလည်းဖြစ်တယ်၊ နုလေ တိုင်းကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ နုကိုယ် နုဘဝ၊ နု နှလုံးသားအားလုံး နဲ့ ပုံအောပြီး ချစ်ခဲ့တယ်၊ တိုင်းက မချစ်ပါမှန်းသိရတော့ ဘယ်လိုပြောမလဲဟာ အသည်းနှလုံးပြုတ်ကျသွားသလို နာကျင်ဝမ်းနည်းသွားမိတယ်၊ တွေးမိတိုင်း အချစ်တွေက မျက်ရည်တွေလိုပဲ ဒလဟော ကျလာတဲ့အထိ"

ပြောရင်း ဝမ်းနည်းရှိုက်သံလေးနောက်မှာ ပန်းနုရောင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်က ဟန်ဆောင်မျက်ရည်တွေ မဟုတ်မှန်း သိသာနေသဖြင့် သော်နှဲ့ရဲ့ တကယ်စိတ်မကောင်းဖြစ်သွားသည်။

"ပန်းနုရယ် သော်တို့ တကယ်စိတ်မကောင်းဖြစ်ရပါတယ်ကွယ်"

"ကျေးဇူးတင်ပါတယ်"

ပန်းနုရောင် မျက်ရည်စတွေသုတ်ရင်း အသံတွေကို ထိန်းချုပ်ကာ မျက်နှာလေးတွေပါ ညှိုးမှိုင်းသွားသည်က ပန်းနုရောင် ဝတ်ထားတဲ့





ကော်ဖီရောင် ဖက်ရှင်လေးနဲ့မခြား။

"အန်တီ ဘယ်လိုပဲ ဖျက်ဖျက် တိုင်းကို မရရအောင် နု ယူမှာပဲလို့ နှလုံးသားက ပိုင်းဖြတ်ခဲ့တယ်"

သော်နှဲ့ရဲ့ အထိတ်တလန့်ပဲ ရင်ဘတ်ဖိမိပြန်သည်။ ပန်းနုရောင် စိတ်မှာ တိုင်းကို အဲသလောက် ချစ်နေရင် တကယ်ပဲ ယူရင် ရိပ် အချစ်အတွက် ခက်ရချည်ရဲ့ဆိုတဲ့ အတွေးနဲ့ပေါ့။ ထိုအတွေးနဲ့ပဲ ပန်းနုရောင်ကို ငေးကြည့်နေမိသည်။

အတန်ကြာမှ ကန်ရေပြင်ဘက် မျက်နှာမူထားရာက သော်တို့ ထိုင်နေတဲ့ ခုံတန်းဆီ ငဲ့ကြည့်ပြီး

"ဒါပေမဲ့ သော်ရယ် တိုင်း ကိုယ်တိုင်က ဖန်သားရိပ်ကို တကယ် ချစ်တဲ့စိတ်နဲ့ နမ်းရှိုက်ခဲ့တာလို့ ဝန်ခံတယ်လေ၊ အဲလို ဝန်ခံလာတော့ နု နှလုံးသားနဲ့ နုအချစ်ကို နုအသိတရားနဲ့ ထိန်းချုပ်ပြီး နု ဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်မိတာ တိုင်းကို ချစ်တဲ့စိတ်နဲ့ပဲလေ၊ အချစ်ကြောင့် ခံစားရတဲ့ ကြေကွဲမှုတွေကို နု ခံစားရသလို နု ချစ်တဲ့ တိုင်းကို မခံစားစေချင်ဘူး၊ ဒါကြောင့် နောက်ဆုတ်လိုက်တာပါ၊ တိုင်း ချစ်တဲ့ ဖန်သားရိပ်ကို တိုင်း နှလုံးသားမှာ ရာသက်ပန်ချစ်ခွင့်ရပါစေဆိုတဲ့ ဖြူစင်မှုနဲ့ပါ၊ သော်တို့ ရှင်းအောင်ပြောရရင် နုကို တိုင်း မချစ်ပေမယ့် ဖန်သားရိပ်ကို တိုင်း ချစ်နေတယ်ဆိုတာ နုယုံကြည်လို့ နု အသည်းကွဲခံပြီး တိုင်း နှလုံးသားနဲ့ တိုင်းဘဝကို လွတ်လပ်စွာ ခံစားခွင့်ပေးလိုက်တာပါ"

သော်နှဲ့ရဲ့ သက်ပြင်းကိုယ်စီချရသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



"သော်တို့ ယုံချင်ယုံ မယုံချင်နေပါလေ၊ နှကတော့ ဖန်သားရိပ်ကို တိုင်း မြတ်မြတ်နိုးနိုး ချစ်တာကို ရာသက်ပန် ယုံကြည်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တိုင်း အချစ်၊ တိုင်း ရင်ခုန်သံ၊ တိုင်း ခံစားမှုအားလုံးက ဖန်သားရိပ်နဲ့ စတင်တွေ့ဆုံမှ ပေါက်ဖွားလာတဲ့ ခံစားချက်အစစ်အမှန်တွေဖြစ်လို့လေ၊ ဖန်သားရိပ်ရဲ့နှလုံးသားပါဝါက တိုင်း အချစ်ကို ဆွဲငင်နိုင်တော့လည်း နှပဲဦးစွာ လမ်းခွဲလိုက်တာပါကွယ်၊ နှလေ အမြဲဆုတောင်းနေတယ်၊ နောင်ဘဝရှိရင် တိုင်းအချစ်ကို ဆွဲငင်နိုင်တဲ့ ဖန်သားရိပ်ရဲ့နှလုံးသားပါဝါမျိုး ပိုင်ဆိုင်ခွင့်ရပါစေလို့၊ ဒီဘဝမှာ ဖန်သားရိပ်ရသွားတဲ့အတွက် တကယ် အားကျပါတယ်၊ တိုင်းအချစ်ကို ရသွားတဲ့ ဖန်သားရိပ်ကို နှ ဂုဏ်ယူပါတယ်၊ ဖန်သားရိပ်ကို ဒီအကြောင်းတွေ မျက်နှာချင်းဆိုင်ပြီး ပြောခွင့်ရချင်ပါတယ်၊ ဒါပေမဲ့ သော်တို့ပဲ ပြောပေးလိုက်ပါ၊ တိုင်း တကယ်မြတ်နိုးတဲ့စိတ်နဲ့ ဖန်သားရိပ်ကို အစစ်အမှန် ချစ်ခင်ပေါင်းဖက်ချင်တာ နှ ယုံပါတယ်လို့"

ရိပ် မျက်လွှာလေးအပိတ်မှာ မျက်ရည်စတွေ လိမ့်ဆင်းသွားသည့် ပါးပြင်ကို လက်ဖဝါးလေးနဲ့ အသာဖိအုပ်လိုက်သည်။

သော်နဲ့ရဲက ပန်းနုရောင်အချစ်ကို နားလည်သလို တိုင်း နှလုံးသားက အချစ်ကို ရိပ်အတွက် ပုံအောပေးလိုက်တဲ့အတွက်လည်း ဝမ်းသာမိသည်။

ရိပ်ကို တိုင်း တကယ်ချစ်မြတ်နိုးတယ်ဆိုတာလည်း ချွင်းချက်မရှိ ယုံကြည်၏။





ရိပ် ကရော ယုံကြည်ရဲ့လားလို့ သော်တို့ မမေးရက်တော့။ မျက်နှာလေးကို လက်ဖဝါးနဲ့ဖိအုပ်ရင်း တသိမ့်သိမ့်ငိုရှိုက်နေတဲ့ ရိပ်ကိုပဲ မကြည့်ရက်နိုင်ဖြစ်ကာ ပခုံးဖက်ရင်း အားပေးနှစ်သိမ့်မိသည်။

ရဲက အချစ်ကြီးလှတဲ့ ရိပ်ကို အသက်ရှူရပ်မတတ်ငေးကြည့်ပြီး

"ရိပ်ရယ် တိုင်းအချစ်ကို ယုံကြည်ပါလို့ ရဲတို့ ဖိအားမပေးပါဘူး၊ ဒါပေမဲ့ ရဲတို့က အကြွင်းမဲ့ယုံကြည်သွားတာက ပန်းနုရောင် ကိုယ်တိုင် ဖွင့်ဝန်ခံခဲ့လို့ပါ"

"ဟုတ်တယ် ရိပ်၊ တိုင်းက ရိပ် ယုံကြည်ပေးပါလို့ မတောင်းဆိုတော့ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တိုင်းကို ရိပ် အချိန်တွေအကြာကြီးလျှို့ဝှက်ပြီးချစ်ခဲ့တဲ့ ရိပ်အချစ်က တိုင်းအချစ်ထက် အဆပေါင်းများစွာ ပိုနေတာကို သိလိုက်ရတော့ တိုင်း အချစ်အတွက် တိုင်း ပြန်ရှက်နေမိတာတဲ့"

"ရိပ်ကိုဖွင့်မပြောဘဲ ရိပ် ယုံကြည်တဲ့အချိန်အထိ စောင့်တော့မယ်ဆိုပြီး စိတ်ဆုံးဖြတ်လိုက်တယ်လေ၊ အဲဒါ ကိုသက်တို့ မောင်တို့ ပိုင်သစ်တို့က တိုင်းကို မကြည့်ရက်ဘူးတဲ့၊ သော်တို့ကို အကူအညီတောင်းလို့ သော်တို့လာခဲ့တာပါ သူငယ်ချင်းရယ်၊ ရိပ် နှလုံးသားက ဆုံးဖြတ်ပေါ့၊ အချစ်ဆိုတာ ရှက်စရာ မဟုတ်ဘူး၊ ချစ်တာ သိနေရက်နဲ့ ခွဲနေတော့ ကိုယ်ကိုယ်တိုင် ကိုယ့်ကိုကိုယ် ပြန်ရှက်သလိုဖြစ်နေတဲ့ သဘောပါ ဟယ်"

သော်နဲ့ရဲ ပြောသမျှကို နားဆင်ရုံကလွဲပြီး ရိပ် ဘာမှပြန်မပြော



www.burmeseclassic.com

www.burmeseclassic.com



ရက်တော့။

"နောက်ပြီး အန်တီကလည်း တိုင်းကို အတော် စိတ်ဆိုးနေတယ်၊ ပန်းနုရောင်ကြောင့် ရိပ် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရကောင်းမလားဆိုတဲ့ စွပ်စွဲချက်နဲ့လေ"

ရိပ်ရင်မှာ တိုင်းအတွက် ရှိုက်ငိုမိတဲ့ ဝမ်းနည်းရှိုက်သံက ပိုကျယ်လာသည်။

"ရိပ် သာ တိုင်းကို တကယ်ကွာရှင်းပစ်မယ်ဆိုရင် အန်တီက တိုင်းကို ခွင့်မလွှတ်နိုင်တဲ့စိတ်နဲ့ သားအဖြစ်က စွန့်လွှတ်မယ် ဘာညာစကားအကုန်ပြောပစ်တာလေ၊ အန်တီက ရိပ် ဘက်က အပြည့်အဝရပ်တည်ပြီး ပန်းနုရောင်နဲ့ မပေါင်းဖြစ်အောင် ကြားဝင်ခဲ့တာပဲကြည့်၊ ရိပ် မိဘနဲ့ အန်တီကို မထောက်ထားရင်တောင် ရိပ်နှလုံးသား၊ ရိပ် အချစ်တွေနဲ့ ပြန်ထောက်ထားပြီး တိုင်းကို အပြတ်လို့ကြေညာထားတာကို ပြန်စဉ်းစားပေးပါလားကွယ် နော် သူငယ်ချင်း"

"ရဲတို့က ရိပ်နှလုံးသားက အချစ်တွေနဲ့ ဆုံးဖြတ်ချက်ကိုပဲ လိုချင်တယ်၊ အမြန်ဆုံးဖြတ်လိုက်ပါနော် နော် သူငယ်ချင်း၊ အချစ်ဆိုတာ ရှက်စရာ မဟုတ်ဘူး၊ အချစ်နဲ့ပေါင်းဖက်ခံစားရတာက ပိုပြီး ရှက်နေဖို့ မလိုဘူး။ နှလုံးသား ဘာဘာဝကိုက အချစ်တွေနဲ့ ပေါင်းဖက်ပြီး အရှက်ကို ကျော်နိုင်းစွန့်ခွာခြင်းလေ"

သော်သော်နဲ့ရဲရဲတို့ စကားလုံးတွေက ရိပ် အာရုံမှာ အဆက်မပြတ် ပျံ့ဝဲကာ သော်တို့ပြန်သွားကတည်းက ရိပ် ကိုယ်လုံးလေး မွေ့ရာ





ပေါ် အိခနဲ ပုံကျလျက်သားဖြစ်သွားသည်။

ရိပ် ကတော့
အချစ်တွေကို တောင့်တတဲ့စိတ်နဲ့ပဲ ငိုကြွေးရင်း
တိုင်း ရယ်
ရိုပ်ကို တကယ်ပဲ ချစ်သတဲ့လား။
အစစ်အမှန် မြတ်နိုးခြင်းနဲ့ ပေါင်းဖက်ခဲ့တာလားကွယ်။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ရိပ် နှလုံးသားမှာ

ရိပ် ကိုယ်တိုင်ရေးဆွဲခဲ့တဲ့ တိုင်း ပန်းချီကားလေးရယ်။

မင်္ဂလာညည့်ခံပွဲနေ့က အနမ်းလေးရယ်။

မင်္ဂလာဦးညက အမြင်ရှိုင်းစေတဲ့ ဓာတ်ပုံလေးရယ်ကို မြင်ယောင်ရင်း ရိပ် ခံစားချက်တွေ ယိုဖိတ်ကျမတတ် ပြည့်လျှမ်းနေခဲ့သည်။

ပြီးတော့

တိုင်းကို ရိပ် နှလုံးသားနဲ့ လှိုက်လှိုက်လှဲလှဲ လိုက်လျှောပေးမိတဲ့ အချစ်တွေကို ပြန်ခံစားရင်း ရှက်တတ်တဲ့ ဖယောင်းလေးမှာ လေဟုန်ထဲလွင့်မျောသလို ဖြစ်၏။

တိုင်းရယ်





ရိပ်ကို တကယ်ချစ်တယ်ဆိုရင် ရိပ် တောင့်တတဲ့အချစ်တွေ လာပေးလှည့်ပါကွယ်။

ထိုစဉ်

ကျွိခနဲ အခန်းတံခါးပွင့်သွားသံ တိုးတိုးညင်ညင်လေး ပေါ်ထွက်လာသည်။ မွေ့ရာပေါ် ပုံကျလျက်သားဖြစ်နေတဲ့ ရိပ်ကိုယ်လေးကို မရွေ့လျားမိသလို တံခါးဖွင့်လာတာ ဘယ်သူလည်းဆိုပြီးလည်း လှည့်မကြည့်မိ။

အခန်းထဲ ခြေလှမ်းဖွဖွ လှမ်းလာတဲ့ ခြေသံကိုလည်း ကြားနေသည်။ ပြီးတော့ မွှေးရနံ့ဖျော့ဖျော့လေး။

ထိုရနံ့လေးက မက်မောတွယ်ငင်စွာပဲ ရိပ် ရှူရှိုက်ခဲ့ဖူးတဲ့ သူ့ကိုယ်သင်းရနံ့ မွှေးမွှေးလေး။

ထိုအခါ ရိပ် အာရုံမှာ တိုင်းနဲ့တိုက်မိစဉ်က အဖြစ်လေးကို မြင်ယောင်လာပြီး ထိုစဉ်က မွှေးရနံ့လေးကို ရှူရှိုက်မိသလို ခုလည်း ရှူရှိုက်မိစဉ်

ရိပ် ရင်တွေ အဆမတန် ခုန်သွား၏။

ဘယ်သူလဲဆိုပြီးလည်း လှည့်မကြည့်ချင်တော့။ နှလုံးသားက အလိုလို သိနေတော့ တိုင်း အချစ်တွေကိုလည်း အလိုလို ယုံကြည်လျက်သားဖြစ်၏။

အခန်းမီးငြိမ်းတာလည်း သိသည်။

ရိပ် နံဘေးလှဲချလိုက်တဲ့ ကိုယ်ကြောင့် မွေ့ရာလေး အိခနဲ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်သွားတာကိုလည်း သိနေသည်။

ရိပ် ကိုယ်ပေါ်မှ ခြုံစောင်လေးကိုခွာချလိုက်လည်း သိပြန်သည်။ နီးနီးကပ်ကပ် ရှိုက်လိုက်မိတဲ့ အသက်ရှူသံတွေက

"ရိပ်ကို ချစ်တယ်"

ဆိုတဲ့ နှလုံးသားသံစဉ်လေးတွေ ဖြစ်နေတာလည်း ခံစားမိသည်။ ရိပ် ကိုယ်လေးက တိုင်း ရင်ခွင်မှာ နွေးဖြာပျော့နွဲ့သွားသလို မြတ်နိုးတဲ့ကိုယ်ကလည်း အချစ်တွေကို မဖယ်ရှားရက်နိုင်။

ယုံကြည်မြတ်နိုးတဲ့ ရိပ် လက်တို့ဖြင့် တိုင်း လည်တိုင်ကို ချစ်စိတ်တွေနဲ့ ပြန်လည်ပွေ့ဖက်မိတော့လည်း

ချစ်သူနှစ်ဦးရဲ့ ရင်ခုန်သံက ဆံစကနေ ခြေဖျားထိ အချစ်တွေနဲ့ တယုတယပဲ ပြေးဆော့နေလေပြီ။

။

ချစ်ခြင်းဖြင့်ပျော်ရွှင်ချမ်းမြေ့ပါစေ
မိန်းကလေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com